www.burmeseclassic.com

BURMESE CLASSIC .com

# တိမ်တောက်ချိန်

www.burmeseclassic.com

www.burmeseclassic.com

24 FEB 201

# သျှိုး

## တိမ်တောက်ချိန်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဗျူးစာပေ)
အမှတ်- ၅၂၀(က)၊ အင်းဝ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျင်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ စော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုပေါက် (Image Art Work)
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၄ ခုနှစ်၊ မတ်လ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ဗျူးစာပေ
၀၉ ၅၀၃၀၁၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၁ ၈၅၀၀၆၉၆

၈၉၅.၈၃
သို့
တိမ်တောက်ချိန်
ဗျူးစာပေ ၊ ၂၀၁၄။
၂၆၄ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) တိမ်တောက်ချိန်

## အခန်း (၁)

နိုင်လင်း ရင်တွေ ဒိုင်းခနဲခုန်သွားသည်။ ထိုင်ခုံမှာကျောက်ချသလို ထိုင်နေခဲ့ရသော ခန္ဓာကိုယ်တောင် ဆတ်ခနဲ ထရပ်လိုက်မိ၏။

"အစ်ကို ရှင်းတော့မှာလား"

စားပွဲထိုးချာတိတ်လေး အနားရောက်လာပြီးမေးတော့ နိုင်လင်း မျက်နှာကြီး ပူခနဲဖြစ်ကာ ပြန်ထိုင်ချလိုက်ရသည်။

"ဟင့်အင်း မရှင်းသေးပါဘူး ဟို အဟဲ အစ်ကို့ကောင်မလေး လာနေပြီကွ"

"ဗျာ ခြော် ဟုတ်ကဲ့ ဟိုအစ်ကိုက မတ်တပ်ထရပ်တော့ ပိုက်ဆံရှင်းမယ်ထင်လို့ပါ။ ထိုင်ပါ အစ်ကို"

ချာတိတ် ပြန်လှည့်ထွက်သွားတော့မှ နိုင်လင်း ဘေးဘီက



www.burmeseclassic.com

www.burmeseclassic.com



စားပွဲဝိုင်းတွေဆီကို မလုံ့မလဲ ကြည့်မိသည်။ သူ ဒီစားပွဲမှာ တစ်ယောက်တည်းထိုင်နေတာပဲ တစ်နာရီကျော်ကြာနေပြီ။

မှာစားထားသော နန်းကြီးသုပ်ပွဲပန်းကန်တောင် ခြောက်ကပ်နေပြီ။ အားနာနာနှင့်မှာသောက်ထားသော ကော်ဖီမစ်ခွက်ထဲမှာလည်း ခြောက်ကပ်နေပြီ။

တစ်နာရီကျော်လောက် တစ်ယောက်တည်း ငုတ်တုတ်ထိုင်နေသော သူ့ကို စားပွဲထိုးလေးကလည်း သတိထားမိမှာသေချာသည်။ ပိုက်ဆံမရှင်းဘဲ ဘယ်အချိန်ထပြေးမလဲဟု အရိပ်ကြည့်နေခဲ့တာလား မသိ။

အခုတော့ အညောင်းခံပြီး စိတ်တထင့်ထင့်နှင့် စောင့်ရကျိုးတော့ နပ်ခဲ့ပြီ ထင်ပါသည်။ ကန်စပ်မှာ 'မေ့ခေတ်ဖော်'၏ကားလေး ထိုးရပ်လာကတည်းက ရင်တွေဒိန်းခနဲ ဆောင့်ခုန်သည်။

ပွင့်သွားသော ကားတံခါးလေးပေါ်က အလှနတ်သမီးလေး တစ်ပါး ဆင်းလာသည်။

အစိမ်းရောင်ခြေသိုင်းကြိုး ဒေါက်မြင့်ဖိနပ်လေးနှင့် ဝကရိုးနားဟု အမည်တွင်သော ဝတ်စုံလေးကလည်း မေ့ခေတ်ဖော် ခန္ဓာကိုယ်လေးပေါ်မှာ ချပ်ချပ်ရပ်ရပ် ရှိနေသည်။

ထိုင်းမိုးဖာပေါ်တွင် ဖန်ပုတီးစေ့လေးများ၊ စီးကွင့်ကျောက်များနှင့် ပန်းပွင့်ကလေးများ အလှဆင်ထားပြန်သေးတာမို့ ငေးကြည့်လောက်သည်။ အားလုံးထဲမှာ ထင်းထင်းရှင်းရှင်းလေး ပေါ်လွင်လွန်းနေသော ချစ်သူလေးကို နိုင်လင်း အပြေးအလွှား သွားကြိုခေါ်ဆောင်လိုက်ချင်





သည်။

ဒါပေမဲ့ သူ ဒီလိုပြုမူတာကို 'မေ့ခေတ်ဖော်' ကြိုက်မည်မထင်ပါ။ ပြီးတော့ ချစ်သူ့သက်တမ်းဆိုတာကလည်း တစ်လတောင်မပြည့်ချင်သေးပါ။

လူချင်းဆုံတွေ့ဖြစ်ကြတာဆိုလို့ လေးကြိမ်ပဲရှိသေး၏။ ထိုဆုံရသည့်လေးကြိမ်စလုံးမှာလည်း နှစ်ယောက်တည်း သီးသန့်ဆုံရတာမျိုး မဟုတ်ခဲ့ပါ။

မေ့ခေတ်ဖော် ဘက်က သူငယ်ချင်းတစ်အုပ်တစ်မကြီးနှင့်အတူ ဆင်တင်းန်မှာ ဆုံရတာလောက်ပဲဖြစ်သည်။ ဒီတစ်ခါ ဆုံတွေ့ရခြင်းက နှစ်ယောက်တည်းဆုံရခြင်းဖြစ်၏။

ပြီးတော့ ကင်တင်းန်မှာမဟုတ်ဘဲ အင်းလျားကန်စောင်းက ဆောင်စုံထီးပွင့်ကြီးတွေနှင့် ဆိုင်ကလေးဖြစ်နေသည်။ မေ့ခေတ်ဖော်ဘက်က တစ်သီးတစ်သန့်ချိန်းဆိုတာမို့လည်း သူ့အတွက်ထူးခြားသည်။

မေ့ခေတ်ဖော် ချိန်းဆိုတာ ကိုးနာရီဆိုပေမယ့် သူထိုင်စောင့်နေတာ ဆယ်နာရီဆယ့်ငါးမိနစ်ရှိနေပြီ။ ရင်တထိတ်ထိတ် လည်တဆန့်ဆန့်နှင့် စောင့်ရကျိုးတော့ နပ်ခဲ့ပါပြီ။

သူထိုင်နေသည့် စားပွဲဝိုင်းလေးဆီကိုပဲ တန်းတန်းမတ်မတ်လေး လျှောက်လာသော မေ့ခေတ်ဖော်ကို မျက်နှာချိုသွေး ပြုံးပြလိုက်သည်။ ပြန်ညှက်သော မျက်နှာလေးက အားနာပါးနာလေးတောင် မပြုံးတတ်ပြည့်တည်လေးရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



မေ့ခေတ်ဇော်ရဲ့စတိုင်ဟာပဲ ဆိုရမည်ထင်သည်။ ဒီစတိုင် ဒီအလှတွေထဲမှာ မိန်းမောငြိတွယ်ခဲ့သော ပုရိသများစွာထဲမှာ သူလည်းပါဝင်ခဲ့သည်ပဲ။

"ခေတ် ထိုင်လေ ထိုင်ပါ"

သူ့စားပွဲရှေ့ရောက်သည်နှင့် ဘာမှမပေမကျံသည့် ပလပ်စတစ်ခုံလေးကို တစ်သျှူးစနှင့်သုတ်ကာ သူ ဂရုစိုက်ပြုမိသည်။ မေ့ခေတ်ဇော်မျက်နှာလေးက ပကတိအတိုင်း တည်ငြိမ်လျက် ဝင်ထိုင်၏။

"စောင့်နေရတာ ကြာပြီလား နိုင်လင်း"

"ဟာ မကြာပါဘူး ခေတ်ရဲ့၊ တစ်နာရီနဲ့ဆယ့်ငါးမိနစ်ပဲ ရှိပါသေးတယ် အဟဲ"

"ဘာလဲ တမင်ရွဲ့ပြောတာလား"

မေ့ခေတ်ဇော် မျက်ခုံးတန်းတန်းလေးတွေ စုကျုံ့မေးတော့ နိုင်လင်း မျက်စိမျက်နှာပျက်နှင့် ကသောကမျော တောင်းပန်ဖြေရှင်းသည်။

"ဟာ မဟုတ်ရပါဘူး ခေတ်ရယ်၊ တို့မရွဲ့ပါဘူး၊ ခေတ် မေးလို့ ရိုးရိုးသားသား ဖြေတာပါ"

"မသိဘူးလေ တို့တက်က နောက်ကျနေတာဆိုတော့"

"ရတယ် ဘာမှပြဿနာမရှိဘူး ခေတ်၊ တို့ စောင့်ပေးနိုင်ပါတယ်၊ ခေတ် ရောက်မလာမှာပဲ စိတ်ပူနေတာ၊ အခု ခေတ်ရောက်လာတော့ တို့ အရမ်း အရမ်း ဝမ်းသာနေတာပါ"





သကာရည်လောင်းထားသော မျက်နှာနှင့်ပြောနေသော နိုင်လင်းကို ကြည့်ကာ မေ့ခေတ် စိတ်ထဲက ကြိတ်ပြုံးမိသည်။ တကယ့်ကို ယောက်ျားမာနမရှိတဲ့ ယောက်ျားမျိုးပါပဲ။

မေ့ခေတ် တမင်နောက်ကျပြီး တစ်နာရီကျော်လောက် ဒုက္ခပေးခဲ့တာကိုတောင် အပြုံးမပျက် ကျေနပ်နေသည်။ ကြည့်ရတာ မေ့ခေတ် ရောက်မလာမချင်း နေဝင်မိုးချုပ်ပါစေ စောင့်မည့်သဘောလားမသိ။

"ခေတ် ဘာစားမလဲဟင်၊ တို့မှာပေးမယ်"

ခေါင်းကြီးရှေ့ကိုင်းညွတ်ကာ မေးတော့ မေ့ခေတ် စားပွဲပေါ်က နိုင်လင်း စားသောက်ထားသော ပန်းကန်တွေကိုကြည့်မိသည်။ ခြောက်တပ်သယောင်းပြီး ရွံရှာစရာကောင်းနေတာမို့ နှာခေါင်းရှုံ့ပစ်မိ၏။

"ဟို အဟဲ တို့ ခေတ်ကိုစောင့်ရင်း နန်းကြီးသုပ်တစ်ပွဲနဲ့ ကော်ဖီတစ်ခွက်ဆွဲပြီးပြီ၊ ခေတ် ဘာစားမလဲ"

"နိုး တို့ ဒီလိုဆိုင်မျိုးမှာ မစားတတ်ဘူး"

"အာ ဆောရီးပဲ တို့မေ့သွားတယ်၊ ဒါဆို ဆိုင်ကောင်းကောင်း တစ်ဆိုင်ကို သွားကြမယ်လေ"

"ထားလိုက်ပါ မလိုအပ်တော့ဘူး"

"ဟာ မဟုတ်တာ ခေတ်ရယ်၊ တို့ ပြုစုချင်လို့ပါ"

"တော်ပါပြီ နိုင်လင်း၊ တို့စားခဲ့ပြီးပြီ၊ အအေးတစ်ဘူးလောက်ပဲ မှာလိုက်ပါ"

နိုင်လင်း စားပွဲထိုးလေးကို လက်ယပ်ခေါ်သည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



အအေးတစ်ဘူးမှာသည်။ ဗျာယာခတ်နေသော အမူအရာကိုကြည့်ရင်း မေ့ခေတ် စိတ်ပျက်မိသည်။

ကျောင်းမှာ မေ့ခေတ်နောက်ကို အရိပ်လိုလိုက်နေတာ ငါးလ လောက်ကြာသည်။ မေ့ခေတ် မျက်နှာသာတစ်ချက်မပေးဘဲ ဥပေက္ခာ ပြုထားတာကိုလည်း သည်းခံသည်။ သင်းရှေ့မှောက်မှာပဲ အခြားသော ယောက်ျားလေးနှစ်ယောက်လောက် တွဲပြတော့လည်း လက်လျှော့မသွားခဲ့။

တစ်ရက် မေ့ခေတ် တစ်ယောက်တည်း ကင်တင်းန်မှာထိုင် နေတုန်းရောက်လာတော့ အတူထိုင်ခွင့်တောင်းသည်။ ခင်ကြောင်းချစ် ကြောင်းတွေ ခရားရေလွှတ် ပြောသည်။

အပျင်းပြေ နားထောင်ပြီး အသိအမှတ်ပြု ခင်မင်ခွင့်ပေးလိုက် တာကိုပဲ သိန်းတစ်ထောင်ဆုကြီးပေါက်သလို ပျော်ရွှင်သွားခဲ့သည်။

အခုတော့ သူပေါက်သော ထီလက်မှတ်က အတုကြီးဟု သိ သွားလျှင် နိုင်လင်း မျက်နှာကြီး ဘယ်လိုဖြစ်သွားမည်မသိ။

"ခေတ် ရောက်မလာခင်က တို့ရင်တွေပူနေတာ၊ အခုမှပဲ ရင်ထဲမှာ အေးမြလန်းဆန်းသွားတယ် သိလား"

အအေးဘူးလေးကို တစိမ့်စိမ့်စုပ်သောက်နေရင်း မေ့ခေတ် ယှဲ့ယှဲ့လေးပြုံးမိသည်။ ယောက်ျားတန်မဲ့ ကန္တဲ့ကလျနိုင်လွန်းကာ စကား ပြောလျှင်လည်း အမြဲတမ်း ချွဲချွဲနွဲ့နွဲ့ နိုင်လှသော နိုင်လင်းကို မေ့ခေတ် သဘောမကျတာ ထိုအချက်တွေပါသည်။

ဂုတ်ထောက်မတတ်လုရှည်သော ဆံပင်တွေကို အညိုရောင်





ဆိုးထားပြီး နဖူးပေါ်နှင့်နားထင်စပ်မှာ အတိုအရှည်မညီမညာ ချထားပုံက ယနေ့ခေတ်စားနေသော ကိုရီးယားစတိုင်မျိုး၊ ဒါပေမဲ့ နိုင်လင်းမျက်နှာ ဝိုင်းပြဲပြဲနှင့် ဘယ်လိုမှမလိုက်ဖက်ပါ။

ရုပ်သွင်ကော ဝတ်စားတတ်သည့် စတိုင်ကော မေ့ခေတ် ဘယ်လိုမှမနှစ်သက်နိုင်ပေမယ့် အရိပ်လိုလိုက်နေတာကို စိတ်ရှုပ်တာ ကြောင့် အခွင့်အရေးပေးခဲ့တာဖြစ်သည်။

ဒါပေမဲ့ ဒီဇာတ်လမ်းက ဒီလောက်နှင့်ပဲ ရပ်သင့်ပြီ။

"ခေတ် တို့နှစ်ယောက် လွတ်လွတ်လပ်လပ် ဆုံရတုန်း ဘယ် သွားကြမလဲဟင်"

မေ့ခေတ်ဘက်က တစ်ခါချိန်းဆိုလိုက်တာကို သွေးနားထင် ရောက်နေပုံရသော နိုင်လင်း ပြုံးဖြီးဖြီးမျက်နှာနှင့်မေးသည်။

"ခဏလေး နိုင်လင်း၊ တို့လာတာ ယူ့ကိုပေးစရာလေးတစ်ခု ရှိလို့"

"ပေးစရာ ဟုတ်လား ခေတ်"

နိုင်လင်း မျက်နှာပေါ်က အံ့ဩရိပ်တို့ လက်ဖြာသွားသည်။ မေ့ခေတ် လက်ကိုင်အိတ်ဇစ်လေးကို ဖွင့်နေတာကို မျက်တောင်မခတ်ဘဲ လိုက်ကြည့်သည်။

မေ့ခေတ် လက်ထဲမှာပါလာသော ပစ္စည်းလေးကိုကြည့်ကာ နိုင်လင်းမျက်လုံးတွေ အထိတ်တလန့် ပြူးကျယ်သွား၏။

မေ့ခေတ် ကိုင်ထားသော ရော်ဘာအရုပ်ကလေးက အလွန်



www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ပြင်းသည့် ကင်းခြေများအရုပ်ကလေးပဲဖြစ်သည်။ အရုပ်လေး၏ အောက်ခြေမှာ ခြေထောက်များစွာနှင့် ကြက်သီးထချင်စရာကောင်း၏။

လက်ဝါးနုနုလေးပေါ် တင်ထားသော ထိုအရုပ်လေးကိုကြည့်ကာ မေ့ခေတ် နှုတ်ခမ်းလှလှလေးတွေ ပြုံးနေသည်၊ နိုင်လင်းကတော့ မျက်စိမျက်နှာပျက် တုန်လှုပ်လျက်

"ခေတ် ဒါ ဒါကြီးက ဘာလုပ်ဖို့လဲ"

"ယူ့အတွက်လေ"

"ဘယ်လို"

နိုင်လင်း ခန္ဓာကိုယ်ကြီး တွန့်ခနဲ နောက်ဆုတ်သွား၏၊ မေ့ခေတ်ဇော် ဆိုသော အလှနတ်သမီးလေးအကြောင်း သူ သိထားပြီးသားဖြစ်သည်။

ချောသည်။ လှသည်။ မာနကြီးသည် ချစ်သူရည်းစားတွေထည့်လဲတွဲသည်။ မေ့ခေတ်နှင့် ပြတ်ဆဲဇာတ်သိမ်းလျှင် ထိုယောကျ်ားလေး ပိုင်ဆိုင်ရသော လက်ဆောင်က ကင်းခြေများအရုပ်ကလေးတစ်ရုပ်။

မေ့ခေတ်ဇော်သည် အသည်းခွဲစကော်ပီယံတုရင်မဟုယောကျ်ားလေးများကြားတွင် နာမည်ကျော်သည်။

ဒါကိုသိလျက်နှင့် မိုက်မဲစွာ တိုးဝင်လိုသော ပုရိသ ပိုးဖလံတွေလည်း မနည်းလှပါ။ အခုတော့ သူကိုယ်တိုင်လည်း ပိုးဖလံလေးတစ်ကောင်လား။

"ရော့ ယူ့အတွက် ယူနဲ့တို့ဇာတ်လမ်း အဆုံးသတ်ပြီ"





"ဟာ မဟုတ်တာ၊ ကိုယ့်မှာဘာအပြစ်ရှိလို့လဲ ခေတ်ရယ်၊ ပြီးတော့ ကိုယ်နဲ့ခေတ်တို့ချစ်သူသက်တမ်းက တစ်လတောင် မကြာသေးဘူး၊ အခုမှ နှစ်ယောက်ချင်း ပထမဆုံးဆုံဖူးတာလေ"

နိုင်လင်း မျက်နှာကြီး ညိုညစ်လျက်တောင်းပန်နေသည်။ မေ့ခေတ် ပြုံးပြုံးလေးနှင့်ပင် အရုပ်လေးကို နိုင်လင်းရှေ့စားပွဲလေးပေါ် တင်ပေးလိုက်သည်။

"ယူ့ကို တို့ချစ်ပါတယ်လို့ ဘယ်တုန်းက ဖြေခဲ့လို့လဲ၊ ခင်မင်ရင်းနှီးမှုတာကို ယူ့ဘာသာ ထင်ရာစွဲယူသွားတာ၊ အမှန်ပြောရရင် ယူက တို့ရင်ခုန်စေလောက်တဲ့သူမဟုတ်ဘူး"

မေ့ခေတ် တည်တည်ငြိမ်ငြိမ် ပြုံးပြုံးလေးပြောနေတာပေမယ့် နိုင်လင်း မျက်နှာကြီးက ညိုညစ်မည်းမှောင်လာသည်။

"တို့ဘက်က ယူ့ကို ဒီထက်ပိုပြီး အချိန်မပေးနိုင်ဘူး။ ဒီတော့ ဒီနိဂုံးချုပ်စို့၊ လမ်းမှာတွေ့လို့ နှုတ်ဆက်ပြုံးပြခွင့်တော့ရှိတယ်၊ ဒီထက်ပိုလာရင် တို့ လက်မခံဘူး"

"မင်း မင်း ငါ့ကိုအရူးလုပ်တာလား မေ့ခေတ်ဇော်"

နိုင်လင်း မမျိုသိပ်နိုင်စွာ ပေါက်ကွဲသည်။ မေ့ခေတ် အပြုံးလေးတွေပျောက်ကာ မျက်ခုံးလေး တွန့်ကွေးသွား၏။

"တို့အရူးမလုပ်ပါဘူး၊ ယူ့ဘာသာ ရူးနေခဲ့တာပါ"

"ဟုတ်တယ် တို့ ခေတ်ရဲ့အလှမှာယစ်မူးခဲ့တာ၊ ရူးသွပ်ခဲ့တာမို့တောင် ခေတ် ရက်စက်လိုက်တာကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါသမျက်နှာကြီးက ငိုတော့မယောင် ချက်ချင်းပြောင်းလဲ တောင်းပန်လာပြန်သည်။ နိုင်လင်း မျက်နှာငယ်လေးနှင့် ခေါင်းကို ညွှတ်ကိုင်းရင်း

"တောင်းပန်ပါတယ် ခေတ်ရယ်၊ တို့ကို ဒီလိုမလုပ်ပါနဲ့နော်၊ တို့ကို အခွင့်အရေးလေးပေးပါ၊ တို့တက်က ဘယ်လိုဒူးထောက်ဦးညွှတ်ရပါစေကွာ နော်"

"တို့စိတ်ကိုက အဲဒီလောက် အညံ့ခံတဲ့ယောက်ျားကို အထင်ကြီးလို့မရတာ၊ ရှင်းရှင်းလေးပဲ ယူရယ် သူစိမ်းရင် ကိုယ်ကစိမ်းပစ်လိုက်မှာပေါ့၊ ယူ ဘာသတ္တိကြောင်နေတာလဲ၊ ယောက်ျားမဟုတ်ဘူးလား"

"ဟာကွာ မင်း မင်း ငါ့အသည်းကို ကစားခဲ့တာပဲ"

"ရှင် ထင်ချင်သလို ထင်ပါ နိုင်လင်း၊ ရှင်တို့ယောက်ျားတွေက အတူတူပဲ၊ မိန်းမတစ်ယောက် လှပချောမောရင် ဒူးထောက်ချဉ်းကပ်မယ်၊ အခွင့်အရေးပေးလိုက်ရင် ဟုတ်လှပြီထင်ပြီး လိုရာဆွဲတွေးမယ်၊ အခုဆိုရင် အသည်းခွဲခံရပါပြီလို့ အများသိအောင် ကြွေးကြော်ဦးမယ် မဟုတ်လား။ ကဲ ရှင် ဘယ်လိုပဲထင်ထင် တို့ ဂရုမစိုက်ဘူး။ တစ်ခုတော့ ပြောခဲ့မယ်"

နိုင်လင်း မျှော်လင့်မျက်ဝန်းတွေနှင့် မော့ကြည့်သည်။ မေ့ခေတ်နှုတ်ခမ်းက အပြုံးယဲ့ယဲ့လေးတွေ ရိပ်ခနဲ ပြန်ပေါ်လာရင်း

"ယူ ကံကောင်းပါတယ်၊ တို့နဲ့တစ်လနီးပါး ခင်မင်ခွင့်ရပြီးမှ ဒီအရုပ်လေးပိုင်ဆိုင်ရတာလေ၊ တချို့ဆို တစ်ပတ်နှစ်ပတ်နဲ့ ပိုင်ဆိုင်





သွားရတာ"

စကားအဆုံးမှာ မေ့ခေတ် လှည့်ထွက်ခဲ့လိုက်သည်။

"တောက်"

နာကျင်ခံရခက်စွာ ပေါက်ကွဲထွက်လာသော တက်ခေါက်သံကို နိုင်လင်းဆီက ကြားရသည်။ မေ့ခေတ်အပေါ် နာကျည်းတာလား။

ကိုယ့်ကိုကိုယ် နောင်တရခံပြင်းတဲ့ တက်ခေါက်သံလား။

မေ့ခေတ် ရင်ထဲမှာတော့ ဘာခံစားချက်မှ မရှိပါ။ အနားမှာ ရစ်ဝဲနေသော အမှိုက်တစ်စ လွင့်စင်သွားသလိုပါပဲ။

တကယ့်ကို ပေါ့ပေါ့ပါးပါးလေးပဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ကျောင်းပိတ်ရက်ဆို ဘယ်တုန်းကမှ စောစောမထဖူးသည့် 'ပါးမို့' ဒီမနက်တော့ အစောကြီးနိုးသည်။

ရေချိုးခန်းထဲက မွှေးပွသဘက်ကြီး ရစ်ပတ်ထွက်လာတော့ မာမီကတောင် တအံ့တသြ မျက်ဝန်းတွေနှင့်ကြည့်ရင်း

"ဟင် သမီး စောစောစီးစီး ရေချိုးနေတယ်၊ မာမီက သမီး မနိုးသေးဘူးတောင် ထင်နေတာ"

"မေလေးတို့အိမ်မှာ အလှူရှိတယ် မာမီရဲ့၊ ဒါကြောင့် စောစော သွားမလို့လေ"

ပါးမို့ စကားကို မာမီယုံသွားခဲ့သည်။ တကယ်ဆို မာမီ့ကို လိမ်ညာလိုက်ခြင်းသာဖြစ်သည်။ ညတုန်းက ကိုကို့ဆီက ဖုန်းဆက်လာသည်။





"ပါးမို့ မနက်ဖြန် အလှဆုံးဝတ်လာခဲ့၊ ကိုယ်တို့လျှောက်လည် ကြရအောင်"

"ရှင် ကိုကို တ တကယ်လားဟင်"

"ဒါ နောက်စရာလားကွ၊ မနက်ဖြန် မနက်ဆယ်နာရီခွဲ ဆုံနေကျ ဆိုင်ရှေ့ကစောင့်"

ထိုစကားပြောပြီးသည်နှင့် ကိုကို ဖုန်းပိတ်သွားခဲ့သည်။ ပါးမို့ ကတော့ အံ့သြဝမ်းသာခြင်းတွေနှင့် ဖုန်းကိုင်ကာ ပျော်နေမိသည်။ ကိုကို နှင့်ရည်းစားသက်တမ်းနှစ်လအတွင်း မရဖူးသော အခွင့်အရေးကြီးကို ပါးမို့ ရလိုက်သည်။

အခုရင်ကဆို ပါးမို့ ကတွေ့ပါရစေဟု သုံးကြိမ်လောက်ချိန်းမှ တစ်ကြိမ်လောက်ပဲ ဆုံခွင့်ရသည်။ ဆုံပြန်တော့လည်း ကော်ဖီဆိုင်လေး မှာပဲဖြစ်သည်။

အတူထိုင်စကားပြော ဆိုင်ထဲကထွက်တော့ ကိုကို့လက်မောင်း ကလေး မှီတွယ်ခိုလိုက်ခွင့်ရတာလည်း ရပ်ထားသော ကားလေးအနား ဆီပဲဖြစ်သည်။

ပါးမို့ လိုချင်သော ကိုကိုနှင့်အတူလျှောက်လည်ပတ်ခွင့်ဆိုတာ အိပ်မက်တစ်ခုလို ရှိခဲ့သည်။ ကိုကို့မျက်နှာချောချောကို ကြည့်ကာ အခွင့် အရေးလည်း ပိုမတောင်းရဲပါ။

ကိုကို မုန်းသွားမှာကြောက်သည်။ ကိုကို ဖြတ်တောက်ပစ် လိုက်မှာကြောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုနှင့်ချစ်သူဖြစ်ခွင့်ရကာ ကိုကို့အသံလေးကြားရရုံ ကိုကို့လက်မောင်းလေး တခဏမှီတွယ်ခွင့်ရတာလေးကိုပဲ ပါးမို့ ကျေနပ်ခဲ့ရ၏။

အခုတော့ ကိုကို့ဘက်က တောင်းဆိုလာတော့ ညကလည်း ဝမ်းသာလွန်းလို့ အိပ်လို့မပျော်နိုင်ခဲ့။

ကိုကိုနှင့်ချိန်းထားတာ ဆယ်နာရီခွဲဆိုပေမယ့် ခုနစ်နာရီကတည်းက ချမ်းချမ်းစီးစီး ရေချိုးပြီးခဲ့ပြီ။ အခန်းထဲရောက်တော့ မတ်တပ်ဗီရိုကြီးဖွင့်ကာ ဝတ်ဆင်ရမည့် အဝတ်အစားကို ရွေးချယ်မိသည်။

တစ်ခါမှ မဝတ်ဆင်ဖူးသေးသော အနီရောင်ဝတ်စုံလေးကို ရွေးပြီးမှ ကိုကို အနီရောင်မကြိုက်တာ သတိရကာ မရွေးဖြစ်။ အဝ ရောင်ဝတ်စုံလေးကလည်း ရိုးလွန်းသည်။

ဗီရိုထဲကထုတ် မကြိုက်တော့ ခုတင်ပေါ်ပစ်တင်နှင့် တော်တော် စုပုံသွားသည်။

နောက်ဆုံးတော့ ပန်းနုရောင်ဝတ်စုံလေးနှင့် အနက်ရောင် အထပ်စကပ်လေးကိုပဲ ရွေးချယ်ဖြစ်၏။ အနက်ကယ်တို့စင်ကာပုက ပိုမေ လိုက်သော ဝတ်စုံလေးက ပါးမို့နှင့်အလိုက်ဖက်ဆုံးထင်သည်။

ကိုကိုလည်း ကြိုက်မည်ထင်၏။ စိတ်ကြိုက်ဝတ်စုံလေး ဝတ်ဆင် ပြီးတော့ ရှစ်နာရီထိုးတော့မည်။ အလှပြင်စားပွဲလေးပေါ်မှာ အလှပြ ပစ္စည်းတွေ စုံလင်စွာရှိနေပေမယ့်လည်း ပါးမို့ ဒီတစ်ခါတော့ ကိုယ်တိုင် မပြင်ဆင်ချင်ပါ။

မပြင်ဆင်ချင်တာထက် မပြင်ဆင်လိုတာ ဖြစ်၏။ ရှားရှားပါး





ကိုကိုနှင့်လည်ပတ်ခွင့်ရသည့်အခါလေးမှ ပါးမို့ အလှဆုံးဖြစ်ချင်သည်။

ပါးမို့မို့ ဆိုတာက ငေးကြည့်လောက်အောင် ချောမောလှပသည့် မိန်းကလေးမှမဟုတ်တာ။

မင်းခေတ်ကျော် ဆိုသော ကိုကို့အနားမှာက ပါးမို့ထက် ချော သော လှသော မိန်းကလေးတွေ အများကြီးရှိသည်။ ကိုကို့ရဲ့ချစ်သူ ဖြစ်ခွင့်ရဖို့အတွက် ပါးမို့ဘက်က မိန်းကလေးတန်မဲ့ နီးစပ်အောင်ကြိုးစား ခဲ့ရသည်။

ကိုကိုနှင့်ခင်မင်ရင်းနှီးသော ကိုကို့သူငယ်ချင်း အကူအညီနှင့် ကိုကို့ကို ကျွမ်းဝင်အောင် လုပ်ခဲ့ရ၏။ ထိုနောက်ပိုင်းမှာ ကိုကိုနှင့်ချစ်သူ ဖြစ်ခွင့်ရခဲ့၏။

ကိုကို့မှာ ရည်းစားများတာသိသည်။ ဒါပေမဲ့ ပါးမို့ မမေးရဲ သလို မသိသလိုပဲနေရသည်။

"သမီး ကော်ဖီသောက်သွားမှာလား"

မာမို့အသံကြားမှ ပါးမို့ သတိဝင်လာကာ အခန်းအပြင်က မာမို့ကို ပြန်အဖြေပေးရ၏။

"မသောက်တော့ဘူး မာမီ၊ သမီး အခုသွားတော့မှာ၊ နောက်ကျ နေမှာစိုးလို့"

မာမီ အခန်းထဲက ထွက်သွားတော့ ပါးမို့ လက်ကိုင်အိတ်လေး ဆွဲယူကာ အခန်းထဲက ထွက်ခဲ့လိုက်သည်။

ရှစ်နာရီကျော်ပဲရှိသေးသည်ဆိုတော့ နှစ်နာရီကျော်ခန့်တော့



www.burmeseclassic.com

www.burmeseclassic.com



အချိန်ရသေးသည်။ ပါးမို့ အလှပြင်နေကျ ဖြူတီဆလွန်းကို ညကတည်းက ဖုန်းဆက်ထားသည်။

ပါးမို့ကို အလှပဆုံးပြင်ဆင်ပေးဖို့ ဖြူတီက မမက အာမခံထားသည်။

ဆိုင်ရောက်တော့ တစ်နာရီခွဲအတွင်းမှာ ပါးမို့ကို အလှပဆုံး ပြင်ဆင်ပေးသည်။ ဆံပင်ရွှေရောင်အခွေအလိပ်တွေကိုလည်း ပြင်ဆင်ပေးသည်။

ခြေသည်းလက်သည်းတွေကို ဒီဇိုင်းပြင် ခြယ်သပေးကြသည်။ ကိုကိုနှင့်တွေ့ဖို့အတွက် ပါးမို့မှာ အချိန်တွေပေး၊ ငွေတွေကုန် အလှပြင်ဆင်ခဲ့ရတာ ကိုကို သိရှာမည်မဟုတ်။

ကိုကို့အတွက် ပါးမို့ပေးဆပ်နေရတာတွေကိုသာ တခြားမိန်းကလေးတွေသိရင် နှာခေါင်းရှုံ့ ကဲ့ရဲ့ကြမည်လား။

ဘာပဲဖြစ်ဖြစ် ပါးမို့ကတော့ ကိုကို့အတွက်မို့ ကျေနပ်ပါသည်။ ပါးမို့ဆီက ကိုကို့ရဲ့အချစ်တွေ ကြာရှည်တည်နေဖို့အတွက် ပါးမို့ ဘာကိုပဲ ပေးဆပ်ရပါစေလေ။

ကိုကိုနှင့်ချိန်းဆိုထားသော ကော်ဖီဆိုင်လေးရှေ့ရောက်တော့ ဆယ်နာရီထိုးပြီး ငါးမိနစ်ပဲရှိသေးသည်။ နာရီဝက်နီးပါးတော့ စောင့်ရဦးမည်။

ကော်ဖီဆိုင်ထဲလည်း ဝင်မထိုင်ရဲပါ။ ကိုကိုက ဆိုင်ရှေ့မှာပဲ စောင့်ဖို့မှာထားတာဖြစ်သည်။ မနက်ကတည်းက ဘာမှမစားခဲ့ရတာမို့





ဆာလောင်နေပေမယ့်လည်း ကိုကိုမပါဘဲ ကော်ဖီဆိုင်မထိုင်ချင်တာမို့ …အားပေါ်ကပဲ ထိုင်စောင့်နေလိုက်သည်။

ကိုကို့ကိုစောင့်နေရင်း အာရုံထဲမှာ ကိုကို့ပုံရိပ်ကိုမြင်ယောင်တာ အတွေးတွေလွင့်မိပြန်သည်။

မင်းခေတ်ကျော် ဆိုသော ကိုကို့အကြောင်းတွေက ပါးမို့အတွက်တော့ စိတ်ဝင်စားစရာ တစ်ပုံတစ်ပင်နှင့်ဖြစ်၏။

မင်းခေတ်ကျော်၏ဘိုးဘွားဘီဘင်တွေက စော်ဘွားမျိုးနွယ်များဖြစ်ကြသည်။ ဖခင်က ရှမ်းလူမျိုးစစ်စစ်ဖြစ်ကာ မိခင်က ရှမ်းမြန်မာသွေးစပ်သည်။

ထိုသို့သော အမျိုးအနွယ် အသိုင်းအဝန်းမှဆင်းသက်လာသူမို့လည်း မင်းခေတ်ကျော်က ရွှေပေါ်မြတင် ရှင်သန်လာသူဟုဆိုရမည်။

မိသားစု၏တစ်ဦးတည်းသော သားတစ်ဦးမို့လည်း အားလုံးက …လို ချစ်ခင်သည်။ ငယ်စဉ်ကတည်းက အရိပ်လိုကြည့် စောင့်ရှောက်…ကို ခံယူကြီးပြင်းလာသူ။

မင်းခေတ်ကျော်၏အဘွားဖြစ်သူက ရှင်းသည်။ တစ်ဦးတည်းသောမြေးကို အမြတ်ဆုံးရတနာတစ်ပါးလို သဘောထားသည်။

"ငါ့မြေးက ငါတို့မျိုးဆက်ရဲ့ တစ်ယောက်တည်းသောသွေးသား… ငါ့မြေးခေတ်မှာ ထင်ရှားကျော်ဇောရမယ်"

ပြတ်သားစွာ ကြွေးကြော်လျက် မင်းခေတ်ကျော်ဟူသော …ညီကို ကိုယ်တိုင်ပေးခဲ့သည်။ မင်းခေတ်ကျော်က အဘွားရဲ့အချစ်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့သည်။ ဘာမှလိုလေသေးမရှိ ပြည့်စုံသောဘဝကို ပိုင်ဆိုင်နိုင်ခဲ့သည်။

အဘွား ကွယ်လွန်တော့ ချမ်းသာသမျှစည်းစိမ်ဥစ္စာတွေကို မြေးဖြစ်သူအမည်နှင့် တရားဝင်လွှဲပေးခဲ့သည်။

ဒါက အဘွားရဲ့ဘိုးဘွားစဉ်ဆက် သီးသန့်ပိုင်ဆိုင်မှုပဲဖြစ်သည်။ မင်းခေတ်ကျော်ရဲ့မိဘနှစ်ပါး ပိုင်ဆိုင်မှုတွေ မပါသေးပါ။

ဖခင် ဦးစိုင်းဘုန်းကျော်က သွင်းကုန်ထုတ်ကုန်လုပ်ငန်းကုမ္ပဏီတွေ၊ ဘဏ်လုပ်ငန်းတွေ ပိုင်ဆိုင်သည်။ မြန်မာပြည်တွင်သာမကဘဲ နိုင်ငံရပ်ခြားကုမ္ပဏီများမှာပါ ရှယ်ယာဝင်ထားသည်။

မိခင်ဒေါ်မြတ်စန္ဒာကလည်း ဆောက်လုပ်ရေးကုမ္ပဏီကြီးနှင့် ဟိုတယ်လုပ်ငန်းများကို အောင်မြင်စွာလုပ်ကိုင်စီမံနေသူဖြစ်သည်။

မင်းခေတ်ကျော်ကတော့ နည်းပညာတက္ကသိုလ်ကျောင်းတက်နေသည်။ ကျောင်းမှာတော့ ကင်းတစ်ပါးဖြစ်သော မင်းခေတ်ကျော် သတင်းက ကျော်ကြား၏။

ရုပ်ရည်ချောမောသလို ပြည့်စုံချမ်းသာလှသော မင်းခေတ်ကျော် အနားမှာ ဝိုင်းစုနေသည့် မိန်းမချောလေးတွေက အများကြီးဖြစ်သည်။

မင်းခေတ်ကျော်ကလည်း ငြီးငွေ့ဖို့ကြိုးစားလာသည့် မိန်းကလေးတွေထဲက အချောဆုံး၊ အလှဆုံး ဒိတ်ဒိတ်ကြဲကိုမှ ရွေးကာတွဲသည်။

သူနှင့်ပတ်သက်မိသူ မိန်းကလေးများမှာ မင်းခေတ်ကျော် အလိုလိုက် အကြိုက်ဆောင် ပေးဆပ်ရသူတွေသာဖြစ်သည်။ တကယ်ဆို လျှင် သူကသာ အချစ်ခံချင်သူဖြစ်ပြီး တစ်ပါးသူအားလိုက်လျောပေးဆ





ချင်သူမဟုတ်ချေ။

ဒါကိုသိလျက်နှင့် မင်းခေတ်ကျော်အနားမှာ နေခွင့်ရခွင့်လေးကို တမ်းတမက်မောနေသည့် မိန်းကလေးတွေက အများကြီးဖြစ်သည်။

ပါးမို့ကိုယ်တိုင်သည်လည်း အားလုံးထဲက တစ်ယောက်ဖြစ်နေခဲ့တာ သိနေပေမယ့်လည်း. . .။

အတွေးတွေက ရိပ်ခနဲ မြင်လိုက်ရသော ကိုကို့ကားကို မြင်လိုက်ရသည်နှင့် ချက်ချင်းလွင့်ပျောက်ကုန်၏။

ကိုကိုသည် မိန်းကလေးတွေကိုသာ ထည်လဲတွဲတတ်တာမဟုတ်။ စီးသည့်ကားတွေကိုလည်း မကြာခဏ ပြောင်းတတ်သူဖြစ်သည်။

ဒီနေ့ ကိုကို စီးလာသောကားက လင်ခရူဆာ နက်ပြာရောင်ကားဖြစ်သည်။

နောက်ဆုံးမော်ဒယ် ဇိမ်ခံကားတွေပဲ ကိုကို့မှာ ငါးစီးလောက်ရှိသည်။ ပါးမို့ကတော့ ကိုကို စီးတတ်သည့်ကားအားလုံးကို နံပါတ်ကအစ မှတ်မိသည်။

ကိုကို့ကားလေး ပါးမို့ကားဘေးမှာ ထိုးရပ်တော့ ပါးမို့ကားတံခါးဖွင့်ဆင်းလိုက်သည်။

"ပါးမို့မှာ ကားပါလာတာလား"

"ဟုတ်တယ် ကိုကို၊ ကိုကို ဘာမှမပြောတော့ ပါးမို့ ယူလာရတာပေါ့"

"ဒါဆိုလည်း ကိုယ့်ကားကိုယ်မောင်းကြတာပေါ့၊ ဒေါ် ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကားနောက်က မောင်းလိုက်ခဲ့''

ကားပေါ်က တစ်ချက်လေးတောင် မဆင်းဘဲ ကိုကို မောင်းထွက်သွားတာမို့ ပါးမို့ ကားပေါ် ကသောကမျောလေး လှမ်းတက်လိုက်ရပါသည်။ ပါးမို့အလှပဆုံး ပြင်ဆင်ဝတ်စားထားတာကိုတောင် ကိုကို အသိအမှတ်ပြု ကြည့်မသွားခဲ့ပါ။

ပါးမို့ ဝမ်းနည်းဖို့အချိန်လည်းမရှိလိုက်ပါ။ ကိုကို့ကားလေး ဦးတည်ရာကို နောက်ကလိုက်မောင်းခဲ့ရသည်။ တစ်ချိန်တည်းမှာပဲ ပါးမို့ ကားယူလာခဲ့မိတာကိုလည်း နောင်တရမဆုံးဖြစ်မိသည်။

ကိုကို့ကား ဦးတည်သွားတာက ဟိုတယ်ကြီးတစ်ခုထဲကိုဖြစ်သည်။ ကိုကို ကားရပ်သည့်ဘေးနားမှာကပ်ပြီး ပါးမို့ ကားလေးကို ထိုးရပ်လိုက်၏။

ကားတံခါးဖွင့်ဆင်းလာသော ကိုကိုက ကြည်ပြာရောင် တီရှပ်နှင့် မီးခိုးရောင် ဘောင်းဘီကိုဝတ်ဆင်ထားသည်။ ဘာပဲဝတ်ဝတ် ကြည့်ကောင်းသော ကိုကို လမ်းလျှောက်ပုံကလည်း စတိုင်ကျနသည်။

ဂုတ်မထောက်တထောက် ရှည်သော ဆံနွယ်ပျော့ပျော့တွေနှင့် ရှင်းသန့်ချောမောလွန်းသော ကိုကို့မျက်နှာက တစ်နေကုန် ထိုင်ကြည့်လို့ မဝနိုင်အောင်စွဲဆောင်မှုရှိသည်ဟု ပါးမို့ဆိုလျှင် မလွန်ပါ။

ဝင်းမွတ်ကြည်လင်နေသော အသားအရည်၊ မြင့်မားသော ကိုကို့ရဲ့အရပ်အမောင်းနှင့် လိုက်ဖက်သော ခန္ဓာကိုယ်ကျစ်ကျစ်လျစ်လျစ်ကလည်း ရင်ခုန်လှုပ်ခတ်စရာကောင်းသည်။





''ဘာလုပ်နေတာလဲ ပါးမို့ ဆင်းတော့လေ''

ကိုကို့ကိုငေးကြည့်ရင်း ကားပေါ်က ဆင်းဖို့သတိမေ့နေတော့ ကိုကို စိတ်မရှည်သလို မျက်မှောင်ကုပ်ပြောသည်။ သည်တော့မှပဲ ပါးမို့ ကားတံခါးဖွင့်ပြီး ခပ်သုတ်သုတ်လေး ဆင်းလိုက်ရ၏။

''နေ့လယ်စာ စားကြရအောင်၊ ဒီမှာ ကိုယ် ကြိုဖုန်းဆက်မှာထားပြီးသား''

ကိုကို့စကားကြောင့် ပါးမို့ အံ့သြမိသလို ကျေနပ်ဝမ်းသာသွားတာလည်းအမှန်ဖြစ်သည်။ ကိုကိုက ဒီနေ့အတွက် အစီအစဉ်တွေကို အသေအချာ စီမံထားပုံပါပဲ။

ကိုကို့လက်မောင်းကိုတွဲကာ ပါးမို့ ဟိုတယ်ထဲသို့ လှမ်းဝင်ခဲ့လိုက်သည်။

ပါးမို့တို့စုံတွဲကို ငေးငေးလေး ငိုင်းကြည့်နေကြသောသူတွေ၏ မျက်ဝန်းတွေကို ပါးမို့သတိထားမိပါသည်။ ဒါ ကိုကို့ရဲ့စွဲဆောင်မှုကြောင့်ပဲဖြစ်သည်။

ကိုကို့အသွင် စတိုင်က အားလုံးကိုညို့ယူဖမ်းစားနိုင်တာ ပါးမို့သိသည်။ ကိုကို့နှင့်ယှဉ်တွဲသွားတိုင်း မြင်တွေ့သူတိုင်းက ငေးမောကြည့်ဘတ်ကြတာကိုလည်း ပါးမို့ ကျေနပ်မိသည်။

ကိုကို့အနားမှာ အတူရှိနေခွင့်ရခြင်းက ကြည်နူးစရာ ဂုဏ်ယူစရာတစ်ခုဟု ပါးမို့ထင်ပါသည်။

ဟိုတယ်၏သီးသန့်စားသောက်ခန်းထဲရောက်တော့ ဝိတ်တာ



www.burmeseclassic.com

www.burmeseclassic.com



လေးတွေက ကိုကို ကြိုတင်မှာထားသော ဟင်းလျာတွေကို ဘီးတပ်စားပွဲလေးနှင့် သယ်ဆောင်လာကြသည်။

"ကိုကို ဘယ်အချိန်ကတည်းက ကြိုတင်မှာလိုက်တာလဲဟင်"

ပါးမို့ ဝမ်းသာကျေနပ်သံလေးနှင့်မေးတော့ ကိုကိုက ထိုင်ခုံမှာ ပေါ့ပေါ့ပါးပါးမှီထိုင်နေရင်း ပါးမို့ကို လှမ်းကြည့်သည်။

"မနက်ကတည်းက ကြိုတင်မှာလိုက်တာပေါ့ ဘာလို့လဲ"

"ဘာမှမဟုတ်ပါဘူး ကိုကို၊ ပါးမို့ အံ့သြနေမိလို့ပါ၊ ကိုကို ဒီလိုကြိုတင်စီစဉ်ထားမယ်မှန်းမထင်ဘူးလေ"

"ဘာမှခက်ခဲတဲ့ကိစ္စမှမဟုတ်တာ၊ အံ့သြစရာမရှိပါဘူး၊ ကဲ ပါးမို့ စားတော့"

ပူပူနွေးနွေး ဟင်းလျာတွေက စုံလင်သည်။ ပါးမို့လည်း ဆာနေပေမယ့် ဝမ်းသာလွန်းနေတာကြောင့် ဆာလောင်ချင်စိတ်လေးတောင် ပျောက်ချင်နေ၏။

ကိုကို့ပန်းကန်ထဲကို အသည်းဟင်းတွေ ပါးမို့ ခပ်ထည့်ပေးတော့ ကိုကို ဘာမှမပြောပါ။ ပါးမို့ပန်းကန်ထဲကိုတော့ဟင်းခပ်ထည့်ပေးဖို့ ကိုကို စိတ်ကူးရှိပုံမရဘဲ ထမင်းကိုပဲ စားနေသည်။

ဘာပဲဖြစ်ဖြစ် ပါးမို့ ကျေနပ်ပါသည်။ ပုစွန်ထုပ်ဟင်းတွေ ကိုကို့ ပန်းကန်ထဲ ခပ်ထည့်ပေးမိပြန်၏။

"ကိုယ့်ဘာသာ ခပ်စားတတ်ပါတယ် ပါးမို့ မင်းဘာသာ ထည့်စားပါ၊ ပန်းကန်ထဲမှာ ဟင်းတွေအများကြီးဆို ကိုယ် မစားတတ်ဘူး"





"ဆောရီး ကိုကို၊ ပါးမို့ မသိလို့ပါ"

ကိုကို မျက်နှာတစ်ချက်ပျက်လျှင် ပါးမို့ မနေတတ်ပါ။ ဒါကြောင့်လည်း ကိုကို့ပန်းကန်ထဲ ထပ်မထည့်ပေးရဲတော့ဘဲ ပါးမို့ဘာသာ စားလိုက်ရပါသည်။

"ကိုကို ဟိုရက်တွေက ဘာလုပ်နေလဲဟင်"

ထမင်းစားနေသော ကိုကို့ကို ပါးမို့ ကြည့်ကာမေးတော့ ကိုကို မော်မကြည့်ဘဲ

"ဒီလိုပါပဲ"

"ပါးမို့ ဖုန်းခဏခဏ ခေါ်တယ် မရဘူး"

"ကိုယ် မကိုင်ဘော့တဲ့ဖုန်း ဖြစ်လို့နေမှာပေါ့၊ ကိုယ်ကိုင်တဲ့ ဖုန်းတွေက များတယ်"

"ဘယ်နှလုံးတောင်မို့လဲ ကိုကိုရဲ့"

"ဆယ်လုံးလောက်ရှိတယ်"

"ဘုရားရေ တစ်ယောက်တည်း အဲဒီလောက် လိုလို့လား ကိုကိုရဲ့"

"ကိုယ့်အတွက်လိုတယ် ကဲ စကားတွေမများဘဲ ထမင်းမြန်မြန်စား ရှုပ်ရှင်မမီဘဲဖြစ်နေမယ်"

ကိုကိုပြောတော့ ပါးမို့ နှုတ်ဆိတ်လိုက်ရသည်။ ဒီနေ့အတွက် ကိုကို့မှာ အစီအစဉ်တွေနှင့် ရှိနေပုံရ၏။ ပါးမို့ ထပ်ပြီးတော့လည်း မေးတွန့် ဆောက်ရဲပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့စကားအတိုင်း ထမင်းကိုပဲ မြန်မြန်လေးစားလိုက်ရပါသည်။

■ ■ ■

Junction Center မှ သရီးဒီရုပ်ရှင်ကို ကိုကိုနှင့်အတူ ပါးမို့ကြည့်ဖြစ်သည်။ နိုင်ငံခြားကားတွေဆိုလျှင် ကိုရီးယားကားကလွဲ၍ ဘာကားမှ မကြိုက်ပေမယ့်လည်း ကိုကိုနှင့်ဆိုတော့ ပါးမို့ မငြင်းဘဲလိုက်ခဲ့သည်။

ရုပ်ရှင်ရုံထဲမှာ စားသောက်ဖို့အတွက် စားစရာမုန့်တွေ ပါးမို့ဝယ်မည်ဆိုတော့ ကိုကို မျက်မှောင်ကုပ်ကြည့်ရင်း

"မင်း အစာအိမ်ထဲမှာ နေရာလွတ်ကျန်သေးလို့လား ပါးမို့"

"မဟုတ်ဘူးလေ ကိုကိုရဲ့၊ အပျင်းပြေ ရုပ်ရှင်ကြည့်ရင်းစားမလားလို့"

"ဘာမှမဝယ်နဲ့၊ ကိုယ့်အနားမှာ တဖျောက်ဖျောက် ဝါးနေသံကြားရင် ကိုယ် သည်းမခံနိုင်ဘူး"

ကိုကို ပြောတော့လည်း ပါးမို့ ဘာမှမပြောရဲဘဲ ခေါင်းလေးညိတ်လိုက်ရပါသည်။

ရုပ်ရှင်ရုံထဲရောက်တော့လည်း ကိုကို ရင်ခွင်ထဲ ခေါင်းလေးမှီဝင်ခိုချင်ပေမယ့် အခွင့်မရခဲ့ပါ။ ကိုကိုက ရုပ်ရှင်ထဲမှာပဲ အာရုံဝင်စားနေတာကြောင့် ပါးမို့ ငြိမ်ငြိမ်လေးနေရသည်။

ကိုကို့လက်ဖဝါးလေးကို ဆုပ်ကိုင်ထားခွင့်ရတာလည်း မိနစ်





ပိုင်းမျှပဲကြာသည်။ ကိုကို လက်ပြန်ရုပ်သွားတာမို့ ပါးမို့ ငုတ်တုတ်လေးပဲထိုင်နေလိုက်ရ၏။

ကိုကို့မျက်နှာလေးကိုသာ ငေးငေးလေးခိုးကြည့်ရင်း ရုပ်ရှင်ပြီးဆုံးခဲ့သည်။

ရုပ်ရှင်ကြည့်ပြီးတော့ ကိုကို ပါးမို့ကိုခေါ်ဆောင်သွားခဲ့တာ ဟက်ပီးဝေါလ်ထဲကို ဖြစ်သည်။ ရှိလာကိုစတာ စီးရအောင်ဆိုတော့လည်း ကြောက်ကြောက်နှင့်ခေါင်းညိတ်မိ၏။

ကြောက်ကြောက်လန့်လန့်နှင့်ပဲ ကိုကို့လက်မောင်းကို သိုင်းဖက်ပြီး ပါးမို့ မျက်လုံးတွေစုံမှိတ်ထားမိသည်။

တစ်ခေါက်စီးပြီးတော့ ကိုကို ဆက်မစီးတော့ပါ။ ပါးမို့ကိုလည်း အပြစ်တင်စကားဆိုသေး၏။

"ဒီလောက်တောင် ကြောက်နေရင် မစီးခင်ကတည်းက ပြောပါလား"

"ပါးမို့ တစ်ခါမှမစီးဖူးဘူး၊ မစီးရဲလို့ ကိုကိုရဲ့"

"ဒါပေမဲ့ မင်းပျော်တယ်မဟုတ်လား ပါးမို့"

"အင်း ပျော်ပါတယ် ကိုကို"

နှုတ်ခမ်းလေးတွေပဲ လှုပ်ကာ ကိုကို့ပြုံးသည်။ ကိုကို ဒီလိုပြုံးလျှင် ပါးမို့ ရင်ထဲမှာ ထိတ်ခနဲဖြစ်မိသည်။ ဘာကြောင့်လဲမပြောတတ်ပေမယ့် ကိုကို့အပြုံးက ကြည့်လို့ကောင်းတာတော့ ပါးမို့ မငြင်းနိုင်ပါ။

"ကဲ ပါးမို့နဲ့ကိုယ် အေးအေးဆေးဆေး ပန်းခြံထဲမှာ ထိုင်ကြ



www.burmeseclassic.com

www.burmeseclassic.com



ရအောင်နော်”

ပါးမို့ လက်ကိုဆွဲကာ ပန်းခြံထဲက ခုံတန်းလေးတစ်ခုဆီကို ကိုကို ခေါ်ဆောင်လာသည်။ အတူထိုင်တော့ ကိုကို ပခုံးမှာ ခေါင်းလေး တင်ပြီး ပါးမို့ မှိုထိုင်မိ၏။

ကိုကိုက ပါးမို့ကို သိုင်းဖက်ကာ ရင်ခွင်ထဲဆွဲသွင်းပြီး ဖွဖွလေး ဖက်ထားပေးသည်။

ကိုကို့ဆီက ပထမဦးဆုံး ပိုင်ဆိုင်ခွင့်ရသော ရှားရှားပါးပါး အကြင်နာလေးတွေမို့ ပါးမို့ရင်ထဲမှာ ကြည်နူးရင်ခုန်ခြင်းတွေ တငြိမ့်ငြိမ့် ခံစားနေရသည်။

ကိုကို့ဆီက ထိုထက်ပိုမိုသော ယုယကြင်နာမှုအနမ်းလေးတွေ ပိုင်ဆိုင်ရဦးမလားဟု ပါးမို့ မျှော်လင့်မိပေမယ့် ..။

ပါးမို့ မျှော်လင့်ချက်တွေ ဖြစ်မလာခဲ့ပါ။ ကိုကိုက ပါးမို့ကို ရင်ခွင်ထဲက အသာတွန်းခွာတော့ ပါးမို့ ကိုယ်လေးခွာပေးကာ ကိုကို့ မျက်နှာကို မော့ကြည့်မိသည်။

“ကိုယ်တို့ဒီနေ့အတူရှိနေဖြစ်တာ ငါးနာရီခွဲလောက်ကြာသွား ပြီ”

ကိုကို နာရီကို ငုံ့ကြည့်ရင်းပြောတာမို့ ပါးမို့လည်း လက်မှနာရီ ကိုငုံ့ကြည့်တော့ လေးနာ့ရီထိုးနေပြီ။ ကိုကိုနှင့်စတင်ဆုံကြတာ မနက် ဆယ်နာရီခွဲဆိုတော့ ငါးနာရီခွဲတိတိကြာပြီပေါ့။

“ပါးမို့”





“ရှင် ကိုကို”

“မင်း ဒီနေ့အတွက် စိတ်ချမ်းသာတယ်မဟုတ်လား”

“ကျေနပ်တာပေါ့ ကိုကို၊ ပါးမို့ဘဝမှာ ဒီလိုပျော်စရာမျိုး မကြုံ ခဲ့ဖူးသေးဘူး၊ ပါးမို့ အရမ်းပျော်တယ်”

ပါးမို့ စကားကြောင့် ကိုကို ပြုံးသည်။ ပြီးမှ ပါးမို့ကို ကိုကို စူးစိုက်ကြည့်နေရင်း

“မင်း ပျော်စေချင်လို့ ကိုယ် ဒီနေ့ အပျော်တွေပေးနေတာပါ ပါးမို့၊ ဒါပေမဲ့ ပျော်ပြီးရင် ဝမ်းနည်းရတတ်တယ်”

“ရှင် ကိုကို ဘာပြောတာလဲ”

“ဒါ သဘာဝတရားပဲလေ၊ ပျော်စရာရှိရင် ဝမ်းနည်းစရာရှိမယ် ဒါကိုလည်း ပါးမို့ ရင်ဆိုင်ရဲရမယ်”

ကိုကို့စကားတွေက ဘာလဲ။ ကိုကို ဘာကိုရည်ရွယ်တာလဲ ပါးမို့ နားမလည်ပါ။ ကိုကိုက ပါးမို့ဆီမှ အကြည့်လွှဲကာ ထရပ်သည်။

“ခဏလေး မင်းကို ကိုယ် ပေးစရာလက်ဆောင်ရှိတယ်”

ပြောပြီး ကိုကို လှမ်းထွက်သွားသည်က ရပ်ထားသော ကိုကို့ ကားဆီကိုဖြစ်သည်။ ပါးမို့ မျက်တောင်လေးတွေ ပုတ်ခတ်လှမ်းကြည့်နေ မိသေး။

ကားတံခါးဖွင့်ကာ ကိုကို ဘာကိုယူလိုက်တာလဲ ပါးမို့ မသိပါ။ ကိုကို့ခြေလှမ်းတွေက ပါးမို့ဆီကို ပြန်ဦးတည်လျှောက်လှမ်းလာ၏။

“ဟင်”



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့လက်ထဲမှာ ကိုင်ဆောင်လာသောအရာကို မြင်လိုက်ရချိန်မှာ ပါးမို့ အကြီးအကျယ် တုန်လှုပ်သွားသည်။ အနီရဲရဲနှင်းဆီပန်းလေးတစ်ပွင့် ဖြစ်နေသည်။

ဘုရား ဘုရား ပါးမို့ ကိုကို့ကိုပေးမည့်လက်ဆောင်ဆိုတာ ဒီနှင်းဆီပန်းပွင့်နီနီလေးလား။

"ကိုယ် မိန်းကလေးတွေ အများကြီးတွဲဖူးတယ်၊ ကိုယ့်စိတ်က မငြီးငွေ့ချိန်အထိ ကိုယ် သူတို့နဲ့တွဲတယ်၊ အဲ ကိုယ် ငြီးငွေ့သွားပြီဆိုရင် နှင်းဆီပန်းနီတစ်ပွင့် လက်ဆောင်ပေးပြီး နှုတ်ဆက်လိုက်တာပဲ"

ပါးမို့နှင့်ချစ်သူစဖြစ်သည့်နေ့က ကိုကို ပြောခဲ့ဖူးသောစကားကို ပါးမို့ ပြန်သတိရမိသည်။ အခုလည်း ကိုကို ပါးမို့ကို ငြီးငွေ့သွားပြီ။ လမ်းခွဲတော့မည်ဆိုသည့်သဘောလား။

ပါးမို့ တုန်လှုပ်ချောက်ချားနေတုန်းမှာပဲ ကိုကို အနားကိုရောက်လာသည်။

"ကို ကိုကို ဟို ဟို"

"ရော့ ပါးမို့ မင်းအတွက် လက်ဆောင်"

ပါးမို့ လှမ်းမယူရဲပါ။ ကိုကို ကမ်းပေးသော နှင်းဆီပန်းပွင့်လေးကိုပဲ ထိတ်လန့်စွာ ကြည့်နေမိဆဲ။

"ယူလေ ပါးမို့"

ပါးမို့ ကိုကို့အမိန့်ကိုမလွန်ဆန်နိုင်စွာ လှမ်းယူလိုက်မိသည်။ အပြုံးရိပ်တို့ကင်းစင်နေသော ကိုကို့မျက်နှာက ပကတိတည်ငြိမ်လွန်း





သည်။

"ဝမ်းနည်းပါတယ် ပါးမို့၊ မင်းနဲ့ကိုကို ဖာတ်လမ်းအဆုံးသတ်သွားပြီ"

"မ မဟုတ်တာ ပါးမို့ တောင်းပန်ပါတယ်၊ အဲဒီလို မလုပ်ပါနဲ့ ကိုကို"

"ကိုယ် စိတ်မကောင်းဘူး ပါးမို့ ကိုယ် စိတ်မပါတော့တဲ့သူနဲ့ ကိုယ်ဆက်ပြီး မပတ်သက်ချင်တော့ဘူး ဒါအမှန်ပဲ"

"ကိုကို ဒီလိုမရက်စက်ပါနဲ့"

"ကိုယ် မရက်စက်ပါဘူး မင်း. ဒီနေ့ တစ်နေ့လုံး ပျော်စရာကောင်းခဲ့တာပဲလေ၊ မင်းကျေနပ်သင့်ပါတယ်"

ကျေနပ်သင့်ပါတယ်တဲ့လား။ ကိုကို ဘာကြောင့် ပါးမို့ကို ဒီလို လုပ်ရက်တာလဲ။ ပါးမို့ ဘာမှားခဲ့သလဲ၊ ကိုကို့အလိုကျ ပုတ်သင်ညိုလေးလို အပြစ်ရှိခဲ့တာမဟုတ်လား။

"ကိုကို ပါးမို့မှာ ဘာအပြစ်ရှိလို့လဲ၊ ဘာလို့ ပါးမို့ကိုလမ်းခွဲချင်ရတာလဲဟင်"

"ပြောပြီးပြီပဲ၊ ကိုကို စိတ်မဝင်စားတဲ့အလုပ်ကြီးကို မလုပ်ချင်ဘူးလို့"

"ပါးမို့ကို ကိုကို ငြီးငွေ့သွားတာလား၊ တကယ်ဆို ပါးမို့နဲ့ ကိုကို ချစ်သူဘဝရောက်ကြတာ မကြာသေးဘူး"

"မကြာသေးပေမယ့် ကိုယ့်စိတ်က ဘယ်လိုမှစိတ်ဝင်စားလို့မရ



www.burmeseclassic.com

www.burmeseclassic.com



တော့တာ အသေအချာပဲ၊ ကဲ စကားတွေအများကြီး မပြောချင်ဘူး ပါးမို့၊ ကိုယ်တို့လမ်းခွဲစို့''

''ကိုကို''

လှည့်ထွက်ဖို့ ပြင်သည့်ကိုကို လက်မောင်းကို ပါးမို့ လှမ်းဆွဲထားတော့ ကိုကို လှည့်ကြည့်ရင်း

''မင်းလက်ကို ပြန်ရုပ်လိုက်ပါ ပါးမို့ ဒါမျိုး ကိုယ် လုံးဝမကြိုက်ဘူး''

ကိုကို့မျက်နှာ တင်းခနဲဖြစ်သွားတော့ ပါးမို့ ချက်ချင်းပဲပြန်လွှတ်ပေးမိရင်း

''ပါးမို့ တောင်းပန်ပါတယ် ကိုကို၊ ကိုကို နောက်တစ်ယောက်တွေ့နေရင်လည်း ပါးမို့ နားလည်ပေးနိုင်ပါတယ်၊ ပါးမို့ကိုတော့ ယတိပြတ်ကြီး မထားရစ်ခဲ့ပါနဲ့နော်''

ကိုကို နှုတ်ခမ်းတွေ လွန့်ခနဲ ပြုံးရိပ်သမ်းသွားသည်။ ပါးမို့ စွဲမက်ငြိတွယ်ခဲ့ရသော မျက်ဝန်းတွေနှင့် ကိုကို စိုက်ကြည့်နေခဲ့ရင်း

''မင်း အဲဒီလောက် ယောက်ျားတစ်ယောက်ကို လျှော့မပေးသင့်ဘူး ပါးမို့၊ ကိုယ်ကလည်း ဆုံးဖြတ်ပြီးရင် ပြန်မပြင်တတ်ဘူး၊ ကဲ နှုတ်ဆက်တယ် ဘိုင့်''

''ကိုကို ကိုကို''

ပါးမို့ ခေါ်သံတွေကို ကိုကို ဥပေက္ခာပြုသွားခဲ့သည်။ တစ်ချက်လောက် ပြန်စောင်းငဲ့ကြည့်မည်လား၊ ပါးမို့ မဝံ့မရဲ မျှော်လင့်မိပေမယ့်





ကိုကို ကားပေါ်ကိုလှမ်းတက် မောင်းထွက်သွား၏။

ပါးနုစ်ဖက်ပေါ် စီးကျလာသော မျက်ရည်တွေကို ပါးမို့ မထိန်းလိုက်နိုင်ခဲ့ပါ။ ဝေးကွာသွားသော ကိုကို့ကားလေးကိုကြည့်ရင်း ရင်ထဲမှာ ထမ်းနည်းလာမိသည်။

''ကိုကို့ရယ် ရက်စက်လိုက်တာ''

လက်ထဲက နှင်းဆီနီပွင့်လေးကိုကြည့်ရင်း ပါးမို့ အသည်းအတားခဲ့ မျက်ရည်တွေ ထိန်းမရနိုင်တော့ပါ။

ကိုကို ဒီလိုရက်စက်တတ်တာ သိလျက်နှင့် မိုက်မဲစွာ တိုးဝင်ခဲ့တာ ပါးမို့ရဲ့မိုက်မဲမှုလား။

ပါးမို့အချစ်ကို တစ်ချက်လေးတောင် ပြန်မငဲ့ကြည့်တော့ဘူးလား ကိုကို့ရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

မေ့ခေတ် မျက်နှာလေးက ဝင်းပကြည်လင်နေသည်။ ကြည်နူး ပြုံးရိပ်လေးတွေ ထင်ထင်ရှားရှား ပေါ်လွင်နေသည့် မျက်နှာလေးက ပိုလို့တောင်ချစ်စရာကောင်းနေသည်။

မေ့ခေတ် ပျော်နေမြူးလို့နေမည်ပေါ့။ ဒီမနက်ပဲ ဒယ်ဒီက မေ့ခေတ်အတွက် မုန့်ဖိုးဆိုကာ ငွေဆယ်သိန်းပေးသည်။ ဒယ်ဒီက ဒီလိုပဲ တစ်ဦးတည်းသော သမီးလေးအတွက် ဝယ်ချင်တာဝယ်၊ သုံးချင်တာသုံး ဖို့ဆိုကာ တစ်လတစ်ကြိမ်လောက် မုန့်ဖိုးပေးတတ်သည်။

ဒယ်ဒီ့ဆီက စို့စို့ပို့ပို့လေး ရလိုက်တာမို့လည်း ဒီတစ်ပတ် ကျောင်းပိတ်ရက်မှာရှော့ပင်းနဲ့ထွက်ဖို့ မေ့ခေတ် စိတ်ကူးမိသည်။ သဲမာ နှင့် ကြည်မွေ့တို့ကိုခေါ်ကာ သွားမည်ဟု တွေးထား၏။





ချမ်းငြိမ်းသိလျှင် သူပါလိုက်မည်ဟု ပြောနေဦးမည်မှာ သေချာသည်။ မေ့ခေတ်တို့ သူငယ်ချင်းအုပ်စုထဲမှာ ချမ်းငြိမ်းတစ်ယောက်ပဲ ယောက်ျားလေးပါတာဖြစ်သည်။

မေ့ခေတ်တို့မိန်းကလေးအုပ်စု ဘယ်ကိုသွားသွား ချမ်းငြိမ်းက အမြဲလိုက်သည်။ စောင့်ရှောက်ပေးဖော်ရသည်။ ဒါကြောင့်လည်း ချမ်းငြိမ်းကို မေ့ခေတ်တို့ အားလုံးခင်မင်ကြတာ ဖြစ်၏။

အတွေးတွေကိုဖြတ်ကာ မေ့ခေတ် ဆင်ဝင်အောက်မှာ ရပ်ထားသော ကားလေးပေါ် လှမ်းတက်လိုက်သည်။

“သမီးလေး ကားကို ဂရုစိုက်မောင်းနော်”

မေ့ခေတ်ကို စိတ်မချနိုင်သည့် မာမီက ဧည့်ခန်းထဲအထိထွက် လိုက်လာကာ သတိပေးသည်။

“ဟုတ်ကဲ့ပါ မာမီရဲ့၊ စိတ်ချပါ တာ့တာ မာမီ”

မာမီ့စကားကို ခေါင်းလေးညိတ်ပြပြီး မေ့ခေတ် လက်ကလေး ဖြင့် နှုတ်ဆက်လိုက်၏။ မာမီကလည်း လက်ကလေးပြ နှုတ်ဆက်သည်။ မေ့ခေတ် ကားလေး ခြံဝက ထွက်သွားသည်အထိ မာမီ စောင့်ကြည့် နေမှာကိုလည်း သိပါသည်။

တကယ်ဆို မေ့ခေတ် ကံကောင်းလွန်းပါသည်။ ဒယ်ဒီနှင့်မာမီ တို့ရဲ့ တစ်ဦးတည်းသောသမီး ဖြစ်ခွင့်ရသည်။ ငယ်ငယ်ကတည်းက မိဘနှစ်ပါးစလုံးရဲ့အချစ်တွေကို မေ့ခေတ် တစ်ဦးတည်းပြည့်စုံစွာ ပိုင်ဆိုင် ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာမှပူပန်စရာမရှိသောဘဝကို မေ့ခေတ် ပိုင်ဆိုင်ခွင့်ရခဲ့ပါသည်။

ဒယ်ဒီက အောင်မြင်သော ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းကြီးကို ပိုင်ဆိုင်ထားသည်။ စားသောက်ကုန်လုပ်ငန်းကြီးကို ဒယ်ဒီက တည်ထောင်ထားတာဖြစ်သည်။

ကိတ်မုန့်၊ ကွတ်ကီး၊ ဘီစကစ်၊ ချိုချဉ်ကအစ ဒယ်ဒီ ထုတ်လုပ်ရောင်းချသည်။ မြန်မာပြည်မှာ ဒယ်ဒီရဲ့လုပ်ငန်းက နာမည်ကျော်သည်။

ရုပ်ရှင်မင်းသား မင်းသမီး မော်ဒယ်တွေနှင့်ကြော်ငြာကာ ဒယ်ဒီ့လုပ်ငန်းကြီးက ထိပ်ဆုံးမှာ စူပါတန်းဝင်ဖြစ်နေ၏။ မာမီကတော့ မြို့ထဲမှာ ရတနာရွှေဆိုင်ဖွင့်ထားသည်။

ဒယ်ဒီနှင့်မာမီ ရှာဖွေသမျှက မေ့ခေတ်ဇော် ဆိုသော သမီးလေး အတွက်ပဲဖြစ်သည်။

တစ်ဦးတည်းသောသမီးလေး မေ့ခေတ်ဇော်ကလည်း ဘွားဘွားနှင့်မာမီတို့ထံက အမွေတွေကို ဆက်ခံသူဟု ဆိုရမည်။ ဘွားဘွားရော မာမီပါ သူတို့ခေတ်မှာ မယ်ဘွဲ့တွေကိုယ်စီ ရထားကြ၏။

မေ့ခေတ်ဇော် ကျတော့လည်း မြင်သူတိုင်းက ချောလိုက်တာဟု ချီးမွမ်းရလောက်အောင် အပြစ်ဆိုရက်စရာမရှိပါ။

နုညက်ချောမွတ်သော မျက်နှာလေးနှင့်လိုက်ဖက်တင့်တယ်သော ခန္ဓာကိုယ်အချိုးအဆစ်တွေကပါ အပြစ်ဆိုရက်စရာ ကင်းစင်သည်။

"ကိုဇော်ထွဋ်ရဲ့ သမီးက သမီးချောပဲဗျ။ ခင်ဗျားကုန်ပစ္စည်း





ကြော်ငြာတွေ မင်းသမီးမငှားဘဲ သမီးနဲ့တောင်ရိုက်လို့ရတယ်"

ဒယ်ဒီ့မိတ်ဆွေ ကြော်ငြာဒါရိုက်တာကြီးတွေကတောင် ဆိုကြပေမယ့် မေ့ခေတ်ကတော့ လုံးဝစိတ်မဝင်စားပါ။

"ဟာ ဝါသနာမပါဘူး၊ ဒယ်ဒီ ကြော်ငြာတွေ ရိုက်ပြီး လူတွေ သတိထားမိသွားရင် သမီး နေရသွားရတာ မလွတ်လပ်တော့ဘူး ဖြစ်မှာပေါ့ လုံးဝပဲ"

"ဟား ဟား ဒယ်ဒီ့သမီး စိတ်မဝင်စားလည်း ဒယ်ဒီက ဖွတ်ရိုက်ခိုင်းပါဘူးကွာ၊ စိတ်ချ ဒယ်ဒီ့သမီးဘာသာ လွတ်လွတ်လပ်လပ်နေပါ"

မေ့ခေတ် စိတ်မဝင်စားဘူးဆိုတော့ ဒယ်ဒီကလည်း မတိုက်တွန်းခဲ့ပါ။ နိုင်ငံခြားဘာသာ တက္ကသိုလ်မှာတော့ မေ့ခေတ်ဇော်ဆိုတာ အလှဘုရင်မတစ်ပါးဖြစ်ခဲ့သည်။

မေ့ခေတ်ရဲ့အလှ မေ့ခေတ်ရဲ့ထင်ပေါ်မှုတွေက ယောကျ်ားလေးတွေကြားမှာ ထင်ပေါ်ခဲ့၏။ သည်တော့လည်း မေ့ခေတ်အချစ်ကို ပိုင်ဆိုင်ဖို့ ချဉ်းကပ်ကြသူတွေ မနည်းခဲ့ပါ။

ဒါပေမဲ့ ဘယ်ယောကျ်ားလေးကိုမှ မေ့ခေတ် အလေးမထားဥပေက္ခာပြုတော့ တချို့ယောကျ်ားလေးတွေက မိန်းမဆန်စွာ သတင်းလွှင့်ကြတော့သည်။

"အလကားပါကွာ မာနတံခွန်ထောင်နေတာပါ၊ ယောကျ်ားလေးတွေကို ကစားစရာလို သဘောထားတဲ့မိန်းမ"



www.burmeseclassic.com

www.burmeseclassic.com



"လူသလောက် ကြောက်စရာကောင်းတယ်၊ သွားမလုပ်နဲ့ မင်းကို ကစားသွားလိမ့်မယ်"

ကွယ်ရာမှာ သွားပုပ်လေလွင့်ပြောတော့ ယုံသူတွေက ယုံကြသည်။ မဆီမဆိုင် မေ့ခေတ်ဖော်က အသည်းစားဘုရင်မကြီးလိုလို ဖြစ်ခဲ့သည်။

"ဒီလောက်တောင် အဆင့်အတန်းမရှိတဲ့ယောကျ်ားတွေ မေ့ခေတ်အကြောင်း သိစေရမယ်"

မခံချင်စိတ်နှင့် မေ့ခေတ် ယောကျ်ားတွေကို ပညာပေးဖို့ ဆုံးဖြတ်လိုက်သည်။ မေ့ခေတ် အနား ချဉ်းကပ်လာသူတွေတိုင်း မေ့ခေတ်အတွက် အပျင်းပြေကစားစရာ အရုပ်လေးဖြစ်စေရမည်။

ရယ်တော့ရယ်စရာကောင်းသည်။ မေ့ခေတ်ဖော်ဆိုတာ ဒီလိုမိန်းကလေးမှန်းသိလျက် မိုက်မဲစွာ ချဉ်းကပ်လာကြတာလည်း ဒီယောကျ်ားတွေပဲဖြစ်၏။

ဒါပေမဲ့ သူတို့ပိုင်ဆိုင်ခွင့်ဆိုတာ မေ့ခေတ်နှင့် စကားပြောရင်းနှီးခွင့်မျှလောက်ပဲဖြစ်ကာ ထိုထက်ပိုမိုခွင့်မရှိကြပါ။ နောက်ဆုံးမှာ သူတို့ပိုင်ဆိုင်ရတာ မေ့ခေတ် ပေးသည့် ကင်းခြေများ အရုပ်လေးနှင့်အတူ စွန့်ပစ်ဥပေက္ခာပြုခံ့ရခြင်းပဲဖြစ်၏။

ကဲ လျှာအရိုးမရှိစတမ်း ပြောကြတော့ . . မေ့ခေတ်ကတော့ ဥပေက္ခာပြုပစ်ပြီးသားပဲ။

"ကျွီ"





"အို ဘုရားရေ"

မေ့ခေတ် မောင်းလာတာ လမ်းတည့်လမ်းမှန်ကဖြစ်သည်။ ဒါကို ဖြတ်လမ်းတိုထဲက ကားက ခေါင်းဝင်ပိတ်ရပ်လာတာကြောင့် ဘရိတ်ကို နင်းထားလိုက်ရ၏။

ပိတ်ရပ်သွားသော ကားက တော်တော်နှင့်မထွက်ဘဲနေတော့ မေ့ခေတ် မျက်မှောင်လေးကုပ်သွားမိ၏။ ဘယ်လိုဖြစ်တာလဲ ကိုယ့်ဘာသာဆောင်မခြင် မောင်းဝင်လာပြီးမှ ငုတ်တုတ် သတိလစ်သွားပြီလား။

"တီ တီ"

ဟွန်းသံနှစ်ချက်ပေးလိုက်တော့မှ ပိတ်ရပ်ထားသော ဆလွန်းကားတံခါး ပွင့်သွား၏။ ကားထဲကဆင်းလာသူက လူငယ်တစ်ယောက်။ မှောင်ဆံပင်တွေကို ဂျယ်လိမ်းကာထောင်ထားပြီး အရုပ်တွေကြောင်ကြောင်ကြားကြားပါသော တီရှပ်နှင့် ဂျင်းပင်နီအကျပ်က ပိန်လျော်လျော်ခန္ဓာကိုယ်နှင့် အတော့်ကိုအကြည့်ရဆိုး၏။

မေ့ခေတ်ဆီကို တစ်လှမ်းချင်းလျှောက်လာပုံက ဘယ်လိုမှ မျက်စိထဲမှာ အချိုးမပြေပါ။

အနားမရောက်ခင်မှာပဲ မျက်နှာပေါ်က မျက်မှန်ကိုချွတ်လိုက်သမို့ မေ့ခေတ် မျက်မှောင်တွန့်သွား၏။

ဒီရုပ် ဒီမျက်နှာကိုမြင်ဖူးနေတာကြာပြီ။ မေ့ခေတ် သွားလေရာကို အရိပ်လိုလိုက်နေတာ နှစ်ပတ်လောက်ရှိပြီထင်၏။

ကျောင်းဝင်းထဲမှာလည်း ဒီရုပ်ကို မြင်ဖူးသည်။ ဘယ်သူ့ဘယ်ဝါ



www.burmeseclassic.com

www.burmeseclassic.com



ဟု မသိသေးတာအမှန်။

"မင်္ဂလာပါ မမခေတ်"

ပိန်လျှော်လျှော် ခန္ဓာကိုယ်ကိုကိုင်းညွတ်ပြီး နှုတ်ဆက်လာသော ချာတိတ်ကို မေ့ခေတ် ခပ်စူးစူးလေး ပြန်ကြည့်ရင်း

"မင်းက ဘယ်သူလဲ၊ ငါ မသိပါဘူး"

"အဟွန်း မ မသိပေမယ့် မကို တို့ကသိနေတယ်၊ အဟွန်း တို့နာမည် နေလင်းကိုကိုပါ"

"သေချာတယ် တို့နဲ့ရင်းနှီးတဲ့သူထဲမှာ မပါဘူး"

"အခု သိရပြီပဲ မရယ်၊ တို့ကို မ အသိအမှတ်ပြုပေးပါ"

"ဘာကြောင့်တာလဲ၊ အသိအမှတ်ပြုရအောင် မင်း ဘာကောင်လဲဆိုတာ တို့မသိဘူး"

"အာ တို့က နေလင်းကိုကို၊ နေတာက ရွှေတောင်ကြားရပ်ကွက်မှာ၊ တို့က ဆိုက်ကို ပထမနှစ်ကျောင်းသား၊ တို့မိဘတွေက"

"ဒီမှာ တို့အချိန်ပိုမရှိဘူး၊ မင်းကားရှေ့က ဖယ်ပေးပါ၊ တို့သွားစရာရှိတယ်"

"ခဏလေး မ၊ ဖယ်ပေးပါ့မယ်၊ ဒါပေမဲ့ မကို တို့ချစ်တဲ့အကြောင်းပြောပြီး လျှောက်လွှာတင်ထားချင်လို့"

"ဘာရယ်"

"ဟုတ်တယ် မရဲ့ချစ်သူအဖြစ် တို့ကို ဦးစားပေးရွေးချယ်ပေးပါ၊ လက်ရှိ မ မှာ ချစ်သူမရှိတာ တို့သိထားတယ်"





တော်တော်ကြောင်သည့်ကောင်ဖြစ်မည်။ ဘယ်သူမြှောက်ပေးလိုက်သည်မသိပါ။ မေ့ခေတ်ကို ဒီလိုစမ်းလို့ရမည်တဲ့လား။

"မ တို့ကို အသိအမှတ်ပြုတယ်နော်"

မေ့ခေတ် ဘာမှမပြောဘဲ ကားစက်ကိုနှိုးလိုက်တော့ ချာတိတ်မျက်လုံးပြူးကြည့်သည်။ မေ့ခေတ် ကားကို ငြိမ့်ခနဲ မောင်းထွက်တော့မှ ကလန်ကလားနှင့် ခုန်ရှောင်တိမ်းသည်။

တကယ်သေမှာကိုတော့ ကြောက်ရွံ့ပုံရသည်။ သူ့ကားကိုတမင်မလွတ်အောင် ကပ်ရှောင်ပြီး ဘက်ကြည့်မှန်ကို ဝင်တိုက်ပစ်လိုက်သည်။

"ခွမ်း"

"ဟာ မ မ"

တမမ အော်ကျန်ရစ်ခဲ့သော အူကြောင်ကြားလေးကို ဘက်ကြည့်မှန်ထဲက ပြူးကြည့်ရင်း မေ့ခေတ် ကားကိုစက်ရှိန်မြှင့်လိုက်၏။

ဖြစ်နိုင်လျှင် ကားကိုရော လူကိုပါ ဝင်တိုက်ပစ်လိုက်ချင်တာဖြစ်သည်။

အရှည့်ဖယားတွေ မရှုပ်ထွေးစေချင်တာကြောင့် စိတ်ကိုလျှော့ချခဲ့တာဖြစ်သည်။

ထိုထက်ပိုလာလျှင်တော့ မေ့ခေတ်အကြောင်း သင်းကောင်းကောင်းသိအောင်ပြရဦးမည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

သစ်ရိပ်အောက်က ခုံတန်းလေးမှာ မင်းခေတ်တစ်ယောက်တည်း စာဖတ်နေတာဖြစ်သည်။ ဒီနေ့ ကလပ်စ်မတက်ချင်တာကြောင့် တစ်ယောက်တည်း ဒီနေရာလေးမှာ လာအချိန်ဖြုန်းနေဖြစ်သည်။

ပါလာသော ကွန်ပျူတာ ဆော့ဝဲလ်ပညာရှင် ဘီဂိတ်၏ အတ္ထုပ္ပတ္တိစာအုပ်ကလည်း သူ့အာရုံကို ဆွဲဆောင်ထားနိုင်စွမ်း၏။

ထိုစာအုပ်ကိုဖတ်ရင်း တစ်ယောက်တည်း အာရုံစူးစိုက်နေခိုက်မှာ မင်းခေတ် သင်းထုံသော ရေမွှေးရနံ့လေးကိုရှူရှိုက်ခံစားရ၏။ စာအုပ်ထဲမှာ နစ်မျောနေသည့် စိတ်အာရုံက လွင့်ပျံ့သွားရပေမယ့် မျက်ဝန်းတွေက စာအုပ်ဆီမှ မရွှေ့ဖြစ်သေးပါ။

ရေမွှေးရနံ့တွေက ပိုလို့စူးရှလာကာ ခေါင်းငုံ့စာဖတ်နေသော







သူ့အမြင်အာရုံထဲ တိုးဝင်လာတာ အနက်ရောင်ဒေါက်မြင့်ဖိနပ်လေးနှင့် ခြေဖမိုးလှလှလေးတစ်စုံ။

"ကိုမင်းခေတ်ကျော်"

အသံချိုချိုလေးနှင့် နာမည်ကိုခေါ်ပုံကတော့ ကျွမ်းဝင်ရင်းနှီးမှုမရှိပေမယ့်လည်း ကိုယ့်ရှေ့အထိရောက်နေပြီဆိုတော့ သူ မော့ကြည့်မိ၏။

ရွှေရောင်ဆံပင်လှိုင်းတွန့်လေးတွေနှင့် ပြုံးကြည့်နေသော မျက်နှာလေးကိုတွေ့သည်။ နံဘေးမှာလည်း အဖော်မိန်းကလေးတစ်ယောက် ပါသည်။

လှသောမျက်နှာလေးကို ပိုလို့ပေါ်လွင်အောင် ပြင်ဆင်ခြယ်သထားတာတော့ သိသာထင်ရှားလွန်းသည်။ ဘာပဲဖြစ်ဖြစ် မျက်နှာလေးက ကြည့်ရတာ အဆင်ပြေသလို ခန္ဓာကိုယ်ကောက်ကြောင်းအလှတွေကို ပေါ်လွင်စေသည့် အနီရဲရဲဝတ်စုံအကျပ်လေးကလည်း ကြည့်ကောင်းတာတော့ အမှန်ပဲဖြစ်၏။

သူ့ရှေ့မှောက် ရောက်လာတာ ဒီအနီရောင်မလေး ဖြစ်ကာ ဘေးက အဝါရောင်အင်္ကျီနှင့်ကောင်မလေးက အဖော်လိုက်လာဟန်တူပါသည်။

"တို့ကြောင့် အနှောင့်အယှက်တော့ မဖြစ်ပါဘူးနော်"

အပြုံးချိုချိုလေးနှင့် မေးသည့်စကားမှာ တောင်းပန်သံလေးပါနေသည်။ ဒီနှစ်ယောက်စလုံးကို သူ ကျောင်းထဲမှာ မြင်ဖူးနေပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



နာမည်တွေတော့ မသိတာအမှန်။

"အနှောင့်အယှက်တော့ မဖြစ်ဘဲနေမလား၊ ဒီမှာ အာရုံဝင်စားနေတဲ့ စာအုပ်တောင် ပိတ်လိုက်ရပြီပဲ"

"အို ဆောရီးနော် တို့ တောင်းပန်ပါတယ်"

"ထားပါတော့ တို့ဆိုတဲ့မင်းက ဘယ်သူလဲ၊ ကိုယ်နဲ့တော့ မရင်းနှီးဘူးထင်တယ်"

"တစ်ကျောင်းတည်းနေတဲ့ကျောင်းသားတွေပဲ မင်းခေတ်ကျော်ကိုတော့ တို့ သိပါတယ်"

"တို့ကတော့ မင်းကို မသိဘူး"

"အင်းပေါ့လေ မင်းခေတ်ကျော် အနားမှာက မိန်းကလေးတွေ ဝိုင်းနေတာဆိုတော့ တို့ကို သတိထားမိချင်မှ ထားမိမှာပေါ့"

ရဲတင်းသည့်အပြောအဆိုနှင့် လေသံကတော့ သူ့အကြောင်းတွေ သိနေပုံရတာ ထင်ရှားသည်။

"တို့ ခဏလောက် ထိုင်ပါရစေ"

"ထိုင်ပါ ကျောင်းဝင်းထဲကခုံတန်းပဲလေ၊ ဘယ်သူ့ဆို ထိုင်ခွင့်ရှိပါတယ်"

အပြုံးလေးနှင့် ခပ်ရဲရဲ သူ့ဘေးမှာ ဝင်ထိုင်သည်။ နံဘေးက အဖော်ကောင်မလေးလည်း မဝံ့မရဲလေး ဝင်ထိုင်၏။

စာအုပ်ထဲက အာရုံတွေကို ရေမွှေးရနံ့တွေ ထုံသင်းနေသော အနီရောင်မလေးက လုယူနေပြီမို့ သူ စာအုပ်ကို ကျောပိုးအိတ်လေးထဲ





ထည့်လိုက်သည်။

"မင်းခေတ်ကျော်က မသိသေးတော့လည်း တို့ကပဲ မိတ်ဆက်ပါရစေ၊ တို့နာမည် နေနီနွယ်ပါ၊ ဟောဒီတို့သူငယ်ချင်းက မေမီအောင်တဲ့"

"ဟုတ်ပါပြီ မင်းတို့ကိုယ့်ဆီ ရောက်လာတဲ့ကိစ္စက ဘာလဲ"

"မင်းခေတ်နဲ့ခင်မင်ချင်လို့ပါ၊ ပြီးရင် တို့ဖိတ်စာပေးချင်လို့"

"ဘာဖိတ်စာလဲ မင်းရဲ့မင်္ဂလာဆောင်လား"

"အို ပေါက်ပေါက်ရှာရှာ"

နေနီနွယ် မျက်နှာလေး နီသွားသည်။ ပြီးမှ လွယ်ထားသော ဘက်အိတ်လေးထဲမှ ဖိတ်စာလှလှလေးတစ်စောင်ကို ထုတ်ယူကမ်းပေး၏။

"တို့ရဲ့မွေးနေ့လေ၊ မင်းခေတ်ကို ဖိတ်ချင်လို့"

"အခုမှ နာမည်သိကြရုံပဲရှိသေးတယ်၊ မင်းကမွေးနေ့ဖိတ်နေပြီသား"

"မင်းခေတ်နဲ့နေနီက သူငယ်ချင်းမိတ်ဆွေတွေ ဖြစ်သွားပြီလေ၊ ဒါကြောင့်ပါ"

နေနီနွယ်ကိုတော့ သူ လျှော့တွက်လို့မရပါ။ မိန်းမလှလေးတွေ သူနှင့်ခင်မင်ခွင့်ရဖို့အတွက် နည်းလမ်းမျိုးစုံနှင့်ချည်းကပ်ကြတာ သူ ကြုံဖူးသည်။

ဒါပေမဲ့ နေနီနွယ်ကတော့ ရဲတင်းသလို စိတ်ဝင်စားစရာကောင်းအောင်လည်း ဖတ်လမ်းတွေဆင်တတ်တာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုပဲကြည့် ခင်မင်လိုက်တာ မိနစ်ပိုင်းလေးပဲရှိသေးသည်။ နောက်ထပ် ဆုံတွေ့ခွင့်ကိုပါ လှပစွာဖန်တီးပြီးနေ၏။ နေနီနွယ်ရဲ့အရည် အချင်းကိုတော့ သူ အသိအမှတ်ပြုမိပါသည်။ ဒါပေမဲ့ မင်းခေတ်ကျော် ဆိုတာ တခြားယောကျ်ားလေးမှ မဟုတ်တာ။

"မင်းဖိတ်တာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကိုယ်က လူတွေနဲ့ရောရောနှောနှော မနေတတ်ဘူး"

"သိတာပေါ့ မင်းခေတ်အကြောင်း တို့သိထားပြီးသား"

ထင်ပါသည်။ နေနီနွယ်ဆိုတာ ခေသူတစ်ယောက်မဟုတ်ဟု သူ ဆုံမိတာ မိနစ်ပိုင်းလေးပေမယ့် အကဲခတ်မိပြီးခဲ့ပြီ။

"အဲဒီအတွက် မင်းခေတ် မစိုးရိမ်ပါနဲ့၊ တို့မွေးနေ့ပွဲလေးက ထူးခြားပါတယ်"

"အင်း စိတ်ဝင်စားစရာပဲ"

"တသီးတသန့်ဆန်တဲ့ ပွဲလေးပါ၊ တခြားပရိသတ်တွေမပါပါဘူး။ သုံးယောက်တည်းပဲ"

"ဟုတ်တယ် မင်းခေတ်ရယ်၊ နေနီရယ်၊ ဟောဒီက မေမီနဲ့ သုံးယောက်ပဲ"

မင်းခေတ် မျက်မှောင်ကြီးကုပ်သွားတော့ နေနီနွယ် ပြုံးပြီး လေးကြည့်ရင်း

"အခုဖိတ်တာက မွေးနေ့ပွဲအကြိုလေ၊ တို့မွေးနေ့ပွဲက နောက် တစ်ပတ်မှ မိသားစုအပေါင်းအသင်း စုံစုံလင်လင်နဲ့ ထပ်ကျင်းပမှာ





အခုတော့ အခင်မင်ဆုံးသူငယ်ချင်းတွေပဲ သီးသန့်ပါ"

"အံ့သြစရာပဲ၊ အခင်မင်ဆုံးပုဂ္ဂိုလ်နှစ်ဦးထဲမှာ အခုမှ ခင်မင် တဲ့ကိုယ်ပါနေတယ်လား"

"ဒါတော့ မင်းခေတ် သတိမထားမိလို့ပါ၊ တို့ မင်းခေတ်ကို ခင်မင်နေတာ ကြာပြီ၊ ဟိုးအရင်ကတည်းက နှစ်ယောက်ချင်းတွေ့ပြီး မိတ်ဆက်ချင်နေတာ၊ မင်းခေတ်က တွေ့တိုင်း အဖော်တွေပါနေတော့ အခွင့်မသာလို့ပေါ့"

မင်းခေတ် ပြုံးမိသည်။ အခုတော့ သူတစ်ယောက်တည်းရှိနေ သည့်အခါအခွင့်ကို နေနီနွယ် ရလိုက်ပြီပေါ့။ ကောင်းတော့ကောင်းပါ သည်။ သူလည်း လောလောဆယ် အဖော်မဲ့နေသည်။

ပါးမို့နှင့်ပြတ်ဆဲပြီးကတည်းက အဖော်မရှာချင်သေး၍ တစ် ယောက်တည်းနေနေခဲ့တာဖြစ်သည်။

"ကဲ ဘယ်လိုလဲ၊ တို့ ဘတ်သ်ဒေးကို ချီးမြှင့်မှာလား"

"အင်း ဒီလောက်ဖိတ်ခေါ်နေမှတော့ တို့ဘက်က မငြင်းပါဘူး။ ဒါ နေနီအကြောင်း တို့က ဘာမှသိမထားတော့ ဘာလက်ဆောင်ပေးရ မလဲ မတွေးတတ်ဘူး"

"ရပါတယ် တို့ မကြိုက်တာ တစ်ခုပဲရှိတယ်"

"ဘာများလဲ နေနီ"

"နှင်းဆီပန်းနီနီဆိုရင် တို့အမုန်းဆုံး၊ အကြောက်ဆုံးပဲ"

မင်းခေတ် မျက်ခုံးတွေ ပင့်တက်သွားသည်။ နေနီနွယ်က သူ



www.burmeseclassic.com

www.burmeseclassic.com



ထင်မှတ်ထားသည်ထက် အားလုံးကိုသိနေတာ သေချာပြီ။

"ကောင်းပြီလေ မင်းမနှစ်သက်တာ တို့မပေးပါဘူး"

"သင့်ခယူ ဒါဆိုရင် ကျေးဇူးအထူးပဲ"

နေနီနွယ်တို့ နှုတ်ဆက်ထွက်သွားတော့ သူ ပြုံးပြုံးလေး ငေး ကြည့်နေမိသည်။

လက်ထဲမှာရှိနေသော ဖိတ်စာလေးကို အခုမှပဲ မင်းခေတ် ငုံ့ ကြည့်လိုက်မိသည်။ ပိုင်းစက်စက် လက်ရေးနှင့် စာကြောင်းလေး။ ကဗျာ တော့ဆန်ပါသည်။

"အိပ်မက်ဆန်သော တို့မွေးနေ့ပွဲလေးကို

အမှတ်တရ ဖိတ်ကြားပါတယ်နော်"

သူ နောက်ဆုံးတွဲခဲ့သော ပါးမို့မို့ ဆိုသော မိန်းကလေးနှင့်က တော့ တကယ့်ဆန့်ကျင်ဘက်ဖြစ်မည်။

ပါးမို့မို့ က သူ ဘာပြောပြော ဘာလုပ်လုပ် ခေါင်းလေးညိတ် နာခံမည့် ပုတ်သင်ညိုလေးဖြစ်၏။ နေနီနွယ်ကတော့ ရဲရင့်ကာ သွက်လက် ပုံရမှာသေချာ၏။

ဘာပဲဖြစ်ဖြစ် ပျော်စရာတော့ ကောင်းမည်ထင်၏။ နေနီနွယ် ဆိုတာ သူ့မှတ်ဉာဏ်ထဲမှာ တဒင်္ဂ မှတ်ထားဖို့တော့ လိုနေပြီ။

မင်း ဘယ်လိုမိန်းကလေးလဲဆိုတာ ကိုယ် သိချင်ပါသေးတယ် နေနီနွယ်။

■ ■ ■



## အခန်း (၅)

နိုင်ငံခြားဘာသာတက္ကသိုလ် (YUFL) ၏ ကင်တင်းထဲမှာဖြစ် သည်။ မေ့ခေတ်တို့သူငယ်ချင်း တစ်အုပ်စုလုံး စားသောက်ရင်း စကား ဆွေ့ ဖောင်ဖွဲ့နေမိကြသည်။

ထုံးစံအတိုင်း ကြည်မွှေ့နှင့်သဲမာတို့အပြင် မေ့ခေတ်တို့အုပ်စု ထဲမှ တစ်ယောက်တည်းသော ယောကျာ်းလေးချမ်းငြိမ်းပါ ရှိနေသည်။

"မေ့ခေတ်ဖော် ရှင့်ကိုမေးရဦးမယ်"

ပေါက်စီတစ်လုံးနှင့် အအေးတစ်လုံး သုံးဆောင်ပြီးချိန်မှာ သဲမာ ...စလာခြင်း ဖြစ်သည်။

"ဘာလဲ ဘာမေးမှာလဲ သဲမာ"

"နိုင်လင်း ကိစ္စလေ"

"ဒါလား ဘာမှမမေးနဲ့၊ ငါ့ရဲ့စကော်ပီယံ ပေးလိုက်လို့ ပွဲက



www.burmeseclassic.com

www.burmeseclassic.com



ပြီးသွားပြီ''

မေ့ခေတ် စကားကြောင့် ကော်ဖီငုံသောက်နေသည့် ချမ်းငြိမ်းက လှမ်းကြည့်သည်။ ဆီချက်စားနေသော ကြည်မွှေ့က

''မြန်လိုက်တာ ခေတ်ရယ်၊ နင်နဲ့နိုင်လင်းက ဘာကြာသေးလို့လဲ''

''အေးဟာ အဲဒါကြောင့် ငါတောင် မယုံဘူးဖြစ်နေတာ၊ မနေ့က နိုင်လင်း ငါနဲ့တွေ့တော့ မျက်ရည်ဝဲပြီး ပြောပြမှ ငါသိတာ''

သဲမာနှင့်နိုင်လင်းတို့ ဆုံတွေ့ခဲ့ကြသည်လား။ သဲမာကို နိုင်လင်း ဘာတွေဝိုပြလိုက်သည်မသိပါ။ သဲမာ ပုံစံကတော့ နိုင်လင်းကို မေ့ခေတ် ဖြတ်တောက်လိုက်သည့်ကိစ္စအတွက် ပြောချင်နေပုံရသည်။

မေ့ခေတ် တွက်ပြီးသားဖြစ်သည်။ နိုင်လင်းက သဲမာတို့ ကြည်မွှေ့တို့ကို ယောက်ျားတန်မဲ့မျက်ရည်ခံထိုးမှာဖြစ်၏။ ဒါကြောင့်လည်း သူတို့ကို တမင်မပြောဘဲ မေ့ခေတ် နှုတ်ဆိတ်နေခဲ့တာဖြစ်သည်။

''ပြောပါဦး ခေတ်၊ ရှင် ဘာလို့ နိုင်လင်းကို ဖြတ်လိုက်တာလဲ''

မေ့ခေတ် အလေးမထားသလို အအေးဘူးကို တစိမ့်စိမ့်သောက်နေတော့ ကြည်မွှေ့ စိတ်မရှည်နိုင်သလို မေးသည်။

''မထူးဆန်းပါဘူး၊ ပါးပါးလေးပဲလေ''

''နင်ကပါးတာ အကြောင်းမဟုတ်ဘူး၊ တစ်ဖက်သားဘယ်လို ခံစားသွားရရှာသလဲ စဉ်းစားဦး ခေတ်ရဲ့''

မေ့ခေတ် မျက်မှောင်လေးကုပ်ပြီး ကြည်မွှေ့ကို ကြည့်လိုက်၏





''ဒါက နိုင်လင်း အပိုင်းလေ၊ ငါ့အပိုင်းမှမဟုတ်တာပဲ''

''ခေတ် ငါတို့က နင့်ကိုလူမုန်းများမှာစိုးလို့ ပြောနေတာ''

''အဟင်း ဟင်း ယောက်ျားတွေမုန်းတာကိုပြောတာလား၊ ငါ ရှုမစိုက်ဘူး၊ အထင်ကိုမကြီးတာ''

မေ့ခေတ် ထုံးစံအတိုင်း ဘုဆတ်ဆတ်ကလေးပြောတော့ ကြည်မွှေ့ ခေါင်းခါရင်း ချမ်းငြိမ်းကို လှမ်းကြည့်သည်။

တစ်ချိန်လုံး ငြိမ်သက်နေသော ချမ်းငြိမ်းကို တစ်ခုခုပြောပါဦး ည့်သည့်သဘောနှင့်ဖြစ်၏။

ဒါပေမဲ့ ချမ်းငြိမ်း ဘာတစ်ခွန်းမှ ဝင်မပြောဘဲ ရေနွေးကြမ်း ခွက် ငုံသောက်နေသည်။ ကြည်မွှေ့ အကြည့်တွေက သဲမာဆီကို ရောက်သွား၏။ သဲမာက

''ခေတ် ငါ မေးရဦးမယ်၊ နင်နဲ့နိုင်လင်းကြားမှာ ဘာကွိုင်ရှိလို့ ပြောစမ်းပါဦး''

''ကွိုင်ဆိုတာထက် ငါ သဘောမကျတာတွေရှိတယ်''

''ပြောပါဦး''

''သူ့ကိုယ်က ဂျိုင်းချွေးနံ့အရမ်းပြင်းတယ်''

''ဘုရားရေ''

''ခေတ်ရယ် တော်တော်ဆိုးတဲ့ အပြစ်ကြီးပဲ''

ကြည်မွှေ့နှင့်သဲမာတို့ တစ်ယောက်တစ်ခွန်း ရေရွတ်ကြသည်။ ငြိမ်း မျက်နှာလည်း ပြုံးစိစိကြီးဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ခုက တစ်ခုခုစားရင် ပါးစပ်က တပျပ်ပျပ်မြည်သေးတယ်"

"မှတ်သားလောက်ပါလား"

"ဟုတ်ပါ့ တော်တော်ကြီးမားတဲ့ ပြစ်ချက်တွေ အဟင်း"

သဲမာနှင့်ကြည်မွေ့တို့ စကားကို သဘောကျသလို ပြုံးစိစိဖြစ်နေကြသည်။ ချမ်းမြွေကလည်း ရယ်ချင်စိတ်ကိုထိန်းချုပ်ထားရသလို ဖြစ်နေ၏။

မေ့ခေတ်ကတော့ မျက်နှာလေးတည်တည်နှင့်ပဲ ဆက်ပြောနေသည်။

"ဘာကိုမှ လေးလေးနက်နက် မစဉ်းစားတတ်ဘူး၊ ပြီးတော့ အောက်ကျို့လွန်းတယ်၊ ယောကျ်ားမာနမရှိဘူး"

"ခေတ်ရယ် အဲဒါတော့ သူက နင့်ကိုချစ်လွန်းတော့ သည်းခံတဲ့သဘောထင်ပါတယ်"

"မဆိုင်ဘူး ယောကျ်ားဆိုတာ ယောကျ်ားမာနတော့ ရှိရမှာပဲ ပြောရရင် ငါသဘောမကျတဲ့အချက်တွေ အီမျှားကြီးပါတယ်"

"တော်ပါတော့ ခေတ်ရယ်၊ နင့်ရဲ့သဘောမကျတဲ့အချက်တွေကို ပြောလို့ဆုံးမှာမဟုတ်ဘူး။ ဒီတော့ အရေးကြီးတဲ့တစ်ချက်ပဲပြော၊ နိုင်လင်းကို နင် ဘာကြောင့်ဖြတ်လိုက်တာလဲ"

ချမ်းငြိမ်း ဝင်ပြောတော့ မေ့ခေတ် အကြည့်တွေ ချမ်းငြိမ်းဆီ ရောက်သွားသည်။





"အေး နင်မေးတာကိုပဲ ငါဖြေမလို့၊ ရှင်းရှင်းလေးပဲ ငါမှ သူ့ကို ခံစားလို့မရတာ၊ အစောကြီးကတည်းက စိတ်ဝင်စားလို့ တွဲခဲ့တာမှ မဟုတ်တာ"

ချမ်းငြိမ်း ခေါင်းတစ်ချက်ညိတ်ပြုံးရင်း သဲမာနှင့်ကြည်မွေ့ကို လှည့်ကြည့်၏။

"ကဲ ခေတ်ရဲ့စကားတွေကို နင်တို့ကြားပြီမဟုတ်လား၊ ဒီတော့ နိုင်လင်းကိစ္စ ထားလိုက်တော့"

"မဟုတ်ဘူးလေ ချမ်းငြိမ်းရဲ့၊ ခေတ် ယောကျ်ားလေးတွေကို တစ်ယောက်ပြီးတစ်ယောက် တွဲလိုက်ဖြတ်လိုက် လုပ်တာ ကြာရင် မကောင်းဘူး"

"သဲမာပြောတာ မှန်တယ်၊ တော်ကြာ ယောကျ်ားလေးတွေက အပြုံးထားရင် ခေတ်အတွက် မကောင်းဘူး"

"အဲဒီအတွက် မပူနဲ့၊ ငါ့ကိုယ်ငါကာကွယ်နိုင်တယ်"

မေ့ခေတ် ယတိပြတ်ပြန်ပြောတော့ ချမ်းငြိမ်း ခေါင်းကိုခါရင်း

"ခေတ် နင်က မိန်းကလေးလေ"

"အဲဒါ ဘာဖြစ်လဲ"

ချမ်းငြိမ်းကို ဘုဆတ်ဆတ်ပြန်မေးရင်း မေ့ခေတ် စိုက်ကြည့်တော့ ချမ်းငြိမ်း မျက်မှောင်ကြီးကုပ်သွားရင်း

"နင်လေ စကားပြောရင် ဘုဆတ်ဆတ်နဲ့ ငါတို့က နင့်အတွက် စိုးရိမ်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ ခေတ်ရဲ့၊ ငါတို့စေတနာကိုတော့ နင် နားလည်သင့်ပါတယ်"

ချမ်းငြိမ်းဘက်က ကြည့်မွေ့က ဝင်ပြောသလို သဲမာကလည်း ခေါင်းညိတ်ထောက်ခံနေသည်။ မေ့ခေတ် ပေါ့ပေါ့ပါးပါးလေးပဲ ပြုံးလိုက်ရင်း

"နင်တို့စေတနာတွေကို ငါနားလည်တယ်၊ စိတ်ချ ငါ့အတွက်လည်း နင်တို့မပူကြနဲ့၊ ပြီးတော့ နိုင်လင်းကိစ္စကို မေ့ထားလိုက်ကြတော့ ငါ လုံးဝ စိတ်မဝင်စားဘူး"

"ကဲ ခေတ် နင်ပြောတာကို ငါတို့ပေါက်ပြီ ငါတို့ပြန်နိုကြရအောင် ကလပ်စ်တက်ရဦးမယ်"

ပြောရင်း ချမ်းငြိမ်းက စားပွဲထိုးချာတိတ်ကို လက်ယပ်ခေါ်လိုက်သည်။ ချာတိတ်လေး ရောက်လာတော့

"အစ်ကိုတို့ဝိုင်းအတွက် ရှင်းပြီးပြီ ခင်ဗျ"

"ဟင်"

"နေဦး မောင်လေး၊ ဘယ်သူရှင်းလိုက်တာလဲ"

မေ့ခေတ် မျက်မှောင်လေးကုပ်မေးတော့ ချာတိတ်က ကောင်တာနားက စားပွဲဝိုင်းကို လက်ညှိုးထိုးပြသည်။ မေ့ခေတ်တို့လှည့်ကြည့်တော့ ထိုဝိုင်းမှာ ဘယ်သူမှမရှိပါ။

"စောစောက အဲဒီဝိုင်းမှာ ထိုင်သွားတဲ့အစ်ကိုတစ်ယောက် ခင်ဗျ၊ အဲ ကျွန်တော့်ကို ပြောသွားတယ် နေလင်းကိုကို ရှင်းသွားတယ်





သို့ ပြောလိုက်ပါတဲ့"

"ဘာ"

မေ့ခေတ် အံ့လေးကြိတ် ရေရွတ်လိုက်တော့ သဲမာက

"ဘယ်သူလဲ နင်နဲ့သိလို့လား ခေတ်"

"ဟိုတစ်နေ့က ငါ့ကားရှေ့မှာ လာပိတ်ရပ်ပြီး ကြောင်တဲ့အကြောင်းလေ၊ သူ ရှင်းသွားတာပေါ့"

မေ့ခေတ် ကားရှေ့မှာ လာပိတ်ရပ်ပြီး ကြောင်တောင်တောင်လုပ်သည့် နေလင်းကိုကို အကြောင်းကို မေ့ခေတ် သူငယ်ချင်းတွေကို ပြောပြထားပြီးသားဖြစ်၏။

ဒါပေမဲ့ ဒီငကြောင် ကင်တင်းထဲရောက်နေတာကိုတော့ မေ့ခေတ် သတိမထားမိလိုက်တာ အမှန်ဖြစ်၏။

"ခေတ် အဲဒီလူက နင့်ဖယားတစ်ခုလား"

ချမ်းငြိမ်း မေးလာတာကြောင့် မေ့ခေတ် လှည့်ကြည့်မိ၏။ ချမ်းငြိမ်း မျက်မှောင်ကြီးကုပ်ကြည့်နေတာကို သဘောမတွေ့လှတာမို့

"မပြောတတ်သေးဘူး၊ ငါ့ဘက်က ဘာမှအာရုံမရသေးပေမယ့် [illegible] လာဖယားငြိနေတာ နင့်အမြင်ပဲလေ"

"ခေတ်ရယ် နိုင်လင်းနဲ့ပြတ်တယ်ဆိုတာတောင် နှစ်ရက်တစ် [illegible] မရှိသေးဘူး၊ နောက်တစ်ယောက်က ဖယားချလာပြန်ပြီလား"

"ငါ့ဘာသာနေနေရင်း သူ့ဘက်က လာထိုးတဲ့ဖယားလေ၊ [illegible] [illegible]ထပ် ငါ့ဆီက ကင်းခြေမျှားအရုပ်တစ်ရုပ်တော့ အသင့်[illegible]ထားရ



www.burmeseclassic.com

www.burmeseclassic.com



မယ် ထင်တယ် ဟင်း ဟင်း''

မေ့ခေတ် ပေါ့ပေါ့လေးပြောရင်း ရယ်နေတော့ ချမ်းငြိမ်းက

''ခေတ် နင် တော်တော်မလွယ်ပါလား။ ငါ့အမြင်မှာတော့ နင် က အန္တရာယ်ရှိသော မိန်းမတစ်ယောက်ပဲ''

''ချမ်းငြိမ်း နင်နော်''

''ဟုတ်တယ်လေ နင် ဒီလောက်ရှုပ်ထွေးနေရင် မကောင်းဘူး။ အလကား ယောကျ်ားတွေကို ကစားနေတာပဲ''

''အေးလေ ငါကစားစေချင်လို့ သူတို့ဘာသာ တိုးဝင်လာတာပဲ လေ၊ ဘာတတ်နိုင်မှာလဲ''

ခေတ် တမင်ခပ်ရွဲ့ရွဲ့လေးပြောတော့ ချမ်းငြိမ်း နှုတ်ခမ်းတွေ မဲ့ကျသွားကာ တစ်ခုခုပြောဖို့ပြင်ခိုက်

''ဟဲ့ ဟဲ့ ဟိုမှာ နိုင်လင်း''

သဲမာ စကားကြောင့် ချမ်းငြိမ်း ဘာမှပြောခွင့်မရလိုက်ပါ။ ခေတ်နှင့်ကြည်မွေ့တို့ခေါင်းလေးတွေ ပုသွားကြ၏။ သဲမာက

''လှည့်မကြည့်နဲ့၊ ယောင်လည်လည်နဲ့ ဝင်လာဦးမယ်''

''ကြည့်ရတာ အရှိန်မသေသေးဘူးထင်တယ် ခေတ်ရဲ့''

တစ်ယောက်တစ်ပေါက် ပြောနေတာကြည့်ရင်း ချမ်းငြိမ်း စိတ် ပျက်သလို ထရပ်တော့ မေ့ခေတ် မော့ကြည့်မိ၏။

''ငါ အရင်ပြန်နှင့်မယ်ဟာ''

''နင်က ဘာအရူးထတာလဲ''





''ရူးနေတာ ငါမဟုတ်ဘူး။ နင်တို့တွေ''

ချမ်းငြိမ်း ဘုဆတ်ဆတ်ပြောပြီး ကျောပိုးအိတ်လေးလွယ်ကာ ကင်တင်းထဲက ထွက်သွား၏။

ချမ်းငြိမ်းအပေါ်မှာတော့ သူတို့မေတ္တာမပျက်ကြပါ။ သူတို့ မိန်း ကလေးအုပ်စုထဲမှာ ချမ်းငြိမ်းလို ယောကျ်ားလေးတစ်ယောက် ရှိနေတာ လည်း ကောင်းပါသည်။

ချမ်းငြိမ်းက အားကိုးရသည်။ ခေတ်တို့အပေါ်မှာ တကယ် ဂရုစိုက်ပေးသော သူငယ်ချင်းကောင်းဖြစ်၏။

''ခက်တော့ ခက်တယ်နော်၊ ချမ်းငြိမ်းကိုရှေ့ထားပြီး ယောကျ်ား တွေအကြောင်းပြောရတာ မကောင်းဘူးဟ''

သဲမာက ပြောတော့ ကြည်မွေ့ကလည်း

''သတိထားမိလား သူက ခေတ်အတွက် ဘာမဆိုရင်ဆိုင်ဖို့ အမြဲလေးပေမယ့် စိတ်မပါဘဲ တစ်ယောက်ပြီးတစ်ယောက် တွဲနေတာကို တော့ စိတ်ပျက်နေပုံပဲ''

''ဘာဆိုင်လို့လဲ သဲမာရဲ့၊ ဒါဆို ငါက ချမ်းငြိမ်းကျေနပ်အောင် ရည်းစားတစ်ယောက် တည်တည်တံ့တံ့ တွဲပြရမှာလား''

''အဲဒါဆိုရင် သူ ခံစားရမလားမသိဘူး''

''ဘာရယ် ကြည်မွေ့''

''ဟိုလေ ချမ်းငြိမ်းက နင့်ကိုစိတ်ဝင်စားနေမလားလို့''

ကြည်မွေ့စကားကြောင့် မေ့ခေတ် ခေါင်းလေးကိုသွက်သွက်ခါ ရမ်းရင်း



www.burmeseclassic.com

www.burmeseclassic.com



''နိုး နိုး နင်တို့ပေါက်ကရတွေမပြောနဲ့၊ ချမ်းငြိမ်းက နင်တို့ ငါတို့သူငယ်ချင်းအစစ်ပါ၊ တခြားခပ်ညံ့ညံ့ယောက်ျားတွေထဲ ချမ်းငြိမ်းကို စာရင်းမသွင်းစမ်းပါနဲ့၊ ၅၂၈ သံယောဇဉ်ဆို ဖြူစင်အေးချမ်းတဲ့ သံယောဇဉ်ပဲ၊ ဒီစကားကို နင် ဒီတစ်ခါပဲပြောနော်၊ သူ့ရှေ့မှာတောင် နောက်နောက်ပြောင်ပြောင် သွားမပြောမိစေနဲ့ အနေရအထိုင်ရခက်နေမယ်''

မေ့ခေတ် ရှည်ရှည်ဝေးဝေးလေးရှင်းပြကာ တားမိသည်။ ချမ်းငြိမ်းဆိုတာ မေ့ခေတ်ရဲ့အခင်ဆုံးသူငယ်ချင်းလေ။

ဟိုးငယ်စဉ်ကတည်းက ခြံချင်းကပ်နေလာခဲ့ကြတာဖြစ်၏။ အလယ်တန်းကျောင်းသားဘဝရောက်မှ ချမ်းငြိမ်းတို့အိမ်ပြောင်းသွားကြတာဖြစ်သည်။

ဒါပေမဲ့ ချမ်းငြိမ်းမိဘတွေနှင့်မာမီတို့က ခင်ခင်မင်မင်ရှိနေဆဲဖြစ်သလို မေ့ခေတ်နှင့်ချမ်းငြိမ်းကလည်း အခင်အမင် အတွဲမပျက်ခဲ့ကြပါ။

ဘယ်ယောက်ျားကိုမှ အထင်မကြီးတတ်ခဲ့သော မေ့ခေတ်အတွက် ချမ်းငြိမ်းကတော့ ခင်မင်စရာ၊ လေးစားစရာသူငယ်ချင်းကောင်းတစ်ယောက်ပဲဖြစ်သည်။

ဒါကိုတော့ မေ့ခေတ် ရင်ထဲက အကြွင်းမဲ့အသိအမှတ်ပြုထားခဲ့ပြီးပြီ။

■ ■ ■



## အခန်း (၆)

''ဒါဆို သူဖိတ်တဲ့မွေးနေ့ပွဲကို နင် သွားခဲ့တယ်ပေါ့ ဟုတ်လား ဆတ်''

မင်းခေတ်စကားကို ငြိမ်သက်စွာနားထောင်နေကြသည့်အားလုံး[illegible] သီရိအသံလေးက အရင်ဆုံးထွက်လာတာဖြစ်သည်။ သီရိ မျက်နှာ[illegible]က တစ်စုံတစ်ခုကို စိုးရိမ်နေဟန်က အထင်းသားပေါ်နေသည်။

မင်းခေတ် တည်တည်ငြိမ်ငြိမ်လေးပဲ ခေါင်းညိတ်ပြရင်း

''သွားရတာပေါ့ မိသီရိရဲ့၊ ငါ့ဆီကို ဖိတ်စာနဲ့အတူ တကူးတက[illegible]ထိတ်တာကိုး''

''မင်းကွာ ငါတို့ကိုတောင် အသိမပေးဘူး''



www.burmeseclassic.com

www.burmeseclassic.com



ဖေယျာက အလိုမကျသလို ဝင်ပြောသည်။ ကျော်စွာကတော့ မင်းခေတ် စကားကိုနားစွင့်ငြိမ်သက်နေ၏။

"ပြောပါဦး ခေတ်၊ မွေးနေ့ပွဲက နင်တို့သုံးယောက်တည်း တကယ် ကျင်းပတဲ့ပွဲလား"

"သုံးယောက်မဟုတ်ဘူး နှစ်ယောက်တည်း"

သူ့စကားကြောင့် သီရိ မျက်လုံးလေးတွေ ဝိုင်းသွားပြန်သည်။

"ဘာရယ် နှစ်ယောက်တည်း ဟုတ်လား"

"ဟုတ်တယ်ဟ သူ့သူငယ်ချင်းက အဲဒီကျမှ ဖျားလို့တဲ့"

"ကောက်ခါငင်ခါကြီးပါလား ခေတ်ရာ၊ မဟုတ်သေးဘူးထင်တယ်"

ကျော်စွာ ဝေဖန်ချက်ကို သူ ခေါင်းညိတ်လက်ခံလိုက်ရင်း

"ငါလည်းပေါက်တယ် နေနီနွယ်ရဲ့အစီအစဉ်ပဲ ဖြစ်မှာပါ၊ သူ ချိန်းတဲ့ ဆီဒိုးနားဟိုတယ်ကိုရောက်တော့ ငါ သဘောပေါက်သွားတယ် သူ တစ်ယောက်တည်း ငါ့ကိုစောင့်နေတာ"

ခေတ် ပြောနေတာတွေကို သီရိ သဘောပေါက်သည်။ မင်းခေတ်ရဲ့ဖာတ်လမ်းတွေကို ခရေစေ့တွင်းကျ သိနေတာကြောင့်ပဲဖြစ်သည်။ အခုလည်း နေနီနွယ်ဆိုသော မိန်းမက မိန်းကလေးတန်မယ့် ဖာတ်လမ်း ဆင်ပတ်သက်လာခြင်းဆိုတာ ထင်ရှားသည်။

"နှစ်ယောက်တည်း ကျင်းပမယ့် မွေးနေ့ပွဲအတွက် ပြင်ဆင်ထားတဲ့ ညစာကတော့ ရှယ်ပဲကွ၊ စားစရာအပြင် သောက်စရာအေး





လည်း အစုံအလင်ပဲ"

ခေတ် ပြောပြနေတာတွေကို သီရိတို့သုံးယောက်စလုံး တိတ်ဆိတ်နားထောင်နေမိသည်။

"နေနီက ငါ့စိတ်တိုင်းကျသောက်ပါတဲ့၊ သူကိုယ်တိုင်လည်း နိုင်သောက်တယ်"

"အင်း တော်တော်ဆိုရှယ်ကျမယ့်ပုံပဲ၊ ဆက်ပါဦး မင်းဖာတ်သမ်း"

ဖေယျာကပြောရင်း စကားထောက်ပေးသည်။ မင်းခေတ် နှုတ်ခမ်းတွန့်ရုံ ပြုံးမိ၏။

တကယ်ဆို သူ ရည်းစားတွေ ဘယ်လောက်ရှုပ်ရှုပ် စည်းကမ်းနှင့်သိက္ခာကိုတော့ စောင့်ထိန်းခဲ့သည်။ တွဲခဲ့ဖူးသည့် မိန်းကလေးတွေကို ဘယ်တုန်းကမှ လွန်ကျူးဖို့ မကြိုးစားခဲ့ပါ။

ပါးလေးနမ်း၊ နှုတ်ခမ်းလေး နမ်းတာလောက်ကလွဲလို့ ထိုထက် မပိုခဲ့ပါ။ သူ့ဘက်က လက်လှမ်းရွယ်လိုက်တာနှင့် ကြွေဆင်းဖို့အသင့်ရှိနေသူတွေကိုတောင် ပါးနပ်စွာရှောင်တိမ်းခဲ့သည်။

မနေ့ညက နေနီနွယ်ကတော့ ဆုံဖူးကြုံဖူးသည့် မိန်းကလေးတွေထဲမှာ အရဲတင်းဆုံးဟု ဆိုရမည်။

ဆုံဖူးတာမှ တစ်ကြိမ်ပဲရှိသေးသည်။ မွေးနေ့ပွဲဖိတ်သည်၊ မွေးနေ့ပွဲတာကလည်း လိမ်ဆင်ကြီးဆိုတာ သူ သိသည်။ ဒါကြောင့်လည်း အနီ ဘယ်လိုပဲခွင့်ပြုပြု သူ မသောက်မစားခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်တစ်ခွက်လောက်ပဲသောက်ကာ ဖျော်ရည်တွေကိုပဲ အလိုက်သင့်သောက်ခဲ့တာဖြစ်သည်။ နေနီနွယ်ကလည်း ဝိုင်နှစ်ခွက်လောက်သောက်ပြီး သရုပ်ဆောင်ကောင်းပြနေတာ သူ သိသည်။

"စားသောက်ပြီးပြန်ကြတော့ သူ့ကိုလိုက်ပို့ပေးရမတဲ့"

"သူ့မှာ ကားမပါဘူးလား ခေတ်ရဲ့"

"ပါတယ် သီရိရဲ့၊ သူ ကားမမောင်းနိုင်တော့ဘူးတဲ့၊ ကားကိုထားခဲ့ပြီး မနက်ဖြန်မှ လာယူမယ်တဲ့"

"မိန်းကလေးဖြစ်ပြီး ဒီလောက်တောင် သောက်ရသလားဟယ်"

သီရိ ဝေဖန်တော့ ကျော်စွာက စိတ်မရှည်နိုင်စွာ လှည့်ကြည့်ရင်း

"သီရိ နင်ကလည်း ခေတ်ပြောတာ ဆုံးအောင် နားမထောင်ဘဲ ဝေဖန်ချက်တွေချည်း ပေးနေတယ်၊ ဒီမှာ ဇာတ်လမ်းက ကောင်းခန်းရောက်နေပြီ၊ နင် နားမထောင်သင့်တဲ့အခန်းပါရင် ခဏရှောင်နေ အဲဒါ ခေတ် ဆက်ပြောကွာ ဇာတ်ရှိန်တက်နေပြီ"

ကျော်စွာ့စကားကြောင့် သီရိ မျက်နှာလေး ရဲခနဲဖြစ်သွားသည်။ သူတို့ယောကျ်ားလေးသူငယ်ချင်းသုံးယောက်ကြားမှာ သီရိလိုမိန်းကလေး တစ်ယောက်ပါနေတာ ထူးတော့ မထူးဆန်းပါ။

သီရိဆိုသော မြတ်သီရိက သူနှင့်ခြိမ်းချင်းပဲဖြစ်ကာ ငယ်စဉ်ကတည်းက ကစားဖော် ကစားဖက်ဖြစ်သည်။





မူလတန်းမှ အထက်တန်းကျောင်းအထိ အတူနေလာခဲ့ကြကာ ဆယ်တန်းအောင်တော့လည်း နည်းပညာတက္ကသိုလ်ကို အတူတက်ခဲ့ကြတာဖြစ်သည်။

ကျော်စွာနှင့်ဖေယျာကလည်း သီရိနှင့်အထက်တန်းကျောင်းသားဘဝကတည်းက တွဲလာကြသူတွေမို့ ကျွမ်းဝင်ပြီးသားဖြစ်၏။ အခုလည်း ကျော်စွာစကားကြောင့် သီရိ မျက်နှာနီနီလေးနှင့် မျက်စောင်းမြှားတစ်စင်း ပစ်သွင်းရင်း

"ကျော်စွာ ခေတ်ကို နင့်လိုနှာဘူးမှတ်နေလို့လား"

ကျော်စွာ ဘာမှခွန်းတုံ့မပြန်ဘဲ စပ်ဖြီးဖြီးလုပ်နေ၏။ မင်းခေတ်က သီရိကို ပြုံးကြည့်ရင်း

"နေနီနွယ်က တကယ် မမူးပါဘူး၊ ခေါင်းမထူနိုင်အောင် တမင်သိပ်ပြုံးနေတာ ကိုယ် မသိဘဲနေမလား သီရိရဲ့"

"နင် လိုက်ပို့လိုက်ရသေးလား"

"ဟိုတယ် ဝန်ထမ်းတွေရှေ့မှာ ဘာမှမပြောချင်လို့ ပြန်လိုက်ပို့ပေးလိုက်ရတယ်"

"သူ့အိမ်အထိပေါ့"

"သူ့အိမ်မဟုတ်ဘူး၊ ကွန်ဒိုတိုက်ခန်းတစ်ခန်းကိုပါ၊ အဲဒီ ကွန်ဒိုတိုက်ခန်းက သူတစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေချင်တဲ့အခါ နေတဲ့အခန်းတဲ့"

သူ့စကားကြောင့် သီရိ မျက်မှောင်လေးကုပ်ကြည့်သဖြင့် ကျော်



www.burmeseclassic.com

www.burmeseclassic.com



စွာနှင့်ဖေယျာတို့တွေလည်း ခန္ဓာကိုယ်တွေ ရှေ့ကိုကိုင်းညွတ်လာကြတာမို့

"ဟော့ကောင်တွေ မင်းတို့စိတ်တွေနဲ့နှိုင်းပြီး ပေါက်ကရ လျှောက်တွေးမနေကြနဲ့ဦး၊ သူ့အခန်းထဲအထိ ငါလိုက်ပို့ပေးပြီး သူ အခန်းထဲဝင်ဖို့ ခေါ်တော့ ငါက ပေါက်ပြီးသား၊ ခဏလေးစောင့် ကားသော့သွားပိတ်လိုက်ဦးမယ်ဆိုပြီး အမြန်ဆုံး လစ်ထွက်လာတာ"

"ဟား တော်တော်ရဲတင်းတဲ့ မိန်းမပဲ"

ကျော်စွာ မှတ်ချက်ပြုသလို ဖေယျာကလည်း ပင့်သက်ကြီးရှိုက်သည်။ မင်းခေတ်ယဲ့ယဲ့လေး ပြုံးလိုက်ရင်း

"နေနီနွယ် ရဲတင်းတာ ငါ့ကိုစလာ မိတ်ဆက်ကတည်းက ငါ့တွက်မိပြီးသားပါ၊ ဒါပေမဲ့ တစ်ကြိမ်တည်းနဲ့ ဒီလိုခွင်ဆင်လိမ့်မယ်လို့မထင်ထားဘူး"

"ခေတ်ရယ် အန္တရာယ်များလိုက်တာ"

သီရိ စိုးရိမ်သံလေးနှင့်ဆိုသည်။ သူရည်းစားများတာ၊ ကောင်မလေးတွေနှင့်ရှုပ်တာကို သီရိ အသိဆုံးဖြစ်သည်။ တက္ကသိုလ်ရောက်ကတည်းက သူ ရှုပ်တာကို သီရိက သဘောမကျပါ။

"ခေတ် နင် ကြိုက်တဲ့တစ်ယောက်ကို ရွေးချယ်ပြီး တည်တည်တံ့တံ့ တွဲတာဆို ငါ လက်ခံနိုင်သေးတယ်၊ အခုဟာက တစ်ယောက်ကအပျော်တွဲ ဖြတ်လိုက်လုပ်တာ မကောင်းပါဘူး"

"ဘာလို့လဲ သီရိရဲ့"

"ကောင်မလေးတွေကို နင် အသည်းခွဲနေတာဆိုတဲ့နာမည်ကြီး





ကျော်နေလို့ပြောတာ"

"ငါ့နာမည်ကိုက မင်းခေတ်ကျော်လေ ကျော်ရမှာပေါ့ အဟဲ"

သူ ပြောင်ပြောင်နောက်နောက် ပြောတော့ သီရိ အရှုံးပေးသွားခဲ့သည်။

"သီရိ ငါအချစ်ကို စိတ်မဝင်စားဘူး။ ယုံလည်း မယုံကြည်ဘူး"

"ဟင် ဒါဆို နင် ဘာလို့လျှောက်တွဲနေလဲ"

"အပျင်းပြေတွဲတာပေါ့ဟာ"

"နင် အပျင်းပြေတွဲတာ မိန်းကလေးတွေအတွက် ခံစားရတယ်နေယဟာ"

"ဒါတော့ ငါ မတတ်နိုင်ဘူး၊ ငါမှ သူတို့လို စွဲစွဲမြဲမြဲ မချစ်တတ်တာ"

"နင် ဝဋ်လည်မယ် ခေတ်၊ နင်ကြိုက်တဲ့ချစ်တဲ့သူနဲ့ကျမှ နင် မြဲခံစားရမယ်"

"ဟား ဟား ဟား"

"နင် ဘာရယ်တာလဲ"

"ရယ်စရာကောင်းလို့ နင်ပြောသလို ဖြစ်စရာအကြောင်းမှ ရှိဘာ၊ ဘာလို့လဲဆိုတော့ ဘယ်မိန်းကလေးကိုမှ ငါ မချစ်ဖူးသေးလို့ သေ"

"ခေတ်"

"ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



"နင်တွဲခဲ့တဲ့ မိန်းကလေးတွေကို နင် တကယ်ချစ်ခင်တဲ့စိတ် လေးတောင် မဖြစ်ခဲ့ဘူးလား"

"နိုး လုံးဝမရှိခဲ့ဘူး။ ပြီးတော့ သူတို့တွေကို ငါ အထင်မကြီးဘူး သူတို့က ငါ့ကိုအပိုင်လိုချင်တာ၊ လိုချင်မှုတွေနဲ့ ငါ့ကိုချည်းကပ်နေတာ ပြီးတော့ လိုက်လျောခွင့်လွှတ်ပြနေကြတာ၊ ဒါ ယုံကြည်စရာလား"

"နင် အတ္တဆန်တာပဲပေါ့"

"ငါ အတ္တဆန်တယ်ထားဦး၊ သူတို့ကလည်း လိုချင်အတ္တနဲ့ ငါ့ကိုပိုင်ဆိုင်ကြတာလေ၊ ငါ အဲဒါကိုပဲ အထင်မကြီးတာ၊ အတ္တတွေနဲ့ ဆို ဘာမှမအေးချမ်းဘူး"

သူ့စကားကြောင့် သီရိ မျက်နှာလေးမဲ့တာ မြင်တော့

"နင်မမဲ့နဲ့ မိသီရိ၊ အချစ်ဆိုတာ ပူလောင်တယ်၊ အေး နင်က ရည်းစားမရှိတော့ သိမှာမဟုတ်ဘူး"

"အံမယ် ငါကပဲသိအောင် ရည်းစားထားရမှာလား၊ တော်စမ်း ပါ နင့်ကိုကြည့်ပြီး စိတ်ကုန်လွန်းလို့ စိတ်ညစ်လွန်းလို့"

"အေး နင် သံဝေဂရအောင် ဆင်ခြင်နိုင်အောင် ငါ လက်တွေ့ ပြနေတယ်လို့ သဘောထား"

"အံမယ် မဆိုင်လိုက်တာ"

"တကယ်ပြောတာ သီရိ၊ ပူလောင်တဲ့အချစ်ထက် အေးမြ အချစ်က ပိုကောင်းတယ်၊ ငါတို့သူငယ်ချင်းတွေပဲကြည့် ဘယ်လော ငြိမ်းချမ်းပျော်စရာကောင်းသလဲ၊ ငါ ကောင်မလေးတွေ အများကြီး





ယ်၊ ဒါပေမဲ့ တစ်ခဏလေးပဲ၊ နင့်လို အကြာကြီးပေါင်းသင်းဆက်ဆံ မရဘူး"

"တို့က ငယ်သူငယ်ချင်းတွေပဲ"

"အဲဒါ ပြောတာပေါ့၊ ဖြူစင်တဲ့သံယောဇဉ်က အေးချမ်းတယ် တယ်"

"ဒါတော့ နင်သိတယ်ပေါ့လေ"

"ဟ သိလို့ ငါ ရည်းစားတွေကိုပဲပြတ်တယ်၊ နင်တို့ကို ခွဲလို့မှ တာ"

သူ့စကားကြောင့် သီရိ ကျေကျေနပ်နပ်လေး ပြုံးသည်။ ညီ ကိုမောင်နှမ မရှိသော သူ့အတွက် သီရိကတော့ တကယ့်မောင်နှမ ယောက်လိုပဲဖြစ်သည်။

ဒါကြောင့်လည်း သူ မိန်းကလေးတစ်ယောက်တွဲတိုင်း သီရိကို ခုံးအသိပေးဖြစ်သည်။ ဖြတ်တော့မည်ဆိုလျှင်လည်း သီရိ သိစေ ည်။

အခု နေနီနွယ် ကိစ္စပြောပြတော့ သီရိ စိုးရိမ်နေတာ အထင် တစ်ခါ တစ်ခါမှာ သီရိက သူ့ရဲ့အစ်မကြီးလို ပူပန်တတ်သူပဲ

"ခေတ် နင် အဲဒီ နေနီနွယ်နဲ့ထပ်မပတ်သက်နဲ့နော်"

သူ့ပခုံးကို ဖျတ်ခနဲပုတ်ကာ သီရိ ပြောတော့ သူ ငုံ့ကြည့်

"အေးပါ စောစောစီးစီး ဖာတ်သိမ်းသွားတော့ ငါ ရမယ့်

www.burmeseclassic.com



နှင်းဆီပွင့်တစ်ပွင့် နေနီနွယ် မရနိုင်တော့ဘူးပေါ့"

"ကောင်းတာပေါ့၊ ငါ့ခြံထဲက နှင်းဆီတစ်ပွင့် သက်သာသွားတာပေါ့"

သီရိ မျက်စောင်းလေးထိုးကာ ပြောတော့ သူ ပြုံးမိသည်။ သူ့မိန်းကလေးတစ်ယောက်နှင့် ပြတ်ဆဲတော့မည်ဆိုလျှင် သီရိတို့ခြံထဲက နှင်းဆီနီတစ်ပွင့် လာခူးတတ်တာကို ရည်ရွယ်ပြီး သီရိ ပြောတာဖြစ်သည်။

နေနီနွယ်အတွက် သီရိခြံထဲက နှင်းဆီတစ်ပွင့် ခူးစရာမလိုတော့ပေမယ့် ဘယ်မိန်းကလေးအတွက် သူ ခူးရဦးမည်လဲ မသိသေး။ လတ်တလောမှာတော့ မင်းခေတ်ကျော် တစ်ယောက်တည်း အေးအေးဆေးဆေး နေချင်သေးသည်။

ထို့အတွက် သီရိကတော့ ကျေနပ်နေမှာ သေချာပါသည်။

■ ■ ■

## အခန်း (၇)

မေ့ခေတ်အတွက် ထိုနေ့လေးက နည်းနည်းတော့ထူးဆန်းပါသည်။ ပြောရလျှင် ကပေါက်တိကပေါက်ချာနေ့လေးတစ်နေ့ဟုလည်း သတ်မှတ်လို့ရသည်။ အခန်းထဲမှာ ကြည်မွေ့နှင့်သဲမာကို မတွေ့တာကြောင့် မေ့ခေတ် ကျောင်းဝင်းထဲမှာ လိုက်ရှာမိသည်။

ဒီနေ့ကျမှ ချမ်းငြိမ်းကလည်း ကျောင်းမတက်တာမို့ မေ့ခေတ် တစ်ယောက်တည်း အူကြောင်ကြောင်ဖြစ်နေသည်။

ခါတိုင်းဆိုလျှင် မေ့ခေတ် အခန်းထဲဝင်လိုက်သည်နှင့် ချမ်းငြိမ်းက ရှိနေတာဖြစ်သည်။ မေ့ခေတ် ရောက်လာသည်အထိ စောင့်ပြီးမှ ချမ်းငြိမ်းက ကင်တင်းသွားလျှင်သွားကြမည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည်မွေ့နှင့်သဲမာကတော့ မေ့ခေတ် မလာသေးလျှင် စိတ်ရှည်စွာစောင့်ပေးတတ်ကြသူတွေ မဟုတ်ပါ။ ဒါကြောင့်လည်း ချမ်းငြိမ်းကိုတော့ မေ့ခေတ် ပိုလို့ခင်မင်တာဖြစ်သည်။

စကြံ့လမ်းလေးအတိုင်း မေ့ခေတ် တစ်ယောက်တည်း လျှောက်လာတော့ မေ့ခေတ် အလှကို ငိုင်းငေးကြည့်ကြသည့်မျက်ဝန်းတွေနှင့်ဆုံရသေးသည်။

ကံကောင်းသည်က မေ့ခေတ်အနားကို ရောက်လာကာ ဖွတ်အတင်းဝင်ရောမည့် ယောကျ်ားလေးတစ်ယောက်မှ မဆုံရ၍ဖြစ်သည်။

တောင့်ချိုးကွေ့လေးတစ်ခုအရောက်တွင် ကြည်မွေ့နှင့်သဲမာကိုလှမ်းမြင်ရသည်။ ခပ်ဝေးဝေးမှာမို့ လှမ်းမခေါ်ဖြစ်ပါ။ မေ့ခေတ်နှင့်မျက်နှာချင်းဆိုင် လျှောက်လာတာမို့ ဆုံကြမှာပဲဖြစ်၏။

ဒီနှစ်ယောက် ဘာတွေကြံနေသလဲမသိပါ။ တစ်ခါတလေ အတန်းဖျက်ကာ ခြေရှည်တတ်သည့် ညဥ့်လေးတွေကိုတော့သိပြီးသားဖြစ်၏။

အခုလည်း ဘယ်ကိုလစ်ဖို့ကြံစည်နေကြသည်မသိ။ မေ့ခေတ် အတွေးလေးနှင့်လျှောက်လာမိခိုက်မှာပဲ

"ခေတ်"

မေ့ခေတ်ကို လှမ်းခေါ်သည့် ယောကျ်ားလေးသံတစ်သံကို ကြားလိုက်ရသည်။

"ဟေ့ ခေတ် နေဦးလေ"





မေ့ခေတ် မျက်မှောင်လေး ကုပ်သွားသည်။ ခေါ်ပုံက တကယ့်ပိုင်စိုးပိုင်နင်းလေသံ။ ပြီးတော့ စူးစူးဝါးဝါး ကျယ်ကျယ်လောင်လောင်အသံကြီးဖြစ်သည်။

ခြေလှမ်းတွေ တိခနဲရပ်ပြီး မေ့ခေတ် လှည့်ကြည့်လိုက်သည်။ အနောက်မှာတွေ့လိုက်ရတာ စုံတွဲတစ်တွဲဖြစ်သည်။ မျက်နှာတွေက မမြင်ဖူးသော မျက်နှာစိမ်းတွေ။

"ခေတ် ခေတ်"

သေချာပါသည်။ ဘောင်းဘီဆံပင်နှင့် ယောကျ်ားလေးနှုတ်က ထွက်နေသော အသံပြုပြုကြီးပါပဲ။ ဒီလောက်နီးကပ်နေတာကို အော်ခေါ်နေတာတော့ လွန်သည်။

"ဒီမှာ နင်တို့နဲ့ ငါ သိလို့လား"

"ဗျာ"

ထိပ်တိုက် မျက်နှာချင်းဆိုင်ရပ်ပြီး မေ့ခေတ် ဘုဆတ်ဆတ်မေးတော့ နှစ်ယောက်စလုံး ခြေလှမ်းတွေ ရပ်ကာ တအံ့တသြကြည့်ကြသည်။

"ငါ နင်တို့ကိုမသိတာ အမှန်ပဲ၊ ဘာလို့ ဒီလောက်အသံပြုကြီးနဲ့ အော်ခေါ်နေတာလဲ"

"မဟုတ်ဘူး မခေါ်ပါဘူး"

ပြောင်ပြင်းနေတာမို့ မေ့ခေတ် ပိုလို့ ဒေါသလေးတွေ ဆူပွက်မိ၏။ နံဘေးက ကောင်မလေးကိုလည်း အားမနာနိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ လူကို အကြောင်းမရှိက်နဲ့ နင့်ပါးစပ်က အော်ခေါ်နေတာ ငါမြင်တယ်၊ လူကိုဘာမှတ်နေလဲ"

"ဟာ ဘာလဲ ဘလိုင်းကြီးပါလား"

"ဘလိုင်းကြီးက နင်၊ ငါ့အကြောင်း မသိသေးဘူးထင်တယ်"

"ဟာ စွာလှချည်လား ကျွန်တော် ဘာမှမသိဘူး"

ထိုစဉ်မှာပဲ ကြည်မွေ့နှင့်သဲမာ အနားကိုရောက်လာကြ၏။

"ဘာကိစ္စဖြစ်နေတာလဲ"

"ဒီမှာဟာ ငါနဲ့လည်းမသိဘဲနဲ့ ငါ့နာမည်ကိုနောက်ကနေ ပရမ်းပတာ အော်ခေါ်နေလို့"

"မဟုတ်ဘူး၊ ခင်ဗျားကိုခေါ်စရာ ဘာဇယားမှမရှိဘူး"

"ကြည့်စမ်း လူကို အသည်းယားအောင်လာလုပ်နေပြန်ပြီ"

"ယားရင်လည်း ကုတ်ပစ်လိုက်ဗျာ၊ ပိုက်ဆံပေးရတာမှ မဟုတ်ဘဲ"

"ရှင် ဘာပြောတယ်"

"ဟုတ်တယ်လေ ကျွန်တော့်ဘာသာ ခေတ်ကို ခေါ်တာ"

"အဲဒါကိုပဲပြောတာ တို့နာမည်က မေ့ခေတ်ဖော် အားလုံးက ခေတ်လို့ပဲ ခေါ်ကြတာ"

"ဗျာ ကြားသားမိုးကြိုး ဟား ဟား ဟား"

ကျော်စွာ ခွက်ထိုးခွက်လန်ရယ်တော့ မေ့ခေတ် မျက်နှာသေပိုလို့ရဲရဲနီလာ၏။





"ရှင် ဘာရယ်တာလဲ၊ လူကိုလှောင်တာလား"

မေ့ခေတ် ဘုဆတ်ဆတ်လေး မေးတာကို ကျော်စွာ ပြန်မပြောနိုင်သေးဘဲ ရယ်မောနေတာကို အတောမသတ်နိုင်။ တိုက်ဆိုင်မှုအတွက် နှုတ်ခမ်းက သိရိလည်း အသံထွက်မရယ်ပေမယ့် ပြုံးနေ၏။

"နင် ဘာရယ်နေတာလဲ ခုချက်ချင်းရပ်"

မေ့ခေတ် စိတ်မရှည်နိုင်စွာ အော်လိုက်တော့

"တို့နာမည်လည်း ခေတ်ပဲလေ"

မေ့ခေတ် နောက်က ကြားလိုက်ရသောအသံကြောင့် လှည့်ကြည့်လိုက်မိသည်။ ရှင်းသန့်နုဖတ်နေသော မျက်နှာက ချောမောလွန်းသည်။ ပြာလဲ့ကြည်စင်သော မျက်ဝန်းတွေက မေ့ခေတ်ကို စိုက်ကြည့်နေ၏။

အပြာနုနုလက်တို စပို့ရှပ်နှင့် ဂျင်းပြာရင့်ရင့်ကို တွဲဝတ်ဆင်ထားတာက မြင့်မြင့်မားမား အရပ်အမောင်းနှင့် ကြည့်ကောင်းလွန်းသည်။

ချောမောလွန်းသော သူ့ရုပ်သွင်မှာ မေ့ခေတ် တဒင်္ဂတော့ ငေးမောသွားမိတာအမှန်။ ဒါပေမဲ့ ချက်ချင်းပဲ ပျက်ယွင်းသွားသော သူ့ခြေကို ထိန်းချုပ်လိုက်ကာ

"ဘာခေတ်လဲ အပိုတွေပြောမနေနဲ့ တစ်ကျောင်းလုံးမှာ တူနိုင်တဲ့နာမည် မရှိနိုင်ဘူး"

"ဘာလို့လဲ ခေတ်ဆိုတဲ့ နာမည်က မင်းတစ်ယောက်တည်း ပိုင်လို့ မှတ်ပုံတင်ထားလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ် ရှင် တမင်ညာပြောနေတာ"

မေ့ခေတ် ခေါင်းလေးခါရမ်းကာ မယုံကြည်နိုင်သလိုပြောနေတော့ သူ မျက်နှာက တည်တည်ငြိမ်ငြိမ်လေးပဲရှိကာ

"မင်းကို ကိုယ်က ဘာလို့ညာပြောရမှာလဲ၊ ကိုယ်လည်းမင်းရဲ့နာမည် ခေတ်ဆိုလို့ အံ့ဩနေတာ"

"ဘာအံ့ဩစရာမှ မရှိဘူး၊ မေ့ခေတ်ဖော်ဆိုတာ ဒီကျောင်းတစ်ဝန်းလုံးသိတယ်၊ ရှင့်ကိုသာမယုံတာ"

သူ ပခုံးတစ်ချက်တွန့်ကာ နှုတ်ခမ်းလေးတွန့်ပုံက စွဲမက်စရာကောင်းနေပြန်သည်။ နီးနီးကပ်ကပ် မြင်နေရသော မျက်နှာကတော့ဘယ်ယောကျ်ားနှင့်မှ မတူအောင် ချောမောလွန်းပါသည်။

"မင်းမယုံရင်တော့ မတတ်နိုင်ဘူး၊ တို့နာမည် အပြည့်အစုံကမင်းခေတ်ကျော်"

"ဟယ် တိုက်ဆိုင်လိုက်တာ"

တစ်ချိန်လုံး ငြိမ်သက်နေသော ကြည်မွေ့ဆီက ထွက်လာသောအသံဖြစ်သည်၊ သဲမာကလည်း တိုက်ဆိုင်မှုကို မျက်လုံးလေးဝိုင်းစေးလို့ရှိ၏။

"ဒီနာမည်ကို တို့အဘွားက အကောင်းဆုံးရွေးပေးခဲ့တာ၊ ကိုယ်တို့ခေတ်မှာ လူတော် လူကျော်ဖြစ်ရမယ်ဆိုတဲ့ နိမိတ်နဲ့ပေးခဲ့တာ၊ အားလုံးကတော့ ခေတ်လို့ပဲ ခေါ်ကြတယ်၊ မင်းမယုံမရဲဖြစ်နေရင် ဟောဒီမှာကျောင်းသားကဒ်ကြည့်လိုက်"





ပြောရင်း စပို့ရှပ်အင်္ကျီထဲက ကျောင်းသားကဒ်ကို သူ ထုတ်ပြတော့ မေ့ခေတ် လှမ်းမယူဖြစ်ပါ။ သဲမာက လှမ်းယူကြည့်ပြီး

"ဟယ် ဟုတ်တယ် ခေတ်ရဲ့"

"မင်းခေတ်ကျော်နဲ့ မေ့ခေတ်ဖော် တိုက်ဆိုင်လွန်းတာလည်းအံ့ဩစရာပဲနော်"

ကြည်မွေ့ကပါ တအံ့တဩ ဝင်ပြောနေပြန်သည်။ မေ့ခေတ်ကြည်မွေ့လက်ထဲက ကဒ်လေးကို လှမ်းယူကြည့်လိုက်မိ၏။

ကျောင်းသားကဒ်မှာ တွေ့လိုက်ရသော သူ့အမည်က မင်းခေတ်ကျော်ပဲ ဖြစ်သည်။ နည်းပညာတက္ကသိုလ်ကျောင်းသားဆိုတာကိုလည်းသိလိုက်၏။

"ဘယ်လိုလဲ ယုံသွားပြီလား"

မေ့ခေတ် ခေါင်းမညိတ်ခေါင်းမခါ သူ၏ကျောင်းသားကဒ်ကိုပြန်ပေးလိုက်သည်။ ကျော်စွာက

"မင်းကိုငါ လှမ်းခေါ်တာ သူ့ကိုခေါ်တယ်ထင်ပြီး လာဟောက်နေတာကွ"

"ခေတ်က သူ့နာမည်ခေါ်တယ် ထင်သွားလို့ပါရှင်"

သဲမာက ကြားကတောင်းပန်သလိုပြောတော့ ကျော်စွာက

"ကျွန်တော်က ခေတ်ကိုခေါ်တာပါ၊ တိုက်တိုက်ဆိုင်ဆိုင် နာမည်ဆူနေတာ အံ့ဩစရာပဲ၊ ဒါနဲ့ ဒီကနာမည် ဘယ်သူလဲ ကျွန်တော်နဲ့နာမည်တူနေဦးမလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တို့က သဲမာ၊ သူက ကြည်မွေ့တဲ့"

"ဟာ တိုက်ဆိုင်လိုက်တာ"

"ဟင် နာမည်တူနေလို့လား"

"တူတာပေါ့ သဲမာ ကြည်မွေ့ နှစ်လုံးတည်း ကျွန်တော်ကလည်း ကျော်စွာ တဲ့"

"ဟင်း ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ နှစ်လုံးတည်းလေ၊ မိတ်ဆက်ပေးပါရစေဦး သူက သီရိ မြတ်သီရိတဲ့၊ ကျွန်တော်တို့အားလုံး ခေတ်နဲ့ကျောင်းအတူတူပါပဲ"

ကျော်စွာ စကားတွေသွက်နေတာကို သီရိ မျက်စောင်းလေးထိုး ကြည့်သည်။ သူကတော့ မေ့ခေတ်ဖော်ဆိုသော ကောင်မလေးကို အကဲ ခတ်ကြည့်မိသည်။

ချောတာတော့ တော်တော့်ကိုချောသည်။ ဝင်းမွတ်နေသော မျက်နှာလေးက အပြစ်ဆိုရက်စရာမရှိ။

စောစောက ဒေါသမျက်နှာလေးက ပန်းသွေးရောင်သမ်းကာ တစ်မျိုးလှပသလို အခုတော့လည်း တိမ်သားကင်းစင်သော ငွေ ဘင်းကင်း ပြာကြီးလို စွဲမက်စရာကောင်း၏။

"တိုက်တိုက်ဆိုင်ဆိုင် နာမည်တူနေပြီဆိုတော့ သူငယ်ချင်းမိတ် ဆွေတွေ ဖြစ်ပြီပေါ့ဗျာ"

ကျော်စွာစကားကြောင့် သဲမာနှင့်ကြည်မွေ့ လက်ခံသလို ပြုံး ပြီး ခေါင်းညိတ်ပေမယ့် မေ့ခေတ်ဖော်က ဖျတ်ခနဲ မော့ကြည့်ရင်း





"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ဗျာ၊ ကံကြမ္မာက တိုက်ဆိုင်စွာဆုံခွင့်ပေးကြတာ လေ၊ မင်းခေတ်နဲ့မေ့ခေတ် ဘယ်လောက် တိုက်ဆိုင်သလဲ"

"ဟုတ်တယ် ငါတို့တောင် အံ့သြတယ်၊ ခေတ် နှစ်ခေတ်ပဲနော်၊ ကျောင်းချင်းမတူပေမယ့် လမ်းမှာတွေ့ရင် ခေါ်နိုင်ပါတယ်"

ကြည်မွေ့ပါ အလိုတူအလိုပါ ဖြစ်နေသလို သဲမာကလည်း လက်ခံသလို ပြုံးနေတော့ မေ့ခေတ် နှုတ်ဆိတ်နေလိုက်ရသည်။

မေ့ခေတ် နှုတ်ဆိတ်နေသလို သူကလည်း နှုတ်ဆိတ်နေ၏။ သူ့မျက်နှာကို မေ့ခေတ် မော့မကြည့်ရဲပေမယ့် အာရုံထဲမှာတော့ သူ့ ပုံရိပ်သည် စွဲမြဲနေခဲ့ပြီ။

"ကြည်မွေ့တို့က France မေဂျာကနော်၊ ကြိုရင်လာလည် ကြပါ"

"စိတ်ချ လာလည်မှာပါ၊ နောက်ဆို မကြာခဏရောက်ဖြစ် မှာ အ"

ကျော်စွာ လိုတာထက်ပိုမိုလောကွတ်တွေ ချော်နေတာမို့ သီရိ ဆိတ်ဆွဲလိုက်တာဖြစ်သည်။

"ဘာလဲ သီရိရ နာလိုက်တာ"

"နင် လေကြောမပြတ်လို့ ပြောနေတာ၊ ငါတို့အတန်းချိန်အမီ ကျောင်းပြန်ရဦးမယ်လေ၊ ခေတ် ပြန်ကြမယ် သြော် အားလုံးပဲ သီရိတို့ကို ခွင့်ပြုပါဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



မြတ်သီရိကိုယ်တိုင် နှုတ်ဆက်နေတော့ မေ့ခေတ်လည်း ကြည် မွှေ့နှင့်သဲမာကို စိတ်တိုချင်လာသည်။ အခုမှ ခင်မင်သည့်သူတွေကို ငယ်ပေါင်းကြီးဖော်တွေလို ဆက်ဆံနေတာ မဟုတ်သေး။

မင်းခေတ်ကျော် ဆိုသည့် ပုဂ္ဂိုလ်က အခုထိ စကားတစ်ခွန်း မပြောတာကိုလည်း စိတ်အချဉ်ပေါက်နေတဲ့ဟမို့

"ကဲ သဲမာနဲ့ကြည်မွှေ့ရေ နင်တို့နေခဲ့ချင်နေခဲ့ကြ၊ ငါတော့ သွားပြီ"

"ဟင် ခေတ် နေဦးလေ၊ ငါတို့လိုက်မှာပေါ့ အဟင်း ခွင့်ပြု ကြဦးနော်"

ကြည်မွှေ့နှင့်သဲမာ ကသောကမျောလေး နှုတ်ဆက်ကာ ပြေး လိုက်သွားရှာသည်။ သီရိ မျက်ဝန်းတွေက ဘုဆတ်ဆတ်နှင့် ရှေ့က ခပ်သွက်သွက်လျှောက်သွားသော မေ့ခေတ်ဖော်ကို လှမ်းကြည့်မိ၏။

မျက်နှာလေးကော ကိုယ်ဟန်အနေအထားပါ မိန်းမချင်းတော လောက်အောင်လှလွန်းတာ ဝန်ခံချင်သည်။

ဒါပေမဲ့ ခက်သည် ထန်သည့် စကားပြောမာသည်။ ခေတ်ခွန် ထူလောက်အောင် အရာရာပြည့်စုံနေသော မိန်းကလေးပဲထင်သည်။

"ခေတ် မင်းစိတ်ဝင်စားသွားတာလား"

ကျော်စွာအသံကိုကြားမှ ခေတ်ကို လှည့်ကြည့်တော့ ခေတ် မျက်ဝန်းတွေက မေ့ခေတ်ဖော် ဆီမှာရှိနေဆဲ။

"အင်း တိုက်ဆိုင်မှုလေးက စိတ်ဝင်စားစရာပဲ"





"လှတာလည်း လှတယ်နော်"

"မာနကတော့ မိုးထိနေမယ့်ပုံပဲ"

သီရိ ဝင်ပြောတော့ မင်းခေတ်ကျော် နှုတ်ခမ်းတွေယွဲ့ယွဲ့ပြုံး သွားသည်။

"သူလည်း ခေတ်ပဲလေ သီရိရဲ့၊ ခေမယ့်သူတော့ မဟုတ်ဘူး"

"ဘာလဲ နင်က ဖာတ်လမ်းရှုပ်ချင်ပြန်ပြီလား"

သီရိ မေးတော့ မင်းခေတ် မဖြေဘဲ ပြုံးနေသည်။ မျက်ဝန်း တွေထဲအထိ ပြုံးရိပ်သမ်းနေတာ သီရိ အကဲခတ်မိ၏။

ဘာကြောင့်မှန်းမသိဘဲ သီရိ ရင်ထဲမှာ နင့်နင့်သီးသီးလေး ခံစားလိုက်ရသည်။

ကံကြမ္မာကမှ တိုက်ဆိုင်လွန်းစွာ မင်းခေတ်ကျော်နှင့်မေ့ခေတ် ဖော်ကို ဆုံတွေ့ပေးခဲ့ခြင်းလား။ ဒီကျောင်းက သူငယ်ချင်းတစ်ယောက် အဖြစ်တွေ့ဖို့ သူတို့ကို သီရိ ခေါ်လာမိတာကပဲ မှားတာလား။

မင်းခေတ် ရင်ထဲက ခံစားချက်အမှန်ကို သီရိ မြင်သိချင် လိုက်တာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

မေ့ခေတ်စိတ်တွေ့ ဒီရက်ပိုင်းမှာ မရိုးမရွဖြစ်နေသည်ကတော့ အမှန်ပင်ဖြစ်သည်။ မင်းခေတ်ကျော် အကြောင်းတွေကိုပဲ အာရုံထဲ တွေးနေမိတာအတွက်လည်း ကိုယ့်ကိုကိုယ် မကျေနပ်ချင်ပါ။

သူနှင့်ဆုံတွေ့ပြီးသည့်နောက်ပိုင်းကတည်းက သူ့ပုံရိပ်တွေ မေ့ခေတ် မတွေးဘဲ အတွေးထဲဝင်နေသည်။

မထင်မှတ်ဘဲ ဆုံတွေ့မှုဟု သိထားပေမယ့် သူနှင့်ပြန်ဆုံရ မလားဟု မျှော်လင့်မိတာအမှန်။ ကျောင်းကို သူ ထပ်ရောက်လာ မဖြစ်နိုင်မှန်း သိလျက် မျှော်ချင်မိ၏။

သူနှင့်ဆုံပြီး ငါးရက်မြောက်နေ့မှာ သဲမာဆီက ကြားရသော သတင်းစကားကြောင့် မေ့ခေတ် ရင်ကို မလှုပ်ခတ်စဖူး လှုပ်ခတ်





သေး၏။

ကင်တင်းနိမှာဆုံတော့ သဲမာ ပြောလိုက်သောစကားဖြစ်၏။

"မနေ့က မင်းခေတ်ကျော် ဖုန်းဆက်တယ်ဟ"

"ဘာရယ် သဲမာ နင့်ဖုန်းနံပါတ် ပေးလိုက်လို့လား"

"ဟယ် ဘာလို့ပေးရမှာလဲ၊ အဲဒီနေ့က နင်တို့ရှေ့မှာပဲ ငါတို့ တွေ့ခဲ့ကြတာပဲလေ၊ ဒါပေမဲ့ သူ ဖုန်းဆက်တော့ ငါ အံ့သြသွားတာ"

သဲမာ အံ့သြသလို မေ့ခေတ်လည်း အံ့သြမိ၏။ သဲမာရဲ့ဖုန်း နံပါတ်ကို သဲမာ မပေးဘဲ သူ သိနေသည်ဆိုတော့ ဘာလဲ။

မေ့ခေတ် ရင်ထဲမှာ တုန်လှုပ်သွားမိတာလည်း ဝန်ခံချင်၏။

"မင်းခေတ်ကျော်ဆီမှာ ငါ့ဖုန်းနံပါတ်တင်မကဘူး ကြည်မွှေ့နဲ့ နင့်ဖုန်းနံပါတ်တွေပါ ရှိနေတယ် ခေတ်"

"ဘယ်လို ငါ့ဖုန်းနံပါတ်ကို သူ ဘယ်လိုရသွားလဲ"

မေ့ခေတ် မျက်မှောင်လေး တွန့်ကုပ်မေးတော့ သဲမာ ပျာပျာ သလဲ ဖြေရှင်းသည်။

"ဘုရားစူးရစေရဲ့ ငါ ကျိန်ရဲတယ်၊ ငါ ဘာမှမပြောဘဲ သူ့ဘာ သာ သိနေတာ"

"မဖြစ်နိုင်တာ"

"တကယ်ပြောတာ ဖုန်းထဲမှာ သူကိုယ်တိုင် ပြောတာ၊ ငါတို့ သုံးယောက်စလုံး ဖုန်းနံပါတ် သူသိတယ်တဲ့၊ ခေတ် ဖုန်းနံပါတ်ကို ရှာပြတာလည်း မှန်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



သဲမာ စကားကြောင့် ခေတ် တွေတွေလေး ခေါင်းစားသွားရ၏။ သူက မေ့ခေတ်တို့သုံးယောက်စလုံး ဖုန်းနံပါတ်တွေ စုံစမ်းထားသည် တဲ့လား။

"ဒါက ဘာသဘောလဲ သူက နင့်ဆီ ဘာလို့ဖုန်းဆက်တာလဲ သဲမာ"

"သူ စုံစမ်းထားတဲ့ နံပါတ်တွေ မှန် မမှန်ဆက်ကြည့်တာတဲ့ ပြီးတော့ တို့သုံးယောက်နဲ့လည်း တွေ့ချင်သေးတယ်တဲ့၊ ကျောင်းကို လာလည်မယ်ဆိုပြီး ဖုန်းချသွားတာပဲ"

"ဟော့ နေကြဦး ဘယ်ကဖယားတွေလဲ၊ နာမည်က အဆန်းပဲ နင်တို့ ငါမသိအောင် ဘာတွေရှုပ်ထားကြတာလဲ"

နားထောင်နေရင်း ချာလည်သွားပုံရသော ချမ်းငြိမ်းက စိတ်မရှည်နိုင်စွာ မေးသည်။ မေ့ခေတ် ဘာမှပြန်မပြောနိုင်သေးဘဲ သဲမာကိုပဲ ပြောမိ၏။

"သဲမာ နင့်ကိုသူ ဘာတွေပြောသွားသေးလဲ"

"ဪ နင့်ဖုန်းနံပါတ် သူရထားတာ ဟုတ်သလားဆိုပြီး ရွတ်ပြတော့ မှန်နေလို့ ငါလည်း ဟုတ်တယ် ပြောလိုက်တယ်"

"အင်း သူ ဘယ်လိုရသွားတာလဲမသိဘူး"

"ငါလည်း ဘယ်သိမှာလဲ"

"နေကြဦးလေ ငါမေးတာဖြေဦး၊ နင်တို့ပြောနေတာ ဘယ်ကောင်လဲ"





ချမ်းငြိမ်း ထပ်မေးသည်။ မေ့ခေတ် လှည့်ကြည့်ရင်း

"နင် ကျောင်းမတက်တဲ့ရက်ကကိစ္စပါ၊ ကြည်မွေ့ သူ သိအောင် ပြောပြလိုက်ဟာ"

ကြည်မွေ့က မင်းခေတ်ကျော်တို့နှင့်ဆုံခဲ့သောအကြောင်းကို ပြောပြနေသည်။ မေ့ခေတ်ကတော့ သူ့အကြောင်းတွေပဲ တွေးနေမိသည်။

မေ့ခေတ် ဖုန်းနံပါတ်ကို သူ ဘယ်လိုရလိုက်သလဲ စဉ်းစားချင်ရောကောင်းသည်။

"သူ နင့်ဆီဖုန်းဆက်သေးလား ခေတ်"

"မဆက်ပါဘူး"

"ဒါဆို တစ်နေ့နေ့ ဆက်မယ်ထင်တယ်"

သဲမာနှင့်မေ့ခေတ် ပြောနေတုန်းမှာ ချမ်းမြေ့ အားလုံးကိုသိသွားခဲ့ကာ လှည့်ကြည့်လာရင်း

"နေပါဦး ခေတ်၊ အဲဒီကောင်က နင့်ကိုလာပတ်သက်လာသလား"

"မဟုတ်ပါဘူး မထင်မှတ်ဘဲ ဆုံကြတာ"

"ဟုတ်ပါ့မလား နင့်အကြောင်းတွေ စုံစမ်းသိနေပြီး ဖာတ်လမ်းဆင်လာတာလား မသိဘူး"

ချမ်းမြေ့စကားကြောင့် မေ့ခေတ် တွေတွေလေးဖြစ်သွား၏။ ခိုင်းခဲ့ကြတာ ကံကြမ္မာကြောင့်ဟုပဲ မေ့ခေတ် ယုံထားခဲ့သည်။ ချမ်းမြေ့ပြောသလို ဖြစ်နေလျှင်



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ငါမသိဘူးလေ"

"ကြည့်လည်းလုပ်နော် ခေတ်၊ ငါ နင့်အတွက်စိုးရိမ်တယ် ဘာအကြံအစည်တွေနဲ့ လာရောတာလဲ မသိဘဲ နင်သွားမပတ်သက်နဲ့ ဟာ"

ချမ်းမြေ့ စိုးရိမ်စွာပြောနေတော့ သဲမာနှင့်ကြည်မွေ့က လက် ချင်ပုံမရဘဲ

"နင်ထင်သလိုတော့ မဖြစ်နိုင်ဘူးဟ၊ သူတို့နဲ့ငါတို့က ကျော ချင်းမတူကြဘူး၊ အဲဒီနေ့ကလည်း နာမည်တူလို့ မထင်မှတ်ဘဲ ဆုံသွာ ကြတာပါ"

"ဟုတ်ပါတယ်ဟာ၊ ပြီးတော့ မင်းခေတ်ကျော်ပုံက ဟော့ဟော့ ရမ်းရမ်းကြီးမဟုတ်ပါဘူး၊ ခင်မင်စရာကောင်းမယ့်ပုံပါ"

"နင်တို့က တစ်ခါမြင်ရုံနဲ့ စွတ်ယုံနေတာပဲ"

"ချမ်းငြိမ်းရယ် နင်ကိုက အစိုးရိမ်ပိုနေတာပဲ၊ သူထင်သ လုပ်ရအောင်လည်း ခေတ်က ကျောက်ရုပ်မှမဟုတ်တာ၊ ပြီးတော့ ငါ ခေတ်က အချဉ်မှမဟုတ်တာ"

သဲမာနှင့်ကြည်မွေ့တို့ကတော့ ချမ်းငြိမ်းစကားကို လက်မခံ ကြဘဲ သူ့ကိုယုံကြည်နေကြသည်။

ဘာပဲဖြစ်ဖြစ် သဲမာဆီက စကားတွေကြားပြီးသည့်နောက် သူ ဖုန်းဆက်လာမည်လား မေ့ခေတ် မျှော်မိပေမယ့် ဖုန်းမလာခဲ့

မက်ဆေ့ချ်ပို့မည်လား မျှော်မိတော့လည်း ရောက်မလာ





ခေတ် ရင်တွေမောကာ တစ်မျိုးကြီး ခံစားရ၏။

သူ့မှာ ဖုန်းနံပါတ်ရှိလျှင် မေ့ခေတ်ဆီကိုတော့ ဆက်သင့်သည်။ သဲမာဆီကိုတော့ တစ်ခါ ဆက်သည်တဲ့။

ဘာသဘောလဲ။ မေ့ခေတ် ရင်မောအောင်လုပ်နေတာလား။

ကိုယ့်ကိုကိုယ်လည်း မေ့ခေတ် မကျေနပ်ချင်ပါ။ ဘယ် ယောကျ်ားလေးကြောင့် စိတ်မောလူမော မဖြစ်ခဲ့ဖူးသည့် မေ့ခေတ်ဇော်က တစ်ခါပဲမြင်ဖူးဆုံဖူးသူဆီက ဆက်သွယ်မှုကို ဘာကြောင့်များ မျှော်လင့် နေမိတာလဲ။

ကိုယ့်ကိုကိုယ် သတိပေးကာ မေ့ဖို့ကြိုးစားသည့်တိုင် ဖုန်းမြည်သံ ကြားတိုင်း ပြေးကိုင်ရင်ခုန်ချင်သည်။

သူ့ဆီကမဟုတ်တော့ မေ့ခေတ် ရင်မောရပြန်၏။

ရှင်နဲ့ကျမှ မေ့ခေတ် နောက်ကောက်ကျ ရှုံးနိမ့်ရတော့မှာလား ခေတ်ကျော်။

ရှင် ဘယ်လိုလူလဲ။

မေ့ခေတ် သိပ်သိချင်လိုက်တာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

''မနေ့က ဘာလို့ကျောင်းပျက်တာလဲ ခေတ်ရယ်၊ တကယ့်ပွဲကြီးပွဲကောင်းကိုမှ''

''ဘာလဲဟ ပွဲကြီးပွဲကောင်း''

ကြည်မွေ့ ပြုံးစိစိလုပ်ကာ သဲမာကိုလှမ်းကြည့်တော့ သဲမာ မျက်နှာကလည်း ပြုံးနေသည်။ မျက်နှာတည်တည်ကြီးနှင့် ငြိမ်နေသူကတော့ ချမ်းငြိမ်းတစ်ယောက်ပဲဖြစ်၏။

မေ့ခေတ် သိချင်နေတာကြောင့် သဲမာနှင့်ကြည်မွေ့တို့ ငြိမ်း... တာ သဘောပေါက်မိတာမို့

''နင်တို့ မပြောလဲနေ ဘာလဲ ချမ်းငြိမ်း ပြောစမ်းပါ''

''ငါတို့ ခေတ်နှစ်ခေတ်ရဲ့မိတ်ဆုံစားပွဲဟ၊ အဓိက နင်မရှိ...





...ပွဲကမကောင်းဘူးပေါ့''

ကြည်မွေ့ကပဲ ဦးအောင်ဝင်ပြောသည်။ မေ့ခေတ် ရင်တွေ ထိတ်ခနဲ ဖြစ်ကာ အံ့သြသွား၏။

''ဘာလဲ မင်းခေတ်ကျော်တို့ ရောက်လာတာလား''

အသံတွေ မတုန်အောင် မေ့ခေတ် ထိန်းပြီးပြောလိုက်ရသည်။ ...စ်ချိန်တည်းမှာပဲ မနေ့က ကျောင်းမလာဖြစ်တာကို နောင်တရမဆုံး ဖြစ်မိ၏။

''ဟုတ်တယ် ကျော်စွာကော မြတ်သီရိပါ ပါတယ်၊ ငါတို့ ကင်...င်းမှာ ဆုံကြတာဟ''

''နင်တို့က တော်တော်ပျော်နေကြတယ်ပေါ့လေ''

ချမ်းငြိမ်း ဝင်ပြောတော့ ကြည်မွေ့က မျက်စောင်းလေးထိုးရင်း

''နင်ကော မပျော်ဘူးလား ချမ်းငြိမ်း၊ မြတ်သီရိက ချစ်စရာ ...းနော်''

''တော်စမ်းပါ ငါ စိတ်မဝင်စားဘူး''

ချမ်းငြိမ်း ယတိပြတ်ငြင်းသည်။ ကြည့်ရတာ မင်းခေတ်ကျော် ...အုပ်စုကို ချမ်းငြိမ်း သိပ်ကြည်လင်ချင်ပုံမရပါ။

''သူတို့အားလုံးက ခင်မင်ဖို့ကောင်းပါတယ်ဟာ၊ မင်းခေတ် ...ကျော် ငါတို့တွေ ခင်မင်မှုပွဲလေးအဖြစ် စီစဉ်ပေးတာ၊ နင်မပါလို့ ငါတို့က ...မယ့် မင်းခေတ်က ဖွတ်စီစဉ်ပေးရှာတာ၊ ပြီးတော့ ပြောသေးတယ် ...ကိုလည်း နောက်မှသပ်သပ် စီစဉ်ပေးမယ်တဲ့''

www.burmeseclassic.com



မေ့ခေတ် ရင်ထဲ နွေးခနဲဖြစ်ချင်သွားသည်။ တကယ်ဆို မနေ့က ဒယ်ဒီရဲ့မိတ်ဆွေတွေ နိုင်ငံခြားက ရောက်လာတာမို့ မေ့ခေတ် လေယာဉ်ကွင်းကို လိုက်သွားခဲ့ရတာဖြစ်သည်။

သူသာ ရောက်လာမည်ထင်လျှင် မေ့ခေတ် ကျောင်းတက်ဖြစ်မှာ သေချာ၏။

"မင်းခေတ်က တကယ်ခင်စရာကောင်းတယ်၊ စေတနာလည်း ကောင်းတယ် သိလား ခေတ်၊ နင်ရှိရင် ပိုပျော်စရာကောင်းမှာ၊ ကြာကြာ စကားပြောခွင့်ရမှ ခင်မင်ဖို့ကောင်းမှန်းသိတာ"

"နင်တို့က အခုမှသိတဲ့လူကို အဟုတ်ကြီးမှတ်နေသလား"

"ချမ်းငြိမ်း နင် ဘာဖြစ်နေတာလဲ"

ချမ်းငြိမ်း အလိုမကျ စကားတွေပဲဝင်ပြောနေတာကြောင့် သဲမာ ဘုကြည့်ကြည့်မေးသည်။

"ငါက စိုးရိမ်လို့ပြောနေတာ"

"လာပြန်ပြီ ဒီစကား"

"ဟုတ်တယ်လေ အခု ငါတို့ဆုံကြတယ် ခင်မင်ကြတယ်၊ ဒါပေမဲ့ တစ်ယောက်အကြောင်း တစ်ယောက် ဘာမှသိတာမဟုတ်ဘူး ဒီတော့ အရမ်းမပေါ့လွယ်ဖို့လိုတယ်၊ နင်တို့က ငယ်ပေါင်းကြီးဖော်တွေလို ခင်မင်နေလို့ ငါပြောတာ"

"ခက်ပါလား ချမ်းငြိမ်းရယ် လူတွေကို နင် အမြဲတမ်းသံသယ မျက်ဝန်းတွေနဲ့ ကြည့်တာ မကောင်းဘူး"





"ဟ ငါက အမြဲတမ်း သံသယထားတာမဟုတ်ဘူး၊ နင်တို့ အတွက် ပြောတာ"

"ကဲပါဟယ် တော်ကြပါတော့၊ ဘာမဟုတ်တာနဲ့ စကားများ မနေကြနဲ့၊ ဟိုမှာ ဆရာဝင်လာပြီ တိုးတိုး"

ကြားထဲကပဲ မေ့ခေတ် ဝင်ကာ တားမြစ်လိုက်ရသည်။ ဆရာ ဝင်လာပြီမို့ ချမ်းငြိမ်းက သူ့အတန်းရှိရာကို ခပ်သုတ်သုတ်လေး ထွက် သွားခဲ့သည်။

မေ့ခေတ် စိတ်တွေက စာသင်နေရပေမယ့် စာထဲမှာ အာရုံ ဝင်စားလို့ မရနိုင်ပါ။ အာရုံထဲမှာ မင်းခေတ်ကျော်က စိုးမိုးဝင်ရောက်နေ ခဲ့သည်။

မနေ့ကသာ ဆုံဖြစ်ကြလျှင် သူ့ကိုမေ့ခေတ် ထပ်တွေ့ရဦးမည်။ နှုတ်မဆက်ပေမယ့် လူကိုယ်တိုင်ရောက်လာတော့လည်း မတွေ့ရတာ ဆိုးသည်။

မေ့ခေတ် ကံဆိုးသွားတာပဲဟု ဆိုရမည်။ စာသင်ချိန်တစ်ချိန် ထိုး သူရောက်လာမည်လားဟု မေ့ခေတ် မျှော်မိသေးသည်။

ဒါပေမဲ့ ထိုနေ့က မင်းခေတ် ရောက်မလာခဲ့ပါ။

ဖြစ်နိုင်လျှင် သူနှင့်မေ့ခေတ် ထပ်ဆုံချင်ပါသည်။ ဘယ်တုန်း ကမှ မေ့ခေတ် မတောင့်တဖူးသော တောင့်တမှုက ဘာကြောင့်ဖြစ်ပေါ် လာရတာလဲမသိပါ။

သူ့ဘက်က မေ့ခေတ်ကို စိတ်ဝင်စားသည်ဆိုလျှင်တော့ ဆုံနိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ ထပ်ကြိုးစားမှာသေချာသည်။

ကိုယ်က မိန်းကလေးပဲ။ ပြီးတော့ အစဉ်အလာနှင့်မေ့ခေတ်ဖေ

ဖြစ်သည်။ ဣန္ဒြေသိက္ခာနှင့် သူ့ဘက်က ဖွင့်ဟလာမည့်စကားကို နာ

ထောင်ဖို့ပဲရှိသည်။

ခေတ်ချင်းတူပေမယ့် မေ့ခေတ်ဘက်က အလျှော့ပေးလို့တော့

မဖြစ်။ မင်းခေတ်ကျော်ဆိုတာ မလှုပ်ခတ်စဖူး မေ့ခေတ်ရဲ့ရင်ကို လှုပ်

ခတ်စေနိုင်သည်ပဲထားဦး။

အစဉ်အလာဆိုတာကိုတော့ မေ့ခေတ် မေ့ထားလို့မဖြစ်။

■ ■ ■

## အခန်း (၁၀)

မင်းခေတ် စိတ်တွေ ဂနာမငြိမ်ဖြစ်နေတာတော့ အမှန်ပဲဖြစ်

သည်၊ တိုက်ထဲမှာနေလို့မရတော့ ခြံထဲဆင်းခဲ့သည်။ ဆင်းခဲ့တုန်းက

ခြံထဲက ခုံတန်းလေးမှာ ထိုင်မည်ဆိုသောအတွေးနှင့်ဖြစ်သည်။

ဒါပေမဲ့ ခုံတန်းလေးမှာလည်း မထိုင်ဖြစ်ပြန်ဘဲ လမ်းလျှောက်လို့

ဖြစ်ပြန်သည်။ လက်ထဲမှာ ဆုပ်ကိုင်ထားမိသဲ ဟန်းဖုန်းလေးမှာလည်း

ဆုပ်လိုက်ကိုင်လိုက်နှင့် လက်ပူလိုက်နေပြီလားတောင် မသိပါ။

မေ့ခေတ်ဖော်ရဲ့ဖုန်းနံပါတ်က သူ့ဦးနှောက်ထဲမှာ ရှင်းရှင်းလင်း

လင်းကြီး မှတ်မိနေပြီးသားဖြစ်သည်။ မေ့ခေတ်ဆီ ဖုန်းခေါ်ဖို့လည်း

ကြိမ်ကြိမ်ကြိုးစားကြည့်ခဲ့ပြီးပြီ။

မေ့ခေတ်ရဲ့ဂဏန်းနံပါတ်လေးတွေကို နှိပ်ခေါ်နေရင်းမှ ဂဏန်း



www.burmeseclassic.com

www.burmeseclassic.com



နံပါတ်အားလုံး မပြည့်ခင် ရပ်တန့်သွားခဲ့တာ အကြိမ်ကြိမ်။

သူ့စိတ်က မေ့ခေတ်ဖော် အသံလေးကို တောင့်တနေပေမယ့် ဦးနှောက်က မဆက်သွယ်ဖို့ တားမြစ်နေသည်။ သူ့အတွင်းစိတ်တွေက တားဆီးနေခြင်းဆိုတာလည်း သိပါသည်။

သူ့ဘဝတစ်လျှောက်လုံးမှာ ဘယ်မိန်းကလေးအပေါ်မှာမှ အောက်ကျမခံခဲ့ပါ။ သူတို့အပေါ်မှာ သူကပဲ အနိုင်ယူခဲ့တာချည်းဖြစ်သည်။ မေ့ခေတ်ဖော်နှင့်ကျမှ မင်းခေတ်ကျော်ရဲ့သမိုင်းကို လှန့်ပစ်လိုက်ရမည်တဲ့လား။

ဒါ မဖြစ်သင့် မဖြစ်အပ်သောကိစ္စ။

မေ့ခေတ်ဖော်ကို စတင်မြင်လိုက်ရချိန်မှာ ရင်ဘတ်ထဲက ထိတ်ခနဲလှုပ်ခတ်သွားခဲ့သော ခံစားမှုကိုတော့ သူ မေ့ပစ်လို့မရသေးပါ။

ထိုနေ့က ကျော်စွာနှင့်စကားတွေ အပြန်အလှန် များနေသောကောင်မလေး မျက်နှာကို မြင်လိုက်ရချိန်မှာ သူ့ရင်တွေ လှုပ်ခတ်သွားခဲ့တာ အံ့သြစရာကောင်းသည်။

ဒေါသမျက်နှာလေးသည်ပင် စွဲမက်စရာကောင်းအောင် လှနေခဲ့သည်။ နီးနီးကပ်ကပ် ဆုံလိုက်ရချိန်မှာ မေ့ခေတ်ဖော်ဆိုသည့် ကောင်မလေး၏အလှကို သူ အမှတ်ပြည့်ပေးခဲ့ရ၏။

မျက်တောင်ကော့ကြီးတွေနှင့် မျက်ဝန်းနက်နက်လေး၊ နှာတံလေးကော ပန်းနုဆေးဖျော့ဖျော့တင်ထားသော နှုတ်ခမ်းလေး၊ ဘာမှအပြစ်ဆိုစရာမရှိအောင် လှပါသည်။





ဝင်းညက်နုဖတ်နေသော အသားအရည်မှာ သွေးကြောမျှင်စိမ်းစိမ်းလေးတွေကိုတောင် မြင်တွေ့နေရသည်။

ချောမောသော မျက်နှာလေးကော၊ အချိုးအဆစ်ကျနလှပသော ကိုယ်ဟန်လေးကပါ စွဲဆောင်မှုတွေ ပြည့်ဝပါသည်။

ချောမောလှပသလောက် မာနကြီးပုံရသော ဟန်ပန်လေးကိုလည်း သူ သဘောကျသွားခဲ့သည်။

ဒါကြောင့်လည်း မေ့ခေတ်ဖော်တို့အုပ်စုနှင့် နောက်တစ်ကြိမ်ဆုံတွေ့နိုင်ခွင့်လေးကို သူ ဖန်တီးခဲ့သည်။ ဒါပေမဲ့ သူ့ဆန္ဒမပြည့်ဝခဲ့သည်က သူတွေ့ချင်လှသော မေ့ခေတ်ဖော် ထိုနေ့က ကျောင်းမတက်ပါ။

"တို့ကတော့ ရယ်ဒီပဲ မင်းခေတ်"

"သဲမာတို့က အားမနာတမ်း စားမှာနော် အဟင်း ဟင်း"

သဲမာနှင့်ကြည်မွေ့ ဆိုသော ကောင်မလေးတွေက ဖော်ရွေပါသည်။ ထိုနေ့ကမှ တွေ့ရသော ချမ်းငြိမ်းဆိုသည့်သူကိုလည်း ဆုံခဲ့ရသေးသည်။

"သူက ချမ်းငြိမ်း တဲ့၊ ကျွန်မတို့နဲ့မေဂျာတူ အတန်းတူပဲ၊ ကျွန်မတို့သုံးယောက်ရဲ့ အခင်ဆုံးသူငယ်ချင်း၊ ပြောရရင် ကျွန်မတို့ မိန်းကလေးသုံးယောက်စလုံးရဲ့ဘော်ဒီဂတ်လို့လည်း ပြောလို့ရတယ်၊ ဟိုတစ်နေ့က ချမ်းငြိမ်း ကျောင်းမတက်လို့"

အသားဖြူဖြူ ဘေးခွဲဆံပင်တိုတိုနှင့် ခင်မင်စရာကောင်းပုံရသည်။ မေ့ခေတ်ဖော်တို့အုပ်စုထဲမှာ ချမ်းငြိမ်းသည် ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



လေးပီသစွာ တည်ကြည်သူဖြစ်၏။

"ဒီနေ့ကျမှ ခေတ် ဘာလို့နောက်ကျနေသလဲ မသိဘူး၊ အရင်ကဆို ဒီလောက် နောက်မကျဘူး"

"ဖုန်းဆက်ကြည့်ပါလား"

"ဖုန်းပိတ်ထားတယ်ဟ"

သဲမာနှင့်ကြည်မွေ့တို့ နာရီကကြည့်ကြည့် လည်တဆန့်ဆန့်နှင့် မေ့ခေတ်ဇော်ကို မျှော်နေကြတော့ သူ ပေါ့ပေါ့ပါးပါးပဲ ပြုံးလိုက်သည်။ မေ့ခေတ်ဇော် တစ်ယောက်တည်းကိုပဲ တမင်ကွက်ပြီး စောင့်နေရတာမျိုးတော့ သူ အထင်မခံနိုင်ပါ။

"နောက်ထပ် ဆယ်မိနစ်လောက်စောင့်လို့မှ သူ မလာရင် သွားကြမယ်လေ"

"အို ခေတ်မပါလို့ ဘယ်ဖြစ်မှာလဲ၊ ခေတ် မလာရင်လည်း နောက်တစ်နေ့ကျမှ အစီအစဉ်ရွှေ့လိုက်မလား"

သဲမာကပြောတော့ သူ ပြုံးကာ ခေါင်းလေးခါပြလိုက်၏။

"မေ့ခေတ်ဇော်မပါလို့ အစီအစဉ်ရွှေ့စရာမလိုပါဘူး၊ ဒီမှာ အားလုံးဆုံနေပြီပဲ၊ ပျက်စရာအကြောင်းမရှိဘူးလေ၊ မေ့ခေတ်ဇော်ကိုတော့ နောက်ကြုံမှဆုံတာပေါ့"

စိတ်ထဲက မကြည်လင်စိတ်ကို ဟန်ဆောင်ကာ မေ့ခေတ်ဇော်မပါသော တွေ့ဆုံပွဲလေးကို သူ မဖြစ်ဖြစ်အောင် စီစဉ်လိုက်သည်။

အဆင်မပြေသောစိတ်ကို သိုဝှက်ကာ အားလုံးနှင့်ပျော်ပျော်





း ရယ်ရယ်မောမော နေလိုက်ရပေမယ့် ရင်ထဲမှာတော့ ဘဝင်မကျနေခဲ့တာအမှန်။

ထိုနေ့က အသေအချာ ကြိုတင်စီစဉ်ထားသော မိတ်ဆုံစားပွဲ ကာ ပျော်ရွှင်ဖွယ် ပြီးဆုံးခဲ့၏။

"ခေတ်ပါရင် ပိုပျော်စရာကောင်းမှာ"

"အေးနော် ခေတ်ကလည်း ဒီနေ့ကျမှ ကျောင်းပျက်ရတယ်လို့"

ကြည်မွေ့နှင့်သဲမာကပြောတော့ သူ ပေါ့ပေါ့ပါးပါး ရယ်လိုက်

"အခုလည်း ပျော်စရာကောင်းပါတယ်ဗျာ၊ မေ့ခေတ်ဇော်မပါ ယ့် အားလုံးပျော်စရာပါ"

သူ့စကားကိုသူ တမင်ဟန်ဆောင်ပြောခဲ့သည်။ ရည်ရွယ်လာခဲ့ က မေ့ခေတ်ဇော်နှင့်ဆုံချင်သည့်ပွဲ။ ဒါပေမဲ့ ပျက်သွားခဲ့တာတော့ ကောင်းစရာပါပဲ။

မေ့ခေတ်ဇော်နှင့်သူ့အဖြစ်က စကတည်းက လွဲချော်မှုတွေနှင့် ချိနေတာ ဆိုးသည်။ မကြည်လင်သောစိတ်က နောက်ရက်တွေမှာ ည်း စိတ်ကိုဘဝင်မကျ ဖြစ်နေခဲ့သည်။

မေ့ခေတ်ဇော်ဆီ ဖုန်းဆက်ဖို့ ကြိုးစားမိတော့လည်း သူ့မာနနှင့် တွေနှင့် မအောင်မြင်ခဲ့ပါ။

တကယ်ဆို သဲမာဆီ သူ ဖုန်းဆက်ဖူးတာမို့ သူ့ရဲ့ဖုန်းနံပါတ် သဲမာဆီမှာရှိနေသည်။ မေ့ခေတ်ဇော် ဆက်သွယ်ချင်လျှင် ရနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မေ့ခေတ်ဇော်ကလည်း ဒီလို ဆက်သွယ်မည့်မိန်းက
လေးမျိုးမဟုတ်တာ သူ သိပါသည်။

မေ့ခေတ်ဇော်အကြောင်းတွေကို သူ စုံစမ်းသိထားပြီးပြီ။ သူ့
နာမည်တူသလို ရည်းစားများတာလည်း တူသည်။

အသည်းခွဲစကော်ပီယံဟုတောင် နာမည်ကျော်သည်တဲ့။ ဒီ
မိန်းကလေးကိုမှ သူ ငြိတွယ်လိုချင်နေတာ မှားပြီလား။

ဘာပဲဖြစ်ဖြစ် ထိုအမှားကို သူ ဝင်တိုးချင်နေသည်။ ဒါပေ
မင်းခေတ်ကျော်ရဲ့ဂုဏ်သိက္ခာနှင့်သမိုင်းကိုတော့ ပစ်ချလို့မဖြစ်ပါ။

သူလည်း ခေတ်၊ သူမလေးကလည်း ခေတ်ပဲလေ။

ဘယ်ခေတ်က သာမလဲ။ စောင့်ကြည့်ချင်ပါသေးသည်။

■ ■ ■

## အခန်း (၁၁)

တနင်္ဂနွေကျောင်းပိတ်ရက်မို့ မေ့ခေတ်တို့သုံးယောက် တိုင်ပင်
ကာ ရှော့ပင်းနံ့ထွက်ဖြစ်ကြသည်။

ရန်ကင်းမြို့နယ်အတွင်းရှိ စင်တာတစ်ခုမှာဝင်ကာ ပစ္စည်း
သစ်အဆန်းလေးတွေ လိုက်ကြည့်ဖြစ်ကြ၏။ ထုံးစံအတိုင်း အမျိုးသမီး
သုံးဒီဇိုင်းအဆန်းလေးတွေမှာ သုံးယောက်စလုံး အာရုံခင်စားနေကြသည်။

မြန်မာဆန်ချင်သော Fashion Eupharia တွေက သုံးယောက်
သုံး အာရုံတွေကို ဖွဲ့ဆောင်ထားသည်။

ကြက်သွေးရောင်အဆင်းတွေနှင့် ဘောဂဝတီချိတ်၊ အဝါရောင်
ပေါ်တွင် သစ်ခက်အနီလေးတွေနှင့် ဖန်ပုတီးစေ့လေးများနှင့်ပါ အလှဆင်
ထားသည့် ဝေဠုဝတီပင်ထောင်ဒီဇိုင်း။



www.burmeseclassic.com

www.burmeseclassic.com



ကိုရီးယားပိုးနှင့် ချုပ်ထားသော အနက်ရောင်ပေါ်တွင် ပန်းနွယ်လေးများ ဆင်ထားသော တော်ဝင်သစ်ခွ၊ မက်မောစရာတွေက စုံလင်လွန်းပါသည်။

ရွှေစင်စကြာဒူးနားဝတ်စုံ၊ မြတ်ပန်းမြင့်မိုရ်အနီလွင်လွင်လေး မနော်ဟရီချိတ်၊ တစ်ခုပြီးတစ်ခု တစ်ထည်ပြီးတစ်ထည် သုံးယောက်သား ကြည့်မဆုံး။

မေ့ခေတ် စိတ်ကြိုက်အဖြစ်ဆုံး ဝတ်စုံနှစ်စုံ ရွေးဝယ်ပြီးသည်ထိ သဲမာနှင့်ကြည်မွေ့တို့က ရွေးမဆုံးသေးပါ။ ညောင်းညာချင်သွားသည့်မျက်ဝန်းတွေ အကြည့်လွှဲခိုက်မှာ

"ဟင်"

မြင်လိုက်ရသော မြင်ကွင်းကြောင့် မေ့ခေတ်မျက်ဝန်းတွေ ဝိုင်းစက်အံ့ဩသွားကာ ရင်ထဲကလည်း လှိုက်ခနဲ ခုန်သွားတာ ကိုယ်တိုင်ပဲသိသည်။

မင်းခေတ်ကျော်ကတော့ မြင်တွေ့ပုံမရပါ။ Showroom ထဲကပစ္စည်းတွေမှာ အာရုံရောက်နေသည်။

ဘယ်အချိန်ကတည်းက ရောက်နေတာလည်း မေ့ခေတ် မသိပါ။ မေ့ခေတ်တို့ကို မမြင်တွေ့သေးတာလား။ မြင်လျက်နှင့် တမင်မမြင်ဟန်ဆောင်နေတာလား မသိ။

မေ့ခေတ် ချက်ချင်းမျက်နှာလွှဲကာ သဲမာတို့ကို လှမ်းကြည့်တော့ အထည်တွေ ရွေးကောင်းတုန်းရှိသည်။ သဲမာတို့ကို လက်လို့ပြော





သို့လည်း မဖြစ်ပါ။ ပြောလိုက်လျှင် ကိုယ်က မြင်တွေ့သွားလို့ဆိုသည့်သဘောကိုဆောင်ဦးမည်။

လှုပ်ခတ်နေဆဲ ရင်ကိုထိန်းချုပ်ကာ မေ့ခေတ် တမင်လှည့်မကြည့်အောင်နေလိုက်သည်။ မျက်ဝန်းတွေကို ရေမွှေးနှင့်အလှသုံးပစ္စည်းဆွဲရောင်းသော ကောင်တာဆီပို့ထားလိုက်၏။

လှည့်မကြည့်ပေမယ့်လည်း သူ့ပုံရိပ်က မေ့ခေတ် မျက်ဝန်းထဲမှာ အရိပ်ထင်နေခဲ့သည်။

အော်တာရှပ်လက်ရှည်ကို ဒူးဆစ်နားအထိ ခေါက်တင်ကာ ခါးပင်နှင့်တွဲဝတ်ဆင်ထားသောစတိုင်က ထင်းနေသည်။ သဲမာတို့နှင့်ဆုံပြီး သုံးရက်လုံးလုံး သူ ဖုန်းဆက်မလာ၊ မျှော်ခဲ့သေး၏။

မေ့ခေတ် မျှော်လင့်ချက်တွေ ဖြစ်မလာတော့ ရင်ထဲမှာမောနေခဲ့သည်။ ပြန်ဆုံရတော့လည်း တိုက်ဆိုင်စွာ ဆုံနေပြန်၏။

သူ့ပုံရိပ်ကို ထပ်ကြည့်ချင်ပေမယ့် မကြည့်ဟု စိတ်ကိုတင်းထားသလို သူ မတွေ့ဘဲ ထွက်သွားမှာကိုလည်း စိုးမိပြန်သည်။

ထိုတဒင်္ဂအချိန်လေးမှာ မေ့ခေတ် ရင်တွေခုန်ကာ စိတ်တွေလှုပ်ရှားနေတာ အမှန်ဖြစ်သည်။ မာနနှင့်ဆန္ဒတစ်ခုကို လဲလှယ်ရမည်လား။

မေ့ခေတ်ဦးနှောက်က မဆုံးဖြတ်နိုင်ခင် ခေါင်းလေးက ဖျတ်ခနဲလှည့်ကြည့်ပြီး ဖြစ်နေသည်။

ရင်ထဲမှာ ဒိန်းခနဲ တုန်သွားစေတာ မေ့ခေတ်ကို လှမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေသော သူ့မျက်ဝန်းတွေနှင့် ထိပ်တိုက်ဆုံလိုက်ရတာကြောင့်ပဲဖြစ်သည်။

မေ့ခေတ် မျက်နှာ ဘယ်လိုထားရမှန်းမသိပါ။ ကိုယ့်ဘက်က ပြုံးပြရအောင်လည်း လက်မခံနိုင်။

ဒီတစ်ခါတော့ မင်းခေတ်ကျော် ဖွဖွလေးပြုံးပြသည်။ သံလိုက် ဓာတ်တို့ပါနေသော အပြုံးချိုချိုလေးမှာ မေ့ခေတ် တွေခနဲ ငေးသွားမိ၏။

စွဲမက်စရာကောင်းသည့်အပြုံးတွေ ရုပ်သိမ်းမသွားခဲ့တဲ့ မေ့ခေတ် ဆီကို သူ ဦးတည်လှမ်းလာနေချိန်မှာ ရင်က တလှပ်လှပ် တုန်နေ၏ သေချာသည်က သူ့ကိုမေ့ခေတ် အမြဲရှုံးနိမ့်နေသည်။

“ရှော့ပင်းနဲ့ထွက်လာတာလား”

ကိုယ့်ကို သူကိုယ်တိုင် ပြုံးပြလာ နှုတ်ဆက်မေးနေတော့လည်း မေ့ခေတ် ခေါင်းလေးညိတ်ပြမိ၏။

“ဟယ် မင်းခေတ်”

“ဆုံမှ ဆုံတတ်တယ်၊ ဘာလာဝယ်တာလဲ မင်းခေတ်”

မင်းခေတ်ကို တွေ့သွားသည့် သဲမာနှင့်ကြည်မွေ့တို့ ရင်းနှီး ပြုံးရွှင်စွာ နှုတ်ဆက်ကြသည်။

“ဒီလိုပါပဲ လိုချင်တာလေးတွေ နည်းနည်းပါးပါးပါ၊ မေ့ခေတ် ကို မြင်လိုက်လို့လေ”

“ဟုတ်လား သဲမာတို့က အထည်ဒီဇိုင်းတွေ ငေးနေလို့ လုံး မမြင်လိုက်ဘူး”





“ခေတ်နဲ့ ဟိုတစ်ခါမကြုံလိုက်တဲ့ အခုမှ လာကြုံနေတယ်နော်”

ကြည်မွေ့ ပြောတော့ သူ ခေါင်းညိတ်ပြုံးရင်း

“ဟုတ်တယ် ဟိုတစ်ခါက မေ့ခေတ်မပါတော့ ကိုယ့်ဘက်က အကြွေးတင်နေပြီ”

“မလိုပါဘူး ကိစ္စမရှိပါဘူး”

မေ့ခေတ် ဝင်ပြောတော့ သူက အပြုံးရိပ်တွေမပြယ်သေးသော မျက်ဝန်းတွေနှင့်စိုက်ကြည့်ရင်း

“ကိစ္စမရှိလို့မရဘူး ကိုယ်တို့တွေက သူငယ်ချင်းတွေလေ”

“ဟင် ဘယ်သူက သတ်မှတ်လိုက်တာလဲ”

“အားလုံးက သတ်မှတ်ပြီးသားပါ၊ မေ့ခေတ်တစ်ယောက်တည်း ငြင်းဖို့စိတ်မကူးလိုက်နဲ့၊ အခု ကြုံတုန်းအကြွေးဆပ်တဲ့အနေနဲ့ ပြုစုပါရစေ”

“နေပါဦး ရှင်က ရှင်ဖြစ်ချင်တာကိုပဲ တောင်းဆိုနေတာလား၊ တစ်ပါးသူ အချိန်ရရဲ့လား၊ ဘယ်လိုသဘောထားသလဲဆိုတာ မစူးစမ်း တော့ဘူးလား”

“အဟွန်း ကိုယ် ဒီလောက် အကဲခတ်မညံ့ဘူးထင်ပါတယ်၊ ခေတ်တို့အားလုံး ဈေးဝယ်ပြီးလို့ ဗိုက်ဆာနေလောက်ပြီထင်တယ်”

“ဟုတ်သားပဲ ခေတ်ရယ်၊ တို့တွေ ဝယ်ပြီးပြီ၊ စောစောက ဆောင် တစ်ခုခုစားကြမယ်ဆို၊ အခု တိုက်တိုက်ဆိုင်ဆိုင် ဒကာကရောက် လာပြီပဲ”



www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကို အလိုက်ကမ်းဆိုးမသိသော ကြည်မွေ့ပါပဲ။ သဲမာကလည်း ဘာမှမထူး အတူတူဖြစ်၏။

"ဟုတ်တယ် ငါလည်း ဗိုက်ဆာနေပြီ၊ အထည်ဒီဇိုင်းတွေ ငမ်းနေရတာနဲ့ အခုမှပဲ ဆာမှန်းသိတော့တယ်"

"ဒါဆိုလည်း အားလုံးသွားကြရအောင်ဗျာ"

ဟိုနှစ်ယောက်က ပါနေတော့ မင်းခေတ်ကျော် လူလည်ကျကာ ဖွတ်ခေါ်နေသည်။ မေ့ခေတ် စိတ်ထဲမှာ ကျေနပ်နေပေမယ့် ထိုကျေနပ် စိတ်ကို မမြင်မသိအောင် ဟန်ဆောင်ထားရတာကိုလည်း နှစ်သက်နေမိ ပြန်၏။

"ခေတ် သွားကြမယ်လေ"

"ငါ ဗိုက်မဆာသေးဘူးဟ၊ ဝယ်စရာလေးတွေ ရှိသေးတယ်"

မေ့ခေတ် တမင်ပြောလိုက်တော့ သူ့မျက်နှာပေါ်က အပြုံးတွေ ကွယ်ပျောက်ကာ တည်သွားသည်။ သဲမာနှင့်ကြည်မွေ့လည်း မျက်စိ မျက်နှာပျက်ကုန်၏။

"ခေတ်ကလည်းဟယ် တစ်ခုခုအရင်စားရအောင်"

"အေးဟာ နင်ကလည်း ဘာဖြစ်တာလဲ"

"ဟုတ်တယ်လေ ငါမှဗိုက်မဆာသေးတာ"

သူ့ကို တမင်ငြင်းပယ်နေမှန်းသိသော မင်းခေတ်ကျော် မျက်နှာ ကြီး တည်နေတာကြည့်ပြီး မေ့ခေတ် ရယ်ချင်မိသည်။ မေ့ခေတ်ရဲ့ အကြောင်း မသိသေးဘူးထင်သည်။





အလွယ်တကူ ချဉ်းကပ်လို့ ရနိုင်သည်ထင်နေလျှင်တော့ မှားသိမ့်မည်။ ယောကျ်ားတစ်ယောက်ကို အလွယ်တကူ အညှာကိုင်ဖို့ ပညာချပ်တွေက မေ့ခေတ်အတွက် ရှိနေပြီ။

အခုလည်း သူ့ကို မထိတထိ နှိပ်စက်ဖို့ကြံစည်မည့် စိတ်ကူးတွေက

"ဟယ် နေလင်းကိုကို"

ကြည်မွေ့ အထိတ်တလန့် အော်သံလေးကြောင့် မေ့ခေတ် လှမ်းကြည့်တော့ အမျိုးသားထည်တွေ ရောင်းချသည့်ကောင်တာလေး ရှေ့မှာ နေလင်းကိုကိုကို တွေ့လိုက်ရသည်။

ဆံပင်ဖွာလန်ကျဲက ပါထိန့်ထိန့်။ နံပိန့်ဘောင်းဘီမှာ ဝတ်ဆင်ထားသာက အကျပ်ဝတ်စုံ။ ဘယ်လိုမှ မလိုက်ဖက်ပါ။

မေ့ခေတ်တို့ကိုသာ တွေ့သွားလျှင် မလွယ်။ လူကြားသူကြားထဲ ဟောင်ဖွာဟောင်ဖွာ လာလုပ်ဦးမှာ သေချာ၏။ အထူးသဖြင့် မင်းခေတ် ကျော်ရှေ့မှာ ဒီလိုလူမျိုးနှင့်မဆုံချင်ပါ။

မေ့ခေတ် တွေးနေတုန်းမှာ သကောင့်သားကလည်း မြင်တွေ့ သွားပုံရသည်။ မျက်နှာကြီး ပြုံခနဲဖြစ်ကာ လှမ်းကြည့်၏။

ကျားနဲ့ဆင် လယ်ပြင်မှာတွေ့နေခိုက် အလစ်အငိုက်ချောင်း မြောင်းနေသော လင်းတတစ်ကောင်နှင့်ပင် တူနေသေးသည်။ မေ့ခေတ် အခြေအနေကို အကဲခတ်လိုက်နိုင်ပြီမို့

"ကဲ နင်တို့ဗိုက်ဆာနေတယ်ဆိုရင်လည်း သွားကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ကြည်မွေ့နှင့်သဲမာတို့စကားတွေကိုပဲ မေ့ခေတ်ဘက်က လိုက်လျှောပေးသလိုနှင့် ဆိုလိုက်တော့ မင်းခေတ်ကျော် နှုတ်ခမ်းတွေ လွန့်ခနဲပြုံးသည်။ မေ့ခေတ်တို့အရိပ်အကဲကိုကြည့်ကာ နေလင်းကိုကိုကိုလည်း မင်းခေတ် တွေ့သွားပုံရသည်။

"ကောင်းပြီလေ ဒါဆို တစ်ဆိုင်ဆိုင်ကို သွားကြရအောင်"

မင်းခေတ် ဦးဆောင်ခေါ်သည့်နောက်ကို မေ့ခေတ်တို့သုံးယောက် လိုက်ခဲ့တော့ နေလင်းကိုကို ငူငူကြီးရပ်ကြည့်ကျန်ရစ်ခဲ့သည်။

စဆုံတွေ့ကတည်းက နေလင်းကိုကိုလိုကောင်မျိုးအတွက် မေ့ခေတ်ဆီက ဆုံးဖြတ်ချက်က နိုင်မာပြီးသားဖြစ်သည်။

မေ့ခေတ် ပေးမည့် စကော်ပီယံအရုပ်နှင့်တောင် ထိုက်တန်သည့်အရည်အချင်းမရှိသည့်ယောက်ျား။

အခုလောက်ဆို ကိုယ့်အဆင့်ကိုကိုယ် ရှင် သဘောပေါက်ပြီထင်ပါတယ် နေလင်းကိုကို ရေ. . . ။

■ ■ ■

စားပွဲပေါ်ရောက်နေသည့် ဟင်းတွေကစုံလင်သည်။ ဒါတောင် မင်းခေတ် ထပ်မှာနေတော့ သဲမာနှင့်ကြည်မွေ့တို့က တားရ၏။

"ခေတ်ရယ် တစ်ရပ်ကွက်လုံး အလှူလုပ်မှာကျနေတာပဲ"

"သဲမာ ဘယ်သူ့ကိုပြောတာလဲ ဘယ်ခေတ်ကိုပြောနေတာလဲ"

မင်းခေတ် စကားကြောင့် သဲမာ သဘောကျစွာ ရယ်လိုက်ရင်း

"ရှင့်ကိုပြောနေတာ ခေတ်ရဲ့ မှာတာတွေ များနေပြီ"





"အဟွန်း စေတနာနဲ့သဒ္ဓါအား ကောင်းသွားလို့ပါ"

"ဒီအတိုင်းဆို စားပြီးတာနဲ့ ဆေးခန်းဝင်ရမယ်ထင်တယ်"

"မပူနဲ့ ကြည်မွေ့၊ အပြန်ကျရင် အစာကြေဆေးတွေ လက်ဆောင်ဝယ်ပေးလိုက်ဦးမှာ၊ ကုန်အောင်သာ စားကြပါ၊ ခေတ်လည်း စိတ်ကြိုက်ထည့်စားနော်"

မေ့ခေတ်ကို သူ လှမ်းပြောတော့ မေ့ခေတ် စူးစူးလေးစိုက်ကြည့်ရင်း

"ယူနဲ့တို့ ရှင်းစရာရှိတယ်"

မေ့ခေတ် စကားကြောင့် သူ မျက်ခုံးတန်းတန်းနှစ်ဖက်ပင့်ကြည့်သည်။

"ရှုပ်တောင် မရှုပ်ရသေးဘူး၊ ခေတ်က ဘာရှင်းစရာပေါ်လာသို့လဲ"

မေ့ခေတ်ဟု ခေါ်နေရာက ခေတ်ဟု ရင်းရင်းနှီးနှီး ခေါ်လာကတည်းက မေ့ခေတ်စိတ်ထဲမှာ တစ်မျိုးဖြစ်နေ၏။

"နေပါဦး ယူက ဘာရှုပ်ချင်လို့လဲ"

"စိတ်ဆိုတာ ပြောလို့မရဘူးလေ၊ ဘယ်သိနိုင်မလဲ၊ ရှုပ်ချင်ရှုပ်လာနိုင်တယ်၊ ကဲ ခေတ် ရှင်းချင်တာ ဘာလဲ ပြောပါဦး"

"နာမည်ကိစ္စပဲ"

"နာမည် နာမည်က ဘာဖြစ်လို့လဲ၊ မင်းခေတ်ကျော်နဲ့ မေ့ခေတ်ဆော် ဟိုဘက်ခေတ်နဲ့ ဒီဘက်ခေတ် ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကိုက ရှုပ်နေတာ"

"မရှုပ်ပါဘူး၊ အားလုံးက ခေါ်ကြသလို ဟိုဘက်ခေတ်နဲ့ ဒီဘက်ခေတ် အတူတူပဲလေ"

"ကြားရတာ တစ်မျိုးဖြစ်နေတယ်၊ နာမည်ခေါ်တာ မရှင်းဘူးဖြစ်နေတယ်"

"ဒါဆို ခေတ်က ဘာဖြစ်ချင်တာလဲ"

"တို့ဘက်ကတော့ ခေတ်ဆိုတာကို မပြောင်းနိုင်ဘူး"

မေ့ခေတ် စကားကြောင့် မင်းခေတ် မျက်မှောင်လေး ကျုံ့သွား၏။ ထင်ပေါ်လာသော မျက်ခုံးလေးတွေ ကွေးညွတ်သွားတာလည်း ကြည့်ကောင်းနေသေးပြန်သည်။

"ခေတ် ဘာကိုဆိုလိုတာလဲ၊ တို့ဘက်က ပြောင်းပေးရမယ်ဆိုတဲ့ သဘောလား"

"ဟုတ်တယ်လေ ရှင့်ဘက်က ပြောင်းမှဖြစ်မယ်"

"ဒါဆို ခေတ်က ကိုယ့်ကို မောင်လို့ခေါ်ပေါ့"

"ဘာ"

မေ့ခေတ် မျက်နှာလေး ရဲရဲနီသွားမှာသေချာသည်။ နံဘေးက သဲမာနှင့်ကြည်မွေ့တို့တောင် မျက်လုံးတွေပြူးပြီး မင်းခေတ်ကို ကြည့်ကျန်ကြသည်။

သူ ဒီလောက်ထိ အပြောရဲတင်းမည် မထင်ခဲ့ပါ။ မေ့ခေတ် ရင်တွေ တုန်ခါနေတာကို သိဝှက်ရင်း မော့ကြည့်တော့ သူ့မျက်နှာက





ပြုံးစစနှင့်

"ဒီလိုလေ နာမည်တွေရှေ့မှာ မောင်တို့ မတို့ တပ်ပြီးခေါ်ကြတယ်မဟုတ်လား။ မောင်ခေတ် မခေတ်ဆိုတာကြီးက မဖိုက်ဘူး။ ကိုယ်က ခေတ်လို့ပဲခေါ်မယ် ခေတ်က မောင်လို့ခေါ်ပေါ့"

စကားတတ်တိုင်း ဝေ့လည်ကြောင်ပတ် လုပ်ပစ်တာ မေ့ခေတ် သဘောပေါက်သည်။

"ယူ ဘာရည်ရွယ်ချက်နဲ့ပြောတာလဲ၊ မောင်လို့ ခေါ်ရအောင် သူနဲ့ကျွန်မက ချစ်သူရည်းစားတွေမှ မဟုတ်တာ"

"အခုမဟုတ်လည်း နောင်ကျ ဖြစ်လာနိုင်တာပဲ"

"ယူ တော်တော့"

နီနေသော မျက်နှာက ပိုလို့ရဲရဲနီသွားခဲ့တာ သေချာသည်။ မင်းခေတ် မျက်နှာက အပြုံးမပျက် ရှိနေရင်းမှ

"စိတ်မဆိုးကြေးနော်၊ တို့က ချော့တတ်တာမဟုတ်ဘူး"

"ယူပြောတာ လွန်လွန်းနေပြီနော်"

ရှက်တာရော ရင်ခုန်လှုပ်ခတ်တာတွေပါပေါင်းပြီး မေ့ခေတ် မျက်နှာလေး ရဲပတောင်းခတ်နေတော့ သဲမာ ကြားထဲက မနေသာတော့။

"ကဲပါဟယ် မင်းခေတ်က နင့်ကို သက်သက်နောက်နေတာပါ၊ ဘာစိတ်ဆိုးစရာရှိသလဲ သူငယ်ချင်းတွေပဲဟာ"

"သဲမာပြောတာ မှန်တယ်၊ ဒါပေမဲ့ မိတ်ဆွေအပေါင်းအသင်းဖြစ်ရာကနေ စိတ်နေပြောင်းရင်း ချစ်သွားကြတယ်ဆိုတဲ့ သီချင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်နော်''

သဲမာ ပြေရာပြေကြောင်း ပြောတာကိုတောင် နောက်သလိုနှင့် သူ့ဘက်က ဆင့်တိုးလာတော့ မေ့ခေတ် မနေတတ် မထိုင်တတ်ဖြစ်ကာ ဆတ်ခနဲ ထရပ်လိုက်မိသည်။

''တော်ပြီ ငါပြန်မယ်၊ သဲမာ ကြည်မွေ့ ထကြတော့''

''ဟဲ့ မဟုတ်တာဟယ်၊ ဒီမှာ မှာထားတာတွေနဲ့''

''ဟုတ်ပါတယ် ခေတ်ရယ်၊ နင်ကလည်း မလုပ်ပါနဲ့''

သဲမာနှင့်ကြည်မွေ့ တောင်းပန်ကြသည်၊ သူကတော့ မေ့ခေတ် မျက်နှာလေးကို ယဲ့ယဲ့လေးပြုံးကြည့်နေတုန်း

''တို့ မချော့တတ်ဘူးလို့ ပြောပြီးပြီနော်''

''ယူ့ကို ဘယ်သူက ချော့ခိုင်းနေလို့လဲ''

''ဒါဆိုလည်း ပြန်ထိုင်လေ ခေတ်ရဲ့၊ မတ်တပ်ကြီး ညောင်းပါ တယ်ကွာ''

''မထိုင်ဘူး''

''ကောင်မလေးတွေ စိတ်ဆိုးရင် အလှပျက်တယ်ဆို ဘာ ဒါမျိုး ပဲနေမှာ''

''ယူ တို့စိတ်တိုအောင် တမင်လုပ်နေတာလား''

''ဟုတ်တယ် မင်းက စိတ်ဆိုးရင်လည်း ချစ်စရာကောင်းအောင် လှနေတာပဲ''

မေ့ခေတ် စိတ်ဆိုးနေတာကိုတောင် သူ ပြုံးပြုံးလေး နေရက်





ပြောရက်နိုင်သည်။ နံဘေးက သဲမာနှင့်ကြည်မွေ့တို့ ကိုယ်တိုင်ကလည်း ပြုံးပြုံးလေး နားထောင်သူတွေဖြစ်နေကြသည်။

မေ့ခေတ် သူ့ရှေ့မှာ ဆက်ပြီးရပ်နေလို့ မဖြစ်တော့ပါ။ ကြာလျှင် ကိုယ်ပဲ မရှုမလှ ရှုံးနိမ့်သွားလောက်သည်။

ဆုံးဖြတ်ပြီးသည့်အတိုင်း မေ့ခေတ် ချာခနဲ လှည့်ထွက်ခဲ့တော့

''ခေတ် ခေတ် နေဦးလေ''

''ဒုက္ခပါပဲ အားနာလိုက်တာ မင်းခေတ်ရယ်''

သဲမာနှင့်ကြည်မွေ့တို့ ခေါ်သံတွေကို ဥပေက္ခာပြုကာ မေ့ခေတ် ထွက်ခဲ့ပေမယ့် ဒေါသစိတ်တွေထက် ရှက်စိတ်တွေကသာ ကြီးစိုးနေသည်။

''ခေတ် ရှက်သွားပြီထင်တယ်၊ သဲမာတို့ လိုက်သွားမှဖြစ်မယ် မင်းခေတ် မှာထားတာတွေအတွက် အားနာလိုက်တာရှင်''

''ရတယ် ပြဿနာမရှိဘူး၊ တို့ကတော့ ပျော်တယ်''

''ဟို ဟို ကြည်မွေ့တို့ကို ခွင့်ပြုပါဦးနော်''

''လိုက်သွားပါဗျာ အဆင်မပြေခဲ့တဲ့ ဒီလိုပွဲလေးမျိုး နောက်မှ ပြန်ဆုံကြတာပေါ့''

''ဟုတ်ကဲ့ ဒါနဲ့ ရှင် စောစောက ခေတ်ကို တကယ် ရည်းစား စကားပြောလိုက်တာလားဟင်''

သဲမာ စကားကြောင့် မင်းခေတ် သဘောကျသလို ရယ်မော ဆိုက်ရင်း

''ကိုယ် အစောကြီးဖွင့်ပြောဖို့ မရည်ရွယ်ဘူး၊ ဒါပေမဲ့ မထင်



www.burmeseclassic.com

www.burmeseclassic.com



မှတ်ဘဲ ပြောလိုက်မိတာ''

''ဘုရားရေ''

''လာ ကြည်မွေ့၊ ခေတ် စိတ်ဆိုးသွားဦးမယ်''

သဲမာက ကြည်မွေ့လက်မောင်းလေးကို ဆွဲခေါ်သွားသည်။ လေးယောက်စာမှာထားသည့် ထမင်းဝိုင်းကြီးမှာ မင်းခေတ် တစ်ယောက်တည်း ကျန်ရစ်ခဲ့၏။

ဒါပေမဲ့ သူ ကျေနပ်ပါသည်။

မေ့ခေတ် စိတ်ဆိုးသွားပေမယ့် ရှက်ရိပ်လွှမ်းနေသော မျက်ဝန်းတွေထဲမှာ တစ်စုံတစ်ခု ပျော်ဝင်နေသည်ထင်သည်။

အပြည့်အဝ မပြည့်စုံခဲ့ပေမယ့် ကျေနပ်စရာနေ့လေးတစ်နေ့ ဖြစ်ခဲ့တာတော့ အမှန်။

■ ■ ■

## အခန်း (၁၂)

မင်းခေတ် ဂိမ်းကစားနေရာမှ အာရုံတွေ လွင့်ပျံ့နေ၍ ရပ်ပစ်[illegible]သည်။ ဘယ်မှာနေနေ ဘာတွေလုပ်လုပ် မေ့ခေတ်ဆီကိုပဲ စိတ်[illegible]ရုံက ရောက်လို့နေသည်။

ဒရင်းဘတ်ပေါ်လှဲရင်း စင်တာထဲမှာ ဆုံခဲ့ကြတာကို ပြန်တွေး[illegible]သည်။ တကယ်ဆို မထင်မှတ်ဘဲ ဆုံဆည်းခဲ့ကြခြင်း မဟုတ်ပါ။ မေ့[illegible]ခေတ်နှင့်ဆုံခွင့်ကို သူ့ဘက်က စီစဉ်ထားခဲ့ရတာဖြစ်သည်။

မေ့ခေတ် ဘယ်ကိုသွားသည် ဘာလုပ်သည်ဆိုတာကို အမြဲ[illegible] အရိပ်လိုလိုက်ကြည့်နိုင်ဖို့ လူတစ်ယောက် သူ စီစဉ်ထားခဲ့သည်။

မေ့ခေတ်ဖော် ဘယ်နေရာမှာရှိသည်။ ဘာတွေလုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူဘယ်ဝါနှင့်ဆိုတာကအစ သူ သိပြီးသားဖြစ်သည်။

မေ့ခေတ်တို့သုံးယောက် ရန်ကင်းစင်တာမှာ ဈေးဝယ်နေသည်

ဆိုသော ဖုန်းသတင်းဝင်လာတော့ သူ လိုက်သွားကာ မထင်မှတ်

ဆုံသလို ဖန်တီးခဲ့ခြင်းဖြစ်၏။

မေ့ခေတ်တို့သုံးယောက်ကို ဆိုင်တစ်ဆိုင်မှာလိုက်ကျွေးမွေး

သူပြောလိုက်သည့် စကားတွေ လွန်သွားတာလည်း သိသည်။ ဒါပေ

ထိုအတွက် သူ နောင်တရလိမ့်မည်မဟုတ်ပါ။

တခြားကောင်မလေးတွေဆိုလျှင် သူကပဲ ဒီထက်မက အထ

စီးက ပြောနေကျမဟုတ်လား။

ပြန်စဉ်းစားကြည့်မိတော့ ပြုံးမိသေးသည်။ စိတ်ဆိုးမာန်ဆိုး

ဖြစ်သွားသော မျက်နှာလေးက ချစ်စရာကောင်းသည်။ သူ့အပေါ် စိ

တွေဆိုးကာထွက်သွားတော့ တကယ်ဆို လိုက်တောင်းပန်သင့်သည်

စိတ်ပြေအောင် ချော့မော့သင့်သည်။

ဒါပေမဲ့ သူ မလုပ်ခဲ့ပါ။ သူ ချော့မော့လျှင်လည်း မေ့ခေတ်

က စိတ်ပြေကာ ပြန်လိုက်လာမည်ဟု တထစ်ချမယုံပါ။

မေ့ခေတ်ဇော်ဆိုတာ အခြားသောမိန်းကလေးနှင့်မတူတာ

သတိထားပြီးပြီ။ ရည်းစားတွေကို အပျော်တွဲတတ်သည့် ကောင်မ

လှပချောမောသော ကောင်မလေးမို့ ရည်းစားတွေများတာ

သူ အပြစ်လို့မမြင်ပါ။

တွဲသမျှယောက်ျားလေးတွေကိုလည်း မေ့ခေတ်ဇော်ကပဲ ဦး





နှံ့ပစ်တတ်သည့်တဲ့။ အဆိပ်ပြင်းသော ကင်းခြေများအရုပ်ကလေးပေး

တာ လမ်းခွဲတတ်သည်ဟု သိရတော့ သူ အံ့ဩမိ၏။

နာမည်ချင်းဆင်တူသလို စိတ်ဓာတ်ချင်းလည်း တူနေပြီထင်ရဲ့။

ဘာပဲဖြစ်ဖြစ် ကြိုးဝိုင်းထဲမှာယှဉ်ပြိုင်မည့်နှစ်ယောက် အရည်

ချင်းတူမှပွဲက ကြည့်ကောင်းမည်ထင်သည်။

မေ့ခေတ်အကြောင်းတွေ သိထားတော့ ရင်ဆိုင်တိုင်း သူ အမြဲ

င်း သတိတော့ထားပါသည်။ သူ့ဘက်က အလျှော့ပေးသလို အမြဲ

နေမျိုးတော့ အရောက်မခံနိုင်ပါ။

ဒါကြောင့်လည်း မေ့ခေတ် စိတ်ဆိုးထွက်သွားတော့ မတားတော့

နေလိုက်သည်။ မတို့မထိရသေးသော အစားအသောက်တွေကို သေ

သပ်သပ် ထုပ်ပိုးကာ ပို့နိုင်းလိုက်သည်။

"မေ့ခေတ်ဇော် အိမ်ပြန်မရောက်သေးဘူး။ သူ့အိမ်က အိမ်ဖော်

ကြီးနဲ့ပဲ တွေ့ခဲ့တယ် ဆရာ"

"ဘယ်သူမှ မရှိလို့လား"

"ဟုတ်ကဲ့ သူ့အဖေက အလုပ်သွားတယ်၊ အမေကလည်း

သွားတယ်တဲ့"

မေ့ခေတ် အိမ်ကိုတန်းမပြန်ဘဲ ကြည်မွေ့တို့ သဲမာတို့နှင့်တစ်

သွားသည်ထင်သည်။ ဘာပဲဖြစ်ဖြစ် သူပို့နိုင်းသည့်အတိုင်း အဆေ

အောင်တော့ ပို့ပေးခဲ့ပြီးပြီ။

"ဆရာပြောသလို သူ့မိတ်ဆွေက ပို့နိုင်းတာဆိုပြီး ပေးခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်''

"အိုကေ ရပြီ ဦးမောင် တာဝန်ကျေပါတယ်''

သူ စေခိုင်းသည့်အတိုင်း ပို့ပေးနိုင်ခဲ့သည့်အတွက်တော့ ကျေနပ်
သည်။ မေ့ခေတ်ဇော် အိမ်ပြန်ရောက်လျှင် အံ့ဩသွားမည်လား မသေ
ချာသည့်တိုင် စိတ်တော့ ပြေလောက်ပါသည်။

တစ်ပိုင်းတည်းမှာ အတူလက်ထပ်ဆုံမစားဖြစ်ခဲ့ပေမယ့် သူ့ဘက်
တကူးတက အိမ်အထိပို့ပေးခဲ့သည်ပဲ။

ညနေဘယ်မှထွက်ချင်စိတ်မရှိတာကြောင့် သူ အိမ်မှာပဲနေလိုက်
သည်။

Sky net ဖွင့်ပြီး အားကစားသတင်းတွေ နားထောင်ကြည့်
တုန်းမှာ ဖုန်းကမြည်လာသည်။ သူ ကောက်ယူကြည့်လိုက်တော့ ရင်ထဲ
ထိတ်ခနဲ လှုပ်ခါသွား၏။

မြင်နေရသည့်ဖုန်းနံပါတ်က မေ့ခေတ်ရဲ့ဖုန်းနံပါတ်ဖြစ်နေ
မေ့ခေတ် ပြန်ရောက်ပြီလား။ သူ ပို့လိုက်သည့်အစားအသောက်
အတွက် ကျေးဇူးတင်ကြောင်း စကားပြောမှာမဟုတ်တာတော့ သေ
သည်။

မကျေမနပ်နှင့်ရန်တွေ့စကားတွေပဲ ပြောမှာ သူ သိနေသည်
တမင်မကိုင်ဘဲ ဖုန်းမြည်သံလေးကို အရသာခံနားထောင်နေလိုက်

ဖုန်းမကိုင်လို့ စိတ်ဆိုးနေမည့် မျက်နှာလေးကို တွေးမြင်
ပြုံးမိသေးသည်။





ဖုန်းကိုင်မည်ပြုတော့ ခေါ်သံကပျောက်သွားသည်။ သူ အိုက်
င်ခံလိုက်တာ များသွားပြီထင်၏။ နောက်ထပ် ဖုန်းထပ်ခေါ်သံကို
ကြားရတော့ချေ။

သူ ပြန်ခေါ်လိုက်ရမည်လား။ ဒါတော့ မဖြစ်သေးပါ။ ဒါဆိုလျှင်
ရှုံးနိမ့်သွားလိမ့်မည်။ ဖုန်းကိုအသာပြန်ချထားကာ တီဗွီမှာပဲ အာရုံ
ထားလိုက်သည်။

ဒါပေမဲ့ စိတ်က တီဗွီထဲမှာ အာရုံမရှိတော့ပါ။ ဖုန်းမြည်သံကို
အာရုံက ရောက်နေသည်။

မေ့ခေတ်ဇော်ကို ထပ်စိတ်ဆိုးအောင်လုပ်လိုက်သလို ဖြစ်နေ
သည်။ အနိုင်ယူဖို့ကြိုးစားမည့် သူ့စိတ်တွေ ဘာကြောင့် အလွယ်တကူ
ချင်နေရတာလဲ။

ဒါဆိုလျှင်တော့ မင်းခေတ်ကျော် ဆိုတဲ့ကောင်ဘဝမှာ ပထမဆုံး
ရှုံးနိမ့်တော့မှာသေချာသည်။ မေ့ခေတ်ဆီက အဆိပ်ပြင်းသော ကင်းခြေ
ချုပ်လေးဆိုတာကို ပြေးမြင်မိ၏။

ဒီလိုတော့ သူ အဖြစ်မခံနိုင်ပါ။ နာရီဝက်နီးပါးကြာမှ ဖုန်းက
မြည်လာ၏။

သူ ချက်ချင်းပဲ ကောက်ကိုင်လိုက်သည်။

"ခေတ် နင် အခုဘယ်မှာလဲ''

ကြားလိုက်ရတာ မေ့ခေတ် အသံမဟုတ်ပါဘဲ သိရှိအသံဖြစ်နေ
သည်။

www.burmeseclassic.com



"ငါလား အိမ်မှာလေ"

"ဟယ် ကြားသားမိုးကြိုး ငါက နင် ကျောင်းစာတို့နဲ့ အငြိ

ရောက်နေတယ်ထင်တာ"

"ဒီညနေ အပြင်ထွက်ချင်စိတ်မရှိတာနဲ့"

"ဘယ်ရှိမှာလဲ ကြည်နူးစိတ်တွေ တဖိတ်ဖိတ်ယိုကျနေ

မဟုတ်လား"

"ဘာလဲဟာင် နင် ဘာကိုဆိုလိုတာလဲ"

"လုပ်မနေနဲ့ အချိန်နဲ့တပြေးညီ သတင်းတွေက ငါ့ဆီရော

နေတာပါနော်"

"ဘာသတင်းတွေလဲ ပြောပါဦး"

သူ မသိသလို တမင်မေးလိုက်သည်။ သီရိကလည်း သူ့

မေးခွန်းပြန်ထုတ်လာ၏။

"နင် ဒီမနက် ဘယ်သွားလဲ"

"ရန်ကင်းဘက်က စင်တာတစ်ခုကိုပါ"

"အဲဒီမှာ ဘယ်သူတွေနဲ့ တွေ့ခဲ့သလဲ"

"ဩော် သိပြီ သိပြီ ခေတ်နဲ့ဆုံတာ နင် ကြားပြီးပြီပေါ့လေ"

"ဆိုင်တစ်ဆိုင်မှာ ညွှန့်ခံကျွေးမွေးပြီး ချစ်ရေးတောင်ဆိုသ

လိုက်သေးတယ်ပေါ့"

မိသီရိ ဒီလောက်တောင် သိနေပုံထောက်လျှင် အတွင်းလူ

ဖြစ်နိုင်သည်။ အာရုံထဲ ပြေးမြင်လာတာ သဲမာ။





"နင့်ကို သဲမာ ပြောတာမဟုတ်လား"

"ကြည့်မွှေ့ပါ"

"ဟား ချက်ချင်းကို သတင်းပြန့်သွားပါလား"

"နင် တော်တော်သွက်ပါလားဟင် ခေတ်၊ ဒါပေမဲ့ ငါ တစ်ခု

ချင်တယ်၊ မေ့ခေတ်ဇော်အကြောင်း နင် ဘယ်လောက်သိထားသလဲ"

"အင်း နင်သိတာထက် နည်းနည်းပိုမယ်ထင်တယ်"

"ငါတို့က မိန်းကလေးချင်းဟဲ့ နင့်ထက်ပိုတယ်"

"ပြောပါဦး"

သူ တစ်ယောက်တည်း ကြိတ်ပြောရင်း သီရိကို စကားထောက်

လိုက်သည်။

"ချောတယ် လှတယ် ပြီးတော့ အသည်းစားဘုရင်မ"

သီရိ စကားကြောင့် သူ သဘောကျစွာ အသံထွက်ရယ်မော

လိုက်မိသည်။

"ဟား ဟား ကောင်းတာပေါ့၊ သူ စားချင်တယ်ဆို ငါက

ဖို့အဆင်သင့် စားပစေ စားပစေ"

"ခေတ်"

သီရိ အသံက မာဆတ်ဆတ်မို့ သူ အရယ်ရပ်ကာ နားထောင်

ပါသည်။

"နင် ကောင်မလေးတွေအပေါ် အနိုင်ကျင့်ခဲ့သလောက် သူ့

အသည်းကွဲမှာနော်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပြီးပြီပဲဟာ၊ စားပဲစားစား ကွဲပဲကွဲကွဲ ငါ ဂရုမစိုက်ပါဘူးဆို"

"ခေတ် ငါ့ အကောင်းပြောနေတာနော်"

"ဟ ငါလည်း အကောင်းပြောနေတာပဲ"

"တော်ပြီ ခေတ် နင့်ဘာသာ ဘာပဲဖြစ်ဖြစ် ငါ မပြောတော့ဘူး"

သီရိ ဒေါသမထွက်စဖူး ဒေါသတွေထွက်ကာ ဖုန်းပိတ်သွားတော့ သူ ပြုံးမိပါသည်။ သူ ရည်းစားတစ်ယောက်ထားတိုင်း သတိပေးတတ် တားတတ်တာ သီရိ အကျင့်ပဲဖြစ်သည်။

မေ့ခေတ်ကိစ္စကိုတော့ သီရိ စိုးရိမ်နေပုံရသည်။ မေ့ခေတ်ဖော် ဆိုတာ အသည်းခွဲစကော်ပီယံတရင်မဟု သီရိ သိထားကြားထားပုံရှိသည်

သူ တွေးနေတုန်းမှာ ဖုန်းက ထပ်မြည်လာ၏။ သီရိ ပြန်ခေါ် တာလားဟု ကြည့်လိုက်တော့ မဟုတ်။ မေ့ခေတ်ဖော်ဆီက ဖြစ်သည်

"ဟဲလို"

"မင်းခေတ်ကျော် ရှင် ဘာလို့ ဖုန်းမကိုင်တာလဲ"

"ကိုယ် ရေချိုးခန်းဝင်နေလို့ ထင်တယ်"

သူ ညာလိုက်တာကို မေ့ခေတ် မသိနိုင်တော့ ပြဿနာမရှိ

"ယူ ဘယ်လိုလုပ်လိုက်တာလဲ"

"ဘာကိုပြောတာလဲ ခေတ်"

"အိမ်ကို ရှင်ပို့လိုက်တဲ့ ဟင်းတွေကိုပြောနေတာ"





"ခေတ်ကို ကျွေးဖို့မှာထားတာတွေပဲ၊ ဆိုင်မှာမစားရင် အိမ်မှာ စားလို့ရအောင်ပါ"

"အိမ်က လူကြီးတွေ သိကုန်ရင် ဘယ်လိုလုပ်မလဲ"

"ကိုယ် လူကြီးစုံရာနဲ့ လာတောင်းမှာပေါ့"

"ယူနော် ပြောပြန်ပြီ"

"တကယ်ပါ ကိုယ် ခေတ်ကိုချစ်တယ်"

"မင်းခေတ်ကျော်"

"ဟာ မောင်လို့ မခေါ်သေးတောင် ယူ လောက်ဆို အခေါ်ပြေပါတယ်"

"ရှင့်လုပ်ပုံက အကုန်သိကုန်ပြီ"

"ကောင်းတာပေါ့ ကြော်ငြာခမလိုဘူး"

"ကျွတ်"

စိတ်ရှုပ်ထွေးသလို စုတ်သပ်လိုက်သံကိုကြားတော့ သူ ပြုံးမိသေးသည်။ သေချာတာက မေ့ခေတ် ဒေါသလေးတွေ အရှိန်လျော့နေပြီ။

"ခေတ်ကို တို့တကယ်ချစ်တာပါ၊ တခြားကိစ္စတွေ ခေါင်းထဲ ထည့်ပါနဲ့၊ ဒီလိုလုပ်ရအောင်၊ တို့နှစ်ယောက် တစ်လလောက် အစမ်း တွဲကြည့်မယ်လေ၊ မိတ်ဆွေတွေအဖြစ်ပေါ့ မကောင်းဘူးလား ခေတ်"

"ယူ တို့ကို ဘယ်လိုကောင်မလေးမျိုး ထင်နေသလဲ"

"အရမ်းလှတဲ့ ကောင်မလေးလို့မြင်တယ်"

"အပိုတွေ ပြောမနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တို့ကို အထင်မလွဲနဲ့ ခေတ်ရယ်၊ တို့အကြံက သိပ်ကောင်းတဲ့ အိုင်ဒီယာနော်၊ လက်ခံလိုက်စမ်းပါ၊ ပျော်စရာလည်းကောင်းမှာ သေချာတယ်"

"သေလိုက်"

"သေလို့မဖြစ်သေးဘူး ခေတ်ကို ချစ်ရဦးမှာ"

"တော်ပြီ တော်ပြီ"

"မတော်ပါနဲ့ အခုမှ စကားပြောလို့ကောင်းနေတုန်း"

မေ့ခေတ် စကားသံတွေ တိတ်သွားပေမယ့် ဖုန်းမချသေးတာတော့ သူ သိပါသည်၊ သူ့ဘက်ကလည်း တိတ်ဆိတ်နေလိုက်၏။ စက္ကန့်အတော်ကြာမှ

"ယူ"

"ကိုယ် နားထောင်နေတယ် ခေတ်"

"တစ်ခု စဉ်းစားမိလို့ပါ"

"ပြောလေ ခေတ်"

"ယူ့ရဲ့အိုင်ဒီယာကို တို့ လက်ခံလိုက်မယ်"

"ဟား ဝမ်းသာကြိုဆိုပါတယ် ခေတ်၊ အဲ တစ်ခုတော့ရှိတယ်နော်၊ အပျော်တွဲတဲ့ချစ်သူတွေ ဘာစည်းကမ်း ညာစည်းကမ်းဆိုတာတွေ ဘယ်သူ့ဘက်ကမှ မရှိကြေး၊ free tye ပဲကောင်းတယ်"

"အတိုင်းထက်အလွန် မဟုတ်ရင် ပြီးတာပဲ"

"စိတ်ချပါ ကိုယ့်ဘက်က သိက္ခာနဲ့ပတ်သက်လာရင် နည်းနည်း





လေးတောင် အပွန်းအပဲ့ခံနိုင်တာ မဟုတ်ဘူး"

"အံမယ် ယူကများ ပြောရတယ်ရှိသေး"

"ကိုယ့်သိက္ခာကို မှတ်ကျောက်တင်ခံနိုင်ကြောင်း ပြောတာပါ"

"ကိုင်း ဒါဆိုလည်း ပြီးပြီ ဒါပဲမဟုတ်လား"

မေ့ခေတ် ဖုန်းမချခင် သူ လှမ်းတားလိုက်၏။

"ဟေ့ နေဦး နေဦး ဒီလိုနဲ့ ဘယ်ပြီးလို့ရမှာလဲ၊ ချစ်သူတွေဆိုတော့ ချစ်စကားနုနုလှလှလေးတွေ ပြောဖို့ လိုဦးမှာပေါ့"

"ဘာဆိုင်လို့လဲ တွဲမယ်ပဲပြောတာ ချစ်တယ်လို့ ဘယ်သူက ပြောလို့လဲ"

"အဲဒီလိုလား"

"ယူ စကားကို ရှင်းရှင်းလင်းလင်း နားလည်ထားပါ"

"ကောင်းပါပြီဗျာ ဘယ်လိုပဲဖြစ်ဖြစ် ပျော်စရာလေးတွေ ဖန်တီးပေးတဲ့ခေတ်ကို ကိုယ် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်"

သူ့စကားဆုံးသည်နှင့် မေ့ခေတ်ဘက်က ဖုန်းကိုပိတ်သွားသည်။

"ဟာကွာ"

မကျေမနပ်စိတ်နှင့် ချက်ချင်း ပြန်ခေါ်ဖို့ ကြံလိုက်မိသေး၏။ ခါသေမှ စိတ်ကို လျှော့ချလိုက်သည်။

မေ့ခေတ်ကို တခြားသူတွေလို သူ ပြုမူဆက်ဆံလို့မရတာ သေချာသည်။ ဘာပဲဖြစ်ဖြစ် အခုလို ခေတ်နှင့်တွဲခွင့်ရတာကပဲ သူ့အတွက် ပျော်စရာကောင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီခံစားချက်က ဘယ်သူနှင့်မှမတူသော ခံစားချက်ဆိုတာ သူကိုယ်တိုင်ပဲသိသည်။

ခေတ်နှင့်အတူ ဆုံရမည့်နေ့ရက်များသည် ပျော်စရာကောင်းသည့်နေ့တွေပဲဖြစ်မည်။ တစ်ခုတော့ရှိသည်။

မေ့ခေတ်သာ မာယာတွေ ဖုံးပေါလာအော မသုံးဘူးဆိုလျှင်ပေါ့။

■ ■ ■

## အခန်း (၁၃)

ကြည်မွေ့ ကားကိုပေါ်တီကိုအောက်မှာ ထိုးရပ်လိုက်သည်။ ခမ်းနားထည်ဝါလှသော ခြံကြီးနှင့် တိုက်ကြီးက ခေတ်တို့၏ကြွယ်ဝချမ်းသာမှုကို သိနိုင်သည်။

သူငယ်ချင်းတွေထဲမှာ ခေတ်တို့က အချမ်းသာဆုံးဖြစ်သည်။ ဒုံးထပ်တိုက်အိမ်ကြီး၏ဒီဇိုင်းကိုတောင် စင်ကာပူဗိသုကာပညာရှင်ကြီးကို ဆွဲခိုင်းကာ ဆောက်ခဲ့ခြင်းဖြစ်၏။

"ဟော သမီး ကြည်မွေ့ စောစောစီးစီးပါလား"

ညှော်ခန်းထဲကို လှမ်းဝင်သည်နှင့် ခေတ် မေမေက နှုတ်ဆက်သည်။ ကြည်မွေ့ ပြုံးပြရင်း

"မစောတော့ပါဘူး အန်တီရဲ့၊ ဆယ်နာရီတောင် ထိုးမိန်းနေပြီ



www.burmeseclassic.com

www.burmeseclassic.com



"အေး သမီးတို့သူငယ်ချင်း ခေတ်က ကျောင်းပိတ်ရက်ဆို သွားစရာမရှိလို့က ကာလနဂါးအရှုံးပေးအောင် အိပ်တာကွဲ့"

"ထင်တယ် ဒါကြောင့် သမီးဖုန်းခေါ်တာ ခေါ်လို့မရတာဖြစ်မယ် အန်တီ"

"သမီးကြည်မွေ့ တစ်ယောက်တည်းလား"

"ဟုတ်ကဲ့ အန်ကယ်"

ညှော်ခန်းထဲထွက်လာသော ခေတ် ဒယ်ဒီကိုလည်း ကြည်မွေ့ နှုတ်ဆက်လိုက်ရသည်။ ဒီနေ့ နားရက်မို့ ခေတ် ဒယ်ဒီအလုပ်မသွားဘူး ထင်၏။

"သမီးလေးဆီ လာတာလား၊ ဒါဆိုရင် အိပ်ခန်းထဲမှာပဲ ရှိဦးမယ်ထင်တယ်၊ တန်းတက်သွားလိုက် သမီးရေ"

"ဟုတ်"

ခေတ် အိပ်ခန်းရှိသည့် ဒုတိယထပ်ကို ကြည်မွေ့ တက်ခဲ့လိုက်သည်။ ခေတ်တို့အိမ်က ကြည်မွေ့ သဲမာ ချမ်းငြိမ်းတို့အတွက် တံခါးမရှိ ဓားမရှိ ဝင်ထွက်ရာအိမ်ပဲဖြစ်သည်။

ခေတ်ဒယ်ဒီက ယောက်ျားလေးသူငယ်ချင်းဆိုပေမယ့် ချမ်းငြိမ်းကို သဘောတွေ့ပုံရသည်။ ခေတ်နှင့်လည်း ချမ်းငြိမ်းက ဟိုးအရင်က အိမ်နီးနားချင်းတွေဖြစ်၏။

ချမ်းငြိမ်းနှင့် အန်ကယ်ဆုံလျှင် နှစ်ယောက်စစ်တုရင် ကစားကြသည်။ ထိုမှအထိတောင် တစ်ယောက်နှင့်တစ်ယောက် ခင်မင်ကြသ





ဖြစ်သည်။

ခေတ် အခန်းရှေ့ရောက်တော့ တံခါးကပွင့်နေသည်။ ကြည်မွေ့ အသံမပေးဘဲ ချောင်းကြည့်တော့ ခေတ် ခုတင်ပေါ်မှာ မရှိပါ။ မှန်ပြတင်းတံခါးဖွင့်ကာ ခေတ် ကျောပေးရပ်နေသည်။

ညဝတ်ဂါဝန်ရှည်ကြီးနှင့် မျက်နှာမသစ် ဘာမသစ် ဘာတွေများ အတွေးနယ်ချဲ့နေသည်မသိပါ။

ကြည်မွေ့ ခြေသံဖွဖွနင်းလျက် ခေတ်အနားသို့ တိုးကပ်ခဲ့လိုက်သည်။ ခေတ် လက်ထဲမှာ ဟန်းဖုန်းကိုတွေ့လိုက်၏။ ဘယ်သူ့ဆီကိုများ ဖုန်းဆက်ဖို့ကြံနေတာလဲမသိ။

"ဟိတ်"

"အမေ့"

အနားရောက်မှ အသံပေးပြီး ပခုံးလေကို ပုတ်လိုက်တာမို့ ခေတ် တကယ်ပဲ လန့်သွားပုံရ၏။

"ဆောရီး ဆောရီး လန့်သွားသလား"

"ကြည်မွေ့ရယ် တကယ်လန့်သွားတာပဲ"

"မိန်းမ မှန်မှန်ပြောစမ်း၊ ဘာတွေ အတွေးလွန်နေလို့ ဒီလောက်လန့်သွားတာလဲ"

"ဘာမှမတွေးပါဘူးဟာ၊ ကဲ ခဏစောင့်ဦး၊ ငါ ရေချိုးခန်းဝင်လိုက်ဦးမယ်"

"မျက်နှာသစ်ရုံလား ရေချိုးမှာလား"



www.burmeseclassic.com

www.burmeseclassic.com



ခေတ် ရေချိုးလျှင် အနည်းဆုံး နာရီဝက်လောက်ကြာတတ်တာမို့ ကြည်မွေ့ မေးလိုက်၏။

"မျက်နှာသစ်ရုံပါဟာ ခဏလေး"

ပြောရင်း ဟန်းဖုန်းကို စာကြည့်စားပွဲလေးပေါ်တင်ကာ ခေတ် ထွက်သွားခဲ့သည်။ ကြည်မွေ့ အခန်းထဲကပဲ စောင့်နေလိုက်၏။

ခေတ်ရဲ့အခန်းလေးက လှလှပပလေး ခြယ်မှုန်းထားသည်။ ပန်းနုရောင် အခြယ်အသတွေနှင့် ကျွန်းဗီရိုကြီးတွေက နံရံနှင့်ကပ်လျက် နှစ်ခုတောင်ရှိသည်။

ဗီရိုထဲမှာ ခေတ်ရဲ့အဝတ်အစားတွေ မရေမတွက်နိုင်အောင် များပြားတာ ကြည်မွေ့ သိသည်။

အလှပြင်မှန်တင်ခုံနှင့် ကိုယ်လုံးပေါ်မှန်ချပ်ရှည်က သုံးချပ်တောင်ဖြစ်၏။ အလှပြင်ပစ္စည်းတွေကလည်း စုံလင်ပြည့်စုံ၏။ ပစ္စည်းအသစ်အဆန်းပေါ်သည်နှင့် ခေတ်တို့က ပြေးဝယ်ပြီးသားဖြစ်၏။ အားလုံးသောပစ္စည်းတွေက တောင်ပုံယာပုံလိုရှိနေသည်။

စတီးသေတ္တာနှင့်ထည့်ထားသော နားကပ်၊ နားဆွဲ၊ လည်ဆွဲ လက်ကောက် ဖန်စီပစ္စည်းတွေကလည်း မရိုးနိုင်အောင်ပါပဲ။

မိန်းမသားချင်းမို့ အားကျတာတော့ အမှန်ပင်ဖြစ်သည်။ အမှန်ဝန်ခံရလျှင် ခေတ် ခြေဖျားလောက်တောင် ကြည်မွေ့ကော သဲမာပ် မသုံးနိုင်ကြပါ။ မေ့ခေတ်ဖော်ရဲ့ဘဝရှင်သန်မှုကတော့ သိပ်ကိုကံကောင်းလွန်းပါသည်။





ကြည်မွေ့တစ်ယောက်တည်း တွေးနေတုန်းမှာ ဖုန်းမြည်သံလေးကြားသည်။ ကိုယ့်ဖုန်းမဟုတ်ဘဲ စားပွဲပေါ်တင်ထားခဲ့သည့် ခေတ်ဖုန်းလေးက အသံဖြစ်၏။

လှမ်းယူကြည့်လိုက်တော့ မြင်လိုက်ရသော ဖုန်းနံပါတ်ကို မှတ်မိသည်။ ဒါ မင်းခေတ်ကျော်၏ဖုန်းနံပါတ်။

ဖုန်းခလုတ်လေးကိုဖွင့် နားနားကပ်ကာ ကြည်မွေ့အသံတိုးတိုးဖြင့်

"ဟဲလို"

"ချစ်လေး လား"

ကြည်မွေ့ မျက်လုံးပြူးသွားသည်။ ခေတ်တို့က ဒီလောက်အထိတောင် အခြေအနေရောက်နေပြီလား။ မင်းခေတ်ရဲ့ပိုင်စိုးပိုင်နင်းခေါ်သံကြောင့် အံ့ဩနေခိုက်

"အိပ်ရာက မထသေးဘူးလား၊ အရမ်းအိပ်ပုပ်ကြီးတယ်ကွာ၊ အိပ်ပုပ်ကြီးရင် မှတ်ဉာဏ်မြန်မြန်မေ့တတ်တယ်ကွ၊ ခန္ဓာကိုယ်ကလည်း ဆတ်ပေါက်၊ ဆင်ပေါက်လောက် ဖြစ်တတ်သတဲ့၊ မျက်နှာလေးကလှပြီး ခန္ဓာကိုယ်ဝဖိုင့်နေရင် မမိုက်ဘူး ဟား ဟား ဟား"

ခေတ် ဖုန်းကိုင်ထားသည်ထင်ကာ မင်းခေတ်ကျော် နောက်ပြောင်ရယ်မောနေသည်။ ကြည်မွေ့မှာတော့ ဆက်နားထောင်ရမည်လား ဖုန်းပိတ်လိုက်ရမည်လား ဝေခွဲမရ။

"ဟော့ ခေတ် ငြိမ်လှချည်လား"



www.burmeseclassic.com

www.burmeseclassic.com



ကြည်မွှေ့ ဘယ်လိုပြန်ဖြေရမည်မသိတာကြောင့် နှုတ်ဆိတ်ထားမိသည်။

"ဘာလဲ တို့ အခုမှဖုန်းဆက်လို့ စိတ်ဆိုးနေတာလား။ ဗြော ခေတ်ကို တစ်ခုတော့ တောင်းဆိုချင်တယ်၊ လူကြားထဲမှာ မဟုတ်ဘဲ နှစ်ယောက်တည်းဆိုရင် ကိုယ့်ကို မောင်လို့ခေါ်ရမယ်"

ဘုရားရေ ခေတ်နှစ်ခေတ် အခြေအနေက ဒီလောက်အထိ အဆင့်ရောက်ကုန်ပြီလား။ ဘာတွေလဲ၊ အခြေအနေတွေက ဒီလောက် အထိတောင် မြန်ဆန်ကုန်သလား။

"နေဦး ချစ်လေး"

ကြည်မွှေ့ ဘာမှမပြောရဲဘဲ ဖုန်းကိုပိတ်ပစ်လိုက်မိသည်။ မင်း ခေတ်ကျော်တော့ အူလည်လည်ဖြစ်သွားမည်ထင်၏။

ချက်ချင်း ဖုန်းကိုပြန်မခေါ်တာပဲ တော်သေးသည်။ ခဏကြာ တော့ ခေတ် အခန်းထဲဝင်လာသည်။

ကြည်မွှေ့ ဘာမှမပြောသေးဘဲ ခေတ် အဝတ်အစားလဲနေတာ ကို စောင့်ကြည့်မိ၏။

မျက်နှာဝင်းမွတ်မွတ်လေးက ဘာမှမပြင်ဆင်ထားဘဲနှင့်တောင် လှပသည်။ ခေတ် အသားအရည် နုညက်ဝင်းညက်နေတာကလည်း အလှတစ်ပါးဟု ဆိုလောက်၏။

ဘာအဝတ်အစား ဘာအရောင်နှင့်ပဲဖြစ်ဖြစ် ခေတ်ရဲ့အလှ ထင်ပေါ်လွှမ်းတာ အားကျစရာကောင်းပါသည်။ ဒါကြောင့်လည်း မင်း





တ် မြင်ရုံနှင့် ကြွေသွားခဲ့တာပဲဖြစ်မည်။

"ခေတ် နင်နဲ့မင်းခေတ် အခြေအနေ ဘယ်လိုလဲ"

ရုတ်တရက် ကြည်မွှေ့မေးတော့ ပန်းဆီရောင် ဘလောက်စ် ကီလေးကို ဝတ်နေသော ခေတ် မျက်မှောင်လေးကုပ်လှည့်ကြည့်ရင်း

"ဘာလဲဟ ရုတ်တရက်ကြီး"

"သိချင်လို့ပေါ့ ခေတ်ရဲ့"

"ဒီလိုပါပဲ"

ခေတ် စိတ်မဝင်စားသလို ပေါ့ပေါ့လေး ဖြေတာကို ကြည်မွှေ့ ကျေနပ်နိုင်ပါ။

"ဘာဒီလိုပါပဲလဲ နင်တို့ချစ်သူတွေဖြစ်သွားကြပြီမို့လား"

"ဟယ် စွပ်စွပ်စွဲစွဲ ကြည်မွှေ့ရယ်"

"ခေတ် နင် ငါတို့ကို အမြဲတမ်း ပွင့်ပွင့်လင်းလင်း အမှန်ပြော လောက် ဒီတစ်ခါတော့ ညာတယ်"

"ဘာရယ်"

"ဟုတ်တယ် နင် ညာတယ်၊ စောစောကလေးတင် မင်းခေတ် ဆက်တယ်"

"ဟင်"

ခေတ် မျက်ဝန်းလေးဝိုင်းစက်ကာ ကြည်မွှေ့ကိုလှမ်းကြည့်

"သူက နင် ကိုင်တယ်ပဲထင်နေတာ ငါမှန်းမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကြည်မွှေ့ အားလုံးကို ပြောပြလိုက်တော့ ခေတ် ခေါင်းကလေး ညိတ်နားထောင်နေ၏။

"နှစ်ယောက်တည်းဆိုရင် မောင်လို့ခေါ်ပါ ဘာညာနဲ့၊ နှင့်ခေါ်တာတောင် ချစ်လေး တဲ့"

"အဟင်း ဟင်း ငါထင်ပြီး နှင့်ကိုပြောနေတာလား အဟင်း ဟင်း ရယ်စရာကောင်းလိုက်တာ"

ခေတ် ပြောရင်း သဘောကျသလို ဟားတိုက်ရယ်နေတော့ ကြည်မွှေ့ မျက်ခုံးတွန့်ကြည့်ရင်း

"ဒါနဲ့တောင် နှင်က ချစ်သူတွေမဟုတ်ဘူးဆို၊ ဟိုက အပြီး ပြောနေတာ"

"တွဲကြတာနဲ့ ချစ်သူဖြစ်စရာလား ကြည်မွှေ့ရယ်"

"ဘာပဲဖြစ်ဖြစ် ဒီအခြေအနေကို ချစ်သူလို့သတ်မှတ်ရမှာ ရင်ထဲမှာရှိတာ မရှိတာတွေ အသာထား"

"အင်းလေ အဲဒီလို နှင်သတ်မှတ်ချင်လည်း သတ်မှတ် ဒါပေမဲ့ ငါ့အတွက်တော့ မဆန်းပါဘူး"

"နှင် ဘာလို့ မင်းခေတ်ကို နွယ်သွားတာလဲ ဟင် ခေတ်"

"သူ့ကိုအသည်းခွဲချင်လို့"

"ဘာရယ် ဟား ဟား ဟား"

ဒီတစ်ခါတော့ ကြည်မွှေ့ ဝါးလုံးကွဲရယ်ချပစ်လိုက်သည်။ ခေတ်က ဘုဆတ်ဆတ်လေးကြည့်ရင်း





"နှင် ရူးသွားပြီလား ကြည်မွှေ့"

"ငါ မရူးဘူး ရူးတာက နှင်"

"ဘာလဲ နှင်က ငါ့ကိုအထင်သေးတဲ့သဘောလား"

ကြည်မွှေ့ လက်ကာပြရင်း ခေတ်ကို ရူးရူးစိုက်စိုက်လေး ပြန်ကြည့် မျက်နှာတည်သွား၏။

"နှင့်ကိုတစ်ခုမေးမယ် ခေတ်၊ နှင် မင်းခေတ်ကျော် အကြောင်း ယ်လောက်သိသလဲ"

ခေတ်က ဆံပင်တွေကို ဘီးလေးနှင့် ညင်သာဖွဖွ ဖြီးသင်ရင်း

"နှင်သိသလောက် ပြောပါဦး ကြည်မွှေ့"

"သူက သိပ်ချမ်းသာတယ်၊ တစ်ဦးတည်းသော သား"

"ငါလည်း တစ်ဦးတည်းသောသမီးပဲ၊ အင်း နာမည်တူတာရှင်း ကြည့်"

"သူက မိန်းကလေးတွေ ထည်လဲတွဲတာ"

"ဘာဆန်းလဲ သူကယောက်ျားလေး ချောတယ် ချမ်းသာတယ်"

"အေး အဲဒီကိစ္စမှာပဲ နှင်နဲ့တူသလို နောက်ထပ်တူတာမျိုး တာပဲ၊ သူ မိန်းကလေးတစ်ယောက်ကို အဆက်ဖြတ်တော့မယ်ဆို င်းဆီပန်းလေးတစ်ပွင့် အမြဲပေးတတ်တယ်တဲ့"

"ထူးထူးဆန်းဆန်း ငါနဲ့အိုင်ဒီယာအတူတူပါလား"

ခေတ် စကားတွေက ဘာကိုမှ အလေးမထားသလို ပေါ့ရှ တွေပဲ ဖြစ်နေတာမို့



www.burmeseclassic.com

www.burmeseclassic.com



"ခေတ် ငါ ပြောတာတွေကို နှင် မယုံလို့လား၊ ငါ ညာ
တယ်လို့ ထင်နေလို့လား"

"မထင်ပါဘူး၊ နှင် မဟုတ်တာမပြောဘူးဆိုတာ ငါ ယုံပြီး
ပဲဟာ"

"ခေတ် နှင် သတိထားနော်၊ မင်းခေတ်ကြောင့် နှင် ဝဋ်
မယ်"

"ကြည်မွှေ့ နှင့်စကားက ရယ်စရာပျက်လုံးတစ်ခုပဲ"

ခေတ် ဘာကိုမှ ဂရုမစိုက်သလို ပေါ့ပေါ့ပါးပါးလေး ပြော
သည်။ ပြုံးရိပ်သမ်းနေသော ခေတ် မျက်နှာလေးက ခန့်မှန်းရခက်

"နှင် ဘယ်လိုမှ မခံစားရဘူးလား ခေတ်"

ကြည်မွှေ့၏ဒီစကားကတော့ ခေတ်ရင်ထဲကို ထိပါသည်။
မိန်းကလေးမဆို ကိုယ့်ကိုချစ်ခွင့်ပန်လာသော ယောကျ်ားလေးက
ဦးဆုံး ဖြစ်ချင်တာပဲမဟုတ်လား။

ကိုယ့်ကိုပဲ အရမ်းချစ်စေချင်၊ ဂရုစိုက်စေချင်သည့်ပေါ့။
တော့ မင်းခေတ်ကျော်ဆိုသော သူကလည်း ကိုယ့်လိုပဲ ဒွေ့ မာန
သူ။ မိန်းကလေးတွေ၏အသည်းကို ကစားနေတဲ့သူလား။

တို့ ဘာလုပ်ရမလဲ မင်းခေတ်။ တကယ်ဆို မပတ်သက်
မနွယ်သင့်တဲ့သူမှန်း သိရက်နဲ့ တို့ မိုက်မဲစွာ တိုးဝင်နေချင်တာ။
ကြောင့်လား။

"ခေတ် ငါ မေးတာ ဖြေဦးလေ"





"ဟင် နှင် ဘာမေးတာလဲ"

"မင်းခေတ်ကြောင့် နှင် ဘယ်လိုမှ မခံစားရဘူးလား မေး
နေတာ"

အမှန်အတိုင်း ကြည်မွှေ့ကိုလည်း မဖြေချင်ပါ။ မေ့ခေတ်ဖော်
ညည်းမျဉ်းစည်းကမ်းကိုတော့ ထိန်းသိမ်းရမှာပဲဖြစ်သည်။

"ကြည်မွှေ့ရယ် တို့ရဲ့ရာဇဝင်မှာ တို့ကသာ ယောကျ်ားတွေရဲ့
သည်းကိုခွဲခဲ့တာပါ၊ တို့ကိုခွဲလို့ ရမတဲ့လား"

"အမြဲတမ်း နှင် နိုင်မလား ခေတ်ရယ်၊ နှင့်အလှည့်ကြုံရနိုင်
ာ ထည့်စဉ်းစားဦး"

"စိတ်ချ ငါ ဘယ်တော့မှ မရှုံးနိမ့်စေရဘူး"

"ငါက နှင့်အတွက်စိုးရိမ်လို့ပါ"

ခေတ် ပြုံးပြုံးလေး ခေါင်းခါလိုက်မိသေးသည်။ မျက်ဝန်းထဲမှာ
ပေးလာမည့် နှင်းဆီပွင့်လေးကို မြင်ယောင်လာတော့ အသည်းက
တ်ခနဲ ဖြစ်သွားသည်။

မင်းခေတ် ရည်ရွယ်ချက်က ဘာလဲ။ မေ့ခေတ်လိုပဲ အချစ်ကို
စားဖို့အမြဲတွေးနေသူလား။

ဒါဆိုလျှင်တော့ ဒီပွဲမှာ မေ့ခေတ် မရှုမလှ ရှုံးနိမ့်တော့မည်
ပါသည်။

စားပွဲပေါ်က ဖုန်းလေးကိုလှမ်းယူကာ မေ့ခေတ် ဖွင့်ကြည့်တော့
ဆော့ချ်ပို့ထားတာ တွေ့ရသည်။

www.burmeseclassic.com



"ခေတ် ဘာဖြစ်နေတာလဲ"

မေ့ခေတ် ပြုံးတော့ ကြည်မွေ့ကပါ လာကြည့်သည်။

"ဖုန်းကိုင်တာ နင်မှန်းမသိဘူး၊ အဲဒါကောင်းတယ်"

"ဘာကောင်းတာလဲ နင်လို့ထင်နေတာ"

"အေးလေ နင် ဘာမှမပြောလိုက်တော့ ငါ့ဘက်က အထာကို သူ သိသွားတာပေါ့"

"အထာ ဘာအထာလဲ ခေတ်ရဲ့"

"မေ့ခေတ်ဖော်ဆိုတာ ခေါင်းမာတတ်တဲ့မိန်းကလေးလို့ သူ ထင်သွားတာပေါ့ ကဲ လာဟာ ဗိုက်ဆာပြီ တစ်ခုခုစားကြရအောင်"

စားသောက်ခန်းထဲရောက်တော့ ရှမ်းခေါက်ဆွဲတွေစီစဉ်ထား တာမို့ ကြည်မွေ့ အကြိုက်ဖြစ်သွားသည်။ ခေတ်နှင့်အတူ ထိုင်စားနေ တုန်းမှာ ဖုန်းကမြည်လာ၏။

"မင်းခေတ်ဆီက"

ခေတ်ကပြောရင်း စားပွဲပေါ်ချထားသော ဖုန်းလေးကိုကောက် ကိုင်သည်။ ကြည်မွေ့ စားနေရင်း စိတ်ဝင်တစား ကြည့်နေတာမို့ ခေတ် က တမင်စပီကာကို ဖွင့်ပြောလိုက်၏။

"ပြော"

"စောစောက ခေတ် ဘာပြောနေတာလဲ"

"ဆေးမစားရသေးလို့"

မင်းခေတ် ရယ်သံလွင်လွင်လေးကို အတိုင်းသားကြားနေ





သည်။

"ဖြစ်ရမယ် အခုရော"

"မဖြစ်စလောက်လေးတော့ စားထားတယ်"

"ချစ်တယ် ခေတ်ရယ်"

"ယူ့မှာ တခြားပြောစရာစကား မရှိတော့ဘူးလား"

"အရမ်းချစ်တယ်"

"လုပ်ပြန်ပြီ"

"ခေတ်ကို သိပ်ချစ်တယ်"

"ဘတ္တရီကုန်ခါနီးနေပြီနော်"

"တွေ့ချင်တယ် ခေတ်ရာ"

မင်းခေတ်ဘက်က တောင်းဆိုလာသောစကားအတွက် မေ့ ခေတ် သိပ်ကျေနပ်သွားပါသည်။ သို့သော်

"တို့ ဒီနေ့မအားဘူး၊ တစ်နေ့ကုန် အခွေထိုင်ကြည့်ဖို့ စီစဉ် ပြီ"

"ဟင် ဘာကားမို့လဲ"

"ဒါရိုက်တာရင်ရဲ့ဇာတ်လမ်းတွဲ"

"ကိုယ်က အဲဒီကိုရီးယားမင်းသားထက်ချောပါတယ်၊ ကိုယ့်ကို ကြည့်ပါလား"

"ခစ် ခစ် ခစ်"

"ဘာရယ်တာလဲ ဒါမှမဟုတ် ကိုယ့်နာမည်ကို ခေါ်ရဲလား"



www.burmeseclassic.com

www.burmeseclassic.com



"သဘောကျလို့ပါ တို့က ဟာသကားပဲကြိုက်တာ၊ ယူ့မျက်
တည်တည်ကြီးကြည့်ပြီး ရယ်စရာကောင်းမှာမဟုတ်ဘူး"

"အဲဒီအတွက် မပူနဲ့၊ ဖိုးပါကြီးလို ချာလီချက်ပလင်လို တည်
တည်ကြီးနဲ့ အူတက်အောင် သရုပ်ဆောင်ပြနိုင်တယ်"

"ယူ တော်တော် အပြောကောင်းတယ်နော်၊ ယူ့အကြောင်းတွေ
တို့ သိထားတယ်"

"ဟုတ်လား သိပ်ချစ်စရာကောင်းတဲ့သူဆိုတာလား"

"အဲဒါ မပါဘူး"

"ဒါဆို သဘောမနောကောင်းကောင်းနဲ့ ရုပ်ချောချောကော
လေးဆိုတာလား"

"ဝေးသေးတယ်"

"ခေတ်ရယ် မနောက်နဲ့တော့၊ အတည်ပြောရအောင် ကိုယ်
အရမ်းတွေ့ချင်နေတယ်"

"ခေတ် ပြောပြီးပြီလေ၊ တကယ် ဒီနေ့ မအားဘူး၊ နောင်
တစ်ပတ်လောက်ဆိုရင်တော့ ဖြစ်နိုင်မယ်"

"ဘယ်နေ့လဲ ဘယ်အချိန်လဲ"

"နောက်မှ ဖုန်းပြန်ဆက်မယ်လေ၊ ကဲ ဒါပဲနော်၊ ဒီမှာ မနက်
စာရင်းတန်းလန်းကြီးမို့"

ပြောပြီးသည်နှင့် မေ့ခေတ် ဖုန်းကိုပိတ်ပစ်လိုက်သည်။ ကြည်
မွှေ့က လှမ်းကြည့်နေရင်း





"အဲဒါ နင့်အထာပေါ့လေ"

"အဟင်း သူ့ သဘောပေါက်အောင် လုပ်ပြထားတာပါ"

ကြည်မွှေ့ ဘာမှမပြောတော့ဘဲ ရှမ်းခေါက်ဆွဲကို ငုံ့စားနေလိုက်
သည်။

ခေတ်နှစ်ခေတ်ရဲ့စီးချင်းထိုးပွဲမှာ ဘယ်သူရှုံးလို့ ဘယ်သူအနိုင်
ရမလဲဆိုတာ သိပ်သိချင်မိ၏။

သဲမာနှင့်ချမ်းငြိမ်းတို့သိလျှင်လည်း ကြည်မွှေ့လိုပဲ စိတ်ဝင်စား
ကြမှာ သေချာသည်။

■ ■ ■

www.burmeseclassic.com

## အခန်း (၁၄)

လိုချင်တာလေးတွေ ဝယ်ပြီးသည်နှင့် သီရိ အောက်ထပ်ကို ပြန်ဆင်းဖို့ ဓာတ်လှေကားထဲ လှမ်းဝင်လိုက်သည်။

ရောက်တုန်းရောက်ခိုက် ဝယ်ဖြစ်တာမို့ လက်နှစ်ဖက်စလုံးမှာ အိတ်တွေအပြည့်ဖြစ်သွားတာအမှန်။ ရှော့ပင်မထွက်ဖြစ်တာကြာပြီး ဒီနေ့တော့ ဘာရယ်မဟုတ် မရည်ရွယ်ဘဲ ထွက်ဖြစ်တာဖြစ်သည်။

ပထမတော့ တစ်ယောက်တည်းမို့ မင်းခေတ်ကျော်ကို ခေါ်ဖို့ တွေးမိသေး၏။ ဖုန်းဆက်ကြည့်တော့ မင်းခေတ် အိမ်မှာမရှိဘဲ ဖေယျာတို့အိမ် ရောက်နေတာသိရ၏။

"ငါ ဖေယျာတို့အိမ်မှာ ကျော်စွာကိုစောင့်နေတာ၊ ပြီးရင် တီး ရှော့ထိုင်မလို့၊ နင် ဘာကိစ္စရှိလို့လဲ သီရိ"





"ငါ မော်တင်ဂျန်းရှင်း သွားမလို့ နင့်ကိုအဖော်ခေါ်သွားချင်လို့ ဆက်ကြည့်တာ"

"နင်ကလည်း ကြိုမပြောဘူး"

"ရတယ်လေ ငါ့ဘာသာငါ သွားလိုက်တော့မယ်"

မင်းခေတ်က ဖေယျာတို့ကျော်စွာတို့နှင့်ရှိနေသည်ဆိုတော့ ခေါ်ဖို့ ခက်သွားပြီ။ သီရိခေါ်လျှင် မင်းခေတ်က အဖော်တော့လိုက်ပေးတတ်သည်။

ကျော်စွာနှင့်ဖေယျာကတော့ ဘယ်တော့မှ မလိုက်ကြပါ။

"နင်တို့မိန်းကလေးတွေ ဈေးဝယ်တာတော့ မလိုက်ချင်ပါဘူး၊ ဆိုကောင်တာဝင် ဒီကောင်တာထွက်နဲ့ မဆုံးတော့ဘူး"

သီရိ ပေါင်းသည့်လူတွေက ယောက်ျားလေးတွေဆိုတော့လည်း ဒီလိုကိစ္စမျိုးမှာ အဖော်မရပါ။ အခုလည်း အားကိုးမရတော့မည့်အတူတူ တစ်ယောက်တည်းထွက်ခဲ့တာဖြစ်သည်။

ဓာတ်လှေကားကအထွက်မှာပဲ မျက်နှာချင်းဆိုင်တွေ့လိုက်ရတာ ဘာ ချမ်းငြိမ်း။

"ဟင် မြတ်သီရိ"

"ဩော် ကိုချမ်းငြိမ်း"

မေ့ခေတ်ဖော်တို့အုပ်စုထဲမှာ တစ်ဦးတည်းသော ယောက်ျား လေးသူငယ်ချင်းမို့ သီရိတို့ဆုံဖူးသည်။ မင်းခေတ် ကျွေးမွေးပြုသော ဆိုင်မှာ ဆုံတွေ့ထား၏။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်တည်းလား ဈေးလာဝယ်တာလား"

"ဟုတ်တယ် ကိုချမ်းငြိမ်းကော"

"အဒေါ်ဆိုင်ကိုလာတာပါ။ ကျွန်တော့်အဒေါ်တစ်ယောက်က ဒီမှာဆိုင်ဖွင့်ထားတယ်လေ"

"ဟုတ်လား ဒါဆိုသွားလေ၊ သီရိက ပြန်တော့မှာ"

ဓာတ်လှေကားထဲ ဝင်မသွားသေးဘဲ ချမ်းငြိမ်းက ရပ်နေဆဲ။

"အချိန်ရရင် စကားနည်းနည်းပြောရအောင်"

ချမ်းငြိမ်း တောင်းဆိုလာတော့ ချက်ချင်းဘာပြောရမှန်းမသိပါ။ ဒါပေမဲ့ ချမ်းငြိမ်းမျက်ဝန်းတွေက ရိုးသားဖြူစင်ရိပ်တွေ မြင်တွေ့နေသည်ထင်၏။

"ပြောစရာရှိလို့လား"

"အင်း ရှိတယ်ဆိုပါတော့၊ ဒီလိုလုပ်လေ သီရိ ကားပါတယ်မဟုတ်လား၊ အဲဒီပစ္စည်းတွေ အရင်သွားထားလိုက်၊ ပြီးမှ တစ်ခုခုစားရင်း စကားပြောကြတာပေါ့"

သီရိ ခေါင်းညိတ်တော့ ချမ်းငြိမ်းက လက်ထဲက အိတ်တချို့ကို ဝိုင်းကူသယ်ပေးသည်။ ကားစတင်းမှာ ရပ်ထားခဲ့သော ကားထဲမှာ ပစ္စည်းတွေထည့်ပြီး ဂျန်းရှင်းဘက် အတူပြန်လာခဲ့ကြသည်။

ဂျန်းရှင်းက ကော်ဖီဆိုင်လေးမှာ အတူထိုင်ဖြစ်ကြသည်။ ချမ်းငြိမ်းနှင့်သီရိလည်း ဆုံချင်ပါသည်။ ဒါကလည်း မေ့ခေတ်ဖော်အကြောင်း တချို့သိချင်လို့ပဲဖြစ်၏။





အခုလို တိုက်တိုက်ဆိုင်ဆိုင် ကြုံလာတော့ မငြင်းဘဲလိုက်ခဲ့တာဟာဖြစ်၏။

ချမ်းငြိမ်းက ကော်ဖီအေးတစ်ခွက်မှာကာ သီရိကတော့ ချောကဆက်မစ်ရှိတ်တစ်ခွက် မှာဖြစ်သည်။

"ရှော့ပင်နိုင်ထွက်တာ အဖော်တွေမပါဘူးနော်"

"သီရိသူငယ်ချင်းတွေက ယောက်ျားလေးတွေလေ၊ မိန်းကလေးသူငယ်ချင်းရှားတယ်၊ မင်းခေတ်လည်း ဒီနေ့မရှိလို့ တစ်ယောက်တည်းထွက်လာတာ"

ချမ်းငြိမ်းက ကော်ဖီအေးကို တစ်ငုံသောက်ပြီး ခေါင်းညိတ်အားထောင်နေပြီးမှ

"ကျွန်တော် သီရိနဲ့တွေ့တာ အတော်ပဲ၊ မင်းခေတ်ကျော် အကြောင်း သိချင်တာလေးရှိလို့"

"ခေတ်အကြောင်း ကိုချမ်းငြိမ်းနဲ့ ဘာပတ်သက်မှုရှိလို့လဲ"

"ကျွန်တော်နဲ့မပတ်သက်ပေမယ့် ခေတ် အဲ မေ့ခေတ်ဖော်နဲ့ပတ်သက်နေလို့ပါ"

သီရိ မျက်ခုံးလေးတွေ ပင့်တက်သွား၏။ ကိုယ်ကလည်း မေ့ခေတ်ဖော်အကြောင်း သိချင်သည်။ သူကလည်း မင်းခေတ်အကြောင်း သိချင်သည်တဲ့။

"ပြောလေ ချမ်းငြိမ်း ဘာသိချင်တာလဲ"

"မင်းခေတ်ကျော်က ဘယ်လိုလူမျိုးလဲ"



www.burmeseclassic.com

www.burmeseclassic.com



သီရိ ပြုံးမိပြန်သည်။ ချမ်းငြိမ်း ဘာကိုမေးသည်ဆိုတာကိုလည်း သဘောပေါက်၍ဖြစ်၏။

"သီရိအထင်တော့ ခေတ်မှာမွေးကတည်းက နှလုံးသားပါမလား ဘူးထင်တာပဲ"

"သီရိ ဘာကိုဆိုလိုတာလဲဟင်၊ သူ့မှာချစ်သူတွေအများကြီး ရှိတာ ကျွန်တော် သိတယ်၊ ဘယ်သူ့မှ သူ မချစ်ခဲ့ဘူးဆိုချင်တာလား ဟင်"

"အို့ကေ အောရိုက် ချမ်းငြိမ်းပြောတဲ့မှတ်ချက်အတိုင်းလို့ ပြောရမယ်၊ ခေတ်က မိန်းကလေးတွေကိုအပျော်တွဲတယ်၊ ဘယ်မိန်းက လေးကိုမှ အလေးအနက်မထားဘူး၊ ပြီးရင် သူကပဲအရင်ဆုံး လမ်းခွဲ ပစ်တယ်၊ သူ့ကြောင့် အဲဒီမိန်းကလေး အသည်းကွဲတာကို သူ အရသာခံ ပြီး ကြည့်ချင်တာ ခေတ်ရဲ့အကျင့်ပဲ"

မင်းခေတ်အကြောင်းတွေကို အတင်းအဖျင်းတစ်ခုလို ပြောနေ ရတာအတွက် သီရိ စိတ်ထဲမှာ မလုံခြုံချင်ပါ။ ဒါအမှန်တရားတစ်ခုဆိုင် ပေမယ့် ဘယ်တုန်းကမှ တစ်ပါးသူကို သီရိ မပြောဖူးပါ။

ချမ်းငြိမ်းကိုမှ ပြောနေမိတာ ဘာကြောင့်လဲ၊ မေ့ခေတ်ဇော်နှင့် ခေတ်ကို မနီးစပ်စေချင်တာကြောင့်ဖြစ်သည်။

"မင်းခေတ်ကျော်အကြောင်း ကောင်မလေးတွေမသိဘူးလား"

"သိပေမယ့်လည်း မိုက်မိုက်မဲမဲ တွဲတယ်လေ၊ ခေတ်ရဲ့မျှော် ကို အလိုလိုလည်စင်းဝင်ကြတာ"





"ဒါတော့ မိုက်မဲတာသက်သက်ပဲ"

"ခေတ်က အရမ်းချမ်းသာတယ်၊ ပညာတတ်တယ်၊ ရုပ်ချော …ယ်၊ သူ့မှာညှို့နိုင်တဲ့အစွမ်းတွေရှိတယ်၊ ပြောရရင် ခေတ်မှာစိတ်ရင်း …ာင်းတွေတော့ ရှိပါတယ်၊ ဘယ်မိန်းကလေးကိုမှ သူ အခွင့်အရေး …ခဲ့ဘူး"

"သီရိအပေါ်မှာကော မင်းခေတ်ကျော် ရည်းစားစကားပြော …လား"

"အို ပေါက်ပေါက်ရှာရှာ သီရိတို့က သူငယ်ချင်းအရင်းကြီးတွေ …ဪ"

"ဆောရီး စိတ်မရှိပါနဲ့၊ အနေနီးတော့ စိတ်အပြောင်းအလဲ …သလားလို့ပါ"

ချမ်းငြိမ်း အားမနာတမ်းမေးနေတော့ သီရိလည်း မေးချင်တာ … မေးကြည့်လိုက်၏။

"ချမ်းငြိမ်းကရော အတူတွဲနေတဲ့ မေ့ခေတ်ဇော်အပေါ်မှာ …ခါမှ စိတ်မယိမ်းခဲ့ဘူးလား"

ချမ်းငြိမ်း မျက်နှာတည်သွားသည်။ တစ်စုံတစ်ရာကိုပြောရန်နီး …ပြောရန်နီးနှင့် ဝေခွဲမရ ဖြစ်နေပုံပေါ်သည်။

"ပြောလေ ချမ်းငြိမ်းရဲ့၊ ရှင့်အလှည့်ကျတော့ ဘာလို့မဖြေရ …လဲ"

"အမှန်ပြောရရင် စိတ်ယိမ်းတာထက် မနာလိုဝန်တိုမိတာက



www.burmeseclassic.com

www.burmeseclassic.com



ပိုများမိတယ်''

''မေ့ခေတ်ဇော်နဲ့ ပတ်သက်တဲ့ယောကျ်ားတွေကြောင့်လား''

ချမ်းငြိမ်း ပင့်သက်ရှိုက်သည်။ စိတ်ရင်းရိုးပုံရသော ချမ်းငြိမ်း စကားပြောလည်း ရိုးသားပါသည်။

''ယောကျ်ားလေးတစ်ယောက်နဲ့ အပျော်တွဲတာ မဆန်းပေမယ့် မိန်းကလေးတစ်ယောက်အနေနဲ့တော့ မသင့်တော်ဘူးလေ၊ တကယ်ကြို လို့တွဲတာ မဆန်းပေမယ့် အခုလိုမျိုးကျတော့ ဘယ်ကောင်းပါ့မလဲ ကျွန် တော်လည်း အနေရအထိုင်ရခက်တယ်''

''ဒါဆို ရှင်က တစ်ဖက်သတ်လား''

''ဟာ ဒီလိုမျိုး မဟုတ်ပါဘူး''

''အဟင်း ရှင့်စကားကလည်း ဝေ့လည်ကြောင်ပတ်နဲ့''

''ကျွန်တော် ခေတ်နဲ့ပတ်သက်တဲ့အကြောင်း စဉ်းစားရင် ချင်တယ်၊ ဘာကြောင့်မှန်း ရေရေရာရာ မသိဘူးဗျာ''

သီရိ ပြုံးလိုက်မိသည်။ ချမ်းငြိမ်း ရင်ထဲကို ထင်ထင်ရှားရှား မြင်တွေ့လိုက်ရသလိုပါပဲ။

''အဲဒါ ရှင် မေ့ခေတ်ဇော်ကို ချစ်နေလို့ပေါ့''

ချမ်းငြိမ်း ဘာဖြေရှင်းချက် ငြင်းဆိုချက်မှ မပေးဘဲ ပင့်သက် မောလေးရှိုက်သည်။

သီရိ မစ်ရှိုဝ်ကို တစ်ငုံသောက်လိုက်ပေမယ့် အရသာ နေသလိုရှိသည်။ ချမ်းငြိမ်းနှင့်ကိုယ် ခံစားချက်တွေတူညီနေပြီလား





ခေတ် မိန်းကလေးတစ်ယောက်နှင့်တွဲပြီဆိုလျှင် ကိုယ်လည်း ရင်ထဲမှာ အကျင်ခံစားခဲ့ရသည်။ စိတ်မသက်မသာဖြစ်ရ၏။

ခေတ် တကယ်မချစ်သူဟု သိလိုက်ရပြန်တော့ စိတ်က ကျေ ပ်ပြေသိမ့်လို့ရသည်။

အခုတစ်ခါ မေ့ခေတ်ဇော်နှင့်ငြိတွယ်နေပြီဆိုတော့ စိတ်ကခံစား ပြန်၏။

''ခေတ်နဲ့မေ့ခေတ်ဇော် ငြိနေကြပြီတဲ့''

ချမ်းငြိမ်း ခေါင်းကိုလေးလေးပင်ပင် ညိတ်ရင်း

''ကျွန်တော် ကြားတယ်''

''အဲဒီနှစ်ယောက်ဆုံကြတာ ပွဲကြီးပွဲကောင်းလို့ အားလုံးက ပြောနေကြတယ်''

''သီရိ သူတို့နှစ်ယောက် တကယ်ချစ်သူတွေဖြစ်နိုင်မယ်လို့ ထင်သလားဟင်''

''မပြောတတ်ဘူးလေ သူတို့ကိစ္စပဲ၊ တို့အနေနဲ့ မခန့်မှန်းရဲပါ ဘူး''

''ကျွန်တော်တော့ သိပ်မထင်ဘူး၊ နှစ်ယောက်စလုံးက မာန တွေ အရမ်းကြီးကြတယ်၊ တစ်ယောက်မှမလျှော့ဘဲ ပြိုင်ကြမယ် ထင်တယ်''

ချမ်းငြိမ်းစကားအဆုံးမှာ နှစ်ယောက်စလုံး စကားသံတိတ် သွားကြပြန်၏။ သေချာသည်ကတော့ နှစ်ယောက်စလုံး ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ခံစားချက်တွေက တူညီနေကြမှာပဲဖြစ်သည်။

"စောင့်ကြည့်ပါ၊ သူတို့ ဘယ်လိုမှ အဆင်မပြေနိုင်ပါဘူး အစွန်းရောက်နေတဲ့စိတ်တွေနဲ့ အချစ်တစ်ခု မဖြစ်နိုင်ဘူး"

ချမ်းငြိမ်း ရင်ထဲက ဆန္ဒကိုပဲတောင့်တတာလား၊ မျှော်လင့်ချက်နှင့် အားမွေးလိုက်တာလား သီရိ အသေအချာတော့ မသိပါ။

ချမ်းငြိမ်းနှင့်ဆုံလိုက်ရတာတော့ ကောင်းပါသည်။ မေ့ခေတ်ရဲ့ အကြောင်းတွေ သိလိုက်ရသလို ခေတ် အကြောင်းတွေလည်း ပြောခွင့်ရလိုက်သည်။

သီရိ ပြန်မည်ဆိုတော့ ချမ်းငြိမ်းက အောက်ထပ်အထိ လိုက်ပို့ပေးသည်။

မေ့ခေတ်နှင့်မင်းခေတ်တို့ကြားမှာ ခံစားနားလည်မှုတွေ ဘယ်မှုအထိ ရှိနေသည်တော့ သီရိမသိပါ။

သေချာသည်ကတော့ ချမ်းငြိမ်း ရင်ထဲက အချစ်တွေကိုတော့ သိမြင်ခဲ့သည်။ မေ့ခေတ်ဖော် ဆိုသည့် မိန်းကလေးက အနီးဆုံးမှာရှိနေသည့် ချစ်ထိုက်သူကို ဘာလို့ မမြင်တွေ့ရတာလဲ။

ပြောသာပြောရသည်။ သီရိ အဖြစ်ကကော ဘာထူးလို့လဲ။

ခေတ်ရယ် နင် မြင်နိုင်မယ်ဆိုရင် ...။

■ ■ ■



## အခန်း (၁၅)

ကြည်မွေ့ မယုံနိုင်သလို မျက်လုံးပြူးကာ သဲမာကိုကြည့်သည်။ သဲမာ မျက်နှာလေးက ကြည်ကြည်နူးနူး ပြုံးနေ၏။

"တ တကယ်လား နင့်ကိုကျော်စွာက ရည်းစားစကားပြောတယ် ဟုတ်လား သဲမာ"

"ကြည်မွေ့ရယ် ဖြည်းဖြည်းပြောပါဟယ်"

"မဟုတ်ဘူးလေ ဖြုန်းစားကြီးဆိုတော့"

"ရည်းစားစကားပြောတာများ ရုတ်တရက်တို့ ဖြုန်းစားကြီးတို့ ကာလအတန်ကြာတို့ ရှိသေးလို့လား။ သူ ပြောချင်တဲ့အချိန် ပြောမှာပေါ့"

"ဒီအကြောင်း တခြားဘယ်သူတွေ သိပြီးပြီလဲ"

"ဟုတ်တယ် ငါက လော်စပီကာတစ်လုံးနဲ့ တစ်ရပ်ကွက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ကြားအောင် လိုက်အော်ရမှာလား"

"သဲမာ နင်နော် စကားပြောရင် အရွဲ့တွေချည်းပဲ"

"နင်က အထိတ်တလန့်ကြီး ထအော်တာကိုး"

"ဟဲ့ ငါက အံ့ဩသွားလို့ပေါ့"

သဲမာ ယဲ့ယဲ့လေးပြုံးသည်။ မျက်ဝန်းတွေထဲမှာ ကျေနပ်ကြည်

နူးရိပ်တွေ အထင်အရှား။

"ယောကျ်ားလေးတစ်ယောက်က ရည်းစားစကားပြောတာ

ဆန်းပေမယ့် ကျော်စွာပြောတော့ ငါ ရင်ခုန်တာ ဝန်ခံတယ်"

"နင် ပြန်အဖြေပေးခဲ့ပြီပေါ့"

"ဟဲ့ ချက်ချင်းကြီး အဖြေပေးမလား။ ပဲလေး ဘာလေးများ

ရသေးတာပေါ့ ကြည်မွေ့ရဲ့"

"နင်ကကော သူ့ကို သဘောကျနေသလား သဲမာ"

ဒီတစ်ခါတော့ ကြည်မွေ့ကို သဲမာ ချဉ်ချဉ်တူးတူးလေး ပြ

ကြည့်လိုက်ရင်း

"သဘောကျရုံတင်မကဘူး ချစ်မိသွားတာဟေ့"

"ဘုရားရေ မယုံနိုင်စရာတွေပါလား"

"မယုံရင်စောင့်ကြည့်နေ၊ မြန်မြန်ကြီးကို ပြန်ချစ်လိုက်မှာ"

သဲမာ၏ကဲကဲပိုပို အမူအရာကြောင့် ကြည်မွေ့ မျက်စောင်း

လေးထိုးပစ်ရင်း

"မိန်းမတွေ မိန်းမတွေ အဆင်ကိုပြနေတာပဲနော်၊ ဖျ





ပြောလိုက်ချင်ဘူး"

ကြည်မွေ့ ဘာကိုပြောသည်ဆိုတာ သဲမာ ရိပ်မိပါသည်။ ခေတ်

ခေတ်ကိစ္စကို ရည်ရွယ်တာထင်၏။ ကျော်စွာနှင့်သဲမာက တစ်တွဲ၊

တ်တို့က တစ်တွဲဆိုသည့်သဘော။

"နင်လည်း အားကျမခံ ဖယ်ယျာနဲ့ချိတ်လေ၊ ချမ်းငြိမ်းကို

ာ်သီရိနဲ့လော့်ပေးလိုက်မယ်"

"တော်စမ်းပါ စိတ်မဝင်စားဘူး၊ ဒါနဲ့ ခေတ် နင့်ဆီကိုဖုန်းဆက်

သေးသလား"

"ဟင့်အင်း ဒီရက်အတွင်း မဆက်ဖြစ်ဘူး"

"သူတို့နှစ်ယောက် တွေ့ကြဖို့ ဒိတ်ထားကြတယ်တဲ့"

"ဘာရယ်"

"ဖြည်းဖြည်းအံ့ဩပါဟယ် အလန့်တကြား"

ကြည်မွေ့က သဲမာစကားအတိုင်း ပြန်နှိပ်ကွပ်တော့ သဲမာ

က်စောင်းလေးထိုးရင်း အိတ်ထဲက ဟန်းဖုန်းလေးကို ထုတ်ယူသည်။

"မိခေတ် တွေ့မယ်၊ ဒါမျိုးကျတော့ တိတ်တိတ်လေး ကြိတ်ပုန်း

နေတယ်"

"အသာလေးလွှတ်ပေးထားလိုက်စမ်းပါ သဲမာရယ်၊ နောက်

ော့ သတင်းကြားရမှာပဲလေ"

သဲမာ လက်ကလေးတွန့်သွားသည်။ ဟုတ်သားပဲ။ သူများ

ာကို အနှောင့်အယှက်ပေးသလို ဖြစ်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဒီနေ့တစ်နေ့လုံး မင်္ဂလာသတင်းတွေချည်း ဆက်တိုက်ကြားနေရပါလားနော်"

ကြည်မွှေ့ဆိုတော့ သဲမာ ပြုံးပြုံးလေးကြည့်ကာ ဖုန်းကိုပြန်သိမ်း၏။

"ဘာလဲ ငါ့သတင်းနဲ့ ခေတ်သတင်းကြောင့်လား"

"နောက်သတင်းထူး ရှိသေးတယ်"

"ဘာလဲဟ"

"မနေ့က ချမ်းငြိမ်းနဲ့မြတ်သီရိ မော်တင်ဂျွန်းရှင်းမှာ ဆုံကြတယ်တဲ့"

"ဟယ် သူတို့နှစ်ယောက်"

"ဟုတ်ပါ့ ဟုတ်ပါ့"

"သေချာရဲ့လားဟယ် ဘယ်သူပြောတာလဲ"

"ချမ်းငြိမ်းကိုယ်တိုင် ငါ့ကိုဖုန်းဆက်ပြောတာ"

ဒီသတင်းအတွက် သဲမာ အံ့သြနေသည်။ ကြည်မွှေ့ကိုကြည့်ရင်း

"သူတို့နှစ်ယောက်က ငြိချင်နေပြီလား"

"ဒါတော့ မပြောတတ်ဘူးလေ၊ ချမ်းငြိမ်းကတော့ ရိုးရိုးသားသားဆုံကြတာလို့ ပြောတာပဲ"

"အလကား လိမ်တာနေမှာ၊ ချမ်းငြိမ်းက မြတ်သီရိကို သွားကြောင်တာပဲဖြစ်မှာပေါ့"





"ချမ်းငြိမ်းလည်း နင်တို့တွေကိုအားကျလို့ ဖြစ်ချင်ဖြစ်မှာပေါ့၊ ကဲပါ သူတို့ကိစ္စတွေ ထားတော့ဟာ"

"ဘယ်သူ့အကြောင်း ပြောဦးမလဲ"

"ဘယ်သူ့အကြောင်းမှမရှိဘူး ငါ ဗိုက်ဆာတယ်ဟာ"

"ဗိုက်ဆာရင် ဖေယျာဆီ ဖုန်းဆက်လေ ခစ် ခစ်"

"မိသဲမာနော်"

ကြည်မွှေ့ လက်သီးနှင့်ရွယ်တော့ သဲမာ သဘောကျစွာရယ်နေသည်။ ထိုစဉ်မှာပဲ သဲမာမေမေ ဒေါ်ကြည်ကြည်မာ ရောက်လာသည်။

"ဒီနှစ်ယောက် ဘာတွေသဘောကျနေတာလဲ"

"ဘာမှမဟုတ်ပါဘူး မေမေ၊ ကြည်မွှေ့က သူကြိုက်တဲ့ အဲ ဗိုက်ဆာတဲ့အကြောင်းပြောနေတာ"

"ဗိုက်ဆာရင် စားကြတော့လေ၊ သမီး ကြည်မွှေ့ကိုကျွေးလိုက် အားလုံးကျက်နေပြီ"

ကြည်မွှေ့ မျက်စောင်းလေးထိုးတော့ သဲမာ လျှာလေးထုတ်ပြုံးပြရင်း မီးဖိုခန်းဘက် ထွက်ခဲ့လိုက်သည်။

ကြုံရင်ကြုံသလို သဲမာတို့ကြည်မွှေ့တို့ သူငယ်ချင်းတွေ ဒီလိုသည်ပတ်စားဖြစ်ကြသည်။ ခေတ်ကတော့ ဒီလိုမဆုံဖြစ်တာ ကြာနေပြီ။

ခေတ်ခမြာလည်း ခေတ်နှစ်ခေတ်ကိစ္စတွေနှင့် ရှုပ်ထွေးနေ၏။ ပြောတော့ မင်းခေတ်ကို အသည်းခွဲမလို့ဟုဆိုသည်။

မင်းခေတ်ဘက်ကကော ဘာရည်ရွယ်ချက်နှင့်လဲ မသိပါ။ ပွဲက



www.burmeseclassic.com

www.burmeseclassic.com



တော့ စောင့်ကြည့်စရာကောင်းနေသည်။

ခေတ်နှစ်ခေတ်၏ပြိုင်ပွဲ နိဂုံးက ဘယ်လိုရှိမှာလဲ။

■ ■ ■



## အခန်း (၁၆)

မေ့ခေတ် ပြင်ဆင်ထုံးဖွဲ့ထားပုံက ဓာမဏီငှက်လေးတစ်ကောင်လို ရှုရှုလေး။ ဝတ်စုံက ကြက်သွေးရောင်ထဲတွင် အဝါနုနု ကနုတ်ပန်းတွေနှင့် အလှဆင်ထားသည်။

လည်ဆွဲက ပုလဲ၊ နားကပ်ကပုလဲ၊ ဆံပင်ကို ဂျပန်ဆံထုံးလိုခပ်သေးသေးလေး ထုံးဖွဲ့ထား၏။

ဒေါက်ဖိနပ်၊ လက်ကိုင်အိတ် ဆင်ယင်မှုအားလုံးက အဖြူရောင်တွေဖြစ်သည်။

အဖြူနှင့်ကြက်သွေးရောင် အားပြိုင်နေသည့်ကြားမှ မေ့ခေတ်မျက်နှာအလှလေးက ရှင်းထင်းပေါ်လွင်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းခေတ်နှင့်ချိန်းဆိုထားသည့်နေ့၊ ကန်တော်ကြီးစောင်း၊
စားသောက်ခန်းမတစ်ခုမှာ ညနေ(၄)နာရီတိတိ။

တွေ့ချင်သည်ဟု တောင်းဆိုသော မင်းခေတ်ကို တစ်ပတ်အ
တွင်း ဖုန်းဆက်မည်ဆိုပေမယ့် တမင်မဆက်ဘဲ မေ့ခေတ် နေခဲ့သည်။
ထင်သည့်အတိုင်း ဆန်းဒေးရက်မတိုင်ခင် မင်းခေတ် ဖုန်းဆက်သည်။

"ခေတ် မမေ့ဘူးထင်ပါတယ်နော်"

"ဘာလဲ ယူ၊ ဘာကိုပြောတာလဲ"

"တို့နဲ့တွေ့ဖို့ကိစ္စလေ၊ ခေတ် ဖုန်းဆက်မယ်ဆို"

"ဪ"

စိတ်မဝင်စားသလိုလုပ်ပြနေတော့ မင်းခေတ် ဘယ်လိုနေမည်
ကို မျက်နှာမမြင်လို့ မသိနိုင်။

"ချစ်လေး မင်းမှာသစ္စာ လူမှာကတိတဲ့"

"ဟုတ်ပါပြီ ဆန်းဒေး တို့အားတယ်"

"အိုကေ ဒါဆို ကျေနပ်တယ်"

ဒီလိုနှင့် ချိန်းဆိုဖြစ်ခဲ့သည်။ လေးနာရီဆိုပေမယ့် ချိန်းဆိုထား
သည့်နာရီအတိအကျ သွားလေ့မရှိတာ မေ့ခေတ် စတိုင်ဖြစ်သည်။ ဒါ
ကြောင့်လည်း စိတ်တိုင်းကျ ပြင်ဆင်ပြီး ချက်ချင်းမထွက်ဖြစ်ပါ။

မေ့ခေတ် ရောက်တော့ ငါးနာရီထိုးဖို့ ဆယ့်ငါးမိနစ် လိုနေပြီ။
နောက်ကျနေတာ လေးဆယ့်ငါးမိနစ်တောင်ရှိနေသည်။

ရင်ထဲမှာတော့ နည်းနည်းစိုးရိမ်သည်။ တခြားယောကျ်ားဆို





သျှင်ကိစ္စမရှိ။ အခု မင်းခေတ်ကျော် ဖြစ်သည်။

နာမည်တစ်လုံးနှင့် နေလာသည့်သူ။ မာနနှင့်အတ္တကို ဖောဖော
သီသီ သုံးစွဲနေသူ။

မေ့ခေတ် နောက်ကျနေခြင်းအတွက် မျက်နှာကြီးအိုစာနေမည်
လား။ ပုပ်ပုပ်စူနေမည်လား။ ဒေါသတွေထွက်ပြီး လည်တဆန့်ဆန့်ဖြစ်
နေမည်လား။

တမင်ဖုန်းပိတ်ထားခဲ့တာကို ကားပေါ်က ဆင်းမှပဲ ဖွင့်ထား
လိုက်သည်။ ဘာပဲဖြစ်ဖြစ် မေ့ခေတ် ကျေနပ်ပါသည်။

နှစ်ယောက်တည်း တွေ့ချင်သည်ဆိုသော သူ့တောင်းဆိုချက်
အတွက် ဒီလောက်တော့ သည်းခံရမည်။

မေ့ခေတ် စားသောက်ခန်းမထဲဝင်တော့ တူညီဝတ်စုံနှင့်ညှို့ကြို
မိန်းကလေးနှစ်ဦးက ကိုယ်လေးတွေကိုင်းညွတ် နှုတ်ဆက်ကြသည်။

ပေးလောက်အောင် ပြင်ဆင်ထားသော မေ့ခေတ်အလှကလည်း
ဆိုင်ထဲမှာရှိမည့်သူအားလုံး ငိုင်းကြည့်နေမှာ သိပြီးဖြစ်၏။

ခန်းမထဲက စားပွဲဝိုင်းတွေကို မေ့ခေတ် ဝေ့ဝဲကြည့်ရင်း စိတ်ထဲ
မှာ ထင့်ခနဲဖြစ်သွား၏။ မင်းခေတ်ကျော်ကို မတွေ့ပါလား။ တစ်နေရာရာ
မှာ ဆီးကြိုလာမည်လား မျှော်လင့်မိပေမယ့် ပေါ်မလာပါ။

မင်းခေတ် ဘယ်လိုအချိုးချိုးလိုက်တာလဲ။ မေ့ခေတ်ကို အရှက်
ခွဲလိုက်တာလား။ ဟိုဟိုသည်သည် ကြည့်သည် လုံးဝမတွေ့။ အရိပ်
အခြေမမြင်ရ။



www.burmeseclassic.com

www.burmeseclassic.com



လှမ်းနေသော ခြေလှမ်းတွေ တုံ့ဆိုင်းလုမတတ် မေ့ခေ

ချောက်ချားချင်လာသည်။ အရှက်တော့အကွဲမခံနိုင်။ သိက္ခာတော့ အ

မခံနိုင်။ ဘာဆက်လုပ်ရမည်လဲ စဉ်းစားစမ်း။

စလင်းဘတ်အိတ်အဖြူလေးထဲက ဟန်းဖုန်းလေးမြည်လာ

ကြောင့် မေ့ခေတ် ထုတ်ယူကြည့်လိုက်တော့

မင်းခေတ်ဆီက ဖုန်းဖြစ်နေသည်။ မကျေနပ်စိတ်တို့ကို ကြိ

မှိတ်မျိုသိပ်လျက် နားထောင်လိုက်ရ၏။

"ဟဲလို"

"မင်္ဂလာပါ ခေတ်"

"မင်္ဂလာ မင်္ဂလက်တွေလုပ်မနေနဲ့ ယူ ဘယ်လိုအချိုးချိုးလို

တာလဲ"

"နိုး ဒီနေ့ ကိုယ် အားလုံးကို စိတ်ချမ်းသာမှု ပေးချင်

ငါးပါးသီလတောင် ယူထားတာပါ ခေတ်ရယ်"

"ဘာမှလျှောက်ပြောမနေနဲ့ အခု ယူ ဘယ်မှာလဲ"

မေ့ခေတ်အသံတွေ မာမာလေးဖြစ်နေသလောက် သူ့လေ

တွေက ချိုသာငြိမ့်အေးလွန်းနေ၏။

"ခေတ် မှန်တွေကာရံထားတဲ့ ဆိုင်အပြင်ဘက် မျက်နှာစာ

ကြည့်လိုက်"

မေ့ခေတ် ယောင်ယမ်းလျက် သူစေခိုင်းသည့်အတိုင်း အပြ

ဘက်ကို လှမ်းကြည့်လိုက်မိသည်။ အနက်ရောင် မာစီးဒီးကားနှစ်





ရှေ့နောက်ခြံရံလျက် အလယ်က အဖြူရောင် မာစီးဒီးကား အားလုံး

သုံးစီး မောင်းဝင်လာသည်။

မေ့ခေတ် ကြည့်နေတုန်းမှာ ပါကင်မှာ ဆင့်ကဲထိုးရပ်သွားသည်။

မာစီးဒီးကားနက်တွေထဲက အနက်ရောင် အနောက်တိုင်းဝတ်စုံနှင့် လူ

နှစ်ဦးစီ ထွက်လာကာ ရပ်နေကြသည်။

အဖြူရောင် ကားထဲက ဆင်းလာတာ မိန်းမကြီးတစ်ယောက်

ဖြစ်သည်။ နံဘေးမှာလည်း အနောက်တိုင်းဝတ်စုံ အနက်ရောင်နှင့်

လူနှစ်ဦးခြံရံလျက်။

"ခေတ်ဆီ သူတို့လာနေပြီ"

"ယူ အဲဒါ ဘယ်သူတွေလဲ"

ဖုန်းထဲက သူ့အသံကြားမှ မေ့ခေတ်လည်း အသိဝင်လာကာ

ပြန်မေးကြည့်မိသည်။

"အဲဒါ ကိုယ့်ရဲ့အန်တီလေးပါ။ မယ်မယ်ညီမဝမ်းကွဲ အန်တီ

လေး ခေတ်ကို လာတွေ့ပါလိမ့်မယ်"

ပြောပြီး ဖုန်းချသွားတာမို့ မေ့ခေတ် ဘာမှထပ်ပြောခွင့်မရလိုက်

ပါ။ ပိုးပါတိတ်ဝမ်းဆက်နှင့် မိန်းမကြီးက ကိုယ်ရံတော်နှစ်ဦး ခြံရံလျက်

မေ့ခေတ်ဆီ ဦးတည်လာနေပြီ။

အနားရောက်တော့ အမျိုးသမီးကြီး ဖော်ရွေစွာပြုံးပြသည်။

နံဘေးက ပုဂ္ဂိုလ်နှစ်ဦးက ခါးတွေကိုင်းညွတ်ပြီး အရိုအသေပေး၏။

အပြုံးတွေ ကြည်လင်ချိုသလို လွန်စွာကျက်သရေရှိ မဟာဆန်သော

www.burmeseclassic.com



အမျိုးသမီးကြီးကို မေ့ခေတ်လည်း ပြုံးပြမိ၏။

"သမီးလေးက မေ့ခေတ်ဖော် နော်"

"ဟုတ်ကဲ့ပါ အန်တီ"

"အပြင်မှာတော့ ဒါ ပထမဆုံးမြင်ဖူးတာ၊ တူတော်မောင်ပြတဲ့ ဓာတ်ပုံတွေထဲမှာ မြင်ဖူးပါတယ်၊ အပြင်မှာတွေ့မှ သမီး အရမ်းလှတာ လက်ခံမိပြီ"

"ကျေးဇူးတင်ပါတယ် အန်တီ"

"ကဲ ခဏလေး ထိုင်ကြစို့ကွယ်"

လွတ်နေသည့်စားပွဲတစ်ခုမှာ ဝင်ထိုင်တော့ ဝိတ်တာလေးတွေ မလိုအပ်ဘဲ ကိုယ်ရံတော်တွေက ထိုင်ခုံတွေဆွဲယူပြင်ဆင်ပေးသည်။

"မင်္ဂလာပါ သမီး။ သမီးလေးကို မြင်ရုံနဲ့ အန်တီ ခင်မင်ချစ်ခင် သွားတာ အမှန်ပဲ"

အမျိုးသမီးကြီးအသံက ကြည်လင်သလို ဩဇာတိက္ကမလည်း ပြည့်ဝသည်။ မျက်နှာမြင်ရုံနှင့် ခင်မင်ဖွယ်ကောင်းတာမို့ မေ့ခေတ် ဒေါသ တွေ ဘယ်ဆီရောက်ကုန်ပြီမသိ။

ဝတ်ဆင်ထားသည့် ပိုးပါတိတ်က အဝါဖောက်လျက် တစ်ကိုယ် လုံးမှာပြည့်စုံစွာ ဆင်ထားသည့် စိန်ရတနာတွေကတဖျပ်ဖျပ်။ သင်းသင်း လေး ကြိုင်လှိုင်သော ရေမွှေးရနံ့လေးက စွဲဆောင်မှုပေးနိုင်သည်။

"အန်တီ့နာမည်က ဒေါ်ထားထားမြတ် တူတော်မောင် မင်း ခေတ်ကျော်ရဲ့ဒေါ်လေးပေါ့ကွယ်"





"ဟုတ်ကဲ့ရှင့်"

"သမီးအလှက တော်ဝင်ပါတယ်၊ ဒါကြောင့်လည်း တူတော် မောင်က ပထမဆုံးဧည့်သည်အဖြစ် အိမ်တော်မှာ ဧည့်ခံချင်တာပဲ"

"ရှင်"

"ဪ သမီးလေးကို အိမ်တော်မှာဧည့်ခံဖို့ တူတော်မောင်က စီစဉ်ထားတယ်၊ အစ်မတော်တို့မောင်နှံက ဥရောပခရီးထွက်နေတော့ တူတော့်ဆန္ဒကို အန်တီက ဖြည့်စွမ်းပေးရတာပေါ့"

"သမီးတို့ချိန်းထားတာ ဒီဆိုင်မှာပါ အန်တီ"

"တူတော်က သမီးအတွက် ထူးထူးခြားခြား စီစဉ်လိုက်တာပါ၊ သမီးကို တန်ဖိုးထားတဲ့သဘောပေါ့၊ တူတော်အပေါ် ယုံကြည်စိတ်ချစွာ လိုက်ခဲ့ဖို့ အန်တီ ဖိတ်ခေါ်ချင်ပါတယ်"

မေ့ခေတ် ငြင်းရခက်အောင် နှုတ်တွေတွန့်ဆုတ်နေမိသည်။ ခေတ်ကျော်ရဲ့အစီအစဉ်က မယုံနိုင်အောင် ဖမ်းစားလိုက်နိုင်တာ လည်း ဝန်ခံချင်သည်။

အစောင့်အရှောက်တွေ အခြံအရံကားတွေနှင့် ကိုယ့်ကိုကိုယ် မင်းသားထင်ရောက်ချင်သလိုလို ခံစားမိသေး၏။

လေးစားကြည်ညိုဖွယ်အမျိုးသမီးကြီး၏ ဖိတ်ခေါ်မှုကို မေ့ ခေတ်ငြင်းပယ် မသင့်တော့တာမို့ မေ့ခေတ်ကို လိုက်ပို့သည့် ဒရိုင်ဘာ ကောင်းကို ပြန်လွှတ်လိုက်ပါသည်။

ဗိမ်ခံကားကြီး၏နောက်ခန်းထဲမှာ ဒေါ်ထားထားမြတ်နှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ရင်း မေ့ခေတ် အိပ်မက်တစ်ခုမက်သလို ခံစားနေရသည်။

ဒေါ်ထားထားမြတ်က မင်းခေတ်ကျော်အကြောင်းတွေကို ပြော ပြနေခဲ့သည်။ မြင့်မြတ်သောမျိုးနွယ်၊ တစ်ဦးတည်းသောသား မင်းခေတ် ကျော်၏ထည်ဝါခမ်းနားမှုတွေကို မေ့ခေတ် သိတာတွေရော မသိတာတွေ ပါ နားထောင်နေရသည်။

ခြံဝင်းကြီးတစ်ခုရှေ့ရောက်တော့ ဟိုက်ဒရောလစ်ခြံတံခါးကြီး က ပွင့်သွားသည်။ အချက်ပြမီးလေးတွေ မှိတ်ချည်လင်းချည်နှင့် ကား သုံးစီး အစီအရီ ဝင်လိုက်ကြသည်။

နန်းတော်တမျှ ထည်ဝါလှသော ဥရောပဆန်ဆန် တိုက်ဖြူ ကြီးက မေ့ခေတ် အာရုံတွေကို ဖမ်းစားလိုက်နိုင်သည်။ မီးရောင်တွေ ထိန်လင်းနေသော သုံးထပ်တိုက်ကြီးက စကျင်ကျောက်ဖြူတွေနှင့် ခမ်းနား လှပလွန်းသည်။

မေ့ခေတ်ကို သက်သက်ခေါ်ပြီး ကြွားဝါချင်တာလား။

စိတ်ထဲမှာ ဂုဏ်ယူရမည့်အစား ဘာကြောင့်များ ဝန်တိုစိတ် တွေက ဝင်နေရပါလိမ့်။ တကယ်ဆို မေ့ခေတ်တို့ကလည်း သူ့ကိုမ တောင် မနိမ့်ကျလှသည့် အခြေအနေကိုပိုင်ဆိုင်ထားတာပဲလေ။

ပေါ်တီကိုက တိုင်လုံးကြီးတွေကလည်း မြင့်မြင့်မားမားကြီး လှ၏။ ဆင်ဝင်အောက်မှာ ကားလေးထိုးရပ်သည်နှင့် တံခါးကိုဖွင့်ပေး သည်က တူညီဝတ်စုံနှင့် မိန်းကလေးတစ်ဦး။

"သမီးကို ရိပ်မြုံနန်း အိမ်တော်က ကြိုဆိုပါတယ်ကွယ်"





မေ့ခေတ် ဆင်းခဲ့ကာ ဧည့်ခန်းဝရောက်သည်နှင့် အမျိုးသမီး ငယ်လေးက အဖြူရောင်ပန်းစည်းကြီး ကမ်းပေးရင်း

"မင်္ဂလာညနေခင်းပါ မမ"

ပန်းစည်းလေးကိုကိုင်ရင်း မေ့ခေတ် ဧည့်ခန်းထဲရောက်တော့ မျက်တောင်မခတ်တမ်း ငေးမောကြည့်မိသည်အထိပါပဲ။

ဧည့်ခန်းဟုပင် မဆိုလောက်ပါ။ ခန်းမကျယ်ကြီးလို ကျယ်ဝန်း ခမ်းနားသည်။ အနီရောင်ဖွေးဖွေးကော်ဇောကြီးအပြည့်ခင်းထားသည်။ အဖြူ ရောင်ဆိုဖာထိုင်ခုံကြီးတွေက ကျက်သရေရှိသည်။

မျက်နှာကျက်က မီးဆိုင်းကြီးအလင်းအောက်မှာ ဧည့်ခန်းထဲ က အလှပန်းအိုးတွေ၊ ရုပ်တုတွေ ပန်းချီကားတွေ ပိုလို့ပေါ်လွင်စေ၏။

"ကဲ သမီးလေး ဟောဒီက မိန်းကလေးတွေနဲ့ လိုက်သွားလိုက် ဦး တူတော် သမီးလေးကို ကြိုဆိုဖို့ အသင့်ဖြစ်နေလောက်ပြီ"

ပိုးချိတ်အဝါဝမ်းဆက်နှင့် မိန်းကလေးနှစ်ယောက် ခေါ်ဆောင် ရာနောက်ကို မေ့ခေတ် လိုက်ခဲ့ရ၏။

စိတ်ကည့ို့ယူခံထားရသလို ဘယ်လိုထူးခြားမှုတွေ ထပ်ကြုံဆုံ ဦးမှာလဲ သိချင်စိတ်ကသာ ပြင်းပြနေခဲ့သည်။ အခန်းတစ်ခုရှေ့ရောက် တော့ ရှေ့က မိန်းကလေးက တံခါးကိုဆွဲဖွင့်ပေးရင်း

"အထဲကိုကြွပါ မမ"

ပြောပြီးသည်နှင့် မိန်းကလေးက ခပ်ရို့ရို့လေးပြန်ထွက်သွား သည်။ ပြာလဲ့လဲ့မီးရောင်လင်းနေသော အခန်းထဲကိုဝင်ဖို့ မေ့ခေတ်



www.burmeseclassic.com

www.burmeseclassic.com



တွန့်ဆုတ်နေသည်။

သည်နေရာအထိရောက်လာပြီးမှ နောက်ပြန်လှည့်ရမည်လား။ မေ့ခေတ်ရောက်နေတာကို သူ တစ်နေရာရာက ထိုင်ကြည့်မနေဘူးလို့ မပြောနိုင်။ မျက်စိနှင့်မမြင်ရပေမယ့် စီစီတီဗွီကင်မရာတွေ ရှိနေနိုင်သည်။

မေ့ခေတ် နောက်လှည့်အရှုံးပေးသွားတာတော့ အဖြစ်မခံနိုင်ပါ။ အခန်းထဲကို လှမ်းဝင်လိုက်သည်။

အအေးဓာတ်လေးက စိမ့်စိမ့်လေးကဲနေ၏။ ပြာလဲ့လဲ့မီးရောင်က မှိန်လိုက်လင်းလိုက်နှင့် ဝိုးတစ်ဝါးဖြစ်နေသည်။ မေ့ခေတ် မျက်မှောင်လေးကုပ်ကာ ရပ်နေမိဆဲ။

စက္ကန့်အတော်ကြာသွားသည်အထိ တိတ်ဆိတ်နေဆဲ။ မင်းခေတ်ကျော် ဘယ်မှာလဲ။ ဘာသဘောနဲ့ စတန့်ထွင်နေတာလဲ၊ ဝိုးတစ်ဝါးမီးရောင်တွေကြောင့် မြင်နေရတာလည်း ပီပီပြင်ပြင်မရှိပါ။

အဖြူရောင်နံရံတွေလား၊ လိုက်ကာတွေလား၊ မသဲကွဲပါ။

"လုပ်ထားဦးပေါ့ဟာ တွေ့ရင်သိမယ်"

မေ့ခေတ်စိတ်ထဲ ခပ်ချဉ်ချဉ်လေးဖြစ်လာသည်။ သည်းခံခြင်းစိတ်တို့က ပျောက်ဆုံးချင်နေသည်။ မော်လိုလို ပဉ္စလက်လိုလို ဘာမှန်းကို မသိပါ။

ထိုအခိုက်မှာပဲ စန္ဒရားသံလေး လွင့်မျောလာသည်။ ပထမတော့ အဝေးကကြားနေရသလို တိုးတိုးလေး နောက်တော့ တဖြည်းဖြည်းနီးကပ်လာ၏။ တေးသွားကလည်း ငြိမ့်ငြိမ့်လေးမှသည် မြူးမြူးလေးဖြစ်လာသည်။





သံစဉ်မြူးမြူးလေးက မေ့ခေတ်စိတ်တွေကို ပေါ့ပါးကာ စိတ်လွတ်ကိုယ်လွတ် ခန္ဓာကိုယ်လေး လှုပ်ရမ်းကလိုက်ချင်မိသည်အထိ။

ထိန်းထားစမ်း မေ့ခေတ်ဟုတောင် ကိုယ့်ကိုကိုယ် သတိပေးနေရ၏။

"ဟင်"

ဂီတသံတွေ တိခနဲ ရပ်သွားတာမဟုတ်ဘဲ အဝေးကိုခပ်ဖြည်းဖြည်းလေး အပြေးထွက်သွားသလို တိမ်ဝင်သွား၏။ နောက်ဆုံး တိတ်ဆိတ်ခြင်းကအတိ။

ပြာလဲ့လဲ့မီးရောင်တွေ တောက်တောက်ပပလေး လင်းလက်လာတာမို့ မေ့ခေတ်မျက်လုံးတွေတောင် ပြာဝေချင်လာ၏။

ထိုစဉ် ဘွားခနဲ တွေ့လိုက်ရတာ မင်းခေတ်ကျော်။ ဝတ်ဆင်ထားတာက အဖြူရောင်ကုတ်နှင့် ဘောင်းဘီအဖြူရောင်။ အောက်ခံအင်္ကျီက ပန်းနုရောင် နက်ခ်တိုင်က ကြည်ပြာရောင်။

တခြားသူဆိုလျှင် အရောင်တွေကြောင့် အကြည့်ရဆိုးချင်ဆိုးသွားနိုင်ပေမယ့် မင်းခေတ်ကျော်၏မျက်နှာလေးက ကြည်လင်ပြီး ကြည့်ကောင်းလွန်းနေခဲ့သည်။

"မင်္ဂလာညနေခင်းပါ ခေတ်"

အပြုံးချိုချိုလေးနှင့် အသံလေးကပါ ကြည်လင်နေပေမယ့် မေ့ခေတ်မျက်နှာကို တမင်မာတင်းထားရင်း



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ယူ့အစွမ်းတွေအကုန်ပဲလား"

"ပျော်စေချင်လို့ပါ ခေတ်ရဲ့"

"ယူ ချမ်းသာတာတွေကို ခေါ်ဖက်လှည့်နဲ့ ကြွားလုံးထုတ်တာ ပေါ့"

"ပကာသနတွေကိုယ် စိတ်မဝင်စားတာ အားလုံးသိတယ်"

"ဒါဆို ယူ သက်သက်ရှုးတာပေါ့"

"ခေတ်လည်း အတူတူပဲလေ"

"ဘာပြောတယ်"

"လူတိုင်းက အရူးပဲတဲ့၊ အနည်းနဲ့အများပဲကွာတယ်လေ"

သူ့မျက်နှာက အပြစ်ကင်းစင်လောက်အောင် ပြုံးနေတော့ မေ့ခေတ် ဒေါသတွေအရှိန်ကျိုးကုန်၏။ တခြားမိန်းကလေးတစ်ယောက် ဆိုလျှင် ဘိုင်းခနဲ ပြုံလဲကျသွားနိုင်သည့် အပြုံးမျိုး။

"ယူ ဒါတွေကို ဘယ်တုန်းကတည်းက ကြံစည်စီမံထားတာလဲ"

"ခေတ်ကို စချစ်မိသွားတဲ့နေ့ကတည်းက"

"ဘုရားရေ ဘယ်တုန်းက"

"ခေတ်ကို စတွေ့တဲ့နေ့ကတည်းက"

မေ့ခေတ် အားပါးတရ ရယ်မောလိုက်တော့ သူက အပြုံးမပျက် ခေါင်းလေးညိတ်ကာ နောက်ကို ပြန်လှည့်လျှောက်သွား၏။

အပြာရောင်လိုက်ကာကြီးကို ဆွဲဖယ်လိုက်တော့ ကျွန်းသား ဝိုင်းနှင့် ကျွန်းထိုင်ခုံကြီးနှစ်ခုံ၊ ကနုတ်ပန်းတွေနှင့် ထိုင်ခုံတွေက လှ





မြောက်လှ၏။

"ခေတ် ကြွပါ၊ စိတ်လန်းဆန်းသွားအောင် သုံးဆောင်ပါဦး"

မေ့ခေတ် စားပွဲလေးဆီရောက်ခဲ့တော့ ဝိုင်ပုလင်းတစ်လုံးနှင့် ဖန်ခွက်လှလှလေးနှစ်ခွက်ရှိသည်။ စားဖွယ်ရာ ပန်းကန်တွေကလည်း စုံလင်သည်။ အသီးအနှံ၊ အသားကင် အများကြီးဖြစ်၏။

သူကိုယ်တိုင် ဖန်ခွက်တွေထဲကို ဝိုင်ငှဲ့ထည့်ပေးသည်။ ပြီးတော့ မေ့ခေတ်ကို ကမ်းပေးသည်။

"ယူက မိန်းကလေးတွေကို ဒီလို စိတ်ဝင်စားအောင် စွဲဆောင် တတ်တဲ့ပညာ ပြည့်ဝတယ်ထင်တယ်"

"နိုး ကိုယ့်ဘဝမှာ အလေးအနက်ထားတဲ့သူက ခေတ်တစ် ယောက်တည်းပဲ၊ ဒါကျိန်ရဲတယ်"

"ယူဆိုလိုတာ တို့က ယူ့ရဲ့ပထမဆုံးချစ်သူပေါ့"

"ကိုယ့်နှလုံးသားရဲ့ပထမဆုံးချစ်သူပါ၊ မိန်းကလေးတွေနဲ့တွဲ တိုင်း ချစ်သူလို့ ကိုယ်မသတ်မှတ်ဘူး၊ ခေတ်က ကိုယ့်ချစ်သူ"

သူ ငှဲ့ထည့်ပေးထားသောဝိုင်ကို မေ့ခေတ် တစိမ့်စိမ့်မော့ သောက်လိုက်သည်၊ စိတ်ထဲမှာတော့ ကြည်ကြည်လင်လင် ဖြစ်သွားခဲ့တာ အမှန်ပဲဖြစ်သည်။

"ကိုယ် ဘယ်မိန်းကလေးကိုမှ ချစ်တယ်လို့ မပြောခဲ့ဖူးဘူး၊ ဒါအမှန်ကန်ဆုံးစကားပဲ၊ ကိုယ်ချစ်တယ်လို့ အကြိမ်ကြိမ်ပြောဖူးတာ ခေတ် တစ်ယောက်ပဲရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားတွေက ဝိုင်အရသာလို ချိုမြိန်လွန်းနေသည်။ ေ
ခေတ် ကျေနပ်ကြည်နူးနေပေမယ့် ဦးနှောက်က သူ့စကားတွေထဲမှ
မပျော်ဝင်သွားဖို့ သတိပေးနေခဲ့သည်။

"တို့အိမ်ကို ခေါ်လာဖူးတာ ခေတ်တစ်ယောက်တည်းပဲ၊ ဖေ
မယ်မယ်တို့ ခရီးလွန်နေလို့ နောက်မှဆို ခေတ်နဲ့တွေ့ပေးချင်တယ်"

"ဘာအတွက်လဲ ယူ"

"ကိုယ်ချစ်တဲ့သူကို ကိုယ့်မိဘနှစ်ပါးမြင်တွေ့စေချင်လွန်းလို့ပေ့

မေ့ခေတ်ကို သူ့ဘက်က တကယ့်လေးနက်တည်ကြည်ကြော
သက်သေပြုစကားတွေ ဆိုနေခဲ့တာလား။ ကျေနပ်ရင်ခုန်စရာကော
ပေမယ့် မေ့ခေတ် မယုံရဲပါ။

မင်းခေတ်ကျော်က မိန်းကလေးများစွာ တွဲခဲ့သူ။ ထိုမိန်းကလေ
တွေကို လွယ်သူစွာစိတ်ကုန်မေ့ပစ်နိုင်သူ။ ပြောရလျှင် မေ့ခေတ် ယောက်
လေးတွေကို ကစားခဲ့သလိုပေ့။

"ယူ တို့အကြောင်း ဘယ်လောက်သိထားသလဲ"

မင်းခေတ်ကျော် နှုတ်ခမ်းတွေပြုံးသွားသည်။ ပြီးတော့ ခေါင်း
ခါရမ်းရင်း

"ကိုယ့်အတွက် ခေတ်အကြောင်းက ဘာမှသိဖို့ အရေးမကြီ
ပါဘူး။ ဒီလိုပဲ ခေတ်လည်းကိုယ့်အကြောင်းတွေ သိစရာမလိုဘူး၊ အရေ
ကြီးဆုံးက ကိုယ် မင်းကိုချစ်တယ်ဆိုတဲ့စကားပေါ် ယုံကြည်ဖို့ လေးန
ဖို့ပဲ"





တကယ့်ကို နားထောင်လို့ အချိုမြိန်ဆုံးစကားသံတွေပါပဲ။ မေ့ခေတ်ဖန်ခွက်လေးထဲက ဝိုင်ကုန်သွားတော့ သူက နောက်တစ်ခွက်ငှဲ့ထည့်ပေးနေတာမို့

"ယူ ရိုးသားပါတယ်နော်"

"ကိုယ့်သိက္ခာနဲ့ကိုယ်ကျင့်တရားကို ဒီ သက်နဲ့လောင်းကြေးထပ်ရဲတယ်၊ ဒီတစ်ခွက်သောက်ပြီး ကိုယ်တို့စားကြရအောင်"

ပြောရင်း သူလည်း တစ်ခွက်ငှဲ့သောက်သည်။ ကြည်လင်သောသူ့မျက်နှာကိုငေးကြည့်ရင်း မေ့ခေတ် ယုံကြည်မှု ၄ အကြွင်းမဲ့တည်ရှိနေသည်။

မင်းခေတ်ကျော် ဘယ်အချိန်က ဘယ်လိုအချက်ပြခေါ်ဆောင်လိုက်သည်မသိပါ။ အခန်းထဲသို့ ခြေလေးချောင်းဘီးတပ်ထားသော စားပွဲလေးသုံးခုကို တွန်းဝင်လာသည့် လူရွယ်သုံးယောက် ဝင်လာသည်။

ဝတ်စုံတွေက တူညီဝတ်စုံတွေနှင့်။ ပြီးတော့ ဟင်းလျာတွေကို စားပွဲကြီးပေါ် ပြင်ဆင်ပေးပုံတွေက စနစ်ကျသပ်ရပ်သည်။ အဆင့်မြင့်ကိုတယ်စားသောက်ခန်းထဲ ရောက်နေသလိုပါပဲ။

အားလုံးပြင်ဆင်ပေးပြီးသည်နှင့် ညင်သာစွာပဲ ပြန်လည်ထွက်ခွာသွားကြသည်။

စားပွဲကြီးပေါ်မှာ စားသောက်ဖွယ်ရာတွေက အပြည့်၊ လိုသည်ထက်တောင် ပိုမိုလွန်းနေသည်။

"စိတ်ကြိုက်သုံးဆောင်ပါ ခေတ်၊ ဥရောပအစားအစာတွေကို



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပါးစပ်နဲ့ ခံတွင်းတွေ့အောင် စီစဉ်ခိုင်းထားတာ''

''ယူ့အိမ်မှာရှိတဲ့ စားဖိုမှူးလက်ရာလား''

''ဟိုတယ်က စားဖိုမှူးလက်ရာပါ''

''ဒါဆို ဟိုတယ်ကမှာထားတာပေါ့''

''နိုး မယ်မယ်ရဲ့ဟိုတယ်ကတစ်ယောက်ကိုခေါ်ပြီး အိမ်မှာပဲ စီစဉ်ချက်ခိုင်းတာပါ''

မင်းခေတ် မိခင်က ဟိုတယ်တွေ ပိုင်ဆိုင်ထားတာ မေ့ခေတ် သိထားသည်။ မင်းခေတ်ကိုယ်တိုင် ဟင်းတွေကို ခပ်ပြီးထည့်ပေးသည်။ ဟင်းလျာတွေ၏အရသာကို ခံစားရင်း မေ့ခေတ် ဖြည်းဖြည်းစားကြည့်သည်။

တကယ့်ကို နှစ်သက်စရာ အရသာတွေဖြစ်သည်။

''စိတ်ကြိုက် စုံအောင် ထည့်စားနော် ခေတ်''

ပြောရင်း သူကိုယ်တိုင် ဟင်းလျာတွေ စုံလင်အောင်မေ့ခေတ် ပန်းကန်ထဲ ဂရုစိုက်ထည့်ပေးသည်။

အများကြီးမစားနိုင်ပေမယ့်လည်း စုံလင်အောင်တော့ မေ့ခေတ် စားလိုက်ပါသည်။ မင်းခေတ်ကတော့ တို့ကနန်းဆိတ်ကနန်းပဲ စားကာ မေ့ခေတ်ကိုပဲ အရိပ်ကြည့်၍ လိုအပ်တာထည့်ပေးနေ၏။

မေ့ခေတ် မငြင်းပယ်မိသလို စိတ်မှာလည်း ကြည်နူးကျေနပ် စိတ်လေးတွေ ခံစားနေရသည်။

အမှန်ဝန်ခံရရင် မေ့ခေတ်နှင့်ပတ်သက်ခဲ့သော ယောကျာ်းလေး





တိုင်း မေ့ခေတ်ကို အရိပ်ကြည့် ဂရုစိုက်ပေးတတ်ကြသည်။ ဒါပေမဲ့ အခု မင်းခေတ်နှင့်မတူတာတော့ အမှန်။

ပြီးတော့ ကျန်သူတွေကို မေ့ခေတ် အနိုင်ယူစိတ်နှင့် တမင် စေခိုင်းခဲ့တာဖြစ်၏။

မင်းခေတ်ကတော့ မေ့ခေတ်ဆန္ဒတွေကိုသိကာ အလိုက်သင့် ဖြည့်စွမ်းပေးနေခြင်းမျိုးဟု ခံစားနေရ၏။

မင်းခေတ်ကိုအရင်က ဘုဆတ်ဆတ် မာကြောကြောနှင့် အတ္တ မာနတွေကြီးသူဟု သတ်မှတ်ခဲ့၏။ အခုလို ဆက်ဆံပြုမူနေတာမြင်တော့ ထိုသတ်မှတ်ချက်တွေ ပျောက်ကုန်သည်။

''ဝပြီလား ခေတ်ရဲ့''

''အင်း တကယ် အဆင်ပြေပါတယ်၊ မင်းခေတ်ကိုလည်း ကျေးဇူးအထူးတင်ပါတယ်''

''ခေတ် ကိုယ့်ရဲ့ဖိတ်ခေါ်မှုကို လက်ခံလိုက်ကတည်းက ကိုယ် က သိပ်ကျေးဇူးတင်နေမိတာပါ''

ပြောရင်း သူက စားပွဲစွန်းမှာတင်ထားသော ငွေခေါင်းလောင်း လေးကို တီးခတ်လိုက်၏။

ချက်ချင်းပင် လူရွယ်သုံးယောက် စားပွဲတွန်းလှည်းလေးတွေနှင့် ရောက်လာကာ သိမ်းဆည်းကြသည်။ ပြီးတော့ သောက်စရာအချိုရည် ခွက်နှင့် သီးနှံတွေစီစဉ်ပေးသည်။

ပြီးသည်နှင့် ပြန်ထွက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"နာနတ်ဖျော်ရည်လေး နည်းနည်းသောက်လိုက် ခေတ်၊ ရင်ချောင်သွားတာပေါ့"

မေ့ခေတ် ဖျော်ရည်ကို ပိုက်တံလေးနှင့်တစ်ငုံခန့် စုပ်သောက်လိုက်သည်။ ထိုအခိုက်မှာပင် ဂီတသံစဉ်လေးတွေ ငြိမ့်ညောင်းစွာထွက်ပေါ်လာသည်။

ဗီယိုဗင်၏တေးသွားက ငိုင်နှစ်ခွက်သောက်ထားသော မေ့ခေတ်စိတ်အာရုံကို လန်းဆန်းတက်ကြွစေ၏။

မေ့ခေတ် ဘယ်လိုမှထင်မှတ်မထားသော အိပ်မက်ဘုံလေးထဲကို ရောက်နေရသလိုပါပဲ။

တေးသွားလေးက မြူးကြွသလို စိတ်အာရုံတွေကလည်း လှုပ်ခတ်စီးမျောနိုင်စွမ်းသည်။

"ခေတ် ကိုယ်တို့ကကြရအောင်"

"အို တို့ မကတတ်ဘူး"

"ကိုယ်လည်း သိပ်မကတတ်ပါဘူး၊ ဒါပေမဲ့ ပျော်ရွှင်ကြည်နူးစိတ်တွေနဲ့ စီးမျောခံစားချင်တာ"

ပြောရင်း သူ ထိုင်ခုံကထကာ မေ့ခေတ် အနားလျှောက်လာသည်။ မေ့ခေတ် မျက်နှာလေးနီနေမှာ သေချာ၏။ ကလပ်ကိုရောက်တုန်းကတော့ မေ့ခေတ် သဲမာတို့နှင့် ခုန်ပေါက်ကဖူးသည်။

ကိုယ်လိုသူလို လူငယ်တွေအများကြီးဆိုတော့ မရှက်ခဲ့ပေမယ့် သူနှင့်နှစ်ယောက်တည်းမို့ ရှက်မိ၏။





"ခဏလောက်ဖြစ်ဖြစ် နော် ခေတ်"

မေ့ခေတ် လက်ဖဝါးလေးကို သူဆုပ်ကိုင်လိုက်ချိန် နွေးခနဲခံစားမှုနှင့် ရင်ကလှုပ်ခတ်နေခဲ့၏။

သူ တောင်းဆိုမှုကို လိုက်လျောမိတာ နှလုံးသားရဲ့ခွင့်ပြုချက်သည်း ဦးနှောက်ရဲ့ခွင့်ပြုချက်လားတောင် မခွဲခြားလိုက်နိုင်ခဲ့ပါ။

ငြိမ့်ညောင်းသော ဂီတသံစဉ်လေးတွေ၏ စီးမျောခေါ်ရာနောက်ကို မေ့ခေတ်စိတ်တွေလည်း မျောလွင့်ပါချင်နေပြီ။

နှစ်ယောက် မျက်နှာချင်းဆိုင်ရပ်မိတော့ သူ့အရပ်မြင့်မြင့်မားမားက မေ့ခေတ်ထက် ခေါင်းတစ်လုံးစာခန့် ပိုမြင့်နေခဲ့သည်။

ဆုပ်ကိုင်ထားသော မေ့ခေတ် လက်ကလေးကို သူ့ခါးကို သိုင်းဖက်စေ၏။ နောက်ထပ် မေ့ခေတ် လက်ဖဝါးလေးကို ဆန့်တန်းစေလျက် သူ ဖွဖွဆုပ်ကိုင်ထားသည်။

မေ့ခေတ် ရင်ခုန်သံတွေ မြန်ဆန်နေခဲ့ပြီ။ သူ့မျက်နှာကို ရဲရဲကြည့်ရဲဘဲ သူ ဦးဆောင်ခေါ်သော ကကွက်တွေအတိုင်း ငြိမ့်ငြိမ်းလေးလိုက်ကနေခဲ့မိသည်။

မေ့ခေတ် ခါးလေးကို သူ သိုင်းဖက်လိုက်ချိန်မှာ နှစ်ဦးစလုံး ခေါင်းချင်းအပ်သွားမိ၏။

ကကြိုးတွေဆိုတာ အခုချိန်မှာ နှစ်ဦးစလုံးအတွက် အရေးမပါသည်။ အရေးကြီးဆုံးက ရင်ဘတ်နှစ်ခုနီးကပ်နေဖို့ တစ်ယောက်ရင်ခုန်သံတွေကို တစ်ယောက်က ကြားနေနိုင်ဖို့မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်လေးတွေ စီးမျောလှုပ်ယမ်းနေခိုက်မှာ ရင်ခုန်သံတွေက စည်းချက်မညီညာသော သံစဉ်တွေလိုရှိသည်။

ရုတ်တရက် သူက ပါးချင်းကပ်လာတော့ မေ့ခေတ် မျက်နှာလေး ပူနွေးရှိန်းမြသွားသည်။ ပြင်းဆိုဖို့ အင်အားတွေ ဘယ်ဆီပျောက်ကုန်ပြီမသိ။

ရှက်စိတ်တွေ ထူပူလျက် မျက်ဝန်းတွေ မှေးမှိတ်ထားမိစဉ် မေ့ခေတ် နဖူးပြင်လေးပေါ် အနမ်းနွေးနွေးတစ်ပွင့်ကြွေသည်။

"အို"

ထို့နောက်မှာတော့ သူ့အနမ်းတွေက မေ့ခေတ် ပါးပြင်။ ပြီးတော့ နှုတ်ခမ်းဖူးဖူးလေးဆီရောက်၏။

မောဟိုက်မှုနှင့်ရင်ခုန်သံတွေ ဝုန်းဒိုင်းကြဲကုန်သည်။ အနမ်းတို့က နူးညံ့သိမ်မွေ့ပါလျက် မေ့ခေတ် ရင်ခုန်သံတွေက ကြမ်းတမ်းစွာ တုန်ခါနေခဲ့သည်။

ကမ္ဘာအစွန်းတစ်နေရာသို့ လွင့်မျောသွားသလို ပူနွေးရှိန်းမြသောအနမ်းတွေထဲမှာ ခွန်အားမဲ့ချင်သလိုလို ဖြစ်သွားသည်။

တဒင်္ဂ လွင့်မျောပျောက်ဆုံးသွားသော အသိတရားတွေကို မေ့ခေတ် ချောက်ချားစွာ ပြန်စုစည်းမိတော့မှ

"အို ဖယ် ဒီလိုမလုပ်နဲ့"

မျက်နှာပေါ် အုပ်မိုးကိုင်းထားသော မင်းခေတ်မျက်နှာအား ပြန်ဆုတ်ခွာသွားပေမယ့် မေ့ခေတ် နှုတ်ခမ်းအစုံ နွေးထွေးနေတုန်းပြီ





သည်။

တကယ်ဆို တစ်ယောက်တည်း လွန်ကျူးမှုတော့ မဟုတ်ခဲ့ပါ။ တဒင်္ဂလေးမှာ နှစ်ယောက်စလုံး မိန်းမောပါသွားခဲ့တာ သေချာပါသည်။ ထိုတဒင်္ဂလေးကိုပဲ နှစ်ဦးစလုံး အပေးအယူမျှစွာ နှစ်ခြိုက်ခဲ့ကြသည်။

"တို့ကို ပြန်ပို့ပေးတော့"

မောဟိုက်နေသော လေသံတိုးတိုးလေးနှင့် မေ့ခေတ် တောင်းဆိုမိသည်။

"ကိုယ့်ကို စိတ်ဆိုးသွားလားဟင်"

ခေါင်းမညိတ် ခေါင်းမခါမိဘဲ ရှက်စိတ်တွေနှင့်သာ ရင်ထဲမှာ ပူနွေးနေခဲ့သည်။

"ခေတ်ရယ် သိပ်ချစ်တယ်"

"တို့ ပြန်ပါရစေတော့"

ထပ်တောင်းဆိုတော့ ဖက်ထားသော လက်တွေကို သူ ဖြေလွှတ်ပေး၏။ မေ့ခေတ်ဘဝမှာ ဘယ်ယောကျ်ားလေးကိုမှ သည်လို အခွင့်အရေးမျိုး မပေးခဲ့ပါ။

ဒါ ပထမဦးဆုံးသော ယောကျ်ားတစ်ယောက်၏အနမ်းတွေထဲမှာ နစ်မျောသာယာခဲ့မိခြင်း။

"ကိုယ်ကိုယ်တိုင် အိမ်အထိပြန်ပို့ပေးပါ့မယ်"

သူ့စကားတွေကလည်း ညင်သာနူးညံ့သိမ်မွေ့နေခဲ့သည်။

ကတိအတိုင်း မေ့ခေတ်ကို သူကိုယ်တိုင်လိုက်ပို့ပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မေ့ခေတ်က ခြံဝအထိပဲ လိုက်ပို့ပေးဆိုတော့လည်း သူ နာခံသည်။

''ခေတ် ကိုယ် ဒီညလေးကို မမေ့တော့ဘူး၊ ကိုယ့်ဘဝမှာ ချစ်ခြင်းတရားဆိုတာကို ခေတ်နဲ့ဆုံမှ ပိုင်ဆိုင်ခဲ့ရတာပါ''

သူ ဆိုသွားခဲ့သော စကားသံလေးက မေ့ခေတ်နှလုံးသားထဲ အထိ ကြည်နူးစွာ ပဲ့တင်သွားခဲ့တာတော့ ဝန်ခံချင်ပါသည်။

■ ■ ■

## အခန်း (၁၇)

ကျော်စွာနှင့်သဲမာတို့ ချစ်နေကြပြီဆိုသော သတင်းကြားတော့ သီရိ မအံ့ဩမိပေမယ့် ချက်ချင်းမယုံမိသေးပါ။

“ဖေယျာ ဟုတ်ရဲ့လား”

“ဟ ငါက ညာရမှာလား”

“နင့်ကို ဘယ်သူပြောတာလဲ”

“ကျော်စွာကိုယ်တိုင် ပြောတာ”

ဖေယျာကို ကျော်စွာကိုယ်တိုင်ပြောသည်ဆို၍ သီရိ မယုံလို့ မရတော့ပါ။ ကျော်စွာ သဲမာကို သဘောကျနေတာတော့ သီရိ သတိထားမိသည်။

ကင်တင်းန်မှာ ထိုင်မိလျှင် သဲမာနာမည်က ကျော်စွာအား



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ အမြဲပါသည်။ ပြီးတော့ သဲမာတို့ကျောင်းဘက်ကိုလည်း ကျော်စွာ မကြာခဏ သွားတတ်တာ ကြားသည်။

ဇေယျာကို အဖော်ခေါ်သွားတတ်တာကိုလည်း သိနေသည်။ ဒါပေမဲ့ ဒီလောက်အထိ မြန်ဆန်မည်ဟု မထင်ခဲ့။

"ကျော်စွာ ငါ့ကို ဘာမှမပြောဘူး"

"သူပြောပြမှာပါ။ ပြီးရင် သူတို့နှစ်ယောက် ချစ်သူဖြစ်ကြတဲ့ အထိမ်းအမှတ်နဲ့ ပွဲလေးတစ်ပွဲလည်းလုပ်မယ်တဲ့၊ ခေတ်တောင် သိပြီး နေပြီ"

"ဪ ဒါဆို ခေတ်လည်း သိနေပြီပေါ့"

"သိတာပေါ့ ကျော်စွာက ငါနဲ့ခေတ်ကိုခေါ်ပြီး ပြောတာလေ နင်နဲ့ခေတ် မတွေ့ကြဘူးလား"

"ဟင့်အင်း ဒီရက်မှာ မဆုံသေးဘူး"

"ဖြစ်ရမယ် ဒီလောက် ခြိုခြင်းကပ်နေတာကို"

ဇေယျာစကားကို ဘာမှပြန်မပြောချင်တော့ပါ။ မင်းခေတ်နှင့် ခြိုချင်းကပ်နေသည်ဆိုပေမယ့် တကယ် မဆုံဖြစ်တာ လေးရက်လောက် ရှိပြီ။

"နင့်ဆီ ကျော်စွာ ဖုန်းဆက်အသိပေးပါလိမ့်မယ်၊ အဲဒီအခါကျ ငါ မပြောသေးသလို နားထောင်ပေးလိုက်ပေါ့ဟာ"

ဇေယျာ ဖုန်းချသွားတော့ သီရိ ငိုင်ငိုင်လေးရပ်နေမိဆဲဖြစ် သည်။ မနေ့ကပဲ သီတင်းကျွတ်ကျောင်းတွေပိတ်သည်။





ကျောင်းတက်ရက်နောက်ဆုံးနေ့ကလည်း ကျော်စွာနှင့်ခေတ်ကို တွေ့ခဲ့ရပါ။ ဇေယျာနှင့်ပဲဆုံသည်။

"ဒီကောင်နှစ်ကောင် သူတို့ဖယားတွေဆီ ရှေ့ကြတာဖြစ်မှာ ဆို့ ကျောင်းပိတ်ရက်တွေမှာ တွေ့ဖို့မလွယ်တော့လေ"

သီရိ ထင်သည့်အတိုင်းပင် ဖြစ်သည်။ မင်းခေတ်ကို သည် ...ပိုင်းအတွင်း သိပ်မဆုံဖြစ်ပါ။ ကျောင်းပိတ်ရက်အိမ်ရောက်တော့ ...ည်း မတွေ့ရပါ။

အပြင်သွားသည်ဟုပဲ သတင်းရသည်။ မေ့ခေတ်ဖော်နှင့်ကိစ္စပဲ ...မည် ထင်သည်။ နှစ်ဦး ပတ်သက်တာ မကြာသေးတော့ ခေတ် ...ရှိက မေ့ခေတ်ဆီမှာ ဦးတည်နေမှာသေချာသည်။

မေ့ခေတ်နှင့်ကျမှ ခေတ် နည်းနည်းပြောင်းလဲသွားသည်လား ...တောင် သီရိ သံသယဖြစ်မိ၏။ မေ့ခေတ် ဘက်က ဘယ်လိုလဲတော့ ...သိပါ။

ရည်းစားတွေ ထည်လဲတွဲတတ်သည့်နှစ်ယောက် ဆုံတွေ့မှုက ...နှစ်တစ်ခုဖြစ်လာနိုင်စရာ မရှိဟု ချမ်းငြိမ်းကတော့ ရဲရဲတင်းတင်း ...ပြောထားသည်။

လက်ရှိမှာတော့ မင်းခေတ်ဘက်က အခြေအနေက အကဲခတ် ...ခက်တုန်းပဲရှိသည်။

မေ့ခေတ်ဖော်အတွက် လက်ဆောင် နှင်းဆီပန်းနီလေးတစ်ပွင့် ...ထဲမှာ ဘယ်တော့လာခူးမည်လဲ သီရိ မျှော်လင့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်ကို တစ်လထက်တောင် ပိုလို့ ကြာရှည်စွာမတွဲတတ်သော မင်းခေတ်ကျော်၏သမိုင်းက မေ့ခေတ်ဇော်နှင့်ကျမှ ပြောင်းလဲသွားမည်လား။

အခုတော့ အချိန်ကာလက တစ်ပတ်ကျော်မျှလေးပဲ ရှိသေး၏။ ထိုအချိန်လေးမှာပဲ ကျော်စွာနှင့်သဲမာကလည်း ချစ်သူတွေဖြစ်သွားကြသည်တဲ့။

"သမီးရေ မောင်ကျော်စွာ ရောက်နေတယ်"

မေမေ့အသံကြောင့် သီရိ အတွေးလေးဖြစ်ကာ အောက်ထပ်ဧည့်ခန်းထဲဆင်းခဲ့လိုက်သည်။

ဧည့်ခန်းထဲမှာ မေမေနှင့်ထိုင် စကားပြောနေသော ကျော်စွာက တစ်ယောက်တည်း။

"နင်တစ်ယောက်တည်းလား ကျော်စွာ"

"အေး ဟိုကောင် ခေတ် အိမ် ဝင်ခဲ့သေးတယ်၊ အပြင်သွားတယ်ဆိုလို့ နင့်ဆီဝင်လာတာ"

"ခေတ်လား ဒီရက်တွေ ဖမ်းရခက်နေတယ်၊ ငါ အိမ်သွားတိုင်းမတွေ့ဘူး"

"ကဲ သမီးတို့ စကားပြောကြဦး၊ မေမေ ဘုရားပန်းလေးလဲလိုက်ချင်လို့"

မေမေ ထွက်သွားတော့မှ ကျော်စွာ ပြုံးဖြီးဖြီးမျက်နှာနှင့် သီရိကို ကြည့်ရင်း





"သီရိ နင့်ကိုငါ ဝမ်းသာစရာသတင်း ပြောပြမလို့"

"ဘာလဲ နင်နဲ့သဲမာ ကိစ္စလား"

"ဟင် နင်သိနေတယ်၊ ဘာလဲ ခေတ်နဲ့တွေ့ပြီးပြီပေါ့"

"မဟုတ်ဘူး ဖေယျာ ဖုန်းနဲ့ပြောပြလို့ ခုလေးတင် သိခဲ့ရတာ"

"ဟာ ဒီကောင် မပြောပါနဲ့ဦးဆိုတာ ငါက နင့်ကို ကိုယ်တိုင်လာပြောချင်တာဟ"

"ငါတောင် မယုံဘူးဖြစ်နေတာ ကျော်စွာ၊ နင်တို့ကလည်းမြန်လှချည်လား"

"အချစ်မှာနှေးတာ မြန်တာမရှိဘူးလေဟာ အဟဲ"

ကျော်စွာမျက်နှာကြီးက ပြုံးဖြီးဖြီး။ မရစဖူး ပထမဆုံးရသွားသည့် ရည်းစားဦးမို့ ကျေနပ်ဝမ်းသာနေသည့်ပုံ။

"ကျော်စွာ နင်က သဲမာကို တကယ်ချစ်တာလား"

"ဟာ သီရိကလည်း ငါ့ကို ခေတ်လိုမှတ်နေလို့လား"

"အံမယ် ခေတ်နဲ့နင်ကလည်း တတွဲတည်းပဲလေ၊ နှစ်ယောက်ပေါင်းပြီး မိန်းကလေးတွေ အသည်းခွဲမလို့လားလို့ မေးတာပေါ့၊ ဘာလဲနင်က ခေတ်ရဲ့နှင်းဆီလက်ဆောင် မန်ဘာဝင်ထားသူလား"

"နိုး မဟုတ်ဘူး ခေတ်က သူငယ်ချင်းတွေအပေါ်ကောင်းတယ်၊ ဒါပေမဲ့ အချစ်နဲ့ပတ်သက်လာရင်တော့ အထင်ကြီးစရာတစ်ကွက်မှ မရှိဘူး"

"ကြည့်စမ်း ငါ ခေတ်ကို ပြန်ပြောမှာနော်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ အမှန်ပြောတာပဲ၊ ငါက သဲမာကိုတကယ်ချစ်တာ၊ ငါ့ရဲ့ ပထမဆုံးချစ်သူဖြစ်သလို ငါ့ဘဝအတွက် လက်တွဲဖော်အဖြစ် ရည်ရွယ်ထားတာ"

"နှင့်ဘက်က အတည်ဆိုတော့ သဲမာဘက်ကရော၊ ငါပြောတာ သဲမာကလည်း မေ့ခေတ်ဖော်ရဲ့သူငယ်ချင်းအရင်းအချာကြီးမို့ မေးတာ"

"အင်း နှင် သံသယဖြစ်သလို ငါလည်း အဲဒီလို သံသယဖြစ်သေးတယ်၊ ပြောရရင် သဲမာကလည်း ငါက ခေတ်ရဲ့သူငယ်ချင်းဖြစ်နေလို့ မယုံဘူး၊ ဒါပေမဲ့ ငါတို့ဆွေးနွေးပြီး နားလည်မှုနဲ့ချစ်ခဲ့ကြတာပါ"

"အံမယ် နှင်တို့က ခေတ်နှစ်ခေတ်အကြောင်း ပြောကြသေးတယ်ပေါ့"

"ဟုတ်တယ်လေ၊ မင်းခေတ်ကျော်ကော မေ့ခေတ်ဖော်ပါ လက်ရှိတွဲနေပေမယ့် မြဲမယ်လို့ နှင် ထင်လို့လား၊ သူတို့ ပြတ်ဆဲသွားရင် ငါနဲ့သဲမာကိစ္စမှာ ရိုက်ခတ်လာတာမျိုး မရှိစေချင်ဘူး"

"နေပါဦး နှင်တို့က အဲဒီလို ထင်နေတာလား"

"သိရိရယ် ခေတ်အကြောင်းလည်း နှင်သိတာပဲ၊ မေ့ခေတ်ဖော်အကြောင်းလည်း သဲမာတို့က ပိုသိတာပေါ့၊ အတိအကျမပြောနိုင်ပေမယ့် သူတို့ရေရှည်လက်တွဲဖို့ဆိုတာ မလွယ်ပါဘူး"

ကျော်စွာက ထင်မြင်ချက်ပေးနေတော့ သိရိ ရင်ထဲမှာကြိတ်ပြီး ဝမ်းသာမိသေးသည်။ ဟုတ်မှာပါ ခေတ်နှစ်ခေတ်ရဲ့ဆုံတွေ့မှုက အချစ် တစ်ခုဖြစ်မလာနိုင်ပါ။





"ကဲ သူတို့ကိစ္စထားလိုက်ပါ၊ ငါနဲ့သဲမာတို့အတွက် နှင် အသိအမှတ်ပြုပေးဟာ၊ ငါတို့အမှတ်တရပွဲလေး ကျင်းပမယ်"

"ကျောင်းတွေပြန်ဖွင့်ရင်လား"

"နိုး ဒီကျောင်းပိတ်ရက်မှာပဲ ဆုံတွေ့စီစဉ်မှာ၊ ငါ ခေတ်နဲ့ တိုင်ပင်စီစဉ်ဦးမယ်"

"ခေတ်က နှင်တို့နှစ်ယောက်ကိစ္စ ဘာပြောလဲ"

"ခေတ်ကို ငါ ဝန်ခံပြီးပြီ၊ သဲမာကို တကယ်ချစ်တာလို့"

"သူ ဘာပြောလဲ"

"ငါတို့အတွက် ဂုဏ်ယူတယ်တဲ့၊ ဒါကြောင့်လည်း ငါတို့ပွဲလေးကို ဂုဏ်ပြုတဲ့အနေနဲ့ သူ စဉ်းစားပြီး အကောင်းဆုံးစီစဉ်ပေးမယ်တဲ့၊ ကုန်ကျသမျှ သူ တာဝန်ယူမယ်တဲ့"

ကျော်စွာ ဝမ်းသာကျေနပ်စွာပြောသည်။ ကျော်စွာနှင့်သဲမာကိစ္စကို ခေတ်က ဂုဏ်ယူချီးမြှောက်သည့်သဘောဟု သိရိ နားလည်သည်။

ခေတ်တို့နှစ်ဦးလည်း ထိုပွဲမှာ ဆုံကြမည်ထင်၏။

ဘာပဲဖြစ်ဖြစ် မေ့ခေတ်ဖော်နှင့်ခေတ်တို့ အခြေအနေကို သိရိ အကဲခတ်လို့ရမည့် အခွင့်အရေးမို့ . . ။

"စိတ်ချ ကျော်စွာ ငါလည်း နှင်တို့အတွက် ဂုဏ်ယူစွာရောက်အောင် လာရမှာပေါ့ဟာ"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

မေ့ခေတ် ဒီရက်ပိုင်းအတွင်းမှာ သိပ်အပြင်မထွက်ဖြစ်ဘဲ အခန်းအောင်းနေမိသည်။ ကျောင်းမှာလည်း ကင်တင်းနိုင်တောင် မထွက်ဘဲ စာသင်ခန်းထဲမှာပဲ နေဖြစ်သည်။

ဒါကို သတိထားမိသော ချမ်းငြိမ်းကတောင် မေးသည်။

''ခေတ် နင် ဘာဖြစ်နေတာလဲ''

''ဘာဖြစ်လို့လဲ''

''ဘယ်မှမသွားလို့ မေးနေတာ၊ ကင်တင်းနိုင်တောင်မထွက်ဘူးလား''

''ဘာမှမဖြစ်ပါဘူး၊ ငါ့ဘာသာ စိတ်မပါလို့ မထွက်ဖြစ်တာပါ နင် သွားချင်သွားလေ၊ စောစောကပဲ သဲမာနဲ့ကြည်မွေ့ သွားကြတယ်''





''ငါသိတယ်၊ ငါ့တောင် လာခေါ်သေးတာပဲ၊ ငါ မလိုက်ချင်လို့ နေရစ်ခဲ့တာ''

ပြောရင်း ချမ်းငြိမ်း အကဲခတ်ကြည့်နေသော မျက်ဝန်းတွေကို သတိပြုမိပေမယ့် မေ့ခေတ် မသိသလိုနေလိုက်သည်။

''နင် တစ်ခုခုဖြစ်နေတာလား ခေတ်''

''ဟယ် မဖြစ်ပါဘူးဆို၊ နေပါဦး ငါ ဘာဖြစ်နေတယ် နင်က ထင်လို့လဲ''

''ဩော် မင်းခေတ်ကျော်နဲ့များ ပြဿနာရှိလို့လားလို့''

''ပြဿနာ ဘာပြဿနာမှ မရှိဘူး၊ ငါ့ခေါင်းထဲမှာလည်း အေးဆေးပဲ၊ ဘာမှမရှိဘူး''

မေ့ခေတ် စကားကို ချမ်းငြိမ်းယုံသွားသည်လား မသိ။ ဘာမှ ထပ်မမေးတော့ပါ။ တကယ်ဆို သူနှင့်မေ့ခေတ်တို့ အိပ်မက်ဆန်ဆန်ဆုံဖြစ်ခဲ့သည့်အဖြစ်ကို ချမ်းငြိမ်းတို့မသိပါ။ မေ့ခေတ် နှုတ်ကလည်း မပြောပြခဲ့။

အရင်ကဆိုလျှင် မေ့ခေတ်နှင့်ပတ်သက်ပြီး ဘယ်ယောကျ်ားလေးက ချိန်းချိန်း သူငယ်ချင်းတွေကို ပြန်ပြောပြကာ မေ့ခေတ် ဘယ်လို ညာပေးလိုက်တယ်၊ ဘာညာ ပြန်ပြော ဟားတိုက်နေကျဖြစ်၏။

မင်းခေတ်ကျော်ကိစ္စကိုတော့ လျှို့ဝှက်ချက်တစ်ခုလို သိုဝှက်ထားမိတာ ဘာကြောင့်မှန်းကိုမသိပါ။

အခုလည်း ကျောင်းတွေပိတ်လိုက်သည်အထိ မေ့ခေတ် အပြင်



www.burmeseclassic.com

မထွက်ပါ။ ကျောင်းတက်ရက် နောက်ဆုံးနေ့ကလည်း သဲမာက ကျော်စွာနှင့်ချိန်းထားသည်ဆိုတော့ ကြည်မွေ့ကိုခေါ်သလို မေ့ခေတ်ကိုပါ ခေါ်သည်။

"ငါ ခေါင်းတွေကိုက်နေလို့ဟာ မလိုက်တော့ဘူး"

တမင်အကြောင်းပြကာ မလိုက်ခဲ့၊ ကျော်စွာနှင့်ဆုံလျှင် သူနှင့်လည်းတွေ့နိုင်သည်။ ဒါကြောင့် မလိုက်တော့ပါ။ မေ့ခေတ် မလိုက်တော့ ချမ်းငြိမ်းလည်း မလိုက်ဖြစ်ပါ။

"နင် ကားမောင်းလို့ ဖြစ်မလား ခေတ်"

"အဲဒါလောက်တော့ ရပါတယ်"

ဒါတောင် ချမ်းငြိမ်းက စိတ်မချဟုဆိုကာ မေ့ခေတ် ကားနောက်က သူ့ကားကိုမောင်းခဲ့ကာ အိမ်အထိလိုက်ပို့သေးသည်။

ကျောင်းပိတ်ရက်မှာလည်း အပြင်မထွက်။ သူ ဖုန်းဆက်လို့မရအောင်လည်း မေ့ခေတ် ဖုန်းကို တမင်ပိတ်ထားလိုက်၏။

ဒါတွေ မေ့ခေတ် ဘာကြောင့် လုပ်နေမိတာလဲဟု ကိုယ့်ကိုကိုယ်တောင် မသိပါ။ သူ့အိမ်မှာညနေစာကျွေးသည့်နေ့ရဲ့အဖြစ်တွေက တွေးမိတိုင်း ရင်ထဲမှာလှုပ်ခတ်ခံစားနေရဆဲဖြစ်၏။

ပါးပြင်တွေ ပူနွေးလာသလို နှုတ်ခမ်းလေးတွေကိုလည်း ယောင်ယမ်းစမ်းမိသေးသည်။ ယောကျ်ားတစ်ယောက်နှင့် ပတ်သက်ပြီး ဒီလောက်အထိတောင် သတိလက်လွတ်ဖြစ်ခဲ့တာ ယုံနိုင်စရာမရှိ။

မေ့ခေတ် တမင်ရှောင်နေတာသိလျှင် သူ ဒေါသဖြစ်နေမည်





လား။ ဖုန်းဆက်မရလျှင် စိတ်တိုနေမည်လား။

သူနှင့်ဆုံတုန်းက မေ့ခေတ် ခံစားပိုင်ဆိုင်ရတာ မေ့ခေတ်ဘဝမှာ ပထမဆုံးအတွေ့အကြုံဆိုတာ မှန်ပေမယ့် သူ့အတွက် မဆန်းလှသောအဖြစ်လား မဆိုတတ်။

"သမီးရေ ဖုန်းလာနေတယ်"

"ရှင် ဟုတ်ကဲ့ မာမီ"

မေ့ခေတ် အခန်းထဲမှ ဆင်းခဲ့လိုက်သည်။ ညှော်ခန်းထဲရောက်တော့ မာမီက

"သမီးဖုန်းကို ပိတ်ထားလို့လား၊ ဆက်မရလို့တဲ့၊ ကြည်မွေ့ အိမ်ဖုန်းကို လှမ်းဆက်နေတာ"

"ဖုန်းအားသွင်းနေလို့ ခဏပိတ်ထားတာပါ မာမီ"

မာမီယုံအောင် ညာလိုက်ရ၏။ စားပွဲပေါ် မာမီတင်ထားသောဖုန်းလေးကို ကောက်ယူနားထောင်လိုက်တော့

"မိန်းမ ဖုန်း ဘာလို့ပိတ်ထားတာလဲ၊ ငါ လုံးဝခေါ်မရဘူး"

"ပြော ကြည်မွေ့ အရေးကြီးကိစ္စရှိလို့လား"

"ရှိတာပေါ့ ကျောင်းတက်ရက် နောက်ဆုံးနေ့က နင် မလိုက်လာတာ ခေတ်က အစာမကြေဘူးဖြစ်နေတယ်"

"မင်းခေတ်ကျော်ကို ပြောတာလား၊ သူ လာတယ်ပေါ့"

"လာတာပေါ့၊ နင်ပါလာမယ်ထင်တာတဲ့၊ ပါမလာလို့ မျက်နှာမကောင်းဘူး"

www.burmeseclassic.com



မေ့ခေတ် ကျေနပ်စွာပြုံးလိုက်သည်။ သူနှင့်ပတ်သက်ပြီး မေ့ခေတ်ပဲ ရှုံးနိမ့်နေခဲ့ရသည်။ ဒီတစ်ခါတော့ မေ့ခေတ် နိုင်လိုက်ပြီပေါ့။

"ငါတို့လည်း ပြောတယ်၊ နင် သိပ်နေကောင်းဘူးလို့"

"ပြဿနာမရှိပါဘူး အေးဆေးပါ"

"ဘာလဲ နင် ပညာပြနေတာလား၊ စာစာနာနာလေးလည်း လုပ်ပါ ခေတ်ရယ်"

"နင်က သူငှားထားတဲ့ ရှေ့နေလား ကြည်မွေ့"

"မဟုတ်ပါဘူးဟာ၊ ခင်ကြွမင်ကြွတာ တစ်လတောင် မပြည့်သေးဘူးဆိုတော့ မကောင်းဘူး။ ပြီးတော့ သဲမာနဲ့ကျော်စွာတို့က အခုမှ ချစ်သူတွေဖြစ်ကြတာ၊ သဲမာက တကယ်ချစ်တာတဲ့"

ကြည်မွေ့ ဘာကိုစိုးရိမ်နေသလဲဆိုတာ မေ့ခေတ် သိပါသည်။ ဘာမှမပြောဘဲ နှုတ်ပိတ်နေတော့

"အဲဒီနေ့က နင် မသိလိုက်တဲ့အစီအစဉ်တစ်ခု တိုင်ပင်ဖြစ်တယ်၊ သဲမာနဲ့ကျော်စွာက အထိမ်းအမှတ်ပွဲလေးလုပ်ချင်လို့တဲ့၊ အဲဒါကို ခေတ်က ကူညီမယ်တဲ့၊ သူတို့ပွဲအတွက် အကောင်းဆုံး အစီအစဉ်လေးဖြစ်စေရမယ်တဲ့၊ ကုန်ကျသမျှလည်း သူ တာဝန်ယူမယ်တဲ့"

ကြည်မွေ့စကားကိုတော့ မေ့ခေတ် စိတ်ဝင်စားသွားရပါသည်။ သူက သဲမာတို့ပွဲလေးကို စီစဉ်ပေးမည်တဲ့လား။ ဘယ်လိုစိတ်ကူးတွေနှင့် စီစဉ်မည်ဆိုတာ စိတ်ဝင်စားစရာကောင်းသည်။

"အစီအစဉ်က ဘယ်လိုလဲ"





"ခေတ်က မပြောသေးဘူး၊ နီးမှ သူ့အစီအစဉ်ကို ပြောပြမယ်တဲ့"

မင်းခေတ်ကျော် အကျင့်ကို မေ့ခေတ်သိသည်။ စိတ်ကူးဆန်းလေးတွေနှင့် စီမံတတ်သည်။ အခုလည်း ဒီလိုပဲ ဘာတွေစိတ်ဝင်စားအောင် ကြံစည်ထားသည်မသိ။

"အဲဒီနေ့ကျရင် နင်ပါရှိမှ ပါမှဖြစ်မှာနော်"

"ဘာအစီအစဉ်မှန်းမှ မသိသေးဘဲ၊ ငါက ကတိမပေးနိုင်သေးပါဘူး"

"နင် သိချင်ရင် ခေတ်ကိုမေးကြည့်ပေါ့"

"မမေးချင်ပါဘူး"

"ငါတို့လည်း မသိသေးဘူး၊ ဒါပေမဲ့ သဲမာရဲ့ပွဲဆိုတော့ ငါတို့ ဆင်နွှဲရမှာပဲလေဟာ၊ နင်လည်း မပါလို့မဖြစ်ဘူး ခေတ်"

"အင်း ငါ ကြိုးစားမှာပေါ့"

ကြည်မွေ့ ဖုန်းချသွားတော့ မေ့ခေတ် ကျေကျေနပ်နပ်လေး ပြုံးလိုက်မိသည်။ ကိုယ်နှင့်မဆုံရသည့်အတွက် သူ မကျေမနပ်ဖြစ်နေသည်တဲ့လား။

ဒါ ဝမ်းသာကျေနပ်စရာပဲပေါ့။

တကယ်ဆို သူ့လိုပဲ မေ့ခေတ်လည်း ခံစားရတာပါပဲ။ ခံစားချက်တွေကို သိုဝှက်ထားခဲ့ရတာ ကိုယ်တိုင်ပဲအသိဆုံး။

ဘာပဲဖြစ်ဖြစ် ခံစားရကျိုး နပ်သည်ထင်ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

မေ့ခေတ် အချိန်အတန်ကြာ ရေကူးနေမိသည်။ ခန္ဓာကိုယ်တစ်ခုလုံး ရေနှင့်ထိပြီး ကိုယ်လက်လှုပ်ရှားမှုတွေ လုပ်လိုက်တော့ အများကြီး လန်းဆန်းသွားသည်။ စိတ်အာရုံတွေ ဦးနှောက်တွေ ကြည်လင်သွား၏။

ရေကူးပြီးတော့ ရောင်စုံထီးပွင့်လေးအောက်က ဒရင်းဘတ်မှာ ဝင်ထိုင်လိုက်၏။ မွှေးပွသဘက်ကြီး လှမ်းယူကာ ဆံနွယ်တွေကို ပွတ်သုတ်နေတုန်းမှာ

"မမလေး"

ရေကူးကန်အနားထိ အိမ်ဖော်မလေး မိပိုရောက်လာသည်။ လက်ထဲမှာလည်း အဖြူရောင်နှင်းဆီပန်းခြင်းလေးတစ်ခြင်း ပါလာ၏။





"ဘာလဲ မိပို"

"လူတစ်ယောက် ပန်းခြင်းလာပို့သွားတယ် မမလေးကို ပေးလိုက်ပါဆိုလို့"

မေ့ခေတ် မျက်မှောင်လေးကုပ်သွားမိပေမယ့် လှပသော ပန်းခြင်းလေးကို လက်လှမ်းယူလိုက်မိ၏။ ပန်းခြင်းလေးထဲမှ အဖြူရောင်စာရွက်ခေါက်လေးကို မြင်လိုက်တော့ မေ့ခေတ် လှမ်းယူလိုက်သည်။

**ခေတ်**

ထွက်လာခဲ့ပါ။ မထွက်လာရင် ကိုယ့်ရဲ့အစောင့်အရှောက်တွေနဲ့ ခေတ်အိမ်အထိ လာခေါ်ရလိမ့်မယ်။ မယုံမရှိနဲ့။

**မင်းခေတ်ကျော်**

မေ့ခေတ် မျက်လုံးလေးဝိုင်းသွားသည်။ မင်းခေတ်ကျော် ပို့လိုက်သည့်ပန်းခြင်းပဲပေါ့။ ဖုန်းဆက်မရအောင်တမင်ပိတ်ထားတာကြောင့် စာရေးအောင်ပို့လိုက်တာဖြစ်မည်။

ဒီလောက်နှင့် မေ့ခေတ်တို့ မဖြုန်နိုင်ပါ။ သူ ခြောက်လှန့်တိုင်း ကြောက်ရမှာတဲ့လား။

မေ့ခေတ် ပြုံးပြုံးလေးပဲ ဒရင်းဘတ်က ထရပ်လိုက်သည်။ သူကလည်း ချမ်းစိမ့်စိမ့်ဖြစ်ချင်နေပြီမို့ ရေမိုးချိုး အဝတ်အစားလဲဖို့ အိမ်ထဲဝင်ခဲ့လိုက်သည်။

ရေချိုးအဝတ်အစားလဲပြီးတော့ ဝရန်တာလေးကို ထွက်ခဲ့လိုက်၏။ လမ်းမလေးဘက် လှမ်းကြည့်မိမှ မေ့ခေတ် မျက်လုံးတွေပြူးကျယ်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

အနက်ရောင် မာစီးဒီးကားသုံးစီး စီတန်းမောင်းသွားတာ တွေ့လိုက်ရတာကြောင့်ဖြစ်သည်။ မေ့ခေတ် ခြံကို ကျော်လွန်သွားပြီး ခဏအကြာမှာ ပြန်ဦးလှည့်လာကြပြန်သည်။

ပြီးတော့ ခြံရှေ့လမ်းမပေါ်မှာ ညီညာစွာရပ်တန့်သွားကြသည်။ ကားတံခါးဖွင့် ဆင်းလာကြသည်က တူညီဝတ်စုံတွေနှင့် လူတွေ။ အနက်ရောင်အနောက်တိုင်းဝတ်စုံတွေနှင့် မျက်မှန်တွေတပ်ထားကြသည်။

အနောက်တိုင်း ရုပ်ရှင်ထဲက မာဖီးယားဂိုဏ်းသားတွေလို ဘာလိုလိုထင်လောက်၏။

တစ်စီးမှာ နှစ်ယောက်နှင့် ခြောက်ယောက်၊ ကားကို မှီရပ်နေကြသည်။ ဒါ မင်းခေတ်ကျော်ရဲ့ကိုယ်ရံတော် အစောင့်အရှောက်တွေဆိုတာ သိလိုက်သည်။

ဆိတ်ငြိမ်ရပ်ကွက်ထဲမှာ လာလုပ်နေကြသည့်ပုံစံတွေက လူတွေသတိထားမိချင်စရာ ဖြစ်နေသလို စိုးရိမ်ထိတ်လန့်ချင်စရာလည်း ကောင်းနေသည်။

ပြီးတော့ ကိုယ့်ခြံရှေ့မှာ လာရပ်နေကြတာဆိုတော့ မာမီ သိလျှင် ဟိုမေးဒီမေး လုပ်လာတော့မည်။

မေ့ခေတ် အခန်းလေးထဲ ဖျပ်ခနဲ ပြန်ဝင်ခဲ့ကာ စားပွဲပေါ်က ဟန်းဖုန်းလေးကို ယူလိုက်သည်။ ပိတ်ထားသော ဖုန်းကိုဖွင့်လိုက်သည်။ ပြီးတော့ မင်းခေတ်ကျော်၏ ဖုန်းနံပါတ်လေးကိုနှိပ်ကာ ခေါ်လိုက်သ





ချက်ချင်းပဲ ဖုန်းကဝင်သွားသည်။

"ဟဲလို ခေတ်"

"ယူ ဘယ်လိုလုပ်တာလဲ"

"ခေတ် ဘာလို့ဖုန်းကိုတောက်လျှောက်ပိတ်ထားတာလဲ"

"ယူ့အသံကို မကြားချင်လို့"

"ကိုယ်က ခေတ်အသံကို ကြားချင်နေတာ၊ မျက်နှာလေးကို မြင်ချင်နေတာ"

"အဲဒါတွေ ထားစမ်းပါ၊ ခြံရှေ့က ယူ့လူတွေလား"

"ဟုတ်တယ်လေ ပြောထားတဲ့အတိုင်း လိုက်နာပါ၊ မလိုက်နာဘူးဆိုရင် ခေတ် ထွက်မလာမချင်း အိမ်ရှေ့မှာ သူတို့ရပ်နေကြမှာ"

"ဘယ်တော့မှ ထွက်မလာဘူး"

"ရတယ်၊ ဘယ်နှရက်ဖြစ်ဖြစ် သူတို့တစ်ဖဝါးခွာမှာမဟုတ်ဘူး"

"ယူ တို့ကို တမင်အရှက်ခွဲနေတာလား"

"သိပ်ချစ်တတ်တဲ့လူတွေမှာ အဲဒီလို ညံ့ဖျင်းတဲ့စိတ်မျိုး မရှိဘူး ခေတ်က ရက်စက်ပြတာကိုး"

"ယူ တမင်အနိုင်ကျင့်နေတာလား"

"နိုး ချစ်ပြနေတာ"

ဒီအတိုင်းဆိုလျှင် မင်းခေတ်ဘက်က ဘယ်လိုမှလျှော့မည့်ပုံ မပေါ်။ မာမီ အိပ်ရာကနိုးလာလျှင် ပိုရှုပ်ထွေးကုန်မည်။ ပြီးတော့ အရပ်ထဲ လမ်းမမှာ ရပ်နေသော သူတို့တွေကို ရပ်ကွက်ထဲက လူတွေ သတိ



www.burmeseclassic.com

www.burmeseclassic.com



ထားမိကုန်တော့မည်။

"ယူ့လူတွေကို ပြန်ခိုင်းလိုက်တော့"

"ခေတ်တို့နဲ့ တွေ့မှာလား"

"တွေ့မယ် နေ့လယ် နှစ်နာရီလောက် ထွက်ခဲ့မယ်"

"ကတိနော်"

"ရစ်မနေနဲ့ ယူ့လူတွေ မြန်မြန်ပြန်ခိုင်းပါ၊ တစ်ရပ်ကွက်လုံး သိကုန်တော့မယ်"

ပြောပြီးသည်နှင့် မေ့ခေတ် ဖုန်းကိုပိတ်ပစ်လိုက်သည်။ ဝရန်တာ လေးဆီ ပြန်ထွက်ခဲ့ကာ အခြေအနေကို စောင့်ကြည့်သည်။

ငါးမိနစ်တောင် မကြာလိုက်ပါ။ ရပ်ထားသော မာစီးဒီးကား စီး လမ်းပေါ်က ပြန်မောင်းထွက်သွားခဲ့ပါသည်။

သည်တော့မှ မေ့ခေတ် ပင့်သက်လေးရှိုက်မိ၏။

ဒီတစ်ခါလည်း မေ့ခေတ် ရှုံးနိမ့်ရပြန်ပြီလား။ တကယ်

မေ့ ခေတ်ကိုယ်တိုင်ကလည်း သူနှင့်တွေ့ဆုံချင်နေတာမို့ . . ။

ရှင် သိပ်တော်တယ် မင်းခေတ်ကျော်။

■ ■ ■

ဆိုင်လေးက ကဗျာဆန်သည်။ ထာဝရသစ္စာဟု အမည် ထားသော ဥယျာဉ်ဆန်ဆန်ဆိုင်လေးကို သူ ခေါ်တာမို့ မေ့ခေတ် ခဲ့သည်။ ညနေခင်းနှင့်ရှေ့တူရူက ကန်ရေပြင်ကို ငေးမောပြီး ထိုင် ရသောနေရာလေး။





စားပွဲပေါ်မှာ လက်နှစ်ဖက်တင်ကာ မင်းခေတ်ကျော်က ပြုံး ကြည့်နေသည်။ ဆင်စွယ်ရောင်တီရှပ်နှင့် အပြာရင့်ရင့်ဘောင်းဘီကိုပဲ နိုးတွဲဝတ်ထားသည်။

မေ့ခေတ်ကတော့ ပန်းနုရောင်ညနေခင်းဝတ်စုံလေးကို ရွေး ချယ်ဝတ်ဆင်ခဲ့တာ ဖြစ်သည်။ ဘာအဖိုးတန်ရတနာကိုမှလည်း ဆင်မြန်း လာခဲ့ပါ။ ဖန်စီရောင်စုံပစ္စည်းလေးတွေကိုသာ ဝတ်ဆင်ထားသည့် ဝတ်အစားနှင့် လိုက်ဖက်အောင် ရွေးချယ်ဆင်ယင်လာခဲ့၏။

"ယူ တစ်ဖက်သားကို တော်တော်အနိုင်ကျင့်ပါလား"

"ခေတ်က အရင်အနိုင်ကျင့်တာပါ၊ လေးရက်လုံးလုံး အသံလေး ကြားခွင့်မပေးတာ ဆိုးတယ်"

"တို့ဘာသာ လွတ်လွတ်လပ်လပ် နေချင်လို့ပေါ့"

"ချစ်သူတစ်ယောက်လုံးကိုတော့ ဥပေက္ခာပြုထားတယ်ပေါ့"

"ဘာချစ်သူလဲ အစမ်းတွဲကြတဲ့အဆင့်ပဲ ရှိတယ်"

မေ့ခေတ် မျက်စောင်းလေးထိုးကာ ပြောတော့ သူ ပခုံးလေး ပြုံးရင်း

"ကိုယ်ကတော့ မေ့မရတဲ့ အနမ်းလေးတွေကို စွဲလန်းနေတုန်း

မေ့ခေတ် မျက်နှာလေး နီမြန်းသွားသည်။ ထိုနေ့လေးကဖြစ်ခဲ့ ကာ မေ့ခေတ်အတွက်လည်း တွေးမိတိုင်း ရင်ဖိုနေမိဆဲဖြစ်သည်။

"မထင်မှတ်တဲ့ စည်းကျော်သွားတာပါ၊ ယူနဲ့တို့က အပျော်တွဲ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကြတဲ့ချစ်သူတွေအဆင့်ပဲ ရှိတယ်၊ ဒါကြောင့် နောက်ဆိုဆင်ခြင်ရမယ်''

''အပျော်တွဲချစ်သူ''

''ဟုတ်တယ်လေ''

''အရမ်းခံစားသွားရပြီကွာ''

သူ့မျက်နှာပေါ်က အပြုံးတွေ ကင်းစင်သွားခဲ့ကာ ချက်ချင်း ခံစားသွားရသလို ငြိမ်သက်သွား၏။ ပြီးမှ

''ဒါဆို ကိုယ်တို့ ဘယ်တော့ ထာဝရချစ်သူတွေ ဖြစ်ခွင့်ရှိလဲဟင်''

''အချိန်လိုတယ်''

''ကိုယ် ဘယ်လောက်အထိ စောင့်ရမှာလဲဟင်''

''ဒါတော့ ယူ့အပေါ်မှာပဲ မူတည်တယ်၊ အနိုင်မကျင့်ဘူး မညှဉ်းဆဲဘူး ပြောစကားနားထောင်မယ်၊ ထော်လော်ကန့်လန့် မလုပ်ဘူး၊ မကြိုက်တာတွေ မလုပ်ဘူး၊ တားမြစ်တာတွေ နာခံမယ်၊ အဲသလို အဲသလိုတွေ သေသေချာချာ လိုက်နာနိုင်တဲ့တစ်နေ့''

''ဟင် ဒါမျိုးက ယောကျ်ားအလုပ်မှ မဟုတ်တာ''

''ဘာပြောတယ်''

''ဟုတ်တယ်လေ မိန်းကလေးတစ်ယောက်ပါးစပ်ထဲရှိတာတွေ လျှောက်ပြောတာကို လိုက်လုပ်ပြတာ ယောကျ်ားမဟုတ်ဘူး၊ ယောကျ်ား ဂန်ဒူးပဲ၊ ယောကျ်ားဆိုတာကိုယ်တိုင်ဆုံးဖြတ်ချက်ရှိရမယ်၊ လုပ်ရဲရမယ်၊





တိုင်ရဲရမယ်၊ ဆုံးဖြတ်နိုင်စွမ်းရှိရမယ်၊ သူများပြောတိုင်း လိုက်လုပ်ရမှာ မဟုတ်သေးဘူး''

ခေတ် စိတ်ထဲတင်းခနဲ ဖြစ်သွားသည်။ သူ့ကို ခပ်စူးစူးလေး စိုက်ကြည့်ရင်း

''ဒါက ယူ့က အဲသလိုမျိုးလား''

''ဟဲ ဟဲ ဥပမာပြောပြတာပါ''

''တို့ခံယူချက်ကတော့ အဲဒါပဲ''

''စဉ်းစားပေးမယ်လေ၊ မာမီတို့နဲ့တိုင်ပင်ကြည့်ဦးမယ်၊ လူကြီးတွေသဘောတူတယ်ဆိုရင်တော့ ခေတ်တောင်းထားတဲ့ အဖြေလေး ပေးပါ့မယ်''

''ယူ့ ရှုတ်နောက်နောက်လုပ်မနေနဲ့နော်၊ အချိန်မရှိတော့ဘူး ပြန်တော့မယ်''

''ဟာ နေပါဦး၊ အရေးကြီးတဲ့စကား ပြောစရာရှိလို့''

''ဘာလဲ မြန်မြန်ပြော''

မေခေတ် စိတ်တိုနေသလိုပြောတော့ သူ ချော့မော့သလိုပြုံးရင်း

''တကယ်ပြောတာပါ၊ ကျော်စွာနဲ့သဲမာတို့ကိစ္စ ခေတ်သိပြီးပြီ မဟုတ်လား၊ သူတို့ပွဲကို ဂုဏ်ပြုပွဲလေး ကိုယ်စီစဉ်ပေးမလို့''

''အဲဒါ တို့နဲ့ ဘာဆိုင်လို့လဲ''

''ဆိုင်တာပေါ့၊ သဲမာက ခေတ်ရဲ့အရင်းဆုံးသူငယ်ချင်းကြီးပဲ၊ အဲ့မှာ ခေတ်ပါကိုပါရမှာ၊ ကိုယ့်အစီအစဉ်က ချောင်းသာခရီးစဉ်ကို



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေသွားကြမှာ''

''ဘယ်လို''

''ဟုတ်တယ် ကျော်စွာပါမယ်၊ ကိုယ်ပါမယ်၊ သီရိလည်းပါမယ် ခေတ်နဲ့ကြည်မွေ့ပါ ပါရမယ်၊ ဇေယျာကတော့ ခရီးလွန်နေလို့ မလိုက်နိုင် ရှာဘူး။ ချမ်းငြိမ်းကို ကြည်မွေ့က ပါအောင်ခေါ်မယ်တဲ့''

''ချောင်းသာခရီးစဉ်ဆိုတော့ တို့လိုက်ဖို့ မသေချာဘူး''

''ဟာ မလုပ်ပါနဲ့ ခေတ်ရယ်၊ အားလုံး လွတ်လွတ်လပ်လပ် ပျော်စရာပွဲလေးဖြစ်အောင် ကိုယ်စီစဉ်ထားတာပါ၊ လိုက်ခဲ့ပါ၊ အမှတ်တ နဲ့ပျော်စရာလေးတွေ ကြုံရမှာပါ''

''မရောက်ဖူးတာမှ မဟုတ်တာ၊ မဆန်းပါဘူး''

''မတူညီစေရဘူး၊ ကိုယ်ပြောရဲတယ်၊ တကယ့် မှတ်မှတ် လေး ဖြစ်စေရမယ်''

သူပြောနေတော့ မေ့ခေတ် ပြုံးမိသည်။ သဲမာတို့အတွ အမှတ်တရပွဲလေးကို မင်းခေတ်ကျော် စီစဉ်သည်ဆိုကတည်းက ထူး မှာတော့ သိထားသည်။

''ခေတ် လိုက်မယ်မဟုတ်လား၊ သဲမာ၊ ကြည်မွေ့နဲ့သ တယ်၊ ခေတ်နဲ့ဆို မိန်းကလေးတွေပဲလေးယောက်တောင် ယောက်ျား က သုံးယောက်တည်းပါ''

''အသေအချာတော့ မပြောနိုင်သေးဘူး၊ မာမီတို့ဆီ ခွင့် ကြည့်ဦးမယ်''





တမင် မရေမရာလေး ပြောခဲ့လိုက်သည်။ မေ့ခေတ် ပြန်တော့ သူက စိတ်မချဟုဆိုကာ အနောက်ကားနှင့်လိုက်လာသေးသည်။

မေ့ခေတ်တို့ လမ်းထိပ်ရောက်တော့မှပဲ လှည့်ပြန်သွားခဲ့သည်။ သူ့ရဲ့ယုယဂရုစိုက်မှုတွေအတွက်တော့ မေ့ခေတ် ရင်ထဲမှာကြည်နူးနေမိ သာ အမှန်။

အချစ်ကို မေ့ခေတ် ခံစားတတ်ခဲ့ပြီထင်ပါရဲ့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

မနက်က သဲမာ ဖုန်းဆက်သည်။ ပြီးတော့ ကြည်မွေ့နှင့်ချမ်းငြိမ်းက အိမ်အထိရောက်လာကြသည်။ သဲမာ၏ချောင်းသာပွဲအတွက် မေ့ခေတ်ကိုပါ လိုက်စေချင်ကြသည်။

"မနက်ကပဲ သဲမာ ဖုန်းဆက်တယ်"

"အေး နင်မဖြစ်မနေ လိုက်ရမယ်လို့ သဲမာက ထပ်ပြောခိုင်းလို့၊ နင်မပါလို့ မဖြစ်ဘူးတဲ့"

ကြည်မွေ့က ပြောတော့ ချမ်းငြိမ်းက

"နင်တို့ဟာက မဟုတ်သေးပါဘူး။ ချစ်သူဖြစ်ရုံရှိသေးတယ် အခုတော့ ဟန်းနီးမွန်းခရီးထွက်တာ ကျနေတာပဲ"

"ဟဲ့ ချမ်းငြိမ်း ဘယ်လိုပြောလိုက်တာလဲ၊ သူငယ်ချင်းတွေ





ပျော်ပျော်ရွှင်ရွှင်သွားရအောင် စီစဉ်တာပါဟဲ့"

"အခုဟာက နှစ်ညအိပ်သုံးရက်ခရီးကြီးမို့ပါ၊ သူငယ်ချင်းတွေ ဆိုပေမယ့် ဟိုဘက်နဲ့ငါတို့တွေက သိပ်ကျွမ်းဝင်ရင်းနှီးတာ မဟုတ်ဘူး"

"အံမယ် မကျွမ်းဝင်လို့သာ တော်တယ်၊ ရှင်က သီရိနဲ့တောင် နှစ်ယောက်တည်း ဆုံသေးတာပဲ"

"ဟာ ပေါက်ကရတွေ မထင်မှတ်ပဲဆုံတာပါ"

ချမ်းငြိမ်း ကသောကမျော ငြင်းသလို မေ့ခေတ်ကိုလည်း လှမ်းကြည့်သည်။ မေ့ခေတ် မေးလေးဆတ်ပြရင်း

"အဲဒါတွေထား နင်လည်း လိုက်မှာမို့လား ချမ်းငြိမ်း"

"သူက လိုက်မလိုက်မပြောသေးဘူး။ နင့်ဆီအရင်သွားမယ်တဲ့၊ သဲမာကတော့ မလိုက်တဲ့သူဆိုရင် သူငယ်ချင်းစာရင်းပြုတ်ပဲတဲ့"

ကြည်မွေ့ ဝင်ပြောတော့ ချမ်းငြိမ်းက လက်မခံသလို ခေါင်းကို ခါသည်။

"ဒါတော့ သဲမာ တမင်အနိုင်ကျင့်တာပဲ၊ သူတို့ကို ငါတို့ အသိအမှတ်ပြုတယ်ဆိုရင် ပြီးတာပဲပေါ့"

"ချမ်းငြိမ်း အခုအစီအစဉ်က မင်းခေတ်ရဲ့အစီအစဉ်လေ၊ ကုန်ကျစရိတ်တွေကို မင်းခေတ်ကပဲခံမှာ၊ နှစ်ဖက်သူငယ်ချင်းတွေ ပိုပြီး ခင်မင်ရင်းနှီးစေချင်တာတဲ့"

"ချောင်းသာခရီးသွားမှပဲ ခင်မင်သွားကြမှာလား"

"နင် တော်တော်ဘုပြောနေပါလား ချမ်းငြိမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဆက်နားထောင်နေလျှင် ချမ်းငြိမ်းနှင့်ကြည်မွေ့တို့ စကားရည်လုပွဲက ပြီးတော့မှာ မဟုတ်တာမို့ မေ့ခေတ် ကြားဝင်ရတော့၏။

"ကဲ နင်တို့စကားတွေ ရပ်တော့"

"အေး ရပ်ပြီ၊ နင်က လိုက်မယ်မဟုတ်လား ခေတ်"

"အင်း လူစုံတယ်ဆိုရင် လိုက်ရမှာပေါ့"

"လူက စုံပြီးသား၊ ဒီကောင် ချမ်းငြိမ်းပဲ ကန့်လန့်တိုက်နေတာ"

ကြည်မွေ့က ချမ်းငြိမ်းကို မျက်စောင်းထိုးကာပြောသည်။

"ချမ်းငြိမ်း နင်လိုက်ခဲ့လိုက်ပါဟာ"

မေ့ခေတ် ပြောတော့ ချမ်းငြိမ်း ခေါင်းမညိတ် ခေါင်းမခါဘဲ ငြိမ်သက်နေ၏။

"တွေ့လား ဘာဖြစ်နေမှန်း မသိဘူး"

"ကဲပါ ချမ်းငြိမ်းရယ်၊ နင် မလိုက်လို့မရဘူး၊ ငါတို့အဖွဲ့မှာ ယောကျ်ားလေးဆိုလို့ နင်တစ်ယောက်ပဲ ပါတာလေ"

မေ့ခေတ်စကားကို ချမ်းငြိမ်း မငြင်းဘူးဆိုတာ သေချာသည်။ အခုလည်း ချမ်းငြိမ်း နှုတ်ဆိတ်ကာ လက်ခံသည့်သဘောပဲဖြစ်သည်။

ချမ်းငြိမ်းနှင့်ကြည်မွေ့တို့ ပြန်သွားတော့ မေ့ခေတ် ဆင်ဝင်အောက်အထိ လိုက်ပို့ပေးသည်။ ကြည်မွေ့ ကားလေးထွက်သွားတော့ ခြံစောင့်ကြီး ဦးဖော် မေ့ခေတ်ဆီ လျှောက်လာသည်။

"သမီးလေးနာမည်နဲ့ စာတစ်စောင် ခြံဝက ပုံးထဲမှာတွေ့လို့"

ကမ်းပေးနေသော စာကို မေ့ခေတ် လှမ်းယူလိုက်သည်။ မေ့





ခေတ်ဆီ စာရောက်ရအောင် အကြောင်းမရှိပါ။ စာအိတ်ကိုယူကြည့်တော့ စာတိုက်တံဆိပ်တုံးမပါသလို တံဆိပ်ခေါင်းလည်း မပါပါ။

စာအိတ်မှာ ခေတ်နာမည်ကို တစ်လုံးတည်းရေးထားသည်။ မေ့ခေတ်စာအိတ်ကို ဖွင့်ဖောက်လိုက်သည်။

ခေတ်

မင်္ဂလာပါ။ မချစ်တတ်သေးတဲ့မိန်းကလေးတစ်ယောက်ရဲ့ချစ်ခြင်းကို အကြွင်းမဲ့ပိုင်ဆိုင်ဖို့ ..

သိပ်ချစ်တတ်တဲ့ယောကျ်ားတွေက ဖွဲ့ လုံ့လ၊ ဝီရိယနဲ့ကြိုးစားကြစမြဲပဲ။

ခေတ်ကို သိပ်ချစ်တဲ့ တို့သုံးယောက် ရင်ဘတ်ချင်းတူ၊ စိတ်ဝမ်းမကွဲကြစတမ်း လက်တွဲကြိုးစားကြမယ်လို့ ဆန္ဒပြုလိုက်ကြပြီ။

တို့သုံးယောက်ထဲက တစ်ယောက်ကို ခေတ် ရွေးချယ်ပေးပါ။

ခေတ်ကို သိပ်ချစ်ကြတဲ့ ..

**နိုင်လင်း၊ နေလင်းကိုကို၊ ဇာနည်မင်း**

မေ့ခေတ် မျက်လုံးလေးတွေ ဝိုင်းသွားသည်။ ထိုသုံးယောက်စလုံးက မေ့ခေတ် အချစ်ကို သည်းသည်းမည်းမည်းကြိုးစားခဲ့ကြသူတွေ။ ပြီးတော့ နောက်ကောက်ကျ ရှိန်မိုက စကော်ပီယံအရုပ်လေးတွေကို ပိုင်ဆိုင်သွားကြရသူတွေပဲ ဖြစ်သည်။

ကြောင်တွေ၊ ဘာများ မေ့ခေတ်ကို နှောင့်ယှက်ချင်ပြန်သလဲ သေး။



www.burmeseclassic.com

www.burmeseclassic.com



မချစ်တတ်သေးတဲ့ မိန်းကလေးတဲ့လား။ မေ့ခေတ်ဇော် နှလုံးသားက ချစ်တတ်ခဲ့ပြီဆိုတာ သင်းတို့မှမသိသေးဘဲ။

သနားစရာကောင်းလိုက်ပါဘိ။

■ ■ ■

## အခန်း (၂၁)

အနိမ့်အမြင့် မညီညာသော လမ်းကလေးအတိုင်း ကားနှစ်စီးက အံတန်ငယ်ခပ်လှမ်းလှမ်းခွာကာ ရှေ့နောက်မောင်းလာကြတာဖြစ်သည်။

ရှေ့ကားက ပါဂျဲရိုး၊ နောက်ကားက Mark II ကားပြာကြီးဖြစ်သည်။

ရှေ့ကားမှာ မင်းခေတ်ကျော်မောင်းသည်။ သူ့ဘေးတွင် သီရိထိုင်သည်။ နောက်ခန်းထဲမှာက ကျော်စွာနှင့်သဲမာတို့ စုံတွဲရှိနေ၏။ ပူပူနွေးနွေးချစ်သူတွေမို့ စကားတွေဖောင်ဖွဲ့ တွတ်ထိုးပါလာသည်။

"ဟေ့ နောက်ခန်းက စကားတွေသိပ်မများနဲ့ကွာ၊ ကားမောင်းရတာ အာရုံပျက်တယ်"

"အေးပါကွာ မင်းတို့လို ချစ်တတ်တဲ့နှလုံးသားမရှိတဲ့ကောင်



www.burmeseclassic.com

www.burmeseclassic.com



က ဘယ်ခံစားတတ်ပါ့မလဲ''

''နှလုံးသားက လူတိုင်းပါတယ်ကွ''

''မတူဘူး ခေတ်၊ မင်းနှလုံးသားက စက်ရုပ်နှလုံးသားဖြစ်ချင် ဖြစ်နေမှာပေါ့''

မင်းခေတ် ဟက်ခနဲရယ်သည်။ သဲမာနှင့်သီရိတို့ကတော့ နား ထောင်ရင်း ပြုံးနေကြ၏။ သဲမာက

''ခေတ်နဲ့တို့ဘက်ကခေတ် အခြေအနေက ဘယ်လိုလဲ''

''သိချင်ရင် ကိုယ့်မန်ဘာအဖွဲ့ဝင်ကို ကိုယ်ပြန်မေးကြည့်ပါ လား သဲမာရဲ့''

''ခေတ်က မအူမလည်လုပ်နေတယ်၊ အရင်လိုပွင့်ပွင့်လင်းလင်း မရှိဘူး''

''တို့ကို စိတ်ဆိုးနေတဲ့ပုံရှိသလား''

''မရှိပါဘူး။ ခေတ်နော် တို့ခေတ်အပေါ်မှာ မဟုတ်မဟပ်တွေ မကြံစည်နဲ့နော်''

''အဟွန်း ဒါဆို သဲမာရဲ့ခေတ်ကကော ကိုယ့်အပေါ် ရက်စက် ဘူးလို့ အာမခံမလား''

မင်းခေတ်ကျော် မေးတော့ သဲမာ ချက်ချင်းမဖြေနိုင်။ အတော် ကြာမှ

''ရှင်တို့က မြွေ မြွေချင်းဆိုတော့ ခြေမြင်မှာပေါ့၊ သဲမာတို့ အာမမခံရဲပါဘူးနော်''





သဲမာ စကားကိုကြားတော့ သီရိ သိုသိုဝှက်ဝှက်ကလေးပြုံး လိုက်မိ၏။ ကျော်စွာက

''ခေတ် နောက်ကကားကို မြင်ရလား''

''မမြင်ရဘူးကွ၊ ပြတ်ကျန်ရစ်ခဲ့ပြီ''

■ ■ ■

နောက်ကားထဲမှာ ပါလာကြသူတွေက ချမ်းငြိမ်း၊ ကြည်မွေ့နှင့် မေ့ခေတ်ဖော်တို့ဖြစ်သည်။

ချမ်းငြိမ်းက ကားကိုမောင်းကာ နောက်ခန်းထဲမှာ ကြည်မွေ့ နှင့်မေ့ခေတ်တို့ ထိုင်လိုက်လာ၏။

''ဟဲ့ ခေတ်၊ ဘာဖြစ်နေတာလဲ၊ တစ်လမ်းလုံး တွေတွေငေးငေး နဲ့''

ကြည်မွေ့ မေးတော့ မေ့ခေတ် မျက်ဝန်းတွေ ပြတင်းတံခါး အပြင်ဘက်ကိုငေးကြည့်နေရာမှ ပြန်လှည့်လာ၏။

''ဘာမှမဖြစ်ပါဘူး''

''မသိပါဘူး နင့်မျက်နှာက မကြည်လင်သလိုပဲ၊ ဘိန်းစား သေးမရှုရလို့ မှိုင်တွေနေသလိုပဲ''

''ကြည့်စမ်း ကောင်မ ငါ့ကိုများ''

မေ့ခေတ် ရိုက်ဖို့လက်နှင့်ရွယ်တော့ ကြည်မွေ့ လက်လေးနှစ် ဘက်နှင့် ကာရင်း ရယ်နေသည်။ ချမ်းငြိမ်းကတော့ ကားကိုအေးအေးဆေးဆေးစွာ မောင်းနှင်နေရာမှ သူတို့နှစ်ယောက်စကားကို ပြုံးပြုံးလေးပဲ နားထောင်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။

ထိုအခိုက်မှာပဲ မေ့ခေတ် ဖုန်းလေးက မြည်လာသည်။ မေ့ခေတ် ဖွင့်နားထောင်လိုက်တော့ သဲမာဆီက ဖြစ်နေ၏။

''ဘာလဲ သဲမာ ပြောလေ''

''နင်တို့ကားကို ပါလာတာ မမြင်ရလို့ ဘာများဖြစ်နေသလဲ လို့''

''ဘာမှမဖြစ်ဘူး၊ ငါတို့ဒရိုင်ဘာက နဂိုကတည်းက အေးအေး ဆေးဆေးဆိုတော့ ကားကိုလည်း ဖြည်းဖြည်းပဲမောင်းတာလေ၊ ဘာမှ စိတ်မပူနဲ့''

''အေး အေး နင် မင်းခေတ်နဲ့စကားပြောဦးမလား ခေတ်''

''ရတယ် ပြောစရာစကားမှ မရှိတာ''

ပြောပြီးသည်နှင့် မေ့ခေတ် ဖုန်းလေးကို ပိတ်ထားလိုက်ပါ သည်။ ချမ်းငြိမ်းကတော့ ကားမောင်းနေရင်း မေ့ခေတ်ကို နောက်ကြည့် မှန်ထဲက လှမ်းကြည့်တာ မြင်သည်။

မေ့ခေတ် စိတ်ထဲမှာ နည်းနည်းတော့ အစာမကြေဖြစ်နေသော မနက်ကတည်းက ဖြစ်သည်။

မနက်က သူတို့အားလုံး ကျော်စွာအိမ်မှာ စုရပ်လုပ်ကြတာ ဖြစ်သည်။ ကြည်မွေ့နှင့်သဲမာက အရင်ရောက်သည်။ နောက်တော့ မေ့ ခေတ်နှင့်ချမ်းငြိမ်းတို့ရောက်ကြသည်။ နောက်ဆုံးမှ မင်းခေတ်ကျော်နှင့် သီရိတို့ ရောက်လာကြတာဖြစ်သည်။





ကျော်စွာအိမ်က မုန့်ဟင်းခါးတွေ ကျွေးမွေးဧည့်ခံသည်။ အား သုံးရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင် ဖြစ်သည်။ မင်းခေတ်ကျော်က သည်း အရွှန်းတွေဖောက်သဖြင့် ရယ်ကြမောကြနှင့်ပါပဲ။

ဒါ့ပြင်မဲ့ မင်းခေတ်ကျော်က မေ့ခေတ်ကို စကားမပြော နှုတ် ဆက် တစ်ချက်လေးမကြည့် လုပ်နေတာ ဘာကြောင့်မှန်းကိုမသိပါ။

နောက်ဆုံးတွေ့ခဲ့ကြတုန်းကတောင် ဒီလိုမဟုတ်။ သူငယ်ချင်း တွေဆုံမှ ဒီလိုတမင် ပဲများပြနေတာတော့ မေ့ခေတ်ခံရခက်ပါသည်။

ဒါကြောင့်လည်း မေ့ခေတ် တမင် သူ့ရဲ့ကားနှင့်မလိုက်ဘဲ ဂွဲအောင်လိုက်ခဲ့တာ ဖြစ်သည်။

ချောင်းသာခရီးစဉ်လေးက ပျော်ရွှင်ကြည်နူးစရာကောင်းနေတာ န်ပေမယ့် မေ့ခေတ် စိတ်ထဲမှာတော့ မတင်မကျလေး ဖြစ်နေတာ င်းခေတ်၏ဆက်ဆံမှုတွေကြောင့်ပဲဖြစ်၏။

သူက ဆရာကြီးစတိုင်နဲ့ ဘာအချိုးချိုးနေတာလဲ။ ဒီလိုအချိုး တွေ ချိုးပြမယ်မှန်းသိလျှင် ဒီခရီးကို မေ့ခေတ် မလိုက်ဘဲ ပညာပြခဲ့မှာ ည်။

အခုတော့ လိုက်လာခဲ့ပြီးပြီမို့ ဘာမှပြောလို့မရတော့ပါ။ အလှည့် ာတော့ တွေ့ဦးမှာပေါ့ မင်းခေတ်ကျော်ရယ်။

■ ■ ■

ကောင်းကင်တွင် လရေးရေးလေးရှိနေသည်။ သို့ပေမယ့် ကြယ် ေးတွေ အရောင်အလင်းနှင့်တောင် ကောင်းကင်က လင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ကြီးကို ရောက်သည်နှင့် အားလုံးရေဆင်းချိုးကြသည်။

မေ့ခေတ်ကတော့ တမင်လိုက်မသွားဘဲ ဘန်ဂလိုမှာပဲ ရေမိုး ချိုး နေရစ်ခဲ့သည်။

ဟိုတယ်နှင့်နီးသော ဘန်ဂလိုနှစ်လုံးကို မင်းခေတ်ကျော် ငှား ထားသည်။ သူတို့ယောကျ်ားလေးသုံးယောက်က တစ်လုံး၊ မေ့ခေတ်တို့ မိန်းကလေးလေးယောက်ကတစ်လုံး အဆင်ပြေပါသည်။

သဲမာတို့ ရေကူးပြီး ပြန်လာကြတော့ မေ့ခေတ် ဘန်ဂလိုထဲက ဧရင်းဘာတ်မှာ အနားယူနေချိန်ဖြစ်သည်။

"ခေတ် ရေမိုးချိုးပြီးပြီလား"

"ပြီးပြီ"

"ဒါဆို အလှပြင်တော့လေ၊ ဒီည ပျော်ပွဲလေးရှိတယ်"

"ဘယ်မှာလုပ်မှာလဲ"

"မသိသေးဘူး ခေတ် စီစဉ်ထားတာ"

"ကိုယ်လုပ်မယ့်ပွဲတောင် နေထိ ဘာမှန်းမသိသေးဘူးလား သဲ မာ၊ ကျော်စွာကကော မသိဘူးလား"

"သူလည်းမသိဘူး၊ အိုင်ဒီယာအားလုံးက ခေတ်စီစဉ်တာ"

ကြားရတာ နားကြားပြင်းကပ်လာတာမို့ မေ့ခေတ် မျက်နှာကို မဲ့ပစ်လိုက်ရင်း

"နင်တို့ မင်းခေတ်ကျော်က ဆရာကြီးလား"

"ဟုတ်တယ် ဒီပွဲမှာ သူက ဆရာကြီးပဲ"





"နေရာတကာပါတယ်၊ ကြည့်မရတော့ဘူး"

"နင်တို့အစာမကြေကြဘူးလား၊ မကြေရင်လည်း ပြေလိုက် ကြဟာ၊ ဒီည ငါတို့ပွဲလေးတော့ မပျက်ပါရစေနဲ့၊ ကဲ အလှပြင်တော့ တယ်"

ဘန်ဂလို အတွင်းခန်းထဲမှာ ကြည်မွေ့နှင့်သီရိတို့ ပြင်ဆင်နေ ကြပြီထင်၏။ သီရိရှိနေတာ သိပေမယ့် မေ့ခေတ် တမင်ပြောနေတာ ဖြစ်သည်။

မင်းခေတ်ကျော်ကိုတော့ ရင်ထဲမှာ တကယ် အစာမကြေပါ။ ကိုယ့်ကြောင့် သဲမာတို့ပွဲလေး အနှောင့်အယှက် ဖြစ်မှာစိုးလို့သာ။

အပြင်ဘက်မှာ အမှောင်ရိပ်သမ်းလုလုမှ ကျော်စွာအသံကို အပြင်ဘက်က ကြားရ၏။

"ဟေ့ မင်းသမီးတွေ မပြီးကြသေးဘူးလား"

"ပြီးပြီ ကျော်စွာရေ ပြီးပြီ"

"နင်တို့ မိန်းကလေးတွေ တော်တော်ဖယားရှုပ်တယ်၊ ပြင်လို့ ဆင်လို့ကို မပြီးကြဘူး"

ကျော်စွာ စပ်ဖြီးဖြီးမျက်နှာနှင့် နောက်ပြောင်တော့ ကြည်မွေ့ က မျက်စောင်းလေး ထိုးရင်း

"အဲဒီလို ဖယားရှုပ်တာတွေကိုပဲ နင်တို့က တမ်းတမ်းစွဲနေတာ ဟုတ်လား ကျော်စွာရဲ့"

"အဟဲ နောက်တာပါဟာ၊ အားလုံး ပြင်ဆင်ထားတွေလည်း



www.burmeseclassic.com

www.burmeseclassic.com



အရမ်းလှ အရမ်းချောကြပါတယ် ကဲ သွားရအောင်''

''ဘယ်မှာလဲ နင်တို့ဆရာကြီး မင်းခေတ်ကျော်က''

''သူက အရင်သွားနှင့်ပြီ၊ ငါတို့နောက်က အသင့်သွားကြရံ ပဲ''

မင်းခေတ်ကျော်က တစ်ယောက်တည်း အရင်ကြိုသွားနှင့်သည် တဲ့။ ဘယ်လိုအိုင်ဒီယာ ဘယ်လိုစိတ်ကူးတွေနှင့် စီစဉ်နေသည်လဲ မသိပါ။ သူတို့အားလုံး သောင်ပြင်အတိုင်း လျှောက်ခဲ့ကြသည်။

ပင်လယ်လေအေးအေးနှင့် အလင်းရောင် ဝိုးတစ်ဝါးအောက် မှာ လမ်းလျှောက်ရသောအရသာကတော့ ကျေနပ်စရာကောင်းနေ၏။

ကျော်စွာ ရှေ့ကဦးတည်သွားနေတာ ပင်လယ်ပြင်ဘက်ကို ဖြစ် ၏။ ဘာဟိုတယ် ဘာအဆောက်အဦးမှမရှိသောလမ်းကို ဘာကြောင့် သွားနေသည်မသိ။

''ဟော့ အဲဒီမှာ ပင်လယ်ပြင်ပဲရှိတော့တယ်၊ ဘာလဲ နင်တို့ အဖွဲ့က ပင်လယ်ထဲမှာ ကျင်းပမှာလား''

မေ့ခေတ် ရွဲ့ကာပြောတော့ ကြည်မွေ့ကလည်း

''တို့ကို ပင်လယ်တစ္ဆေနဲ့ မိတ်ဆက်ပေးမလို့လား ကြည့်လည်း လုပ်ကြဦး''

''အသာလေးလိုက်ခဲ့ကြပါဟာ၊ ဒါ ငါတို့ဆရာကြီးရဲ့အိုင်ဒီယာ ပါ''

ကျော်စွာကပြောရင်း ပင်လယ်ကမ်းစပ်နှင့်အနီးဆုံးသို့ လျှောက်





သည်။ အားလုံး ကျော်စွာနောက်လိုက်ကြသည်။ ကျော်စွာရပ်တော့ အားလုံး ခြေလှမ်းတို့ရပ်လိုက်ကြသည်။

မေ့ခေတ် ရှေ့ဘက်မြင်ကွင်းတွေကို အသေအချာ စူးစိုက် ကြည့်၏။ သောင်ပြင်က အရိပ်မည်းမည်းတွေက ကျောက်ဆောင်တွေ လား ဘာလား အသေအချာ မသိ။

''မင်္ဂလာပါ''

ခပ်ဟိန်းဟိန်းလေး ထွက်လာသောအသံက Sound Box မှ ထွက်လာသောအသံဟုထင်သည်။ မင်းခေတ်ကျော်၏အသံဖြစ်ပုံရ၏။

''အခုလို ကျော်စွာနဲ့သဲမာတို့ရဲ့ချစ်သူအထိမ်းအမှတ်ပွဲလေးကို ကြွရောက်ချီးမြှင့်ပေးကြတဲ့ သူငယ်ချင်းအားလုံး မင်္ဂလာပါ ခင်ဗျာ''

သေချာသည် ဆရာကြီး မင်းခေတ်ကျော်အသံဖြစ်သည်။ မှောင် နေတာမို့ လူကိုမမြင်ရဘဲ အသံကိုပဲ ကြားနေရ၏။

''ချစ်သူအဖြစ် စတင်သည့်ရက်မှစကာ အစဉ်နိုင်မြဲလို့ လက် ဆပ်မင်္ဂလာရက်မြတ်တွေ ကြုံဆုံပြီး နှစ်ပေါင်းရာတောင်ချီ နိုင်မြဲနိုင်ပါစေ လို့ ဆုတောင်းမေတ္တာပို့သပါတယ်''

ဆုတောင်းသံအဆုံးမှာ မီးအနီသေးသေးလေးတွေ လင်းလက် လာသည်။ နောက် အဖြူ၊ အပြာ၊ အနီ၊ အဝါ၊ အစိမ်း ရောင်စုံလင်း လက်သွားသည်။ သောင်ပြင်တစ်ခုလုံး ရောင်စုံမီးရောင်တွေ ဖြာဝေသွား ခဲ့သည်။

အလင်းရောင်တွေကြောင့် မေ့ခေတ်တောင် ကိုယ့်မျက်ဝန်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြာဝေသွားတာကို မျက်တောင်တွေပုတ်ခတ်ရသေး၏။

သောင်ပြင်မှာ ပြင်ဆင်ထားသည့် မီးပုံတစ်ခု အသင့်။ စား သောက်စရာတွေက စားပွဲအပုလေးတွေပေါ်မှာ အပြည့်။

"ဝေး ဟေး ဟေး"

"ဖြောင်း ဖြောင်း ဖြောင်း"

လက်ခုပ်သြဘာသံတွေ အားပေးဂုဏ်ပြုသံတွေ ဆူညံသွား သည်။ ဆောင်းဘောက်စ်ထဲက သီချင်းသံစဉ်က မြူးမြူးကြွကြွ ထွက် ပေါ်လာ၏။

တကယ့်ကို အံ့သြရင်ခုန်စရာကောင်းအောင် မင်းခေတ်ကျော် စီစဉ်ထားခြင်းပါပဲ။

"ကဲ အားလုံး ပျော်ပျော်ရွှင်ရွှင် စားသောက်နိုင်ပါပြီ"

အဖြူရောင်တီရှပ်နှင့်အဖြူရောင်ဘောင်းဘီကို မီးခိုးရောင် ဝတ်စကုပ်နှင့် တွဲဝတ်ဆင်ထားသော မင်းခေတ်ကျော်စတိုင်က ပေါ်လွင် နေသည်။ မေ့ခေတ်ကလည်း အဖြူရောင် ခါးရှည်ဂါဝန်လေးကို အဖြူ ရောင်ဂျင်းပင်နီနှင့်တွဲဝတ်ထားတာမို့ တိုင်ပင်ဝတ်ထားသလားတောင် ထင်ရ၏။

"နင်တို့ တိုင်ပင်ပြီး ဝတ်ထားကြတာလား"

ကြည်မွေ့ တိုးတိုးလေးကပ်မေးတော့ မေ့ခေတ် မျက်နှာလေး မဲ့ချပစ်ရင်း

"မဆိုင်လိုက်တာ"





"သိဘူးလေ၊ နာမည်တူဝတ်စုံတူတဲ့ ခေတ်နှစ်ခေတ်ရဲ့အထာ တွေကို ငါတို့မသိဘဲ"

"ကြည်မွေ့ တော်ဟာ ပေါက်ကရတွေ ပြောမနေနဲ့"

မေ့ခေတ်တို့ မိန်းကလေးတွေကတော့ အချိုရည်ဘူးတွေဖောက် ကာ စားစရာတွေကို စိတ်တိုင်းကျ ရွေးချယ်စားကြသည်။

မင်းခေတ်တို့ကတော့ ဘီယာတွေ သောက်ကြသည်။ ချမ်းငြိမ်း ငြိမ်းနေတာကို ကျော်စွာတို့က ဖွတ်သောက်ခိုင်းနေတာ မြင်သည်။ ငြင်း ဆယ်မရတော့ ချမ်းငြိမ်း တစ်ဘူးကို အလိုက်သင့်ဖောက်သောက်ပေးနေ သည်။

ဘောက်စ်ထဲက တီးလုံးတွေက မြူးသည်။ ကျော်စွာက စည်း ချက်နှင့်အညီ ယိမ်းကနေသည်။ မင်းခေတ်ကျော်ကလည်း ခန္ဓာကိုယ်ကို ယိမ်းနွဲ့လျက် ကနေရာမှ

"ခေတ် တစ်ပုဒ်လောက် ကပါလား"

"နေစမ်းပါ ယူ့ ရူးသလို တို့မရူးချင်ဘူး"

"ရင်ထဲမှာ တစ်ခုခုဖြစ်နေလို့လား"

"မဆိုင်လိုက်တာ ဘာမှမဖြစ်ဘူး ဗလာကြီးပဲ"

"အိုကေ အိုကေ နေတတ်သလိုနေပါတော့၊ နေတတ်သလိုနေ ပါတော့ သတိရနေရင် ပြီးတာပဲ"

မင်းခေတ်ကျော် ပြောပြီး ပြန်ကနေသည်။ သူ့ အစနောက်လိုက် တော့လည်း ရင်ခုန်ခဲ့ဖူးသော ညလေးကို မေ့ခေတ် ပြန်သတိရသွားမိ



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။

ခါးလေးကိုယ်စီဖက်၊ ရင်ချင်းကိုယ်စီအပ်ကာ အနမ်းတွေထဲမှာ လွင့်မျောခဲ့ဖူးတာ အိပ်မက်တော့မဟုတ်ခဲ့။

■ ■ ■

ညက နက်သထက်နက်လာပြီ။ ပင်လယ်ကြီးက ငွေရောင် တံလျှပ်တွေနဲ့ လှုပ်ခတ်နေဆဲ။

သောင်စပ်မှာ မင်းခေတ်ကျော်တို့တွေလည်း ခြေကုန်လက်ပန်း ကျသွားပြီထင်သည်။ ပိုးလိုးပက်လက်ပစ်လှဲလို့။ ချမ်းငြိမ်းကတော့ စားစရာတွေစားရင်း အချိုရည်သောက်ရင်း ငိုင်ငိုင်ကြီးထိုင်နေ၏။

မေ့ခေတ်နှင့်သီရိတို့ကတော့ စားပွဲဝိုင်းလေးမှာထိုင်ရင်း ကြည်မွေ့နှင့်သဲမာ ပျော်နေတာကို ကြည့်နေမိကြသည်။ နှစ်ယောက်လက်ချင်း တွဲလို့ ကနေကြသည်။

မိန်းမနှစ်ယောက် ဘယ်အချိန်က ဘီယာတွေခိုးသောက်လိုက် ကြသည်မသိပါ။ မောပမ်းတော့မှပဲ မေ့ခေတ်တို့အနား ^ရာက်လာကာ ထိုင်ကြ၏။

"ကောင်မတွေ တော်တော်ပျော်နေကြတယ်ပေါ့"

"သူငယ်ချင်းတွေဆုံတဲ့ပွဲပဲဟာ၊ ပျော်တာပေါ့၊ နင်ကော မပျော်ဘူးလား ခေတ်ရဲ့"

"ငါလား ပုံမှန်အတိုင်းပဲ မထူးခြားဘူး"

"မင်းခေတ်က အရမ်းပျော်နေပုံပဲ"





"စိတ်မဝင်စားဘူး၊ ခေါင်းထဲမှာ မရှိဘူး"

ကြည်မွေ့ မေးနေတာတွေကို ဘုကလန့်ချည်းပဲ မေ့ခေတ် ပြန်ဖြေနေခိုက်

"ဘယ်သူလဲ တို့အကြောင်းကို စိတ်မဝင်စားဘူး၊ ခေါင်းထဲ မထည့်ဘူးဆိုတာ"

မေ့ခေတ် ပြောတာကို ကြားဖြစ်အောင် ကြားကာ ပြန်အော်သည်ဆိုတော့ သူ့အာရုံတွေ မေ့ခေတ်တို့ဆီ ရောက်နေလို့ပဲဖြစ်မည်။

"ဘာလဲ မကျေနပ်ဘူးလား"

"စုန်းပြုစားတာကမှ ခံသာဦးမယ်နော်၊ တို့ပြုစားလိုက်ရင် ခေတ် ဘာဖြစ်သွားမယ်ထင်သလဲ"

"လာမခြောက်နဲ့ မကြောက်ဘူး"

"မကြောက်ရင် ခေတ်နဲ့တို့ နှစ်ယောက်တည်း ပြိုင်ကကြမလား"

"အဲဒီလောက် မပေါဘူး"

"ဒါဆို အပေါ်အင်္ကျီချွတ်ပြီး ဒီကမ်းခြေမှာအပြေးပြိုင်မလား မျှော်"

"ယူနော် ပေါက်ကရတွေ လာမပြောနဲ့"

"အဲဒါကြောင့် ပြောတာပေါ့၊ မင်းခေတ်ကျော်ကို မတူရင်လာ ဆော်နဲ့လို့ ဟား ဟား"

တစ်မနက်လုံး အရေးမလုပ် စကားမပြောသည့်သူက အခု



www.burmeseclassic.com

www.burmeseclassic.com



တော့လည်း မေ့ခေတ်ကို နောက်ပြောင်နေသည်။ ဘာပဲဖြစ်ဖြစ် ဒီလို ပြောဖော်ဆိုဖော်ရတော့လည်း မေ့ခေတ် ဒေါသစိတ်လေးတွေ ပြေချင်၏။

"ကဲ စားစရာတွေ စားသောက်ကြ၊ ပြီးရင် ဘန်ဂလိုပြန်ပြီး ကျိုးကြရအောင် ညဥ့်နက်နေပြီ"

ချမ်းငြိမ်းက သတိပေးသလို ပြောသည်။ ထိုအချိန်မှာပဲ မင်းခေတ်ကျော်ဆီက ဟန်းဖုန်းလေးက ထမြည်လာ၏။

"ဘာလဲဟ ဘယ်သူလဲ အချိန်မတော်ကြီး"

မင်းခေတ် ရေရွတ်ရင်း ဖုန်းကိုဖွင့်နားထောင်လိုက်သည်။ နားထဲမှာ ကြားလိုက်ရတာ သီချင်းသံ။

"သောင်ယံကမ်းက အလွမ်းပန်းချီကားတစ်ချပ်နှယ်..ဖော်ဆွဲသူခွေးအောင်ဖန်တယ်.လှိုင်းခြေရာလေးတွေ.ရှာဖွေမောသလိုပဲ.တွေ့နေကျနေရာလေးမှာ..မေ တစ်ယောက်တည်းသာရယ်."

"ဟဲလို ဟဲလို ဘယ်သူလဲ"

"...ဒီနေရာ ဒီဒေသ ဒီကမ်းက မျှော်နေမယ်.လွမ်းခဲ့ပါလားလို့.အို လွမ်းတယ်ကွယ်.လွမ်းတယ်အချစ်ရယ်"

"မေးနေတယ်လေ ဘယ်သူလဲ၊ ဖုန်းပိတ်လိုက်တော့မယ်"

မင်းခေတ် စိတ်မရှည်နိုင်စွာ အော်လိုက်တော့မှ ရယ်သံလွှင်လွှင်လေး ထွက်ပေါ်လာသည်။

"အဟင်း ဟင်း မောင်ရယ်"





"ဘာမောင်လဲ၊ မင်း ဖုန်းမှားနေပြီ ထင်တယ်"

"မမှားပါဘူး မောင်ရယ်၊ ချောင်းသာသူလေး မိမိသော်ဆိုရင် မောင် မှတ်မိမလားပဲ"

"ဟင်"

မင်းခေတ်ကျော် မျက်လုံးတွေပြူးသွားသည်။ မိမိသော်ဆိုသော နာမည်ကြောင့်ပဲဖြစ်သည်။ မှတ်မှတ်ရရ လွန်ခဲ့သည့်တစ်နှစ်၊ နွေကျောင်းပိတ်ရက်က ဆုံခဲ့ပတ်သက်ဖူးသည့် ချစ်သူဟောင်းပါပဲ။

ရန်ကုန်မှာ ကျောင်းတက်ကာ ချောင်းသာမှာနေသည့် မိမိသော်နှင့် ချစ်သူတွေဖြစ်ခဲ့တာ ချောင်းသာလာလည်သည့်တစ်ပတ်မျှသော အချိန်လေးမှာပဲ ဖြစ်သည်။

နောက်တော့ ဇာတ်လမ်းပြတ်ခဲ့သည်။ ရန်ကုန်မှာပြန်ဆုံကြသည့်အချိန်မှာပဲ နှင်းဆီနီတစ်ပွင့်ပေးကာ သူ လမ်းခွဲခဲ့သည်။

စာရေးဆရာမ ဖြစ်ချင်သော ကောင်မလေး မိမိသော် ခံစားချက်တွေကထိရှပြင်းထန်သည်။

"မောင် ရက်စက်လမ်းခွဲခဲ့ပေမယ့် မောင်နဲ့ကျွန်မရဲ့အကြောင်းတွေကို ဝတ္ထုတစ်ပုဒ် ရေးထားတယ် မောင်၊ တစ်သက်တစ်ဘဝ ချစ်ရပါသော မောင်တဲ့"

"အဲဒါ မင်းကိစ္စ ငါနဲ့မဆိုင်ဘူး"

"မဆိုင်ဘူး မငြင်းလိုက်နဲ့ မောင်၊ ကျွန်မ နှလုံးသားနဲ့ရင်းပြီး ဖန်တီးခဲ့တဲ့ဝတ္ထုလေးပါ၊ မောင့်ကို လက်ဆောင်ပေးချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"သေလိုက်ကွာ"

မင်းခေတ်ကျော် ပြောပြီး ဖုန်းကိုအပြီးပိတ်ပစ်လိုက်သည်။

နံ့ဘေးက ကြည့်နေသောကျော်စွာက

"ဘယ်သူလဲ ခေတ်"

"အလကား ဖုန်းသရဲပါကွာ"

"ဘာတွေ လာပြောနေလို့လဲ"

"မသိဘူး အူကြောင်ကြောင်ပါ၊ ကဲ ငါတို့ပြန်ပြီး အနားယူကြရအောင်၊ ဒီကပစ္စည်းတွေကို ဟိုတယ်ကဝန်ထမ်းတွေပဲ သိမ်းဆည်းလိမ့်မယ်၊ ငါ စီစဉ်ထားပြီးပြီ"

အားလုံး ဘန်ဂလိုတွေဆီကိုပြန်ခဲ့ကြသည်။ တစ်လမ်းလုံး မင်းခေတ်ကျော် မျက်နှာကြီးတည်လျက် နှုတ်ဆိတ်နေသည်။

ဒါကို မေ့ခေတ် သတိထားမိသည်။ အချိန်မတော်လာသည့် ဖုန်းနားထောင်ပြီး ဘာဖြစ်သွားတာလဲမသိပါ။

ပျော်ရာညလေးကတော့ မေ့ခေတ်တို့အတွက် မမေ့စရာလေးတော့ ဖြစ်ခဲ့တာအမှန်။

ဘန်ဂလိုရောက်တော့ အားလုံး ပင်ပင်ပန်းပန်းနှင့်အိပ်ပျော်သွားခဲ့ကြသည်။

■ ■ ■



## အခန်း (၂၂)

နောက်တစ်နေ့ မနက်ပိုင်း ဟိုတယ်ခန်းမမှာ ကော်ဖီသောက်နက်စာ အဆာပြေစားပြီးကြသည်နှင့် ကျော်စွာနှင့်သဲမာက တွဲကာထွက်သွားကြသည်။

ပြီးတော့ မင်းခေတ်ကျော်က တစ်ယောက်တည်း လစ်ထွက်သွားသည်။ သီရိက ချမ်းငြိမ်းကို လက်ဆောင်ပစ္စည်းတွေ ဝယ်ကြရအောင်ဟု အဖော်စပ်ခေါ်သွားသည်။

ကြည်မွေ့နှင့်မေ့ခေတ်တို့ပဲ ကျန်ခဲ့၏။

"မင်းခေတ် ဘယ်သွားတာလဲ မသိဘူး တစ်ခုခုပဲဟ"

ကြည်မွေ့ ပြောတော့ မေ့ခေတ် အလေးမထားသလို ထန်းလက်ဦးထုပ်လေးကောက်ယူဆောင်းလိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဘာသာ ဘယ်သွားသွား လာ ငါတို့လည်း လမ်းလျှောက်ထွက်ရအောင်"

ကြည်မွေ့နှင့်အတူ ထွက်ခဲ့ရပေမယ့် မေ့ခေတ် စိတ်ထဲမှာသိပ်ပြီး မကြည်လင်တာတော့ အမှန်ပဲဖြစ်သည်။ မင်းခေတ်ကျော် ဘာတွေဖြစ်နေတာလဲ မသိ။

မနေ့ညက အချိန်မတော် ဝင်လာသော ဖုန်းကြောင့်လား။ တစ်ယောက်တည်း ခွဲထွက်သွားတာ ဘာကြောင့်မသိ။ ရိုးသားရဲ့လား ဟုတောင် သံသယဖြစ်ချင်မိ၏။

ကိုယ့်မှာတော့ သူ့အရိပ်ကို အကဲခတ်နေခဲ့ရတာ သူကတော့ ဘာတွေရှုပ်ထွေးနေမှန်းမသိပါ။ အတွေးနှင့် မေ့ခေတ် လျှောက်နေတုန်း လက်ထဲက ဟန်းဖုန်းလေးက မြည်လာတာမို့

"ဟဲလို"

"မင်္ဂလာပါ ခေတ်၊ တို့နိုင်လင်းပါ"

"တို့က နေလင်းကိုကိုပါ"

"တို့က ဇာနည်မင်းပါ ခေတ်"

"ဟင်"

ဖုန်းထဲမှာကြားလိုက်ရသည့်အသံတွေကြောင့် မေ့ခေတ် မျက်မှောင်လေးကုပ်သွားသည်။ ဒီကြောင်သုံးကောင် ဘာတွေလာ ဖယားရှုပ်ပြန်တာလဲ။

"နင်တို့ ဘာကောင်တွေလဲ၊ ငါ့ဖုန်းနံပါတ် ဘယ်ကရတာလဲ"





"ရတနာသိုက် ရှာတာလောက် မခက်ပါဘူး ခေတ်ရယ်"

"နင်တို့ ခင်းနေတာ ဘာဇယားလဲ"

"အပျော်း အချစ်ဇယားပါ ခေတ်"

"သေလိုက် ငါ့မှာချစ်သူရှိနေပြီ၊ နင်တို့ လာမရှုပ်နဲ့တော့"

"ဘာလဲ ခေတ် အခုတွဲနေတဲ့ မင်းခေတ်ကျော်ကိုပြောတာလား။ ဘတ်သိမ်းကို တို့တွေကြိုမြင်ပြီးသားပါ၊ တို့သုံးယောက်က ခေတ်စိတ်တိုင်းကျ တစ်ယောက်ရွေးဖို့ အသင့်ရှိနေကြသူတွေပါ"

"ငါ လုံးဝ စိတ်မဝင်စားဘူး။ တွေးပြီးသားတံတွေးလို့ပဲ သဘောထားတယ် မှတ်ထား"

"ဒေါသတွေ အရမ်းမကြီးပါနဲ့ ခေတ်ရယ်၊ မနက်ခင်းသောင်ပြင်ကြီးအလှနဲ့ မလိုက်ဖက်ဘူး"

"ဘာရယ်"

မေ့ခေတ် ထိတ်လန့်သွားမိ၏။ ဒီသုံးကောင်က မေ့ခေတ်ကို အရိပ်လို စောင့်ကြည့်နေကြသည်လား။

"နင် နင်တို့ဘယ်မှာလဲ၊ ဘယ်ကဆက်တာလဲ"

"ခေတ်နဲ့အမြဲတမ်း ကိုယ်တို့အရိပ်လို ရှိနေမှာပါ၊ ချောင်းသာခေတ်ရှိနေတော့ ကိုယ်တို့တွေလည်း လိုက်ရတာပေါ့"

"တောက်"

မေ့ခေတ် ဒေါသတွေဆူဝေကာ ဖုန်းကိုပိတ်ပစ်လိုက်သည်။ ဘေးကမျက်မှောင်လေးကုပ် ကြည့်နေသော ကြည်မွေ့က



www.burmeseclassic.com

www.burmeseclassic.com



"ခေတ် ဘာဖြစ်တာလဲ ဘယ်သူလဲ"

"ဟိုသုံးကောင်"

"ဟင် ဘယ်ကသုံးကောင်လဲ"

"နိုင်လင်း နေလင်းကိုကိုနဲ့ ဇာနည်မင်းတို့"

"ဘာရယ်"

မေ့ခေတ်ကို သူတို့ပို့ခဲ့သည့်စာအကြောင်းကို ပြောပြလိုက်တော့ ကြည်မွေ့ မျက်လုံးလေးဝိုင်းကာ နားထောင်နေသည်။ ပြီးတော့ ပင့်သက်လေးရှိုက် ခေါင်းခါရင်း

"ဒီအကြောင်းတွေ မင်းခေတ် သိသွားရင် မကောင်းဘူး"

"အင်း သူတို့ ဒီအနီးအနားတစ်ဝိုက်မှာပဲရှိမှာ သေချာတယ် ငါတို့ လိုက်ရှာကြရအောင်"

"အေး ဟုတ်တယ်"

မေ့ခေတ်နှင့်ကြည်မွေ့ မျက်လုံးတွေ ကျီးကန်းတောင်းမှောက် မလွတ်တမ်း ရှာဖွေလျက် လျှောက်ခဲ့ကြသည်။

တွေ့လို့ကတော့ အမှုန့်ကြိတ်ပစ်ပြီသာမှတ်။

■ ■ ■

ကမ်းခြေတစ်လျှောက်က စားသောက်ဆိုင်တွေ၊ ဘန်ဂလိုတွေ ဈေးဆိုင်တွေအနှံ့ ကြောင်သုံးကောင်ကို ရှာရတာ ခေါင်းတွေမူးနောက်လာ၏။

"ဒီကောင်တွေ မြေကျင်းတူးပြီး ပုန်းနေတာလား"





"တို့က အပြင်တွေပဲရှာနေတာ၊ သူတို့က ဟိုတယ်အခန်းထဲမှာ ရှိနေရင် မတွေ့နိုင်ဘူး"

ကြည်မွေ့ပြောမှ မေ့ခေတ် တစ်ခုသတိရသည်။ ဒီကောင်တွေ ဆက်ခဲ့သည့် ဖုန်းနံပါတ်။

"ဟုတ်ပြီ သူတို့ခေါ်ခဲ့တဲ့ ဖုန်းနံပါတ်ကို ပြန်ခေါ်ကြည့်မယ်"

"ဟုတ်သားပဲ ငါတို့မေ့နေတယ်၊ ခေါ်ကြည့်ဟာ"

ထိုဖုန်းနံပါတ်ကို ခေါ်ကြည့်တော့ စားသောက်ဆိုင်တစ်ဆိုင်က ဖုန်းနံပါတ်ဖြစ်နေ၏။

"ဟုတ်တယ် စောစောက လူသုံးယောက် ဖုန်းကို တစ်ယောက်နဲ့တစ်ယောက် လုပြီးပြောနေကြတာပါ၊ အခုတော့ သူတို့ထွက်သွားတာ မိနစ်နှစ်ဆယ်လောက် ရှိပြီခင်ဗျ"

မေ့ခေတ် စိတ်လျှော့လိုက်သည်။ ကြည်မွေ့နှင့်အတူ အုန်းပင်တန်းတွေဘက် ထွက်ခဲ့လိုက်၏။

"ဟယ် ဟိုမှာ ခေတ်"

ကြည်မွေ့ ညွှန်ပြရာကို မေ့ခေတ် လှမ်းကြည့်လိုက်တော့ စားပွဲတစ်လုံးထိုင်ခုံတစ်လုံးနှင့် ရောင်စုံထီးပွင့်ကြီးအောက်မှာ ထိုင်နေသော မင်းခေတ်ကျော်ကို တွေ့ရသည်။

ပင်လယ်ထဲမှာရေကူးနေသူတွေ၊ သောင်စပ်မှာလမ်းလျှောက်နေသူတွေကို ငေးကြည့်နေတာမဟုတ်ဘဲ ငူငူကြီးထိုင်ကာ အတွေးတွေ …နေသလိုမျိုး ဖြစ်၏။ စားပွဲပေါ်မှာ ပိုက်တပ်ထားသော အုန်းသီးတစ်



www.burmeseclassic.com

www.burmeseclassic.com



လုံး။

"ငါတို့ သူ့ဆီသွားမလား ခေတ်"

"ဘာလို့သွားရမှာလဲ"

"အင်း နင်တို့နှစ်ယောက်ကတော့ ခက်ပြီ"

"ဘာခက်တာလဲ ကြည်မွေ့ရဲ့"

"ဟိုကလည်း မာနတွေကျောပိုးလို့၊ နင်ကလည်း မာနတွေ ခေါင်းပေါ်ရွက်လို့ မြင်ရတွေ့ရတဲ့ ငါတို့တွေပင်ပန်းလိုက်တာ"

"ငါ့ဘက်ကတော့ တစ်ရွေးသားမှ မလျှော့နိုင်ဘူး ကြည်မွေ့"

"အဲဒါတွေခက်တာပေါ့၊ ဟော ဟိုမှာ သူ ဖုန်းထုတ်ပြီး ဘယ် သူ့ဆီ ဆက်မလို့လဲမသိဘူး"

ကြည်မွေ့ ပြော၍ မေ့ခေတ် လှမ်းကြည့်တော့ မင်းခေတ်ကျော် ဖုန်းကိုခေါ်နေသည်။ မေ့ခေတ် လက်ထဲက ဖုန်းသံလေးကလည်း မြည်လာ ပါသည်။

"နင့်ဆီဆက်တာဟ"

"ဟဲလို"

"ခေတ် ဘလာစီယာပျောက်သွားလို့လား"

"ဘာပြောတယ်"

"ဩော် ကြည်မွေ့နဲ့သောင်ပြင်အနှံ့ နေရာမကျန် ခြေချင်းလိမ် အောင် လိုက်ရှာနေကြလို့ပါ"

မေ့ခေတ် မျက်လုံးဝိုင်းသွားသည်။ မေ့ခေတ်တို့ကို အရိပ်ခို





လိုက်ကြည့်နေသည့်သူထဲမှာ ခေတ်လည်းပါနေသည်ပေါ့။

"ဒါမှမဟုတ် ငယ်ငယ်တုန်းက ပျောက်သွားတဲ့ ရည်းစား ဟောင်းကို လိုက်ရှာနေတာလား ခေတ်"

"တို့ဘာသာ ဘယ်သူ့ရှာရှာပေါ့၊ သေချာတာက ယူ့ကိုလိုက်ရှာ နေတာမဟုတ်ဘူး"

"သိတယ် တွေ့ချင်ရင် ရှာစရာမလိုပါဘူး၊ ဖုန်းဆက်လိုက်တာနဲ့ ကိုယ်က ရောက်လာမှာပါ"

"မလိုပါဘူး၊ တို့ဘာသာ အေးဆေးနေချင်တယ်"

"ဟုတ်ပါပြီ လမ်းလျှောက်ရလွန်းလို့ ခြေတွေညောင်းနေ ဆာ နေလောက်ရောပေါ့၊ ရေတော်ပြေအောင် အုန်းရည်လာသောက်ပါလား၊ နောက်ကနေ တို့ကိုရပ်ကြည့်မနေပါနဲ့"

သွားပြီ၊ ဒီတစ်ခါလည်း ခံလိုက်ရပြန်ပြီ၊ မေ့ခေတ်တို့ သူ့နောက် ရောက်ရှိနေတာ သူ သိနေသည်ပဲ။ မေ့ခေတ် ဘာမှမပြောနိုင်ခင် သူ ဖုန်း ချကာ မေ့ခေတ်တို့ဆီ လျှောက်လာသည်။

"ယူက တို့နောက်ကို လိုက်ကြည့်နေတာလား"

"ကြည့်စရာမလိုပါဘူး၊ သိနေတာ ကဲ ထမင်းစားချိန်ရောက် တော့မယ် တစ်ခုခုသွားစားရအောင်"

"တို့မဆာသေးဘူး"

"မဆာလည်း ဝင်သလောက်စား၊ ဒေသအကူးအပြောင်း ရာသီ ဥတုအကူးအပြောင်းဆိုတာ ကျန်းမာရေးဂရုစိုက်ရတယ်၊ ခေါင်းမာပြ



www.burmeseclassic.com

www.burmeseclassic.com



မနေနဲ့''

''ဟုတ်သားပဲ ခေတ်ရယ်၊ နင်က ကတ်တီကတ်ဖွဲ့ အရမ်းလုပ်တယ်၊ တစ်မနက်လုံးလျှောက်ရတာ ပင်ပန်းနေပြီ၊ ဗိုက်ဆာတယ်ဟ''

ကြည်မွှေ့ဝင်ပြောတော့ မေ့ခေတ် ဆက်မငြင်းတော့ပါ။ မင်းခေတ် ဦးဆောင်ခေါ်သည့် အနောက်သို့ လိုက်ခဲ့လိုက်သည်။

■ ■ ■

မင်းခေတ်ကျော် ဟင်းတွေ စိတ်တိုင်းကျမှာသမျှ ဝိတ်တာလေးက အသေအချာလိုက်မှတ်သည်။

မှာသည့်ဟင်းလျာအမျိုးတွေက ဆယ်မျိုးကျော်သည်။ ဟင်းတွေမှာသည့်နေရာမှာတော့ စေ့စပ်သေချာ၏။ တစ်ခုရှိသည်က ဘယ်သူ ဘာကြိုက်သည်ကို မမေးဘဲ သူ့စိတ်ကြိုက်မှာသည်။

''ခေတ် တော်တော့လေ ဟင်းတွေမများလွန်းဘူးလား''

''ဟိုကောင်တွေအတွက်ရော မှာလိုက်တာ၊ ပြီးရင် ဖုန်းဆက်ခေါ်လိုက်မှာလေ''

မေ့ခေတ်ကတော့ ဘာမှမပြောဘဲ အအေးဘူးကိုပဲ စိမ်းသောက်ကာ ပင်လယ်ပြင်ကြီးကိုငေးကြည့်နေလိုက်၏။ မင်းခေတ်က ကျန်သူတွေကို ဖုန်းဆက်ခေါ်၏။

''ရတယ် မင်းတို့အေးအေးဆေးဆေး လာလို့ရတယ်၊ ဟင်းတွေက စောင့်ရဦးမှာ၊ မင်းတို့လာမှ စားမှာ''

မင်းခေတ် ဖုန်းပိတ်ကာ မေ့ခေတ်မျက်နှာကိုလှမ်းကြည့်၏။





မေ့ခေတ် လှည့်အကြည့်နှင့်ဆုံတော့ ပြုံးပြမိ၏။ မေ့ခေတ်က မဲ့ပြုံးလေး ပြုံးသည်။ ဘာအဓိပ္ပာယ်မှန်းတော့ မသိကြပါ။

မေ့ခေတ် သူ့မျက်နှာကအကြည့်လွှဲကာ ကျော်ကြည့်လိုက်၏။ သည်မှာပဲ ထူးခြားမှုတစ်ခုကို သတိထားမိ၏။

မေ့ခေတ်တို့ကို လှမ်းကြည့်နေသော မိန်းမတစ်ယောက်။ ပါဝါမျက်မှန်လေးနှင့် ထိုမိန်းကလေးက မေ့ခေတ်ကို ပြုံးပြသည်။ မေ့ခေတ် သိသော မျက်နှာစိမ်းတစ်ယောက်မို့ ပြန်မပြုံးမိပါ။

ထိုကောင်မလေး မေ့ခေတ်တို့ဝိုင်းဆီ လှမ်းလာသည်။ ပခုံးမှာ လွယ်ထားသော ဆလင်းဘတ်အိတ်ကြီးနှင့် လက်ထဲမှာလည်း ဆွဲအိတ် တစ်လုံးပါသေးသည်။

ကျောပေးထားသော မင်းခေတ်ကျော်ကတော့ မမြင်ပါ။

မေ့ခေတ် မျက်ဝန်းတွေကို သတိထားမိပုံရသော မင်းခေတ် ရုတ်ခနဲ နောက်ကိုလှည့်ကြည့်သည်။

''မောင်''

''ဟင် မင်း''

မင်းခေတ် မျက်ဝန်းတွေပြူးသွားသလို မေ့ခေတ်ကော ကြည့်နေပါ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြသည်။ မိန်းကလေးက မင်းခေတ်နံဘေးက ထိုင်ခုံမှာဝင်ထိုင်သည်။

''မောင်တို့ မနေ့ကရောက်ကတည်းက သော် သိလိုက်တယ်၊ အခြားသူတွေပါလာလို့ လာမနှုတ်ဆက်တာ၊ အသံလေးကြားရလို့ ဖုန်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်လိုက်တာပါ''

သူ့ဆီဖုန်းဆက်တာ သည်မိန်းကလေးဟု မေ့ခေတ် သိလိုက်သည်။ ခေါ်ပုံက မောင်တဲ့။ တကယ့်ကို ပိုင်စိုးပိုင်နင်းဖြစ်၏။ သေချာသည်က သူနှင့်ပတ်သက်ဖူးသည့် မိန်းကလေးဖြစ်မည်။

''မင်း ဘာဖယားလာရှုပ်တာလဲ မိမိသော်၊ ပြီးခဲ့တာတွေ ကြာခဲ့ပြီ''

''အဟင်း သော် နားလည်ပါတယ် မောင်''

''မင်း ငါ့ကိုဒီလိုမခေါ်နဲ့''

မင်းခေတ် မျက်နှာကြီးနီနေတာ ဒါ ပထမဆုံးမြင်ဖူးတာပဲဖြစ်သည်။ မေ့ခေတ် ရင်ထဲမှာလည်း တစ်မျိုးကြီး ခံစားနေရသည်။ သူ ရည်းစားတွေအများကြီးထားခဲ့တာ သိထားပေမယ့်လည်း ဒီလိုကြီး ရင်ဆိုင်ရတော့ လက်ခံရခက်သည်။

''ဆောရီး အကျင့်ပါနေလို့ မောင်၊ အဲ ကိုမင်းခေတ်ကျော်''

''မင်းသွားသင့်ပြီ မိမိသော်''

''ခဏလေးပါရှင် ဟောဒီက မေ့ခေတ်ဇော်ကို လက်ဆောင်လေးပေးချင်လို့ပါ''

ပြောရင်း ဆွဲအိတ်ထဲကို မိမိသော် လက်နှိုက်သည်။ ထွက်လာသည်က ဝတ္ထုစာအုပ်တစ်အုပ်။

''ဒါတို့ရဲ့ဝတ္ထုစာအုပ်အသစ်ပါ မေ့ခေတ်ဇော်၊ တတိယမြောက်လုံးချင်းပေါ့၊ ပြောရရင် တို့ရဲ့ခံစားမှုတွေကို ရေးဖွဲ့ထားတာပါ''





မင်းခေတ်ကျော် မျက်နှာကြီးပိုလို့နီလာသည်။ မိမိသော်က စာအုပ်ကို မေ့ခေတ်ဇော်ဆီကမ်းပေး၏။

''မယူနဲ့''

မင်းခေတ် တားသည်။ မေ့ခေတ် မဲ့ခနဲပြုံးရင်း စာအုပ်ကို လှမ်းယူလိုက်၏။ သူ မယူစေချင်တော့လည်း မေ့ခေတ် ယူရမည်။

''ကျေးဇူးပါ''

''တို့ကတင်ရမှာပါ၊ အမှန်ပြောရရင် ဒီဝတ္ထုလေးက တို့နှလုံးသားနဲ့ရင်းပြီး ပိုင်ဆိုင်ခဲ့ရတဲ့အချစ်ပါ၊ ဒီအကြောင်းကို ရေးထားတာ မေ့ခေတ် ဖတ်ကြည့်စေချင်တယ်''

''အင်း ကျွန်မ ဖတ်ကြည့်မှာပါ''

''မိမိသော် မင်း ဘာကြောင်တောင်တောင်လာလုပ်တာလဲ၊ ဘာလဲ မင်းမဟုတ်မဟပ် ဇာတ်လမ်းဆင်ထားတာတွေနဲ့ ခေတ်နဲ့ကိုယ့်ကြားမှာ ပြဿနာဖြစ်စေချင်တာလား''

မင်းခေတ် ဝင်ပြောတော့ မိမိသော် ခေါင်းလေးခါသည်။ ပြီးတော့ နှုတ်ခမ်းလေးတွေ မဲ့မဲ့ပြုံးရင်း

''ရှင် ကျွန်မကို တကယ်မချစ်ဘဲ ကစားခဲ့တာ သိပါတယ်၊ ဒီအတိုင်းပဲ တခြားမိန်းကလေးတွေကိုလည်း ရှင်ကစားခဲ့တယ်၊ နှင်းဆီနီတစ်ပွင့်နဲ့အသည်းခွဲခဲ့တယ်၊ ဒါတွေကို ကျွန်မက နှလုံးသားနဲ့ရင်းပြီး မှတ်တမ်းတင်ထားတာပါ''

''ငါ မင်းတို့နဲ့တွဲခဲ့တာမှန်တယ်၊ ဒါပေမဲ့ ဘာစည်းမှမကျော်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သလို ဘယ်သူ့ကိုမှလည်း မချစ်ခဲ့တာ အမှန်ပဲ''

''ဟုတ်တယ်လေ ရှင့်နှလုံးသားက 'မချစ်တတ်ဘူး''

''ဒါပေမဲ့ ငါအခု အချစ်ကို ခံစားတတ်နေပြီ၊ ငါချစ်တဲ့မိန်းကလေးရှိနေပြီ၊ အဲဒါ မေ့ခေတ်ဖော်ပဲ၊ မင်းဝင်ပြီးမနှောင့်ယှက်ပါနဲ့''

အားလုံးရှေ့မှာ မင်းခေတ်ကျော် ဝန်ခံနေတာမို့ မေ့ခေတ်မျက်နှာလေး ပန်းနုရောင်သမ်းသွားရ၏။ မိမိသော်က မေ့ခေတ်ကိုကြည့်ရင်း

''ဒါဆိုရင်တော့ မေ့ခေတ်ဖော်က ကံအကောင်းဆုံးမိန်းကလေးပဲပေါ့၊ ကျွန်မနဲ့ကျန်တဲ့မိန်းကလေးတွေကတော့ ကံဆိုးခဲ့တာပေါ့နော်''

''အဲဒီအတွက် ငါ တောင်းပန်တယ်၊ မင်းသွားပါတော့''

''ကောင်းပါပြီ၊ အားလုံးပဲ ခွင့်ပြုကြပါဦး''

မိမိသော် နှုတ်ဆက်ကာ ချက်ချင်းထပြန်သွားခဲ့သည်။ မင်းခေတ်ကျော် မျက်နှာကြီးနီကာရှိနေဆဲ။ ကြည်မွေ့ နှုတ်ဆိတ်စွာ ခေတ်နှစ်ခေတ် မျက်နှာကိုကြည့်ကာ ငြိမ်သက်နေ၏။

မေ့ခေတ် ဝတ္ထုစာအုပ်လေးကိုကြည့်ရင်း ပြုံးမိ၏။

''နာမည်လေးကတော့ ဖတ်ချင်စရာပဲ၊ တစ်သက် တစ်ခါချစ်ရပါသောမောင် တဲ့''

''ခေတ်''

မင်းခေတ် ခေါ်သံကြောင့် မေ့ခေတ် မျက်ခုံးလေးတွန့်မော့ကြည့်သည်။ မင်းခေတ်မျက်နှာကြီး သုန်မှုန်နေတာ တစ်ခါမှ မမြင်ဖူးပါ။





ဖြူသောမျက်နှာက နီနေတော့ တော်တော်နှင့်မပြေပါ။

''ကိုယ့်ကိုအထင်မလွဲစေချင်ဘူး၊ ခေတ်ကို ကိုယ်တကယ်ချစ်ခဲ့တာပါ''

''အင်း ဒီစာအုပ်ထဲမှာ ယူ ဒီလိုပြောခဲ့တဲ့ တောင်မလေးတွေ ဘယ်နှယောက်ပါမလဲ တို့စိတ်ဝင်စားနေပြီ''

''ဟာ မဟုတ်မဟပ်တွေ မိမိသော် ဆိုတာ လွန်ခဲ့တဲ့တစ်နှစ်က ကိုယ်နဲ့တွဲခဲ့တဲ့သူ၊ ကဗျာရူး စာရူးနဲ့ စိတ်ကူးယဉ်နေတာ၊ သူ ပေါက်ကရတွေရေးထားတာ''

''ပြောသွားတာတော့ နှလုံးသားနဲ့ရင်းထားတာတဲ့''

''ဟာကွာ ပေးစမ်း အဲဒီစာအုပ်''

မင်းခေတ် ပြောပြောဆိုဆို ဝုန်းခနဲထကာ မေ့ခေတ် လက်ထဲက ဝတ္ထုစာအုပ်ကို လုယူသွားသည်။

''ယူ ဘာလုပ်တာလဲ''

''စောင့်ကြည့်လေ''

ပြောပြီး မင်းခေတ်ကျော် စာအုပ်ကိုယူကာ သောင်ပြင်ဘက် လျှောက်သွား၏။

''ယူ ဘာလုပ်တာလဲ ပြန်ပေးနော်''

မေ့ခေတ် ပြောရင်း နောက်က ထလိုက်သည်။

''ခေတ် နေဦးလေ''

ကြည်မွေ့ လှမ်းတားတာကို နှစ်ယောက်စလုံး ဥပေက္ခာပြုလိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ မင်းခေတ်ကျော် ရုတ်တရက် သောင်ပြင်ဆီကိုပြေးသည်။

"ယူ ရှင် ဒီလိုမလုပ်နဲ့"

မင်းခေတ် တစ်ချက်လေး လှည့်မကြည့်ပါ။ ပင်လယ်စပ်အထိ ပြေးသွားကာ လက်ထဲက စာအုပ်ကို ပင်လယ်ထဲအားကုန်လွှင့်ပစ်လိုက်သည်။

"ယူ ဘာလုပ်တာလဲ၊ ဘာလုပ်တာလဲ"

"လွှင့်ပစ်တာလေ၊ မမြင်ဘူးလား။ ခေတ်နဲ့ကိုယ့်ကြားကို လာပြီး နှောင့်ယှက်တဲ့အန္တရာယ်တွေ"

မေ့ခေတ် သူ့မျက်နှာကို စူးစူးနစ်နစ် စိုက်ကြည့်မိသည်။ ရည်းစားတွေ ထည်လဲတွဲခဲ့ပြီးမှ စိုးရိမ်ထိတ်လန့်နေခဲ့သည်လား။

ဒါ သူ့ရဲ့မရိုးသားမှုပဲပေါ့။

မေ့ခေတ် ချာခနဲ လှည့်ထွက်ခဲ့သည်။ မင်းခေတ်ကျော် လှမ်းခေါ်တာကိုလည်း ဥပေက္ခာပြုထားလိုက်၏။

ရင်ထဲမှာ တစ်ခါမှမခံစားဖူးသော ဝေဒနာတွေနှင့်ဆို့နစ်နေသည်။ ဖြစ်နိုင်လျှင် အခုချိန်မှာ မေ့ခေတ်တစ်ယောက်တည်း အားပါးတရ ငိုကြွေးလိုက်ချင်သည်။

ရင်ထဲမှာ လစ်ဟာနေသော ဝေဒနာကြီးတစ်ခု။

■ ■ ■



## အခန်း (၂၃)

ခပ်ဝေးဝေးမှ ရေလှိုင်းခတ်သံတွေကို ကြားနေရသည်။ မေ့ခေတ် အိပ်မပျော်နိုင်။ ခုတင်ပေါ်တွင် ဘယ်ညာလူးလှိမ့်ရင်း မျက်လုံးတွေကြောင်နေ၏။

နေ့လယ်ကကိစ္စက ရင်ထဲမှာ တင်းကြပ်နေသည်။ အားလုံးသိသွားတော့ မေ့ခေတ်ကို ဝိုင်းနှစ်သိမ့်ကြသည်။

"မိမိသော်နဲ့ခေတ် တွဲခဲ့ကြတာ မှန်ပါတယ်၊ ဒါပေမဲ့ တစ်လတောင် မကြာဘူး။ ပြတ်သွားခဲ့တာပါ"

"အဲဒါကို တို့စိတ်မဝင်စားဘူး"

ကျော်စွာပြောတာကို မေ့ခေတ် ဂရုမစိုက်သလို ပြန်ပြောခဲ့သည်။ ကျော်စွာက မင်းခေတ်ကျော်ဘက်က ရှေ့နေလိုက်နေပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



မြတ်သီရိကတော့ ဘာတစ်ခွန်းမှ မပြောဘဲ နှုတ်ဆိတ်နေသည်။

ဘာကြောင့်လဲမသိ။ မိန်းကလေးချင်းမို့ မေ့ခေတ် ခံစားချက်ကို နားလည်ပေးတဲ့ သဘောလား။

''ခေတ် နင် စိတ်ဆိုးနေလား''

''ဆိုးတယ် ဘာလို့လဲဆိုတော့ ငါ့စာအုပ်ကို လွှင့်ပစ်လို့ပဲ၊ ဒါတော့ တမင်အနိုင်ကျင့်တာ''

''ဒါတော့ဟာ သူလည်း မိမိသော်ကို စိတ်တိုပြီး လုပ်လိုက်တာပါ၊ နင် ဖတ်မိပြီး အထင်လွဲမှာစိုးလို့နေမှာပေါ့။ မိမိသော်က ရေးချင်တာတွေရေးထားမှာ''

''ဘာဆိုင်လဲ၊ အဲဒါကို ငါ့ဘာသာ ဆုံးဖြတ်ခွင့်ရှိရမှာပေါ့''

''ဟုတ်ပါတယ်ဟာ၊ သူလည်း ရည်းစားများတယ်ဆိုတာ နင်သိပြီးဖြစ်မှာပေါ့''

''မဆန်းပါဘူး၊ ငါလည်း စကော်ပီယံဘုရင်မဘွဲ့ ရထားတာပဲလေ''

''ဒါဆို နင် နားလည်သင့်တယ်၊ ခေတ်က ရည်းစားတွေထားခဲ့ပေမယ့် နာမည်ပျက်မရှိခဲ့ပါဘူးဟာ''

''သဲမာ နင်က ကျော်စွာနဲ့ပတ်သက်လို့ သူ့ဘက်ကပါနေတာလား''

''ဟာ မဟုတ်ရပါဘူးဟာ''

''ဒါဆို ဘာမှမပြောနဲ့တော့ဟာ၊ ငါ ခေါင်းကိုက်လို့ ခဏလှဲ





နေပါရစေ''

''ခေတ် နင် ဆေးသောက်မလား''

ချမ်းငြိမ်း မေးသည်။ ချမ်းငြိမ်း မျက်နှာက နောက်ပြောင်တာမျိုး မဟုတ်ဘဲ တကယ်စိုးရိမ်သလိုမေးတာဟု မေ့ခေတ် သိ၏။

''ရတယ် ဘာမှမဖြစ်ဘူး၊ ငါ ခဏနားချင်လို့''

ပြောပြီး မေ့ခေတ် ဘန်ဂလိုထဲ ဝင်ခဲ့သည်။ ရင်ထဲမှာ မကျေနပ်မှုနှင့်အတူ မောနုံးနုံးကြီးဖြစ်နေတာအမှန်။

ကျန်သူတွေကသာ တောင်းပန်ကြ၊ နှစ်သိမ့်ကြတာ ဖြစ်သည်။ မင်းခေတ် ကိုယ်တိုင်က ဘာမှမတောင်းပန်တာ ဘာသဘောလဲ။

ဒါကိုပဲ မေ့ခေတ် မကျေမနပ်ဖြစ်နေမိတာ ဖြစ်၏။

ညနေစာစားဖို့ သဲမာတို့တွေ လာခေါ်တော့ မေ့ခေတ် မလိုက်ချင်ပေမယ့် ထွက်လိုက်ခဲ့သည်။ တော်ကြာ သူ့ကိစ္စကြောင့် မစားနိုင်အောင်ဖြစ်နေသည်လို့ အထင်မခံနိုင်။

''ချမ်းငြိမ်း နင်နဲ့ငါ တခြားဆိုင်မှာ သွားစားကြမယ်''

''ဟယ် ဘာဖြစ်လို့လဲ၊ ဟိုမှာ ခေတ်က အားလုံးအတွက် မှာထားတာဟ''

''သူတစ်ယောက်တည်း တတ်နိုင်တာမဟုတ်ဘူး၊ ငါတို့ဘာသာလည်း ဝယ်စားနိုင်တယ် ကြည့်မွေ့''

''ဟယ် ခေတ်ရယ် ဒီလိုမလုပ်ပါနဲ့''

''ဝမ်းချင်းဆိုတာမှမဟုတ်ဘဲ၊ နင်တို့သွားကြပါ၊ ငါ မစားချင်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ငါ့ဘာသာ ခံတွင်းတွေ့တာလေး စားချင်လို့ ချမ်းငြိမ်း လာ”

ချမ်းငြိမ်း လက်ကိုဆွဲကာ ထွက်ခဲ့လိုက်သည်။ ကြည်မွေ့နှင့် သီရိ ကျန်ရစ်ခဲ့ကြသည်။

ချမ်းငြိမ်းနှင့်တခြားဆိုင်မှာပဲ စားသောက်ပြီး ပြန်ခဲ့တော့ သဲမာနှင့်ကြည်မွေ့က ဆီးကြိုပြောကြသေး၏။

“နင်မလာတော့ ခေတ် တော်တော်စိတ်မကောင်း ဖြစ်သွားပုံပဲ ထမင်းတောင် မစားနိုင်ဘူး”

“ဟုတ်လား သနားစရာပဲ”

“တကယ်ပြောတာ ခေတ်၊ သူနဲ့နင် ဒီလိုဖြစ်နေတာ မကောင်းဘူး။ ပြန်ခါနီးမှ နင်တို့ကလည်းဟာ”

“ငါတို့ကိစ္စ နင်တို့ခေါင်းထဲမထည့်ကြနဲ့၊ အေးဆေးပါ၊ တကယ်ဆို ငါတို့က အပျော်တွဲကြည့်ကြတဲ့အဆင့်ပါ၊ ဒီထက်မပိုသေးဘူး၊ ဒါကို သူကော ငါပါ လက်ခံထားပြီးသား”

မေ့ခေတ် ဘုတိုက်နေတော့ ဘယ်သူမှ ဘာမှမပြောကြတော့ပါ။ မနက်ဖြန် ပြန်ကြရတော့မှာမို့ စောစောအိပ်ရာဝင်ကြသည်။ တကယ်ဆို ဒီညလေးက နှုတ်ဆက်ညလေးဖြစ်သင့်ပေမယ့်

အားလုံး သူတို့ခေတ်နှစ်ခေတ် ပြဿနာကြောင့် မပျော်နိုင်ကြတော့ပါ။ စောစောပဲ အိပ်ရာဝင်ခဲ့ကြတော့၏။

ညဉ့်နက်တော့ အားလုံးအိပ်သွားကြသည်။ အိပ်မပျော်သည့် မေ့ခေတ် လှဲမနေချင်တာမို့ အသာလေးထကာ ဘန်ဂလိုထဲက ထွက်ခဲ့လိုက်သည်။





အပြင်ဘက်မှာ ပင်လယ်ကြီး၏ညချမ်းက အေးချမ်းတိတ်ဆိတ်နေသည်။ ကမ်းစပ်က ရေလှိုင်းသံလေးတွေကတော့ ကြားနေရဆဲ။

မေ့ခေတ် အလင်းသဲ့သဲ့လင်းသော ဆောင်ခြေမှာ တစ်ယောက်တည်း လမ်းလျှောက်နေမိ၏။

ဘယ်လောက်ကြာသွားသည်မသိ။ လူက အေးစိမ့်စိမ့်ဖြစ်လာတာမို့ ဘန်ဂလိုထဲ ပြန်ဝင်ဖို့ပြင်လိုက်စဉ်

“ဟင်”

ဆောင်ခြေဘက်မှ လှမ်းလာနေသော အရိပ်တစ်ခုက မင်းခေတ်ကျော်လားမသိ။ ပီပီပြင်ပြင် မမြင်ရပေမယ့် စောင့်ကြည့်မနေတော့ဘဲ ဘန်ဂလိုထဲ ဝင်ခဲ့လိုက်သည်။

ပြီးမှ အသာလေး အပြင်ကို ချောင်းကြည့်နေလိုက်၏။

အသေအချာပါပဲ။ မင်းခေတ်ကျော် ဖြစ်သည်။ သူလည်း မအိပ်စက်ဘဲ တစ်ယောက်တည်း လျှောက်သွားနေသည်လား။

မေ့ခေတ်တို့ ဘန်ဂလိုလေးဘက်ကို မတ်တပ်ရပ်ပြီး အတန်ကြာငေးနေ၏။ ပြီးမှ သူတို့ဘန်ဂလိုလေးထဲ ဝင်သွားသည်။

ဘာကြောင့်မှန်းမသိ။ မေ့ခေတ် ရင်ထဲမှာ လှိုက်ခနဲ ခံစားလိုက်ရသည်။

သူလည်း မေ့ခေတ်လို ခံစားနေရသည်လား။ သိချင်လိုက်တာ မင်းခေတ်ရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ညကညည့်နက်ကျော်မှ အိပ်ဖြစ်ပေမယ့် မနက်အစောကြီး မေ့ခေတ်နိုးနေသည်။ ဘန်ဂလိုထဲမှာပဲ ရေမိုးချိုးလိုက်သည်။

"ဟင် ခေတ် အစောကြီး ရေချိုးနေတယ်"

အိပ်ရာက နိုးလာသော ကြည်မွေ့ မေးတော့ မေ့ခေတ် ခေါင်းလေးညိတ်ပြရင်း

"အေး ငါတို့စောစောပြန်မယ်"

"ဟင် မင်းခေတ်တို့နဲ့ အတူပြန်မှာမဟုတ်ဘူးလား"

"မဟုတ်ဘူး ငါတို့အရင်ပြန်မယ်၊ ဒီတော့ နင် ရေချိုးတော့ပေါ့ ပြီးရင် လက်ဆောင်ပစ္စည်းနဲ့ ကားပေါ်မှာ စားဖို့ သွားဝယ်ကြရအောင်"





ကြည်မွေ့ ဘာမှမပြောတော့ဘဲ ရေချိုးခန်းဝင်သွား၏။ အိပ်ပျော်နေသောသဲမာကို မေ့ခေတ် မနှိုးတော့ပါ။ သဲမာကတော့ ကျော်စွာနှင့်ပဲ အတူပြန်ချင်မှာ သေချာ၏။

ပြန်လာမှ ချမ်းငြိမ်းကိုနှိုးကာ ပြန်ကြမည်။

ကြည်မွေ့ ရေမိုးချိုးပြင်ဆင်ပြီးသည်နှင့် အတူထွက်ခဲ့ကြသည်။ မနက်စောစောမို့ ပင်လယ်လေက လတ်ဆတ်နေသည်။ ကမ်းခြေမှာလူရှင်းသည်။

ဈေးဆိုင်တွေ မစုံလင်သေးပေမယ့် ခဏလောက်လမ်းလျှောက်ပြီးလျှင် စုံလင်လာမည်။

"ငါတို့ တစ်ခုခု အရင်သွားစားရအောင် ကြည်မွေ့"

စားသောက်ဆိုင်တွေဘက် ထွက်ခဲ့ကြသည်။ မေ့ခေတ် ပေါ့ပေါ့ပါးပါး အပြာနုဝတ်စုံလေးပဲ ဝတ်ထားသည်။ စိတ်မပါတာမို့ ဖြီးလိမ်းမပြင်ထားဘဲ မျက်နှာကို ပေါင်ဒါလေးပဲ ဖို့ထားခဲ့သည်။

"မင်္ဂလာပါ ခေတ်"

နှုတ်ဆက်သံကြောင့် နှစ်ယောက်သား လှည့်ကြည့်တော့ ငကြောင်သုံးကောင်ကိုတွေ့လိုက်ရ၏။ သုံးယောက်စလုံး မျက်နှာတွေ ပြုံးဖြီးဖြီးတွေ။

"နင် နင်တို့"

"နှောင့်ယှက်ဖို့လာတာ မဟုတ်ဘူး၊ နှုတ်ဆက်တာပါ ခေတ်"

"ဘာမှနှုတ်ဆက်စရာမရှိဘူး၊ နင်တို့နဲ့ ငါ မပတ်သက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဖာနည်မင်း မွဲခနဲပြုံးရင်း

"ဘေးနားမှာ နင်တို့ကို ငါ့ခေါင်းထဲက ထုတ်ပစ်ထားခဲ့တာ ကြာပြီ၊ နှလုံးသားမှာ ဟိုကတည်းက မရှိခဲ့တာ"

"ခေတ် မင်းရက်စက်နိုင်ပေမယ့် ငါတို့က မင်းကိုစေတနာနဲ့ မေတ္တာအပြည့်ထားခဲ့တာနော်၊ ငါတို့ မရှိသားခဲ့ရင် မင်းဘဝတောင် ပျက်လောက်တယ်"

"ဘာပြောတယ်၊ နင်တို့က မေ့ခေတ်ဖော်ကို ဘယ်လိုမိန်း ကလေးလို့ ထင်နေလို့လဲ၊ နင်တို့လုပ်ရပ်တွေ ရပ်တန်းကရပ်လိုက်ကြပါ ပြီးမှ ငါ့အဆိုးမဆိုနဲ့"

"စကားပြော ကြမ်းလှချည်လား ခေတ်ရယ်၊ အဲဒီလောက်ထိ အမုန်းတွေမကြီးစမ်းပါနဲ့၊ ကိုယ်တို့သုံးယောက်က မင်းကိုအမြဲခွင့်လွှတ် စောင့်မျှော်နေသူတွေပါ"

"သွားသေလိုက်ကြလေ၊ ငါ့ခေါင်းထဲမှာ နင်တို့မရှိတော့ဘူး"

"ခေတ် မရှိပေမယ့် တို့တာက်က မပြီးပြတ်ဘူး၊ ပြီးပြတ်ချင်ရင် တို့သုံးယောက်ထဲက တစ်ယောက်ကို ခေတ်ရွေးပါ"

"ကျွတ် နင်တို့တော့ ခက်နေပြီ"

"ဟုတ်သားပဲ၊ နင်တို့ ခေတ်ကို မနှောင့်ယှက်ကြပါနဲ့"

"နင်နဲ့မဆိုင်ဘူး ကြည်မွေ့"

သုံးယောက်စလုံးအသွင်က လိုအပ်လျှင် ဘီလူးအက ကနဲ့ တွန့်ဆုတ်ကြမည့်ပုံ မရှိပါ။ မနက်ခင်းမို့ သောင်ပြင်မှာ လူရှင်းနေတာ





ကိုပဲ အခွင့်အရေးလို့ ထင်နေကြပုံ။

"ခေတ်"

"ထပ်မပြောနဲ့၊ ဘာမှမကြားချင်ဘူး"

"ဒီမှာ နေကြပါဦး"

အသံနှင့်အတူ အုန်းပင်အကွယ်တစ်ခုက မင်းခေတ်ကျော် ထွက်လာသည်။ ကြည်မွေ့ မျက်နှာလေး ဝင်းပသွား၏။

"ခေတ် လာပါဦး၊ ဒီကောင်တွေ နှောင့်ယှက်နေတာ"

"ငါ ကြားတယ် ကြည်မွေ့၊ သူငယ်ချင်းတို့ ဒီစကားဝိုင်းက လောက်ဆို အဆုံးသတ်သင့်ပြီထင်ပါတယ်၊ ဘယ်ယောက်ျားလေးမဆို က်မထပ်ရသေးတဲ့ မိန်းကလေးတစ်ယောက်ကို ကြိုးစားပိုင်ခွင့်ရှိပါ ယ်၊ ဒါကြောင့် ခင်ဗျားတို့ကြိုးစားတာ အပြစ်မဟုတ်ဘူး။ ဒါပေမဲ့ ယက်ရှင်က ခါးသီးနေရင် နောက်ဆုတ်သင့်တယ်၊ ပြီးတော့ ဒီနေရာ ာ ကိုယ့်နယ်မြေလည်းမဟုတ်ဘူး၊ ဒီတော့ ရပ်တန်းက ရပ်သင့်ပြီ"

မင်းခေတ်ကျော် လေသံက အေးအေးလေးဖြစ်သည်၊ ဒေါသသံ ၊ ရှိသွဲ့သဲ့ အမူအရာမရှိ၊ စောစောစီးစီး ပြဿနာဖြစ်ချင်ဟန်မရှိပါ။

သုံးယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ သွားကြ၏။ ပြီးမှ နေလင်းကိုကိုက

"ခင်ဗျားပြောတာ လက်ခံတယ် မင်းခေတ်ကျော်၊ ထားလိုက်ပါ ား တစ်ခုတော့ရှိတယ်၊ ခေတ်ကို ကိုယ်တို့တွေ အရှုံးမပေးသေးဘူး ာ မကြာခင် ထပ်ဆုံကြတာပေါ့"



www.burmeseclassic.com

"နင်တို့ဘာသာ ဆုံချင်ဆုံ၊ ငါကတော့ ဂရုမစိုက်ဘူး"

မေ့ခေတ် ယတိပြတ်ပြောလိုက်သည်။ ရင်ထဲမှာအစိုင်အခဲဖြ နေတာ ကြာပြီ။ ဒီငကြောင်တွေနှင့် ပတ်သက်မိတာကို နောင်တရချင် ၏။ အခုလည်း ပြန်လှည့်သွားကြပေမယ့် ကြိမ်းဝါးသွားပုံက မထိတ

"ခေတ် မင်းကိုယ်မင်း ယောက်ျားလေးထင်နေသလား"

"ဘာဆိုင်လို့လဲ"

"ဆိုင်တယ်၊ နှစ်ယောက်တည်း အစောကြီးထလျှောက်တာ အန္တရာယ်ရှိတယ်လေ"

"ဘာဖြစ်လဲ ငါတို့လွတ်လပ်ခွင့် နင်နဲ့မဆိုင်ဘူး"

"ဒီလိုမပြောနဲ့လေ၊ ကိုယ်တို့က အတူလာကြတာပဲ၊ ခေတ် တစ်ခုခုဖြစ်ရင် ကိုယ် အဖြစ်မခံနိုင်ဘူး"

"အဲဒါ နင့်ကိစ္စ"

"ခေတ် ဘာလို့ ကိုယ့်ကိုစိတ်ဆိုးနေတာလဲ၊ တကယ်ဆို ကိုယ် လိုပဲ မင်းလည်းအခု ဖြစ်ခဲ့တဲ့ပြဿနာတွေ ရင်ဆိုင်နေရတာ စာနာသင့် တယ်"

"တို့က ဘာကိုစာနာရမှာလဲ၊ ဒီကောင်တွေနဲ့တို့က ဇာတ်လမ်း ပြီးသွားပြီ"

"ဒါပေမဲ့ သူတို့က ခေတ်ကို မပြတ်သေးဘူးလေ၊ ကိုယ်စခဲ့တဲ့ ဇာတ်လမ်းကို ကိုယ်ရှင်းရမှာပဲ ခေတ်"

"ဘာလဲ ယူ ဘာမကျေနပ်တာလဲ၊ တို့ရည်းစားထားတာ





ပြောချင်တာလား"

"ဒါတော့ ဘယ်သူမဆို ကိုယ့်ချစ်သူကို အပြစ်ကင်းစေချင် တာပေါ့"

"သေလိုက်လေ၊ ရှင်နဲ့တို့က ချစ်သူတွေမှ မဟုတ်တာ၊ ဘယ် အဆင့်ဆိုတာ ရှင်သိတာပဲ"

"အပျော်တွဲတာလို့ မပြောနဲ့ ခေတ်၊ ကိုယ် ခေတ်ကို တကယ် ချစ်သွားတာ၊ မြတ်နိုးသွားတာ အမှန်ပဲ"

သူ့စကားသံကြောင့် မေ့ခေတ် ရင်ထဲမှာ လှုပ်ခတ်သွားရသည်။ ဒါပေမဲ့ ဟန်ဆောင်ပြုံးလေးနှင့် မင်းခေတ်ကိုကြည့်ရင်း

"အဲဒါ ရှင့်သမိုင်းလေ၊ ကဲ သွားစို့ ကြည်မွေ့၊ ပြီးရင် ချမ်းငြိမ်း ကိုနှိုးပြီး ငါတို့ပြန်ကြမယ်"

"ဟို ဟို နေပါဦး ခေတ်"

ကြည်မွေ့ အားနာသလို သူ့ကိုကြည့်နေတော့ မေ့ခေတ် လှည့် ထွက်ခဲ့လိုက်သည်။ မကြာပါချေ။ ကြည်မွေ့ ပြေးလိုက်လာသည်။

သူ့ကို ဒီတစ်ခါတော့ မေ့ခေတ် နိုင်ခဲ့ပြီထင်ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

မိမိသော်ရေးသော လုံးချင်းဝတ္ထုက မေ့ခေတ် နှလုံးသားကို ခါးပါးပါးလေးနှင့် မွှန်းနေသလို ခံစားနေရသည်။

မင်းခေတ်ကျော်နှင့်ပတ်သက်ဖူးသော ကောင်မလေးကိုယောက် အကြောင်း ရေးဖွဲ့ထားသည်။ အလှစုံသည်။ ဂရိုက်စုံသည်။ တစ်မျိုးစီ လှကြသည်။

ကောင်းကွက်တွေရှိသလို ဆိုးကွက်တွေလည်း ပါသည်။ အားလုံး က မင်းသားကို သိပ်ချစ်ကြပေမယ့် မင်းသားက တစ်ယောက်ကိုမှ နှစ်နှစ်ကာကာ မချစ်။

အမျိုးမျိုး အကြောင်းပြချက်တွေနှင့် လမ်းခွဲပစ်တတ်သော အကြောင်းတွေကို ဖာတ်လမ်းဖွဲ့ထားသည်။





ဇာတ်သိမ်းတော့ ဘယ်မိန်းကလေးကိုမှ မချစ်သော မင်းသား က မိန်းကလေးတစ်ယောက်ကို ချစ်မိသွားသည်။ ထိုမိန်းကလေးက မင်းသားကိုပညာပေးကာ အသည်းခွဲခဲ့သည်။

ဒါပေမဲ့ အသည်းခွဲခဲ့သည့် မိန်းကလေးကိုယ်တိုင် မင်းသားကို တကယ်ချစ်သွားသည်တဲ့။

ဒါကတော့ မိမိသော်ရဲ့စိတ်ကူးယဉ် ဖန်တီးရေးသားချက်ဖြစ်၏။ ဇာတ်ချင်လှသောကြောင့် ရန်ကုန်ပြန်ရောက်မှ မေ့ခေတ် အပြင်ကဝယ် အာ ဖတ်ကြည့်မိခြင်းဖြစ်သည်။

မင်းခေတ်ကျော် အကြောင်းတွေကို သိလိုက်ရတော့ ရင်ထဲမှာ ရှုပ်ရှုရှ ခံစားရ၏။ အချစ်ကို တန်ဖိုးမထားတတ်သောသူတစ်ယောက် ကိုမှ မေ့ခေတ်နှလုံးသားပုံအပ် ချစ်သွားမိတာ အတော်ဆိုးပါသည်။

အချိန်တန်လျှင် မင်းခေတ်ကျော်ဆီက နှင်းဆီနီပွင့်လေး မပိုင် ဆိုင်ရဟု မပြောနိုင်ပါ။

ဒါဆိုလျှင်တော့ မေ့ခေတ် ရှုံးနိမ့်ရတော့မည်။ အရှုံးကိုတော့ မေ့ခေတ် လက်မခံနိုင်ပါ။

လတ်တလောမှာတော့ အသည်းကွဲခဲ့ပြီးပြီ။ တခြားသူတွေသိ လျှင် မေ့ခေတ် ဝဋ်လည်သည်ဟု ဆိုကြမည်လား။

ဟင့်အင်း ဒါမျိုး မေ့ခေတ် အဖြစ်မခံနိုင်ပါ။ အိပ်ရာဘေးက အံဆွဲလေးဆီ မေ့ခေတ် လျှောက်ခဲ့လိုက်သည်။ အံဆွဲကို ဖွင့်လိုက်တော့ အဆိပ်ရောင်ကင်းခြေများအရုပ်ကလေးတစ်ရုပ်။



www.burmeseclassic.com

မေ့ခေတ် အရုပ်လေးကို လှမ်းယူပြီး လက်ဖဝါးထဲမှာ ဆုပ်ကိုင်ထားလိုက်မိ၏။ ပြီးတော့ ဟန်းဖုန်းလေးကို လှမ်းယူလိုက်သည်။

ချောင်းသာက ပြန်ရောက်ကတည်းက ပိတ်ထားခဲ့သော ဟန်းဖုန်းထဲမှာ သူပို့နေသော မက်ဆေ့ချ်တွေ ရှိသည်။ ဒါပေမဲ့ မေ့ခေတ် မဖတ်ချင်တော့ပါ။

သူ့ကိုချစ်ခဲ့မိပြီဆိုတာ သေချာနေမှတော့ နောက်ထပ် အဖြေပေးစရာလည်း ဘာမှမရှိတော့ပါ။

သူ့ဖုန်းနံပါတ်ကို ဖိနှိပ်လိုက်တော့ အလွယ်တကူ ဝင်သွားခဲ့၏။

"ဟဲလို ခေတ်၊ ခေတ်အသံလေးကို ကိုယ်ကြားချင်ပြီ"

"ယူ့ကို တို့ပြောစရာတွေ ရှိတယ်"

"ကိုယ်လည်း ခေတ်ကိုအရမ်းတွေ့ချင်နေတာ"

"ကောင်းပြီလေ ယူနဲ့တို့ တစ်နေရာမှာ ဆုံကြရအောင်"

"ဒါဆို ထာဝရသစ္စာမှာ ဆုံကြမယ်လေ ခေတ်'

ထာဝရသစ္စာ တဲ့၊ ကန်ရေပြင်နံဘေးက ကဗျာဆန်ဆန်ခုံလေးတွေနှင့် ကြည်နူးစရာကောင်းသည့်ဆိုင်ကလေးဖြစ်သည်။ ချစ်သူနှစ်ဦးအတွက် လမ်းခွဲစကားတွေ မဖြစ်သင့်သည့်နေရာလေးပေမယ့်

"မနက်ဖြန် မနက်ကိုးနာရီတိတိ တို့ စောင့်နေမယ် ယူ"

"အိုကေ ခေတ် တို့ရင်တွေ ခုန်နေပြီ"

မေ့ခေတ် ဖုန်းလေးပိတ်လိုက်သည်။ သူ့စကားသံတွေက





အပျော်တွေနှင့်ကြည်နူးရိပ်တွေ ဖြာနေခဲ့သည်။ ဒါပေမဲ့ ဒါတွေက မာယာတွေပဲဟု မေ့ခေတ် ထင်သည်။

ရှင့်ကို မေ့ခေတ် ချစ်မိတာ ဝန်ခံချင်တယ် မင်းခေတ်ရယ်။ ဒါပေမဲ့ ရှင် စွန့်ပစ်မှာကိုတော့ မခံယူရဲဘူး။

ရှင်နဲ့မေ့ခေတ် တကာယ်ဝေးကြပြီ ထင်ပါရဲ့။

www.burmeseclassic.com

## အခန်း (၂၆)

"ဘာ ဘာရယ် ဘာပြောတယ် သီရိ"

"ဟုတ်တယ် မေ့ခေတ်ဖော်က နှင့်ကိုလမ်းခွဲဖို့ စကော်ပီယံရုပ်လေး ရှိနေပြီတဲ့"

သီရိစကားကို သူ မယုံချင်ပါ။ ဘယ်လိုမှ လက်ခံလို့မရပါ။ မနက်ကပဲ မေ့ခေတ် ဖုန်းဆက်သည်။

အတူဆုံကြမည်တဲ့။ အခုတော့ သီရိက လာပြောနေသည်။

"နှင် နှင့်ကို ဘယ်သူပြောတာလဲ သီရိ"

"ချမ်းငြိမ်းပြောတာ ခေတ်၊ သူ့ကိုမေ့ခေတ်ဖော်က အမြဲတိုင်ပင်တယ်တဲ့၊ အခုလည်း နှင့်ကိုလမ်းခွဲတော့မယ်တဲ့၊ နှင်နဲ့ချိန်းထားတယ်တဲ့"

ရင်ထဲမှာ နှင့်ခနဲဖြစ်သွားသည်။ ခေတ် ဒီလောက်ထိ ရက်စက်





လွန်းသည်လား။ တကယ်ဆို သူ့နှုတ်က ဘယ်မိန်းကလေးကိုမှ မပြောခဲ့သောစကားတွေ ပြောဆိုဝန်ခံခဲ့သည်။

ဘဝမှာတစ်ယောက်ပဲ ချစ်ခဲ့သည်။ ထိုချစ်ခြင်းက ခေတ် တစ်ယောက်တည်းအတွက်။ ဒါကိုသိလျက်နှင့် ခေတ် ဘာလုပ်တာလဲ။

"ခေတ် နှင် ဘာဖြစ်သွားတာလဲ"

"ငါ ငါ ဝဋ်လည်ပြီ သီရိ"

"ဘာရယ်"

"ဟုတ်တယ် ငါ ခေတ်ကို သိပ်ချစ်ခဲ့တာ"

"ဟင် နှင် တကယ်ချစ်ခဲ့တာ"

"ဟုတ်တယ် သီရိရယ်၊ ဘယ်မိန်းကလေးကိုမှ မချစ်ဖူးတဲ့အချစ်တွေနဲ့ ငါ မြတ်မြတ်နိုးနိုး ချစ်ခဲ့တာပါ၊ အဲဒီအချစ်တွေကို ငါ ခေတ်ကို ဝန်ခံခဲ့တယ်"

ရင်ထဲက ခံစားချက်အမှန်တွေကို သီရိကိုပဲ သူ ရင်ဖွင့်မိသည်။ တကယ့်ကို သူ ခံစားခဲ့ရတာ အမှန်။

"ငါ ချစ်ပေမယ့် ခေတ်က ငါ့အချစ်ကို မယုံကြည်ခဲ့ဘူး၊ သူ ငါ့ကိုအနိုင်ယူချင်တာ သက်သက်ပဲပေါ့"

"နှင် ဘာလုပ်မလဲ ခေတ်ရယ်"

"ရပါတယ် သူအနိုင်ယူချင်မှတော့ ငါ အရှုံးပေးမယ်လို့ နှင်ထင်သလား"

"နှင်ပဲ သူ့ကိုချစ်တယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ငါ တကယ်ချစ်တာ၊ ဘယ်တုန်းကမှ မချစ်ဖူးတဲ့ အချစ်နဲ့ ချစ်ခဲ့တာပါ သီရိ၊ ဒါပေမဲ့ ငါ တကယ်ရှုံးခဲ့တာ နှလုံးသားတစ်ခု လုံးပါ"

ပြောရင်း မင်းခေတ်အသံတွေ တုန်ခါနေသည်။ မင်းခေတ် ရင်ထဲကို မြင်နေရသည့် သီရိ ရင်ထဲမှာမကောင်းပါ။

ခေတ် နှလုံးသားက ပျော်ဝင်သွားခဲ့ပြီလား။ ဘယ်မိန်းကလေး ကိုမှ မချစ်ခဲ့သည့် ခေတ်နှလုံးသားက မေ့ခေတ်ဖော်အတွက်လား။

"သူ ငါ့နှလုံးသားကို ပိုင်ခဲ့ပြီးပြီပဲ သီရိရယ်၊ ဒီထက်ပိုပြီး ဘာကိုလိုချင်လို့လဲ၊ ငါ့အတွက် ပေးစရာတစ်ခုပဲရှိတယ်၊ လမ်းခွဲနှင်းဆီ တစ်ပွင့်ပဲပေါ့"

"ခေတ် သူ့ကိုနင် နှင်းဆီနီတစ်ပွင့်ပေးမလို့လား"

"ဟုတ်တယ် ဒါ ငါ့ဘဝအတွက် နောက်ဆုံးနှင်းဆီပွင့်ပဲလေ ဒါပေမဲ့ အဲဒါ အနိုင်ယူဖို့ပေးတာမဟုတ်ဘူး၊ ငါ အရှုံးပေးတဲ့အနေနဲ့ ပေးမှာပါ"

သီရိရှေ့မှောက်မှာ မြင်နေရသော မင်းခေတ်ကျော်ဆိုတာ ဟိုး အရင်က မြင်နေရသော မင်းခေတ်ကျော် မဟုတ်တာသေချာ၏။

အရင်ကဆို မိန်းကလေးတစ်ယောက်ကို လမ်းခွဲဖို့ နှင်းဆီနီ တစ်ပွင့် မင်းခေတ် ခြွေထဲလာခူးနေကျ။ ဘာခံစားချက်မှမရှိဘဲ ပေါ့ပေါ့ ပါးပါး ခူးတတ်ခဲ့သည့် မင်းခေတ်။

ထိုစဉ်တုန်းက သီရိလည်း ကြိတ်ပျော်ခဲ့ရ၏။ အခုတော့ သီရိ





ရင်ထဲမှာ ဆို့နစ်နေသည်။

မင်းခေတ် ခံစားနေရတာကို မမြင်ရက်တာအမှန်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

ထာဝရသစ္စာကို မေ့ခေတ် ရောက်ခဲ့တာ နှစ်နာရီတိတိပဲဖြစ်သည်။ အမြဲတမ်း နောက်ကျတတ်သော မေ့ခေတ် ဒီနေ့တော့ အချိန်အတိအကျပဲဖြစ်သည်။

အနီရောင်ထီးဝိုင်းအောက်က ခုံတန်းလေးမှာ မင်းခေတ်ကျော်ကြိုတင်ရောက်နေသည်။ သူလည်း ကတိတည်သားပဲ။

မေ့ခေတ် လျှောက်လာတော့ သူ မတ်တပ်ရပ်စောင့်နေသည်။ မျက်နှာချင်းဆိုင်ဆုံဖို့အတွက် မေ့ခေတ် ရင်တွေတုန်နေသည်။ လက်ကိုင်အိတ်လေးထဲမှာပါလာသော စာအုပ်လေးကို လက်ဖြင့်ဖိကိုင်ထားမိ၏။

"ခေတ်"

"..."

"ထိုင်ပါဦး ကိုယ် အစောကြီးကတည်းက စောင့်နေတာ"





သူ့စကားကြောင့် မေ့ခေတ် ရင်ထဲမှာ နင့်ခနဲ ဖြစ်ရသည်။ မေ့ခေတ်လမ်းခွဲစကားတွေပြောဖို့ နှုတ်တွေ တွန့်ဆုတ်နေတာအမှန်။

နှစ်ယောက်သား ဘာစကားမှ မဆိုမိကြဘဲ ကန်ရေပြင်ကြီးဆီကို ငေးကြည့်နေမိကြတာ အကြာကြီး။

တကယ်တမ်း လမ်းခွဲစကားဆိုဖို့အတွက်တော့ မေ့ခေတ် နှုတ်တွေ ဆွံ့အနေသည်။ သူကလည်း ဘာကြောင့် ငေးမောတွေဝေနေတာလဲ။ မေ့ခေတ် ပြောမည့်စကားတွေကို ကြိုသိနေတာကြောင့်လား။

တိတ်ဆိတ်ခြင်းမှာ နှစ်ယောက်စလုံး ငြိမ်သက်နေရာမှ သူ့ဆီက ပင့်သက်မောကြီးရှိုက်သံနှင့်အတူ

"ခေတ် ကိုယ့်ကိုပြောစရာရှိတယ်ဆို"

"ဟုတ်တယ်"

"ဒါဆို ပြောပါ ကိုယ်နားထောင်နေတယ်"

စူးစိုက်ကြည့်နေသော သူ့မျက်ဝန်းတွေက အရင်နှင့်မတူ၊ ကြည်လင်ခြင်းတွေ အပျော်ရိပ်တွေ ကင်းစင်နေ၏။

"ယူကော တို့ကိုပြောစရာမရှိဘူးလား"

"ပြောစရာ ကိုယ် ခေတ်ကို ပြောစရာစကားတွေ အများကြီးရှိတယ်၊ ဒါပေမဲ့ အဲဒါတွေလည်း ပြောခဲ့ပြီးပြီလေ၊ ဒီတော့ ဘာမှမပြောတော့ဘူး။ ခေတ် စကားကိုပဲ နားထောင်မယ်"

မေ့ခေတ်ကို ပြောခဲ့ပြီးပြီတဲ့။ ချောင်းသာမှာတုန်းက ပြောခဲ့သောစကားတွေလား။ ခေတ်ကို ချစ်တယ်ဆိုသော စကားတွေကိုဆိုချင်



www.burmeseclassic.com

www.burmeseclassic.com



တာလား။

မေ့ခေတ် အံကိုတင်းတင်းလေး ကြိတ်ထားလိုက်သည်။ အာရုံထဲမှာ မိမိသော်ဝတ္ထုထဲက သူ တွဲခဲ့သောချစ်သူတွေကို ပြန်မြင်ယောင်မိလာသည်။

ဟင့်အင်း အဲဒီမိန်းကလေးတွေထဲမှာ မေ့ခေတ်ဇော် မပါစေရဘူး။ ရှင့်ကို မေ့ခေတ် တကယ်ချစ်ခဲ့တာပါ။

"ယူနဲ့တို့ လမ်းခွဲကြစို့"

သူ့ဘက်က လှုပ်လှုပ်ရှားရှား ဖြစ်သွားမည်ဟု မေ့ခေတ် ထင်ထားပေမယ့် သူ တည်ငြိမ်စွာ မေ့ခေတ်ကို စိုက်ကြည့်နေဆဲ။

"ခေတ် တို့ကို တကယ်လမ်းခွဲချင်တာလား"

"ဟုတ်တယ် တို့ လမ်းခွဲသင့်တယ် ထင်တယ်"

ပင့်သက်မောကြီးတစ်ချက်ရှိုက်ကာ သူ ခေါင်းငိုက်စိုက် ငြိမ်သက်သွားသည်။ သူ့ကိုကြည့်ရင်း မေ့ခေတ် ရင်ထဲက လှိုက်ဖိုဝမ်းနည်းလာသည်။

တကယ်ပဲ မေ့ခေတ်နှင့်သူ အဆုံးတိုင် ဝေးကြပြီ ဟား။

"တို့ပြန်မယ် ယူ"

တုန်ယင်နေသော အသံတွေကို မေ့ခေတ် ထိန်းပြောရင်း မတ်တပ်ရပ်လိုက်တော့ သူ မော့ကြည့်သည်။

ညှိုးရိုင်သမ်းနေသော သူ့မျက်ဝန်းညိုညိုတွေကိုမြင်တော့ ဆလင်းဘာတ်အိတ်ကို လှမ်းကိုင်မိသည့် မေ့ခေတ်လက်တွေ တွန့်ခနဲ ဖြ





သွား၏။

ဟင့်အင်း မေ့ခေတ် ပတ်သက်ဖူးသည့်ယောကျ်ားတွေထဲမှာ သူ မပါဝင်တာ သေချာသည်။

လမ်းခွဲစကော်ပီယံ အရုပ်လေးဆိုတာ ယောကျ်ားတွေကို မေ့ခေတ် ကျေနပ်ပျော်ရွှင်စွာပေးခဲ့တဲ့ လမ်းခွဲအရုပ်လေးတစ်ရုပ်ပါပဲ။

သူ့ကို ဒီအရုပ်လေး ပေးမိလျှင် မေ့ခေတ် မျက်ရည်တွေ ထိန်းနိုင်မှာမဟုတ်။

မေ့ခေတ် ချာခနဲ လှည့်ထွက်ခဲ့သည်။ ကျန်ရစ်ခဲ့သောသူ့ကို လှည့်မကြည့်ဖြစ်အောင် ကြိုးစားထိန်းချုပ်ထားရ၏။ မေ့ခေတ် မျက်ရည်တွေကို သူ မမြင်စေချင်ပါ။

ကားပေါ်လှမ်းတက်မှ စလင်းဘာတ်အိတ်ထဲက အရုပ်လေးကို သတိရကာ ထုတ်ယူကြည့်လိုက်၏။

မျက်ရည်တစ်ပွင့်က အရုပ်လေးပေါ် ပြုတ်ကျသွား၏။ မေ့ခေတ် စိတ်ကို အမြဲပျော်ရွှင်မှုတွေ ပေးခဲ့သော လမ်းခွဲအရုပ်လေး။

အခုတော့ နာကျင်မှုတွေနှင့် မျက်ရည်တွေသာ။

အရုပ်လေးကို ပြတင်းတံခါးကပဲ မေ့ခေတ် ပစ်ချလိုက်သည်။

■ ■ ■

ရင်ထဲမှာ ဟာလာဟင်းလင်း ဝေဒနာတွေနှင့် ထိုင်ခုံမှာ သူ တစ်ယောက်တည်း ကျန်ရစ်ခဲ့၏။

သူ မျှော်လင့်ထားသလို ခေတ်ရဲ့အရုပ်လေးကိုလည်း မပိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ခဲ့ရသလို သူ့ရဲ့နှင်းဆီနီလေးလည်း သူ့ဆီမှာပဲရှိနေဆဲ။

ခေတ်ကိုပေးဖို့ ပန်းပွင့်လေးက လက်ထဲမှာ အထီးကျန်ဆန်စွာ ရှိနေဆဲ။

တကယ်ဆို ခေတ်ကို ဒီပန်းနီပွင့်လေး မပေးရက်ပါ။

မေ့ခေတ်ဖော် ဆိုတာ သူ့နှလုံးသားက စွဲစွဲနစ်နစ် ချစ်ခဲ့ရသူ ပဲလေ။ ချစ်သူကို လမ်းခွဲနှင်းဆီလေးပေးရအောင် သူ သတ္တိမရှိပါ။

နှင်းဆီပွင့်လေးကို မြေပေါ်မှာပဲ သူ ပစ်ချလိုက်မိသည်။

တကယ်ဝေးခဲ့ပြီလား ခေတ်ရယ်။ ငါ့ရင်ထဲမှာတော့ နင့်ကို ချစ်ခဲ့တဲ့ အချစ်တွေက အမြဲတည်ရှိနေဦးမှာပါ။

နင် ဒါတွေ မယုံကြည်ခဲ့လေတော့ ...။

■ ■ ■

## အခန်း (၂၈)

တစ်ပတ်လုံးလုံး သူ ဘယ်မှမသွားဖြစ်ပါ။ အိမ်ကိုလည်း မပြန် ဖြစ်တဲ့ ဒယ်ဒီပိုင်ဆိုင်သော ဒီခြံလေးထဲမှာ တစ်ယောက်တည်းအချိန်ကုန် ခဲ့သည်။

သူငယ်ချင်းတွေလည်း မသိစေချင်တာမို့ သီရိကို ဘာမှမပြော ဖို့ မှာထားရ၏။

တစ်ယောက်တည်းနေမှ ခေတ်ကို သတိရသည်။ သတိရစိတ်ကို ဖြေဖျောက်ဖို့ ယမကာကို သူ မှီဝဲဖြစ်သည်။

ရင်ထဲမှာ ပူနေသောအပူကို ယမကာမီးကလည်း မငြိမ်းစေနိုင် ပါ။

မူးသွားတော့ သူ သတိလွှတ်ကာ အိပ်ပျော်သည်။ အိပ်မက်



www.burmeseclassic.com

www.burmeseclassic.com



တွေထဲမှာ မေ့ခေတ် ရှိသည်။

မနက်မိုးလင်းတော့ ထုံးစံအတိုင်း ခေါင်းတွေကိုက်ခဲနေသည်။ ညကကျန်သော ယမကာကို သောက်ဖို့ လှမ်းခဲ့ခိုက်

တံခါးဝက လူခေါ်ဘဲလ်သံ ကြားသည်။ ဘယ်သူလဲ။ သူ ဒီမှာ ရှိတာ သီရိပဲသိသည်။ ဒယ်ဒီနှင့်မာမီ စင်ကာပူသွားနေတာမို့ သူ ဖြ ပျက်နေတာတွေ မသိပါ။

သီရိ ဘာလာလုပ်တာလဲ။

တံခါးဆီရောက်ခဲ့တော့ မြင်လိုက်ရတာ ချမ်းငြိမ်းဖြစ်နေ

"မင်းခေတ်"

"ချမ်းငြိမ်း မင်းဘယ်လို ဒီရောက်လာတာလဲ"

"တံခါးဖွင့်ဦး၊ ငါ ပြောစရာကိစ္စလေးရှိလို့"

သူ တံခါးဖွင့်ပေးတော့ ချမ်းငြိမ်း ဝင်လာရင်း နှာခေါင်းရှုံ့

"မင်း အရက်တွေသောက်ထားသလား မင်းခေတ်"

"ညက သောက်ထားတာတွေပါ။ ဒီမနက် အားမသောက်ရ"

ချမ်းငြိမ်း ဘာမှမပြောဘဲ ဆိုဖာမှာဝင်ထိုင်သည်။ ပြီးတော့ သူ့ကိုစိုက်ကြည့်နေ၏။

"ငါ ဒီမှာရှိတာ ဘယ်သူပြောသလဲ၊ သီရိပဲသိတာ"

"သီရိပြောပြတာပေါ့၊ အဲဒါ ထားပါ၊ ခေတ်အကြောင်းပြော လို့"

"ခေတ် ဘာဖြစ်လို့လဲ"





"ခေတ် နိုင်ငံခြားသွားတော့မယ်"

"ဟင်"

သူ ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ အဝေးဆုံးအထိ ခေတ် သွားတော့မည်လား။

"သူ ခဏသွားမှာ မဟုတ်ဘူး၊ အပြီးသွားမှာ"

"ဘယ်လို"

"ဟုတ်တယ် မင်းခေတ်၊ ဘာလို့လဲဆိုတော့ မင်းကြောင့်ပဲ"

"ငါ့ကြောင့်"

"ဟုတ်တယ် မင်းအသည်းခွဲပန်းပွင့်ပေးမှာ ကြောက်လို့လေ၊ သူကမင်းကို တကယ်ချစ်နေတာ"

"မဟုတ်ဘူး ငါ့ကို သူလမ်းခွဲသွားတာ"

"ဒါပေမဲ့ ဒီအရုပ်လေး မပေးခဲ့ဘူးမဟုတ်လား"

ချမ်းငြိမ်း ထုတ်ပြသော အစိမ်းရောင် စကော်ပီယံအရုပ်လေးကို ကြည့်ကာ သူ ဆတ်ခနဲ ဖြစ်သွား၏။

"အဲဒီနေ့က ဒီအရုပ်လေး မင်းကိုမပေးဘဲ လမ်းမှာလွှင့်ပစ်ခဲ့ တယ်၊ ဒါ သူ မင်းကိုတကယ်ချစ်နေလို့ပဲ"

"ဟင်"

"အချိန်မရှိဘူး မင်းခေတ်၊ မင်း တစ်ခုခုဆုံးဖြတ်ပါ"

ချမ်းငြိမ်း စကားကို သူ တွေတွေလေး ငေးနေမိဆဲ။ ခေတ်က သူ့ကို တကယ် မမုန်းဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



အရုပ်လေးသည် ချမ်းငြိမ်း လက်ထဲမှ သူ့ကို အငြိုးလေးတောင် ကြည့်နေဆဲ။

■ ■ ■

လေဆိပ်ကားစတင်းမှာ ကားလေးထိုးရပ်သည်နှင့် မေ့ခေတ် တံခါးဖွင့်ဆင်းမိသည်။ ပြီးမှ သီရိက ဆင်းလာရင်း

"ညွှဲဆောင်ထဲ သွားရှာရအောင်"

"သူ ရှိပါသေးတယ်နော် သီရိ"

"ရှိဦးမှာပဲ မေ့ခေတ် သူ့ကိုမမုန်းဘူးဆိုတာသိရင် သူ ဘယ်မှသွားမှာမဟုတ်ဘူး၊ မေ့ခေတ် ဝန်ခံဖို့ပဲလိုတယ်"

"ငါ ငါ သူ့ကိုတကယ်ချစ်တာပါ"

ရှက်မျက်နှာလေးနှင့် မေ့ခေတ် ဝန်ခံမိ၏။ အိမ်ရောက်လာကာ သီရိ ရှင်းပြကတည်းက သူ့ကိုမေ့ခေတ် တွေ့ချင်သည်။

မေ့ခေတ်ကြောင့် သူ မြန်မာပြည်က အပြီးထွက်သွားတော့မည် ဆိုတော့ မေ့ခေတ် တုန်လှုပ်ရ၏။ တကယ်ဝေးရမည်ဆိုတော့ မေ့ခေတ် သိပ်ကြောက်မိ၏။

နှစ်ဦးသား ညွှဲဆောင်ထဲရောက်တော့ လူတွေရှင်းနေသည်။ ဂိတ်ဝက ဝန်ထမ်းကို မေ့ခေတ် တုန်တုန်ယင်ယင်လေး မေးမိ၏။

"ဘန်ကောက်ကိုသွားမယ့် ဖလိုက်ရှိပါသေးတယ်နော်"

"ထွက်သွားတာ ဆယ်မိနစ်လောက် ရှိပြီ"

"ရှင်"





မေ့ခေတ် အရုပ်ကြိုးပြတ်လုမတတ် ဖြစ်သွား၏။ နံဘေးက သီရိက ထိန်းကိုင်ပေး၏။

"သီရိ သူ သူ သွားပြီတဲ့၊ အဟင့် ဟင့်"

"မငိုပါနဲ့၊ မေ့ခေတ် ဟိုမှာ ကြည့်လိုက်"

"ဟင်"

"ခေတ်"

"ယု"

ညွှဲဆောင်ထဲဝင်လာသော သူ့ကို မေ့ခေတ် ပြေးဖက်မိသည်။ သီရိနှင့်ချမ်းငြိမ်းက သူတို့ကို ပြုံးကြည့်နေဆဲ။

"ခေတ် ထွက်သွားရင် ကိုယ်တကယ် ကြွေပြီ"

"ဟင် ယုထွက်သွားမှာမဟုတ်လား"

"တို့က ဘယ်သွားရမှာလဲ၊ ခေတ် စင်ကာပူသွားမှာစိုးလို့ လာတားမြစ်တာ"

"ဟယ် ခေတ်ကို မဟုတ်တာ"

"နေဦး နေဦး မင်းတို့အချစ်တွေပေါ်က ဖုံးနေတဲ့အတ္တတွေ တန်ဆောင်ခြင်းတွေ ကွာကျအောင် ငါနဲ့သီရိစီစဉ်ပေးတာ၊ မင်းတို့ တကယ်အသည်းကွဲနေတာ မမြင်ရက်လို့ပဲ"

"ဟင် ဟုတ်လား"

ခေတ်ကော သူပါ သဘောပေါက်လိုက်သည်။ ဒါပေမဲ့ ဘာမှ အပြစ်မမြင်အားပါ။ ရင်ထဲမှာရှိနေသော ချစ်သူကိုပဲ အဝေးထွက်မသွား



www.burmeseclassic.com

www.burmeseclassic.com



အောင် ဖက်ထားမိဆဲ။

“ကဲ မင်းတို့အချစ်တွေကို ဝန်ခံကြစမ်းပါ၊ ငါတို့အပြင်က စောင့်ပေးမယ်”

သီရိနှင့်ချမ်းငြိမ်း ထွက်သွားတော့ သူ ခေတ်ကို ရင်ခွင်ထဲမွေ့ ဖက်ထားရင်း

“ခေတ်ရယ် ခေတ်နဲ့ဝေးရင် ကိုယ်သေမှာ”

“ယူနဲ့လည်း တို့ မဝေးရဲဘူး”

“ယူမလုပ်နဲ့ မောင်လို့ခေါ်”

မေ့ခေတ် မျက်နှာလေး ပန်းနုရောင်လွှမ်းသွား၏။ သူ့ရင်ဘတ်နား နှုတ်ခမ်းလေးအပ်ကာ မောင်ဟု တိုးတိုးလေးခေါ်သည်။ ပြီးသွားပြီ သူတို့နှစ်ဦးကြား ဖုံးကွယ်ထားသောတိမ်တွေက အရောင်လဲ့ကာ တိမ်တောက်ချိန်ဖြစ်လာချေပြီ။

ရင်ဘတ်ထဲက ရင်ခုန်သံတွေ တုန်ခါသွား၏။

တဒင်္ဂမှာ သူကော ခေတ်ပါ ရင်ခုန်သံတွေ လှိုက်ခါလျက် ချစ်ခြင်းကိုဝန်ခံဖို့ အသင့်ရှိနေကြပြီ။

ဘယ်တော့မှ မဝေးကြစေဖို့ နှစ်ဦးရင်ထဲက အချစ်တွေကို တိုင်တည်သစ္စာပြုချင်ပါရဲ့။

ပရိသတ်အတွက်

အမြဲတမ်း

သျှိုး

ဖျူးတဝေ

www.burmeseclassic.com